www.burmeseclassic.com

# မြမုလဲခင်

လေချောင်းအဝင့် ဝန်းအားခဝင့်

လုံးချင်းဝတ္ထုသစ်



www.burmeseclassic.com

www.burmeseclassic.com



စာမူခွင့်ပြုချက်အမှတ် ၅၀၁၆၁၁၀၆၁၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၀၅၅၀၁၀၇

**ထုတ်ဝေသူ**

ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**


ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊ အမှတ်(၁၆)၊ သစ်ရာပင်လမ်း၊
သုဝဏ္ဏ၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး**

အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေးလမ်း၊
ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။
၅၄၁၇၅၆ ၊ ၀၉ ၈၀ ၃၄၅၈၁ ၊ ၀၉ ၅၀ ၂၁၃၅၄ ။

ပထမအကြိမ်–၂၀၀၇ ခုနှစ် ၊ (မတ်လ)၊ အုပ်ရေ(၅၀၀) ၊ တန်ဖိုး(၁၆၀၀)ကျပ်








www.burmeseclassic.com

## အခန်း(၁)

အောင်မင်္ဂလာ အဝေးပြေးဂိတ်သို့ ရောက်ပြီဆိုတာနှင့် ကိုယ့်လိုပင် ခရီးသွားများက နေရာအနှံ့ ရှိ၍ နေပေသည်။ ကားဂိတ်ဝင်းအတွင်းမှာပင် ကားကြိုလေးများက. . .

“ကျိုက်ထို မော်လမြိုင်”

“မုတ္တမ မော်လမြိုင်”

ခရီးသည်များကို အော်ခေါ်လို့ နေကြသည်။

ဆုမြတ်မွန် ပတ်ဝန်းကျင်သို့ စူးစမ်းကြည့်လိုက်ပြီး ကားဂိတ် အရောင်းဌာနသို့ တန်းဝင်ကာ. . .

“အခု မော်လမြိုင်မြို့ကို ထွက်မယ့်ကား (----------) ဘယ်နားမှာပါလဲရှင်”

“ခဏနေ ဝင်လာပါလိမ့်မယ်၊ ဟိုဘက်မှာ ခုံနေရာ ရှိပါ

www.burmeseclassic.com



တယ်၊ ထိုင်စောင့်ပါခင်ဗျာ"

ဂိတ်မှ တာဝန်ခံ ညွှန်ပြရာ ခုံမှာ ထိုင်စောင့်ရန် လက်တစ်ဖက်မှာ ဆွဲလာသော ဆွဲခြင်းကို ချ၊ ခရီးဆောင်အိတ်ကို ဘီးလှိမ့် ဆွဲလာရသောလက်က နာကျင်လှပြီ။ ကျောမှာ လွယ်ထားသော ကျောပိုးအိတ်ကို လျှော့ချလိုက်ပြီး စိတ်ရှိလက်ရှိ ထိုင်ပစ်လိုက်သည်။

BURMESE CLASSIC

အမှန်က. . .

ဆုမြတ်မွန် တစ်ခါမှ ဒီလိုခရီးမျိုး သွားဖူးခြင်း မရှိခဲ့ပ ချေ။ သည်ခရီးကို အရဲစွန့်ပြီး ထွက်လာခဲ့ခြင်း ဖြစ်သည်။

သည်ခရီးအတွက် အချစ်ဆုံး သူငယ်ချင်း မဝေဏ အစစအရာရာ ကူညီဆောင်ရွက်ပေးလိုက်ခြင်း ဖြစ်သည်။

ဆုမြတ်မွန် ဘဝတစ်သက်တာမှာ ခုလိုမျိုး တစ်နယ် တစ်ကျေး သူများ အရိပ်အောက်မှာ အလုပ်ဝင်ရလိမ့်မည်ဟု ထင်ကို မထင်ခဲ့ချေ။

ဆုမြတ်မွန် မေမေသာ သက်ရှိထင်ရှား ရှိနေပါက ခုလို ဘဝမျိုး ဘယ်ကြုံရပါ့မလဲ။ တွေးရင်းတွေးရင်း ဝမ်းနည်းစိတ် က ဝင်လာရသည်။

မေမေသာ ရှိရင် မိန်းကလေးတန်မဲ့ ခုလို သူများအိမ်မှာ အလုပ်သွားလုပ်မှာ လုံးဝ သဘောတူမည်မဟုတ်။

တကယ်တော့ ဖေဖေက နောက်အိမ်ထောင်ပြုသွားပေ မယ့် ယခုအလုပ်ကို လုံးဝသဘောမတူပါ။ ဆုမြတ်မွန်လည်း တစ်မိုးတစ်ယောက်ကို အမေနေရာမှာ လက်ခံဖို့ရာ ဆုမြတ်မွ





စိတ်နှလုံးထဲမှာ အဆင်သင့် မဖြစ်သေးတာလည်း ပါပါသည်။

ဒါကို သဘောပေါက်၍ ဖေဖေကတော့ အတိုက်အခံ ပြောသာဘဲ မလွှတ်ချင်လွှတ်ချင်နှင့် လွှတ်လိုက်ရခြင်း ဖြစ်သည်။

သို့ပေမယ့်. . .

အရွယ်ရောက်ပြီး ဘွဲ့ရ ပညာတတ် မိန်းကလေး တစ်ဦးက ကုမ္ပဏီ လုပ်ငန်းကြီးတွေမှာ ဝင်လုပ်လည်း တစ်လ သုံးသောင်း ဝန်းကျင်လောက်သာ ရနိုင်မည်။

ပြီး. . . သူ့ထက်သူ ကိုယ်က တော်မှတတ်မှ ရာထူး တက်နိုင်ပေမည်။

ယခုအလုပ်က. . .

(၁) သက်ကြီးရွယ်အို အမျိုးသမီးတစ်ဦးအား စောင့်ရှောက်ရန် သူနာပြုအကူစောင့်ရှောက်မှုလက်မှတ် ရှိပြီး၊

(၂) ယာဉ်မောင်းတတ်ရမည်။

(၃) အမျိုးသမီး ဖြစ်ရမည်။

(၄) ပညာအရည်အချင်း အသင့်အတင့် ရှိရမည်။

(၅) ဘာသာတရား ကိုင်းရှိုင်းကာ ယဉ်ကျေးသိမ်မွေ့ပြီး လူမှုဆက်ဆံရေး စကားပြောဆို လိမ္မာသူ ဖြစ်ရမည်။

(၆) စိတ်ရှည်သည်းခံနိုင်သူ ဖြစ်ရမည်။

(၇) အိမ်ထောင်မရှိသူ အပျိုဖြစ်ရမည်။

(လစာ - လူတွေ့ စစ်ဆေးပြီးမှ ညှိနှိုင်းပေးမည်)

သည်အလုပ်ကြော်ငြာကို စတွေ့ပြီးကတည်းက ဆုမြတ်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားသွားသည်။

ဆုမြတ် ဖေဖေနှင့် မိထွေးကတော့ သည်လောက် ဘွဲ့ကြီးပေါင်းစုံက ခေါ် တဲ့အလုပ်ကိုတော့ မလျှောက်ဘဲ ဒီလို ဘာမဟုတ်တဲ့ သူများအိမ်မှာ ချီးသေး လုပ်ပေးရမည့်အလုပ်ကို သဘောတူရမလားဟု ဆူပါတော့သည်။

"ဖေဖေက သမီးပျိုလေးမို့ တားတာပါ"

တကယ့်တကယ်ကျတော့ ဖေဖေ့လေသံက အားမရှိလှပါ။ မဂ္ဂဇင်းတိုက်တစ်ခုမှ လက်ထောက် စာတည်းဘဝနှင့် ရပ်တည်လာသူ ဖေဖေ့မှာ ဇနီးအသစ်အတွက် လုံလောက်အောင် ရှာဖွေပေးရပါဦးမည်။

ဆုမြတ်ဘဝမှာ မေမေ ဆုံးပြီးကတည်းက ဆယ်တန်းအောင်ကာစ အစ်ကိုဖြစ်သူ အောင်အောင်က အဒေါ်ဖြစ်သူ၏ အိမ်ကားမောင်းရင်း စက်ရုံကိစ္စများပါ ဝိုင်းကူလုပ်ပေးရင်းနှင့် ဆုမြတ် ဘွဲ့ရနိုင်သည်အထိ ကျောင်းထားပေးခဲ့သည်။

အားလပ်ချိန်များမှာ ညီမဖြစ်သူကို. . .

"ညီမလေး ကျောင်းပညာအပြင် ဘက်စုံတော်မှ၊ လာ အားတဲ့အချိန် ကားမောင်းသင်ထား"

ဆိုပြီး ကားမောင်း လာတိုင်း သင်ပေးထား၍ ဆုမြတ် ဘွဲ့လည်းရ၊ လိုင်စင်သက်တမ်းလည်း သုံးနှစ်မျှ ရှိသွားပြီ ဖြစ်သည်။

ကျောင်းပြီးပြီးချင်း အလုပ်ရှာဖွေရင်းမှ အကူသူနာပြု သင်တန်း ပြေးတက်ကာ ဒီပလိုမာ လက်မှတ် ယူထားခဲ့ပြန်ရာ





အခုလို အလုပ်မျိုးက ကြုံတောင့်ကြုံခဲ။ ဒေသန္တရ ဗဟုသုတ လည်း ရ၊ အားလပ်ချိန်မှာ စာတိုပေစလေးများ ရေးတတ်သော ဝါသနာအရ ဝတ္ထုတိုလေးများ ရေးသားဆဲကာလမို့ သူများ သိပ် စိတ်မဝင်စားသောအလုပ်ကို ဆုမြတ်က စိတ်ဝင်စားလို့နေသည်။

ဘာပြောပြော ဆုမြတ်တို့ မိသားစု အခြေအနေက ကိုယ့်ခြေပေါ် ကိုယ်ရပ်နိုင်အောင် ကြိုးစားမှသာ အဆင်ပြေမှာမို့ ဖေဖေနှင့်အစ်ကိုက ခေါင်းညိတ်ခဲ့ခြင်း ဖြစ်သည်။

အလုပ်အတွက် တွေ့ဆုံစဉ်မှာ အရည်အချင်းအားလုံး ပြောဖွယ်ရာ မရှိသော ဆုမြတ်အပေါ် လစာငွေ အလုပ်နှစ်မျိုး ပေါင်း တစ်သိန်းငါးသောင်း ပေးရန်လည်း သဘောတူခဲ့ကြ သည်။

နေစရိတ် စားစရိတ်ငြိမ်းလည်း ဖြစ်၊ ဒီလောက် ဝင်ငွေ ရဖို့ တချို့များ နိုင်ငံခြားသွား အလုပ်လုပ်ကြရသည်။ ဆုမြတ် အတွက် လုံခြုံနွေးထွေးမှု ရှိသောနေရာဟု စိတ်မှာ အလိုလို ခံစားနေရသည်။

ဘာပဲပြောပြော တစ်လလျှင် ဖေဖေတို့ထံ ငါးသောင်းမျှ ပြန်လည် ထောက်ပံ့နိုင်ပေမည်။ ဆုမြတ်၏အတွေးတို့က အဆင် ချောလို့နေဆဲ။

"ကားနံပါတ်(---)နှင့် လိုက်ပါမည့် ကျိုက်ထို၊ မုတ္တမ၊ မော်လမြိုင် ခရီးသည်များ၊ ယခု ထွက်ခွာမည့် ယာဉ်ရပ်နားရာ သို့ လာရောက် နေရာယူကြပါရန် ပန်ကြားအပ်ပါသည်"

ခရီးသည် အော်ခေါ်သံ ကြားမှပဲ ဆုမြတ်၏ အတွေး



www.burmeseclassic.com

www.burmeseclassic.com



လှိုင်းဂယက်တို့ ပြတ်တောက်သွားရသည်။

'ယခု ထွက်မည့်ကား' ဟု ရေးသားထားရာ မော်တော်ယာဉ်ပေါ်သို့ ဆုမြတ် တက်ရောက်ကာ ခုံနံပါတ် ရှာ၍ ထိုင်လိုက်တော့သည်။

တရိပ်ရိပ် အရှိန်နှင့် ပြေးလာသောကားသည် မုတ္တမဘက်ကမ်းမှ မော်လမြိုင်မြို့သို့ ကူးယှက်ထားသော တံတားပေါ်သို့ ဖြတ်သန်းလို့နေပြီ။

မော်လမြိုင် ရောက်လျှင် မည်သူကမျှ လာကြိုနိုင်ခြင်း မရှိကြောင်း အလုပ်စခန့်ကတည်းက ပြောထားသည့်အတွက် မြစ်ပြင်ကျယ် တစ်ဖက်မှ မော်လမြိုင်မြို့သို့ မှန်းဆကြည့်ရင်း မြစ်လယ်မှာ ကူးလူး ပျံသန်းနေသော ငှက်စင်ယော်လေးများကို တွေ့လိုက်ရသဖြင့်. . .

ဆုမြတ်၏ ချစ်သူကိုကို မကြာခဏ ဆိုပြသော. . .





". . . မြစ်ယံသဲနုကမ်းစပ်၊ ချစ်သံတေးမြကြည်ကြည်၊ ငှက်ကလေး ငွေစင်ယော် ပျံကာမြူးကာသီ၊ သူ့ကို ခေါ်ပါဘဲနဲ့ ခွန်းချိုနှုတ်ဆက်ဖော်ရွေသည်. . . မောင်လည်း ဖော်မစုံ တစ်ကိုယ်ရည်ထဲ တူညီ. . ."

သီချင်းသံလေး ပြန်ကြားယောင်ရင်း ဆုမြတ် ရင်ထဲမှာ ချစ်သူအပေါ် တမ်းတမ်းတတ ဖြစ်သွားရပြန်သည်။

ခုလို အလုပ်ဝင်လုပ်တာကို ချစ်သူသာ ရှိပါက လုံးဝ သဘောကျမည် မဟုတ်ပေ။

ဆုမြတ် ချစ်သူမှာ ပြည်ပသင်္ဘောမှာ တာဝန်ထမ်းခွင့် ရရန် ရှိစုမဲ့စု ရှာဖွေ စုဆောင်းပြီး သွားရသူမို့ သုံးနှစ်သုံးမိုး ပြန်လာရန် လမ်းမမြင်သေးပါ။

တကယ့် တကယ်တမ်းမှာ ဆုမြတ်ဘဝမှာ မေမေ မရှိတတည်းက အထီးကျန်ဆန်လွန်းလှပါသည်။ သည်ခရီးမှာလည်း တစ်ယောက်တည်း ငေါင်စင်းစင်း တိတ်ဆိတ်စွာ လာရသည်ကို ဲ ကြည့်ပါဦး။

ကားပေါ်မှ ဆင်းကြပြီဆိုတာနှင့် ဖြူစင် ရွှန်းလဲ့သော မျက်ဝန်းနက်နက်နှင့် ဖူးဖူးပြည့်ပြည့် မျက်နှာပိုင်ရှင် ဆုမြတ်အား မြင်သူတိုင်းက ချစ်ခင်စဖွယ် ကြည့်ကြသည်။


တောင့်တင်း သွယ်လျသော ကိုယ်ဟန်လေးမှာ စမတ်ကျကျ လမ်းလျှောက်တတ်ခြင်းကြောင့် ပတ်ဝန်းကျင်မှ လူများ ဝိုင်းဝန်း ငေးကြည့်နေသော အကြည့်များကို လွှဲရှောင်ရင်း. . .

အငှားကားတစ်စီး ငှားစီးရန် ဆုံးဖြတ်လိုက်ပြီး အနီးဆုံး



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဆက်နိုင်ရန် ကြည့်လိုက်သည်။ ရန်ကုန်မှ ပေးလိုက်သော လိပ်စာကဒ်မှ ဖုန်းနံပါတ်ကို နှိပ်ရင်း. . .

"ဟဲလို. . . ရောင်ခြည်ဦးကပါလား"

"ဟုတ်ပါတယ် ဘယ်သူပါလဲ"

"ကျွန်မ ရန်ကုန်ကပါ၊ အလုပ်ဝင်ရန် လွှတ်လိုက်တဲ့ ဆုမြတ်မွန်ပါ"

"ခဏနော်. . . ဒီအိမ်က မေမေကြီးနဲ့ ပြောပါ"

"ဟုတ်ကဲ့"

တစ်ဖက်မှ ဖုန်းကမ်းပေးပုံ ရသည်။ ပြီးမှ. . .

"အေးကွဲ့၊ ဆုမြတ်မွန်ဆိုတာလား၊ အေး. . . ရောက်ပြီလား၊ ကားဂိတ်က ကားသာ ငှားလာခဲ့၊ ထားဝယ်ဆိပ်လမ်းဆိုတာကို တွေ့ရင် ညာဘက်ချိုးကွေ့၊ အ. ထ. က(၆)နဲ့ မျက်နှာချင်းဆိုင်မှာ နှစ်ထပ်အိမ် အမြင့်ကြီး ရှိတဲ့ခြံပဲ ကလေးမ၊ ကားခက နှစ်ထောင်လောက် ပေးရမယ်၊ စင်းလုံးသာ ငှားလာခဲ့၊ ခြံဝမှာ တစ်ယောက် ထွက်စောင့်နေမယ်၊ ဟုတ်ပြီလား"

"ဟုတ် ဟုတ်ကဲ့ မေမေ"

ကြည့်စမ်း။ ဆုမြတ်မေမေရဲ့ လေသံနဲ့ တူလို့ ယောင်ယမ်း ခေါ်လိုက်ခြင်းအပေါ် တစ်ဖက်က ဘယ်လို ခံစားသွားရသည်မသိ။

"အေး. . . သမီးလေး၊ မေမေ ဖုန်းချလိုက်မယ်နော်"

ကြည့်ပါဦး။

ဝီဘီ ချွေးထွေးသံပင်။





ဆုမြတ် အငှားကား စီး၍ ရောင်ခြည်ဦး ခြံဝသို့ ကားလေး ဆိုက်လိုက်တာနှင့် အသက်(၄၀)အရွယ် အမျိုးသမီးတစ်ဦး ပြေးထွက်လာပြီး ကူ၍ကြိုရှာသည်။

ဆုမြတ် ခြံထဲ မဝင်မီ အကဲခတ်လိုက်ရာ လူဝင်လူထွက် ကျဲပါးပုံရသော ခြံမြေနေရာမှာ မြက်ပင်များ ခပ်စိပ်စိပ် ပေါက်လို့နေသည်။

ခိုင်ခန့်သော သံပန်းတိုင်များဖြင့် ကာရံထားသော ခြံစည်းရိုး တိုင်မြင့်မြင့်ကြီးများကို အစိမ်းရောင်ရင့်ရင့် ဆေးသုတ်ထားခြင်းက အိမ်ကြီးကို ပို၍ အရောင် ညှို့မှိုင်းစေသလိုပင်။

အိမ်မ အဝင်ဝ တံခါးမှာလည်း လူဝင်လူထွက် သိပ်ရှိပုံမရ၍ အခိုင်အခန့် ပိတ်ထားပြန်သည်။ ဘေးဘက် တံခါးပေါက်မှ အိမ်မကြီး အပေါ်ထပ်သို့ ဆုမြတ်ကို လာကြိုသူက ခေါ်ဆောင်လာသည်။

တစ်ယောက်တည်း အရဲစွန့် လာရသူ ဖြစ်၍ ခုလို အိမ်ဟောင်းကြီးသို့ ဝင်ရတာ စိုးထိတ်စရာပင်။

သို့သော်. . .

ဖုန်းဆက်စဉ်က ကြားရသောအသံပိုင်ရှင်၏ အကြင်နာ ဘရား ရှိပုံကို နားသောတဖြင့် ခံစားထားမိ၍သာ တော်တော့သည်။

အိမ်ပေါ် ရောက်စဉ် တဒေါက်ဒေါက်နှင့် တောင်ဝှေးကို အားပြုကာ ဆုမြတ်ထံ လျှောက်လာသော ဖြူနုသော အသားအရည်နှင့် အမျိုးသမီးကြီးတစ်ဦးကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖော်ရွေသောအပြုံးဖြင့်. . .

"ဆုမြတ်မွန် ဆိုတာလားကွဲ့"

"ဟုတ်ကဲ့ပါ မေ. . အဲ. . အန်တီ"

"သမီး စိတ်ချမ်းသာသလို ခေါ်ပါကွယ်၊ အမေ လက်ခံပါတယ်"

"ကျေးဇူးတင်ပါတယ် မေမေ"

မြင်ရရုံနှင့် စိတ်အေးချမ်းကာ အလွန် ကျက်သရေ ရှိလှသော အမျိုးသမီးပါလားဟု စိတ်ထဲမှ မှတ်ချက်ချမိသည်။

"မအေးရေ. . . ဒီသမီး နေဖို့နေရာ ပြလိုက်ပါဦး၊ ခရီးပန်းလာတာ ခဏနားပါစေဦး"

"ဟုတ်"

ဆုမွန် ခေါင်းလေးငုံ့ ကိုယ်လေး ယို့ကာ ဒေါ်ခင်သက်ရှေ့ ဖြတ်လျှောက်သွားပုံ ကြည့်ရင်း ခေါင်းညိတ် ကျေနပ်စွာ ကျန်ခဲ့တော့သည်။

မအေးဆိုသူမှ ဦးဆောင်ပြီး ဆုမြတ်အတွက် နေရန်အခန်း ပြသပြီး ပစ္စည်းများ နေရာချနေစဉ်. . .

"ကလင်"

လူခေါ်ဘဲလ် မြည်သံ ကြား၍ မအေးဆိုသူ အပြေးအလွှား ထွက်သွားပြီး ခဏအကြာ ပြန်ရောက်လာပြီး. . .

"မေမေကြီးက အမောပြေရင် စကားပြောရအောင် ခေါ်ခိုင်းလို့ပါ"

"ဟုတ်ကဲ့ ဒေါ်အေး"





ချက်ချင်းပင် မအေးနောက်မှ လိုက်ပါလာခဲ့သည်။

အိမ်ပေါ်ထပ်မှာပင် လူနေပုံ ရသည်။ ဘုရားခန်း၏ဘယ်ဘက်ခြမ်းကို ဧည့်ခန်းအဖြစ် ဖွဲ့စည်းထားသည်။

ဒေါ်ခင်သက်အနီး သွားကူတွဲပေးကာ ဧည့်ခန်း ကုလားထိုင်မှာ ထိုင်စေပြီးမှ ဆုမြတ်က မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်သည်။

"သမီးလေး နာမည်က ဆုမြတ်မွန်နော်"

"ဟုတ်ကဲ့ပါ"

"ရန်ကုန် ဘယ်နားမှာ နေသလဲ"

"စမ်းချောင်းမှာပါ"

"ကျောင်းပြီးသွားပြီဆို၊ ဘာဖြစ်လို့ ဒီအလုပ်ကို စိတ်ဝင်စားရတာလဲ"

"ဆုမြတ် သူနာပြုအကူသင်တန်း တက်ထားတာ ကိုယ့်အမေအရွယ် မိဘရွယ်များကို ပြုစုဖို့ လုပ်ကိုင်ချင်တာပါ၊ ဆုမြတ်သူများလို နိုင်ငံခြားသွား အလုပ်လုပ်ချင်ပေမယ့် ငွေကြေးမတတ်နိုင်ပါဘူး၊ နောက်တစ်ခုက အလုပ်ခေါ်ယူပုံက သက်ကြီးရွယ်အိုပြုစုမှုတင်မက ကားပါ မောင်းတတ်ရမယ်၊ နောက်ထပ် ပါတဲ့ စည်းကမ်းချက်လေးတွေနဲ့ ဆုမြတ်နဲ့ အံဝင်မယ် ထင်လို့ပါ"

"ဘွဲ့ရပြီးသား နှမျောစရာကွယ်၊ တခြားအလုပ် လုပ်ပါလား"

"တခြားအလုပ်က လခ နည်းတယ် မေမေရဲ့ ဒီမှာ လခက ဆွဲဆောင်မှု ရှိတယ်၊ ဒါမှ ကျန်ခဲ့တဲ့အမေ့ကို ထောက်ပံ့



www.burmeseclassic.com

www.burmeseclassic.com



နိုင်မှာ"

"အမေကရော"

"မေမေက ဆုံးသွားပါပြီ"

အသံလေး တိမ်ဝင်သွားပုံကို ကြားလိုက်ရသဖြင့် ဒေါ်ခင်သက် ဆက်မမေးဘဲ ရပ်လိုက်ရသည်။ ဆုမြတ်က အလိုက်သိစွာပင်. . .

"သမီးမှာ အစ်ကိုတစ်ယောက် ရှိပါတယ်၊ သူက အဒေါ်ဆီမှာ အလုပ်ဝင်ပြီး ဘွဲ့ရအောင် သမီးကို ကျောင်းထားပေးခဲ့တာပါ"

"အေးကွယ်၊ လိမ္မာကြပါပေတယ်၊ မေမေ့မှာ သားသမီး ငါးယောက် ရှိတယ်၊ ဒါပေမယ့် တစ်ယောက်မှ အနားမှာ မရှိကြဘူး၊ ရန်ကုန်မှာ စီးပွားရှာတဲ့လူနဲ့ နိုင်ငံခြားမှာ စီးပွားရှာတဲ့သူနဲ့ မေမေ့ကိုတော့ သူတို့ဆီ ခေါ်ကြပါတယ်၊ ကိုယ်ကလည်း ကိုယ့်အိမ်ကိုယ့်ယာ မဟုတ်ရင် မသွားချင်ဘူး၊ စီးပွားရေးကိစ္စတွေနဲ့ သူတို့က မအားကြရှာဘူး၊ ကိုယ် မကျန်းမာတော့ သူတို့ကို ဒုက္ခမပေးချင်တာနဲ့ ခုလို သားအကြီးနဲ့ တိုင်ပင်ပြီး ပြုစုမယ့်သူ ခေါ်ရတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ မေမေ"

"နောက်ပြီး ဒီအိမ်ရဲ့ မိသားစုအကြောင်းက ဒီမျှပါပဲ အဲ. . . မေမေ့ ခင်ပွန်းကတော့ နိုင်ငံခြားမှာ ရှိတဲ့ သားသမီးတွေ မြေးတွေဆီမှာ တစ်လှည့်စီ သွားနေလေရဲ့"

"ဪ"



ဆုမြတ် ရင်ထဲမှာ စိတ်မကောင်း ဖြစ်သွားရသည်။ မိသားစုတွေ အသက်ထင်ရှား ရှိပေမယ့် ငွေကြေးချမ်းသာမှု နောက်ကို လိုက်ရင်း နွေးထွေးတဲ့ မိသားစုရိပ်မြုံလေးကို မခံစားကြရ။ ငွေတော့ ချမ်းသာပါရဲ့။ မေတ္တာတရား မချမ်းသာပါတလား။

ဆုမြတ်တို့ဘဝကျတော့လည်း ငွေကြေးချမ်းသာမှုတော့ မရှိပါ။ မေမေ ရှိစဉ်တုန်းကတော့ ချမ်းမြေ့စရာ မိသားစုပေါ့။ အတွေးနှင့် မျောနေမိသည်ကို ရိပ်မိသော ဒေါ်ခင်သက်မှ. . .

"သမီးနဲ့ အဖော်ရအောင် အမျိုးထဲက မအေးဆိုသူကို ခေါ်ထားတယ်၊ သမီး လိုအပ်တာ သူ့ကို ပြောပါ. . ခိုင်းပါ"

"ဟုတ်ကဲ့"

"သမီးကို အခန်းပေးထားပေမယ့် ညဘက်ကတော့ မေမေ့အခန်းမှာပဲ အိပ်ပါ၊ ညရေးညတာ ကျန်းမာရေး မကောင်းရင် အကူအညီ ရအောင်ပေါ့"

"ဟုတ်ကဲ့၊ ပိုကောင်းတာပေါ့ မေမေ"

မအေးကတော့ တစ်ယောက်က မေမေ၊ တစ်ယောက်က သမီးနှင့် အပေးအယူ မျှနေတာကို ကြည့်ပြီး ပြုံးလို့ နေတော့သည်။

...[illegible]...

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

ရောက်ကာစ ဖြစ်၍ ဆုမြတ် သိပ်အိပ်၍မပျော်သလို အစောကြီး နိုးနေမိသည်။

အိမ်ပေါ်ထပ် ဘုရားခန်းမှ လှမ်းမျှော်ကြည့်လျှင် တောင်ညို တောင်တန်းတို့၏ အစွယ်ဖြစ်ဟန်တူသော ကုန်းမြင့်မြင့်ပေါ်မှာ တည်ဆောက်ထားသဖြင့် အဆောက်အအုံ မြင်ကွင်းများကို လှမ်းမျှော် ကြည့်မြင်နိုင်ပေသည်။

မျက်စောင်းထိုး မော်ဒလိန်း ဂျပ်စင် ဘုရားကျောင်းကို တွေ့ရပြီး အ. ထ. က(၆)ကျောင်းမှာ ကျောင်းဖွင့်ရက် ဖြစ်သဖြင့် ကျောင်းစိမ်းဝတ်စုံနှင့် ကျောင်းတက်ရန် လာနေကြသည်ကို ငေးကြည့်ရင်း. . .။

ဆုမြတ် ပထမနှစ် စတက်စဉ် နောက်ဆုံးနှစ် ကျောင်းသား ဆုမြတ်ချစ်သူ ဖြစ်မည့် ကိုကိုတစ်ယောက် ကျောင်းဆင်





ချိန် လာစောင့်တတ်ပုံကို သူငယ်ချင်းများက အတင်း နောက်မှ တပ်လိုက်ကာ ဆုမြတ်ကို ဝိုင်းစကြတော့သည်။

"မင်းရဲ့လူက ရူပါကတော့ ဖြူနေတာပဲ၊ မင်းက ရုပ်ဆိုးဆိုးနဲ့၊ မလိုက်ပါဘူး"

"ကြည့်စမ်း၊ ကောင်မစုတ်တွေနော်၊ စိတ်ပုပ်လိုက်တာ၊ သွား. . ."

"ဟွန်း. . . သူ့လူ ချောလို့ ချောတယ် ပြောတာ၊ မယုံ သက်နဲ့ တို့ကြည့်ပါလား"

အဲသလို ပေါ်တင်ကြီး ကိုကိုရှေ့မှာ ဝိုင်းနောက်ပြောင်သမယ့် ကိုကိုကတော့ ရှက်ရယ် ရယ်ကာ မျက်နှာကြီး နီမြန်းနေပုံကို ပြန်မြင်ယောင်နေပြီးမှ သက်ပြင်းလေး ချကာ ပျံ့လွင့်နေသော စိတ်တို့ကို ပြန်စုစည်းရတော့သည်။

ဒေါ်ခင်သက်၏ အိပ်ခန်းမကြီးထဲတွင် ခင်းကျင်းထားသော ကုတင်နှစ်လုံး၏ တစ်ဖက်စီတွင် ပစ္စည်းများ စနစ်တကျ ထားသိုပုံကို ကြည့်ပြီး အလွန် စည်းစနစ်ရှိကြောင်း သုံးသပ်နိုင်ပါသည်။

ခြေသံကို ဖွနင်းကာ အောက်ထပ်ရှိ မီးဖိုခန်းသို့ ဆင်းသွားလိုက်သည်။ မအေးတစ်ယောက် နံနက်ခင်းစာအတွက် စီစဉ်နေပုံ ရသည်။

"ဒေါ်အေး"

"ဟယ်. . . မမလေး နိုးပြီလား"

မအေး ခေါ်ပုံ ကြည့်ပြီး ဆုမြတ် ရယ်ချင်သွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . မမလေးလို့ မခေါ်ပါနဲ့ ဒေါ်အေးက ဆုမြတ် အဒေါ်အရွယ်မို့ ဒေါ်အေးလို့ ခေါ်တာ၊ ဆုမြတ်လို့ပဲ ခေါ်ပါ၊ ငရဲကြီးမှာ ကြောက်လို့၊ မမလေးလို့ မခေါ်နဲ့နော်"

"ခစ်ခစ်. . မ. . အဲ. . ဆုမြတ် ဒီအိမ်ကို လာတဲ့လူတွေကို ခေါ်ရင်း နှုတ်ကျိုးနေလို့ပါ"

"ကဲ. . . မေမေကြီးကို နံနက်ဆို ဘာလုပ်ပေးရမယ်၊ ဘယ်လို စားစရာ လုပ်ပေးရတယ်ဆိုတာ သင်ပေးပါဦး"

"ဟုတ်ပြီ၊ ကျွန်မက ဆရာလုပ်ရမှာပေါ့၊ ဟိ. . . ဟိ"

မအေးမှာ ခပ်ပျော်ပျော် နေတတ်သူ ဖြစ်ပုံရသည်။

"မနက် အိပ်ရာထရင် ရေနွေးစပ်ပေးရတယ်၊ ရေနွေးနဲ့ မျက်နှာသစ်တယ်"

"ဟုတ်ပြီ၊ နောက်ကော"

"ရေနွေးပတ်နဲ့ တိုက်ပေးပြီး ယောဂီဝတ်စုံ လဲပေးရတယ်"

"စားဖို့ရော"

"အရင် မစားဘူး၊ ဘုရားဆွမ်းတော် ပြင်ပေးထားရတယ်၊ ဆွမ်းတော်ကပ် ဘုရားရှိခိုးပြီးမှ ကော်ဖီပူပူလေးနဲ့ပေါင်မုန့် မီးကင်၊ ဒါမှမဟုတ် မုန့်ကျွတ် စားတယ်၊ ပြီးရင် ရေနွေးကြမ်း အဆင်သင့် လုပ်ပေးထား၊ ဆေးသောက်စရာတွေ ချထားပေးရတယ်"

"ဒါဆို ဒီနေ့တော့ ဒေါ်အေး ပိုင်းကူသင်ပေးဦး၊ နောက်နေ့ဆို ဘုရားခန်း ဝေယျာဝစ္စ ဆုမြတ် လုပ်ထားပေးပါ့မယ်"





"တော်ပါပေတယ်၊ ဆုမြတ် လာမှ မအေး နားရမှာ" နှစ်ဦးသား စကားကောင်းနေစဉ်. . .

"ကလင်"

လူခေါ်ဘဲလ်သံ ပေါ်လာ၍ နှစ်ဦးသား ရေနွေးပူးများ သယ်ကာ အပေါ် ခပ်သွက်သွက် တက်လာခဲ့ကြသည်။

ဒေါ်ခင်သက်အား မျက်နှာသစ်ပေးချိန်တွင် မအေးမှ ဘုရားသောက်တော်ရေလဲ၊ ဆွမ်းတော်ခွက်များ နေရာချပေးနေသည်။ ဖယောင်းတိုင်၊ အမွှေးတိုင်များ ပူဇော်ပေးထားလိုက်သည်။ ဒေါ်ခင်သက် ထိုင်ရှိခိုးရန် နေရာကို အသင့်ပြင်ပေးထားခဲ့သည်။

ဆုမြတ် ဒေါ်ခင်သက်အား တွဲခေါ်ကာ ဘုရားခန်းမှာ နေရာချပေးလိုက်သည်။ ယောဂီ တဘက်လေး ပခုံးပေါ် တင်ပေးပြီး အမျှဝေ၊ ကုသိုလ်ပြုနိုင်ရန် ကြေးစည်လေးကိုပါ အနီးသို့ ချပေးထားလိုက်သည်။

ဒေါ်ခင်သက် ဘုရားရှိခိုးနေစဉ် ဆုမြတ်ပါ ဘုရားရှိခိုးနေလိုက်သည်။ ဒေါ်ခင်သက်ကလည်း ဘာသာတရား ကိုင်းရှိုင်း၊ ဆုမြတ်ကလည်း ဘာသာတရား ကြည်ညိုလေးစားသူမို့ အဆင်ပြေသွားရသည်။

ပြီး. . . ပရိတ်ကြီး (၁၁)သုတ်ကို ဒေါ်ခင်သက် ရွတ်စဉ် ဆုမြတ် အတူရွတ်ဆိုပေးလိုက်သည်။ မေတ္တာပို့ အမျှဝေတော့လည်း အတူတူ အမျှဝေ သာဓုခေါ်ကြ၍ ဘုရားခန်းလေးမှာ ကုသိုလ်ဖြင့် ဝေစည်ကာ ဒေါ်ခင်သက် မျက်နှာမှာ ပီတိဖြာလို့



www.burmeseclassic.com

www.burmeseclassic.com



စာမူခွင့်ပြုချက်အမှတ်   ၅၀၁၆၁၁၀၆၁၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ်   ၅၀၀၀၅၅၀၁၀၇

**ထုတ်ဝေသူ**

ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**


ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊ အမှတ်(၁၆)၊ သစ်ရာပင်လမ်း၊
သုဝဏ္ဏ၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး**

အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေးလမ်း၊
ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။
၅၄၁၇၄၅ ၊ ၀၉ ၈၀ ၃၄၅၈၁ ၊ ၀၉ ၅၀ ၂၁၃၅၄ ။

ပထမအကြိမ်- ၂၀၀၇ ခုနှစ် ၊ (မတ်လ)၊ အုပ်ရေ(၅၀၀) ၊ တန်ဖိုး(၁၆၀၀)ကျပ်








www.burmeseclassic.com

www.burmeseclassic.com



နေရှာသည်။

"တော်လိုက်တာကွယ်၊ မေမေတို့ သားအမိ ဆုံတာ ကံကောင်းလိုက်တာ"

ဒေါ်ခင်သက် ဆုမြတ် ပခုံးလေးကို ဖက်ရင်း ဝမ်းသာ စကား ဆိုကာ မျက်ရည်ဝေ့နေသည်။

အမှန်ကား . . .

ဒေါ်ခင်သက်ရော ဆုမြတ်ပါ အထီးကျန် ဘဝတူတွေ မဟုတ်ပါလား။

"ဒီဓာတ်ပုံက မေမေနဲ့ ကလေးတွေအဖေ မင်္ဂလာ ဆောင်တုန်းက ပုံလေ၊ ခုဆိုရင် အနှစ်ငါးဆယ်နီးပါး ရှိလာပြီ"

လွန်ခဲ့သော နှစ်ငါးဆယ်ကျော်၏ ဝတ်စားဆင်ယင်ပုံကို ကြည့်ရင်း ဒေါ်ခင်သက်၏ ဆွေစဉ်မျိုးဆက် ကြွယ်ဝချမ်းသာပုံကို ခန့်မှန်း၍ ရလိုက်သည်။

ယခုအချိန်ကာလအထိ နှလုံးသွေးကြောကျဉ်း ရောဂါ





ဝေဒနာ၊ အကြောသေ၊ အကြောဆိုင်း ဝေဒနာများကို ဖယ်ရှား လိုက်လျှင် နုမှုနေသော အသားအရည်က စိုပြေနေဆဲပင်။

မျက်နှာပြင်မှာ ကြည်လင်နေဆဲ ဖြစ်သလို အရပ်မနိမ့် မမြင့်မှာ နက်မှောင်သော ဆံကေသာက ဆံဖြူခြင်း မရှိသေးခြင်း က နဂိုအရွယ်ကို ပို၍နုပျိုစေခြင်း ဖြစ်သည်။

အလုပ်ခေါ်ယူစဉ်က သက်ကြီးရွယ်အို ပြုစုရန်ဆို၍ အိပ်ယာထဲ လဲနေသော ဂိလာန သက်ကြီးရွယ်အိုများလားဟု ထင်မှတ်ခဲ့သည်။

ယခုဟာက. . .

ခြေထောက်များ ကောင်းကောင်း မထောက်နိုင်ပေမယ့် ဖြည်းဖြည်းချင်း သွားလာနိုင်သေးသည်မို့. . .။

ဆုမြတ်မေမေသာ ချမ်းချမ်းသာသာ နေပြီး အသက်ရှင် လျှက် ရှိနေလျှင် မည်မျှ ကောင်းလေမည်နည်းဟု သွားလေသူ မိခင်ကို တမ်းတနေမိပြန်သည်။

ဖေဖေ့ကိုလည်း တစ်ချိန်ချိန်မှာ အခုလိုမျိုး ဆုမြတ် ကိုယ်တိုင် ချမ်းချမ်းသာသာ ထားချင်ပါသေးသည်။

ဖေဖေ့မှာ ညဘက် မိုးစုံးစုံးချုပ်မှ ပြန်လာတတ်သည်။ ဘားခများက ဈေးကြီး၍ ညဘက် အလုပ်တိုက် ပိတ်မှ စက်ဘီး နင်း၍ ပြန်တတ်သူ ဖြစ်သည်။ ဖေဖေ့မှာ နောက်အိမ်ထောင် ပြုမိတာကလွဲလို့ ဆုမြတ်တို့ကို မျက်နှာမငယ်ရအောင် ထားခဲ့ပါ သည်။

ဆုမြတ်မေမေဘက်မှ အမွေရသောအိမ်မှာ နေရခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၍ ဖေဖေ နောက်အိမ်ထောင်ပြု၍ ဆက်နေခြင်းအပေါ် မေမေ့ဆွေမျိုးများက မကျေမနပ် ဖြစ်ကာ ဆုမြတ်တို့ မောင်နှမ ခေါင်းငုံ့ခံရလားဟု ဝိုင်းဝန်း အပြစ်တင်ကြသည်။

ဆုမြတ်တို့ မောင်နှမကရော ဖခင်ဖြစ်သူအပေါ် ပြော ထွက်ပါမည်လား။ နောက်ဆုံးတော့ အစ်ကိုဖြစ်သူကလည်း အလုပ်မှာပင် နေပြီး ဆုမြတ်လည်း ကိုယ့်ခြေထောက်ပေါ် ကိုယ် ရပ်တည်ရသည့်အဖြစ်ကို ရောက်ခဲ့ခြင်း ဖြစ်သည်။

ကံကောင်းထောက်မစွာ သားသမီးချင်း စာနာသော အလုပ်ရှင်နှင့် တွေ့ရှိ၍ တော်သေးသည်။

"သမီးလေး ဓာတ်ပုံတွေ ကြည့်ပြီး ဘာတွေ စဉ်းစားနေ တာလဲ၊ ဒါ မေမေတို့ မိသားစု ဓာတ်ပုံပေါ့"

ဒေါ်ခင်သက်ကတော့ သူပြသော ဓာတ်ပုံ အယ်လ်ဘမ် ကို စိတ်ဝင်စား၍ ကြည့်နေသည် ထင်ပေမပေါ့။

"ဒါ သားကြီး ထွန်းထွန်းလေ၊ သမီးလေးနဲ့ တွေ့ပြီး အင်တာဗျူးပေးတဲ့သူလေ၊ ရန်ကုန်မှာ နေတယ်၊ ဒါက သမီးကြီး ထွန်းထွန်းအောက် ဝင်းဝင်း၊ သူက စင်ကာပူမှာ ကုမ္ပဏီကြီး ဖွင့်ထားတယ်၊ သူ့အောက်က သားလတ်၊ သူလည်း စင်ကာပူမှာ ပဲ၊ သူ တစ်ဦးတည်းပဲ အိမ်ထောင်မကျတာ၊ ကျန်တဲ့ သားငယ်နဲ့ သမီးငယ်က ယူကေမှာ၊ ကလေးတွေ အဖေက ဟိုကူးဒီကူး သွားနေတာ၊ မြေးတွေကို စိတ်မချတာလေ၊ မြန်မာစိတ် ပျောက် မှာစိုးလို့တဲ့"

ဒေါ်ခင်သက်မှာ ဓာတ်ပုံမှာ တစ်ဦးချင်း ထောက်ပြရင်း



မိတ်ဆက်ပေးနေသည်။ အလွမ်းဖြေခြင်းတစ်မျိုးလည်း ဖြစ်ပါ သည်။

"မေမေ့ သားသမီးတွေက အကုန်လုံး အဝေးမှာပဲနော်"

"မေမေ့ရဲ့ ဘဝအကျိုးပေးပေါ့ကွယ်၊ သူတို့က ချမ်းသာ ကြီးပွားချင်ကြတာကိုး၊ ငွေကြေးရှိပေမယ့် အတောင်စုံတော့ သူတို့ လိုရာ ပျံချင်ကြတာ တားဆီးလို့ မဖြစ်ဘူးလေ"

"ဪ. . . မေမေရယ်"

ဆုမြတ် ဒေါ်ခင်သက်ရဲ့လက်ကို နွေးထွေးစွာ ဆုပ်ကိုင် ရင်း အားပေးအပြုံးနှင့် နှစ်သိမ့်ရပါသော်လည်း ဆုမြတ် ကိုယ်တိုင်မှာ မိဘကို သတိရစိတ်နှင့် မျက်ရည်ဝိုင်းနေမိပြန် သည်။

အမှန်က. . .

ဒေါ်ခင်သက်၏ ဝေဒနာ အစစ်အမှန်က မေတ္တာငတ် နေသော အထီးကျန် သက်ကြီးဝေဒနာ ဖြစ်ပေသည်။

နွေးထွေးသော ပြုစုခြင်း၊ ယုယခြင်း၊ သားသမီးကဲ့သို့ အကြင်နာတရား ပေးနိုင်မည့် ကုသ ပြုစု စောင့်ရှောက်ခြင်းသာ အဓိက လိုအပ်ချက်ဟု ဆုမြတ် နားလည် သဘောပေါက်လိုက် ပါသည်။

ဆုမြတ်ကလည်း မိခင်၏ရင်ငွေ့ကို ပြန်လည်ခွင့် ရသည့် သို့ ခံစားနေရပါတော့သည်။

...[illegible]...

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

မိုးလင်းသည်နှင့် စောစောထ၊ ဒေါ်ခင်သက်၏ ဝတ္တရားကို ကျေပွန်အောင် ဆောင်ကြဉ်းပေးကာ နံနက်ခင်းစာ စားသောက်ပြီးတာနှင့် ခြံထဲမှာ ဒေါ်ခင်သက်ကို လမ်းအတူ တွဲလျှောက်ပေးပြီး နေပူစာ ထိုင်လှုံစေသည်။

ဆုမြတ်နှင့် မအေးက တနိုင် ခြံတွင်း မြက်ရိုင်းများ ရှင်းကာ ပန်းပင်များကို စနစ်တကျ ပြုစု ပြန်စိုက်ကြသည်။

ပြင်ပလေ ရှူရှိုက်ရခြင်း၊ သစ်ပင်စိုက်တာ ကြည့်ရခြင်းကြောင့် ဒေါ်ခင်သက် ပိုမိုလန်းဆန်းလာတာ ထင်ရှားလှသည်။

နေ့ခင်းစာ ထမင်းစားသောက်ပြီး တစ်ရေးမအိပ်ခင် ပရိတ်ကြီး(၁၁)သုတ်၊ ပဋ္ဌာန်း၊ ဓမ္မစကြာတို့ကို ဌာန်ကရိုဏ်းကျကျ ရွတ်ဖတ်ပြရသည်။



"သမီးလေးရဲ့ ရွတ်ဖတ်သံက အနေအထား မှန်တော့ ပရိတ်တရား နာယူရတာ ကောင်းလိုက်တာ၊ မအေးမို့ ဖတ်ရင် ထစ်အအနဲ့"

ဒေါ်ခင်သက် အပြောကြောင့် မအေးက ချစ်စဖွယ် မျက်စောင်းထိုးပြီး. . .

"ကြီးကြီးမေက အားကိုးရှိလာပြီဆိုတော့ ပြောပေါ့လေ"

"ဒါပေါ့အေ၊ ညည်းလည်း အိပ်ငိုက် သက်သာသွားပြီ မဟုတ်လား"

"ဆုမြတ် လာမှပဲ ဒီဒုက္ခက လွတ်တော့တယ်" ၊

"အေးပေါ့၊ ညည်းတို့က သုခကို သုခမှန်း မသိဘွဲ့မည် ဒုက္ခထင်ကြတာကိုး၊ ကဲ. . ကဲ သွား၊ လုပ်စရာရှိတာ လုပ်ကြတော့" ဟိတ်နဲ့

မအေးနှင့် ဒေါ်ခင်သက် ထင်ရာမြင်ရာ ပြောရင်း နေစဉ် ဆုမြတ် ဒေါ်ခင်သက် အိပ်ခန်းကြမ်းပြင်ကို ပြောင်စင်အောင် တိုက်နေလိုက်သည်။

ဆုမြတ်က ဒေါ်ခင်သက်ကို ပြုစုရန်အတွက်ဆိုပြီး အလုပ်ကို ခွဲခြားမနေပါ။ တစ်ခါတစ်ရံ ဒေါ်ခင်သက် နေ့လည်ခင်း တစ်ရေးအိပ်ချိန်များမှာ မအေးနှင့် တစ်အိမ်လုံးရှိ ဖုန်များ၊ ပင့်ကူအိမ်များ စင်အောင် လှဲကျင်း၊ တိုက်ချွတ် သန့်ရှင်းရေး လုပ်ပေးတတ်သည်။

အားလပ်ချိန် ရလျှင်လည်း စာရေးစာဖတ် ဝါသနာပါတတ်သလို ဒေါ်ခင်သက် အကျီပေါင်းလေးများကို ချုပ်လုပ်စရာရှိ

www.burmeseclassic.com



ချုပ်လုပ်ပေးတတ်သည်။

ဆုမြတ် သည်လို နေရပေမယ့် ပျော်ပါသည်။ ပြင်ပ ဗဟုသုတ ရရန် ဒေါ်ခင်သက်အိမ်မှာ ဂြိုလ်တုစလောင်း တပ်ပေးထားသည်မို့ အထူး အပြင်ထွက်စရာ မလိုပေ။

တစ်ပတ်တစ်ရက် ဥပုသ်နေ့များမှာတော့ ဒေါ်ခင်သက်ကို ကားပေါ် တင်ကာ တောင်လေးလုံး ဆရာတော်ဘုရားထံ ဆွမ်းချိုင့်ပို့၊ ဥပုသ်အတူတူ ယူကြသည်။

သည်လိုနေ့မျိုးမှာတော့ မော်လမြိုင်မြို့ရှိ ကျက်သရေဆောင် ဘုရားများကို လှည့်လည်ကာ အားရပါးရ ဖူးမျှော်ခွင့်ရနိုင်သည်။

ဒေါ်ခင်သက်အပေါ် သားသမီးများက ရုပ်ဝတ္ထု ပစ္စည်းအဆောင်များကို အစွမ်းကုန် ဖြည့်ဆည်းပေးထားပါသော်လည်း ဒေါ်ခင်သက်၏လိုအပ်ချက်မှာ အဓိကသည် နွေးထွေးသည့် မေတ္တာဓာတ်၊ ပြုစုမှုနှင့် တိုင်ပင်ဖော် တိုင်ပင်ဖက်ကွက်လပ်များ လိုအပ်နေခြင်း ဖြစ်ကြောင်း ဆုမြတ် သဘောပေါက်ပြီးသားမို့ ထိုလိုအပ်ချက်ကို သားသမီးတွေက ငွေနှင့်ပေးဝယ်ကာ ဖြည့်စွမ်းပေးသည့်သဘောပင်။

ဆုမြတ်ကလည်း အခကြေးငွေ ယူပြီး လုပ်ဆောင်ရတယ် သဘောမထားခဲ့ပါ။ မေတ္တာ၊ စေတနာအပြည့် စွမ်းဆောင်၍ ပြုစုဖေးမပေးသလို ဒေါ်ခင်သက်ကလည်း အားကိုးတကြီးနှင့် မေတ္တာတရားအပြည့်နှင့် ဆုမြတ်အပေါ် နွေးထွေးရှာသည်။ ငါတို့ငွေနှင့် ခိုင်းတာပဲဟု မမြင်ရှာပါ။





ဒေါ်အေးကလည်း ဆွေမျိုးရင်းချာလို ချစ်ခင်ရင်းနှီးရှာသည်။

"ဆုမြတ် လာမှ ဒီအိမ်ကြီး အသက်ဝင်လာတာနော်ကြီးမေ"

ဟု မကြာခဏ ပြောတတ်လာသည်။

ဟုတ်လည်း ဟုတ်ပါသည်။ အစက ဒေါ်ခင်သက်နှင့် ဒေါ်အေး နှစ်ယောက်တည်း။ အိမ်က အကျယ်ကြီး။ စကားပြောဖော် မရှိ၊ တိုင်ပင်ဖော် မရှိ။

ဒေါ်ခင်သက် ခိုင်းတာ လုပ်ပေး၊ လုပ်စရာ မရှိ ဖျာတစ်ချပ်မှာ ခေါင်းချအိပ်တော့တာပဲ။ ဒေါ်ခင်သက် စကားပြောမည်ကြည့်၊ မအေးက အိပ်ပျော်နေပြီ။

မအေးဘက်က ကြည့်ပြန်တော့ ကြီးတော်ဆိုတဲ့ ဟိတ်နဲ့ဘာမှမမေးရဲ၊ မပြောရဲမို့ ရေငုံနှုတ်ပိတ်။ ပျင်းစရာ ဘယ်လောက် ကောင်းလိုက်လေသလဲဆိုတာ။

ခုတော့ မအေး ပျော်ရသည်။ ဆုမြတ်က တီဗွီလာချိန်ဆိုဖွင့်ပြသည်။ တီဗွီလာလျှင် ဒါက ဘာရုပ်ရှင်၊ ဒါက ကိုရီးယားကား။ ရုပ်ရှင်က မြန်မာစာတန်းထိုးတော့ မအေး ဖတ်ရသည်။ ပျော်တာ မပြောနှင့်။

ပြီးလျှင် ရန်ကုန်က ပို့လိုက်သော အခွေများ ဖွင့်ပေးတာလည်း ရှိ။ မအေးတို့မှာ ဒီစက်တွေ ရှိပြီး ဒီလို ဖွင့်ကြည့်ရတာမသိခဲ့ရှာ။ ခုတော့ ဆုမြတ်ကို ကျေးဇူးလည်း တင်၊ ခင်လည်းခင်၊ ချစ်လည်း ချစ်ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညအိပ်ယာဝင်ချိန်ဆိုလျှင် ဒေါ်ခင်သက်အား ဆေးလူးပေးခြင်း၊ နှိပ်နယ်ပေးခြင်းအလုပ်ကို ဆုမြတ်က တာဝန်ယူထား၍ မအေးက ဘေးမှာ ဖျာတစ်ချပ်ခင်း လဲလျောင်းရင်း တီဗွီကြည့်ရတာ ဇိမ်ပါပဲ။

ဆုမြတ်မို့ ဆေးလိမ်း နှိပ်နယ်ပေးပြီဆိုလျှင် . . .

"ခုမှပဲ ဆေးတွေ အကြောထဲ စိမ့်ဝင်ပြီး ကိုက်ခဲတာတွေ ပြေတော့တယ်၊ ကျေးဇူးတင်လိုက်တာ သမီးရယ်"

အဲ့သလို ဒေါ်ခင်သက်က ပြောပေမည်။ မအေးနှင့်ဆို

"ဟဲ့ . . . မအေး၊ ဖြစ်တာက တခြား၊ နင် ဆေးလိမ်း နှိပ်နေတာက တခြား"

သည်လို ပြောပြောဆူဆူ ဖြစ်ရသည်။ မအေးကလည်း ကိုယ်သိသလို ကိုယ်လုပ်ပေးတာမို့ အမြီးအမောက် မတည့်ခဲ့။

ခုတော့ ဟုတ်နေသည်။ ဒေါ်ခင်သက်အား နှိပ်နယ်ပေးစဉ် ဆုမြတ် မျက်နှာလေးက ငေးပြီး မျက်ရည်ဝိုင်းနေတတ်သည်။

ဒါကိုတော့ မအေး သတိပြုမိ၍ မီးဖိုထဲ နှစ်ယောက်တည်း တွေ့ချိန် မေးရသည်။

"ဆုမြတ် ကြီးမေကို နှိပ်ပေးချိန် မျက်ရည်ဝိုင်းနေတာ အဆင်မပြေလို့လား၊ ဒါဆို မအေး နှိပ်ပေးမယ်လေ"

"မဟုတ်ပါဘူး ဒေါ်အေးရဲ့၊ ဆုမြတ်ဖေဖေကို နောက်အိမ်ထောင် မပြုခင်အထိ ဆုမြတ် ညတိုင်း အိပ်ယာဝင်ချိန် နှိပ်ပေးရတာ သတိရလို့ပါနော်"

"ဟူး . . . တော်ပါသေးရဲ့၊ နို့မို့ ဆုမြတ် စိတ်ပျက် ပြန်





သွားရင် မအေး အဲ့ဒီအလုပ်တွေ ပြန်လုပ်ပေးရတော့မှာ"

"ဟွန်း . . . တော်တော် ကိုယ့်ဘက် ကိုယ်ယက်တဲ့ လိပ် ဒေါ်အေး"

ဆုမြတ်နဲ့ အဲ့သလို ကြည်စယ်ပြီး ပျော်စရာ စကားတွေလည်း ပြောလို့ရတော့ ဒေါ်အေးလည်း သံယောဇဉ် တွယ်နေရှာသည်။

ဆုမြတ်လို မိန်းကလေး ပီသသူ ဒီခေတ်မှာ ရှာမှရှားပဲဟု ဒေါ်ခင်သက်ရှေ့မှာ ပြောလိုက်မိလျှင် ပြုံးပြုံး ပြုံးပြုံးဖြင့် ကျေနပ်နေသူကလည်း ဒေါ်ခင်သက်ပင် ဖြစ်သည်။

...ပြီးပါပြီ...



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁)

အောင်မင်္ဂလာ အဝေးပြေးဂိတ်သို့ ရောက်ပြီဆိုတာနှင့် ကိုယ့်လိုပင် ခရီးသွားများက နေရာအနှံ့ ရှိ၍ နေပေသည်။ ကားဂိတ်ဝင်းအတွင်းမှာပင် ကားကြိုလေးများက. . .

"ကျိုက်ထို မော်လမြိုင်"

"မုဒုံ့မ မော်လမြိုင်"

ခရီးသည်များကို အော်ခေါ်လို့ နေကြသည်။

ဆုမြတ်မွန် ပတ်ဝန်းကျင်သို့ စူးစမ်းကြည့်လိုက်ပြီး ကားဂိတ် အရောင်းဌာနသို့ တန်းဝင်ကာ. . .

"အခု မော်လမြိုင်မြို့ကို ထွက်မယ့်ကား (---------) ဘယ်နားမှာပါလဲရှင်"

"ခဏနေ ဝင်လာပါလိမ့်မယ်၊ ဟိုဘက်မှာ ခုံနေရာ ရှိပါ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

သမီး...

ကျွန်မအစ္စင်လန်း အေးရန်ကင်းဖို့ ဖေဖေ ဆုတောင်းပေးလိုက်ပါတယ်။

သမီး ပို့လိုက်တဲ့ ငွေနှင့် စာလည်း ရပါတယ်။ သမီး ရတဲ့လစာကို မပို့ပါနဲ့၊ သမီးလိုအပ်တာ သုံးပါ။ ဖေဖေကတော့ ကိုယ့်ဝင်ငွေနှင့်ကိုယ် မျှတပါတယ်။

တစ်သက်လုံး သူများအရိပ်အောက်မှာနေပြီး အလုပ်မလုပ်စေချင်ပါ။ စာချုပ်အရ တစ်နှစ်ပြည့်ရင် ပြန်လာခဲ့ပါ။ သမီး ပေးထားတဲ့ ဖုန်းနံပါတ် ဖေဖေ မှတ်ထားပါတယ်။ သေရေးရှင်ရေး အရေးကြီးမှ ဆက်ပါ့မယ်။

အေးလေ...ဘဝဆိုတာ ဒီလိုပါပဲ။ သမီး ကိုယ့်အလုပ်ကိုယ်တာဝန်ကျေအောင်နေပါ။ အလုပ်ရှင်ကို ရိုသေပါ။





ဖေဖေ မှာချင်တာကတော့...

လူမှာ ကိုယ်ကျင့်သိက္ခာထက် အရေးကြီးတာ ဘာမှ မရှိဘူး။ အဲဒါကို အရိုးစွဲအောင်မှတ်၊ ဘယ်အရာမဆို စိတ်ကောင်း နှလုံးကောင်းနဲ့ ကျင့်ကြံနေထိုင်ပါလို့ ဖေဖေ မှာချင်တယ်။

သမီးရဲ့ လိုရာဆန္ဒ ပြည့်ဝပါစေ။

သတိရစွာဖြင့်....

ဖေဖေ

ဆုမြတ်ကတော့ စာလေးကို ကိုင်ဖတ်ရင်း မျက်ရည်လည်ကာ 'ဪ. . . ဖေဖေရယ်' ဟု မြည်တမ်းမိပါသည်။

ဆုမြတ်တို့ဘဝမှာ မေမေ လွင့်ပါးကတည်းက ဖေဖေသာ အမိ၊ ဖေဖေသာ အဖနေရာ အားကိုးခဲ့ရပါသည်။

အလွန်အေးချမ်းသော ဖေဖေ့မှာ စာပေအလုပ်အပြင် အခြားဝင်ငွေ မရှာတတ်။ ယခုလည်း ဖေဖေ့အပေါ် သနားပြီး သက်တွဲဖော်ပြုသူ ဇနီးအသစ်ကိုလည်း ဆုမြတ် အပြစ်မဆိုပါ။

ခုလို ဆုမြတ် အလုပ်လာလုပ်ခွင့်ရတာ ဖေဖေ့အတွက် အဖော်ရှိပြီမို့ စိတ်ချလက်ချ ထွက်လာနိုင်ခြင်း ဖြစ်သည်။

အစ်ကိုဖြစ်သူရော ဘယ်လို နေရှာပါ့မလဲ။ ဘာပဲဖြစ်ဖြစ် သဘေရော အစ်ကိုပါ ဆုမြတ်ရဲ့ အနန္တ ကျေးဇူးရှင်တွေ မဟုတ်ပါလား။

"စာထဲမှာ ဘာများ ပါလို့ မျက်နှာမကောင်းရတာလဲ



www.burmeseclassic.com

www.burmeseclassic.com



သမီး"

ဒေါ်ခင်သက်၏ နူးညံ့ညင်သာသောအသံ ကြားလိုက်ရမှ အတွေးမျှင်များကြားမှ ရုန်းကန် လွတ်မြောက်လာသလို ခံစားလိုက်ရသည်။

"ဪ. . . မေမေ၊ သမီးရဲ့ဖေဖေဆီက စာကို ဖတ်ရင်း သတိရသွားတာပါ"

"ဒီလိုပါပဲ သမီးရယ်၊ သမီးနဲ့ မေမေတို့က မေတ္တာငတ်တဲ့ ဘဝချင်း တူသူတွေပါကွယ်၊ စိတ်မကောင်း မဖြစ်နဲ့နော်၊ သမီးနားမှာ အမေ ရှိတယ်"

"မေမေ. . . မေမေရယ်"

ဒေါ်ခင်သက်က အနီးမှာ ထိုင်နေသော ဆုမြတ်ဦးခေါင်း ဆံနွယ်စလေးများကို ပွတ်သပ်ပေးရင်း သူ၏ရင်ခွင်ထဲဆွဲသွင်းကာ ရင်လှိုက်သံနှင့် ပြောခြင်းမို့ ဆုမြတ်စိတ်ထဲမှာ နူးညံ့ညင်သာသော မိခင်မေတ္တာအပြည့်ကို ခံစားသိရှိလိုက်ရပြီး မေမေဟု ယောင်ယမ်း ခေါ်နေမိခြင်း ဖြစ်သည်။

"သမီး. . . သမီးရယ်"

နှစ်ဦးသား တင်းကြပ်စွာ ထွေးပွေ့ထားဆဲပင်။ ကာလအတန်ကြာ ကွဲကွာနေသော သားအမိနှစ်ဦး ပြန်ဆုံစည်းခွင့်ရသလိုမျိုး ဘုရားရှင်က ဖန်ဆင်းပေးလိုက်သည် ထင်ပါရဲ့။

ꩰ ꩰ ꩰ ꩰ





တစ်ပတ်တစ်ကြိမ် စာမှန်မှန် ရောက်လာလျှင် ဆုမြတ်၏ ဖေဖေထံမှ ဖြစ်ကြောင်း မေးစရာ မလိုတော့ပေ။

ခုတစ်ကြိမ်စာမှာတော့ ဆုမြတ်၏ ရည်မှန်းချက် ခရီးအတွက် အဆင်ပြေစရာ လမ်းစကို ဖေဖေက ရှာဖွေတွေ့ရှိကြောင်းပင် ဖြစ်သည်။

ဒေါ်ခင်သက်က ဖတ်ပြပါဆို၍ ဖတ်ပြခြင်း ဖြစ်သည်။

**သမီး...**

**ဖေဖေ သမီးရဲ့စာကို ဖတ်ပြီး စာပြန်လိုက်ပါတယ်။ သမီးရဲ့အလုပ်ရှင်ကို မမြင်ဖူးပေမယ့် သမီးရဲ့ပြောပြချက်အရ သဘောကောင်းမယ့် အမှန်လိုပဲ ဆိုတာ သေးစားမိပါတယ်။**

**အေးကွယ်...တစ်နယ်တစ်ကျေးမှာ သမီး ခုလို လုံလုံခြုံခြုံ မိသားစုသဖွယ် နေထိုင်ရတယ်ဆိုလို့ ဖေဖေ စိတ်အေးရပါပြီ။**

**သို့ပေမယ့်...သမီးလည်း ဓာတ်ပညာတတ်တစ်ဦးဖြစ်တာမို့ ကိုယ့်ဘဝတက်လမ်း ရှိတာကို၊ လုပ်သင့်တာလုပ်ဖို့ မျက်ခြည်မပြတ်စေချင်ဘူး။**

**ဖေဖေ အယ်ဒီတာဘဝက အနားမယူခင်မှာ ခင်မင်ရင်းနှီးရာ ထုတ်ဝေသူအချို့နဲ့ သမီးရဲ့စာအုပ်ထုတ်ဖို့ ပြောဆိုထားပါတယ်။**

**ယခုအလုပ်ကိုလည်း တာဝန်ကျေအောင် လုပ်ရင်း စာကိုလည်း အချိန်ရသရွေ့ ကြိုးစားရေးပါ သမီး။ အချိန်အခါ**



www.burmeseclassic.com

www.burmeseclassic.com



နှင့် အခွင့်အရေးဆိုတာ နောက်တစ်ခါ မလာတတ်ဘူးဆိုတာ ဝိရိယ မလျော့ဖို့ သတိပြုပါ။

အေး...သမီးရဲ့အစ်ကိုကို လာမယ့်နှစ်မှာ ဒေါ်လေးက နိုင်ငံခြားမှာ အလုပ်လုပ်နိုင်ဖို့ ပို့ပေးမယ် ပြောပါတယ်။ ဒါဆို သူ့အတွက် မပူပင်ရတော့ဘူးပေါ့ကွယ်။

သမီးလည်း အောင်မြင်တဲ့ စာရေးဆရာမ ဖြစ်တဲ့ အချိန်မှာ ဖေဖေတို့ စုစုစည်းစည်း ပြန်နေခွင့် ရချင်ပါတယ်။

သမီး ကျန်းမာ ချမ်းသာပါစေ...

သတိရလျက်...

ဖေဖေ

ဆုမြတ် စာဖတ်သမျှ ခေါင်းတညိတ်ညိတ် နားထောင်နေသူက ဒေါ်ခင်သက် ဖြစ်သည်။ ပြီးမှ. . .

"သမီးရဲ့ဖေဖေက အနေအေးပြီး အမြော်အမြင် ရှိသူ ကွယ်"

ဆိုသည့် မှတ်ချက်စကားကြောင့် ဆုမြတ် ဝမ်းသာရ သည်။

ဆုမြတ်နှင့် ဒေါ်ခင်သက် အနေအထားမှာ အချိန် ကာလအတွင်းမှာပင် တစ်ဦးပေါ် ထားသည့်မေတ္တာ တစ်ဦး နားလည်တာ ရှေ့ရေစက်ကြောင့် ဖြစ်ပေမည်။ မိခင်နှင့်သမီး ကဲ့သို့ သံယောဇဉ်က နှောင်တွယ်လို့နေသည်။

"အေးကွယ်၊ သမီးရဲ့ဖေဖေဆီကသာ စာမှန်မှန်လာ





တာ၊ မေမေ့ကျတော့ တစ်ပတ်တစ်ခါ စင်ကာပူက ဖုန်းဆက်နေ ကျ သမီးတောင် ဘာကြောင့် ဖုန်းမလာပါလိမ့်နော်၊ ဟင်း. . . အဝေးရောက်တဲ့လူတွေက ပိုဆိုးသေး၊ မာကြောင်းသာကြောင်း လေးတော့ ပြောကြပါတော့လား"

ဒေါ်ခင်သက် အဝေးရောက် သားသမီးများကို တမ်း တမ်းတတ ပူပင်လို့ နေရှာသည်။

အမေဖြစ်သူအပေါ် ထားရှိရမယ့် မေတ္တာတရားအပေါ် သိကျိုးကျွံ ပြုနေကြသည်တော့ မဟုတ်ပေ။ မိမိတို့ ဘဝ ရှေ့ရေးအတွက် ရေကြည်ရာ မြက်နုရာ ခရီးဆန့်ကြသည့် သား သမီးများ ဒေါ်ခင်သက်၏ ရင်တွင်းဝေဒနာကို သိနားလည်ချင်မှ သည်ပေမည်။

ဆုမြတ်အတွက်ကတော့ တရားသဘောအရပါပဲလေ ဟု နားလည်သလို တွေးဆထားသည်။

လူတိုင်းလူတိုင်း ဆင်းရဲချမ်းသာမရွေး သူ့အပူသောက နှင့်သူ ကွက်လပ်ကလေးတွေ လိုအပ်နေတာပါပဲဟု စိတ်မှ ဖြေ၍ ထားနေရပါတော့သည်။

...မြလေး...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

တစ်နေ့ ညပိုင်း ဒေါ်ခင်သက်အား ဆေးလိမ်း နှိပ်နယ်ပေးနေစဉ် ဆုမြတ် မျက်နှာနုနုလေးအား ငေးစိုက်ကြည့်ရင်း ဒေါ်ခင်သက် သနားချစ်ခင်စိတ်တို့က တဖွားဖွား ပေါ်ပေါက်လို့နေသည်။

စိတ်ထဲမှလည်း. . .

'သြော်. . . ငါ့သမီးအရင်းချာလေးသာ ဖြစ်လိုက်ပါတော့လား'

ဟု တွေးလိုက်မိသလို ငါ့ဝမ်းနဲ့ လွယ်ပြီး မွေးခဲ့ရတဲ့ သမီးတွေကတော့ တစ်ယောက်မှ အနီးနား မရှိကြ။ ဝမ်းမလွယ်ခဲ့ရတဲ့ ဒီမိန်းကလေးကျတော့လည်း ကြည့်ပါဦး၊ လူကြီးသူမ သိတတ်လိုက်တာ။ သူ့ခမျာ အဖေရှိရက်နဲ့ အဖေရင်းရဲ့





ပြုစုခွင့်မရ။ သူစိမ်းဖြစ်တဲ့ ငါ့ကို လာပြုစုနေရရှာတယ်။

လူ့ဘဝ ကံတရားများ ဆန်းကြယ်လှပါဘိ။ ဒီလိုခေတ်ကြီးထဲမှာ လူကြီးသူမ သိတတ်ပြီး လိမ္မာယဉ်ကျေးသူ ရှားမှရှား။

ခုခေတ် ကလေးတွေများ ရန်ကုန်က မြေးအပျိုပေါက်စတို့များ စကာဒ်တိုတို အကျီကျပ်ကျပ် ဆံပင်နီကြောင်ကျားက တစ်မျိုး၊ လူပျိုပေါက်ကလည်း နားမှာ အပေါက်ဖောက်ပြီးရုံမက နေစေ့မှာ ဖောက်တာက တစ်မျိုး။ မြေးတွေကို ကြည့်ပြီး. . .

"နင်တို့ဟယ်. . . ဒုက္ခခံပြီး အပေါက်တွေ ဖောက်ရသလား"

ပြောမိတာနှင့် သူ့အဖေကို ပေစောင်းစောင်း ကြည့်ပြီး

"ဒက်ဒီ. . . ဒက်ဒီ့မားသားကို ပြောထားလေ၊ ဒါ ခေတ်ရဲ့ စတိုင်လ်၊ ဒါ ဖော်တာခေတ် အင်တာနက်ခေတ်ဆိုတာ ရှင်းပြထားဦး"

ဟု ပမာမခန့်။ မိဘမှန်း လူကြီးမှန်း မသိ။ စိတ်ပျက်စရာ တွေ့ကြုံရသည်။

ဒီမိန်းကလေးကျပြန်တော့ ခေတ်လူငယ် ခေတ်မိန်းကလေးပေမယ့် ဒေါ်ခင်သက်တို့ မျက်လုံးထဲမှာရော စိတ်ထဲမှာပါ ခင်ပွင့်ကျ ဖြစ်ရပြန်ရော။

ဒါလည်း ကြီးပြင်းလာတဲ့ အသိုင်းအဝိုင်း အနေအထား ခြင်းကျက်များ ကွာခြား၍ပဲ ဖြစ်ပါမည်လေ။

အတွေးများနှင့် မျောနေသော ဒေါ်ခင်သက်အား ဆုမြတ် မျက်ခုံးလေး ပင့်၍ကြည့်ကာ. . .



www.burmeseclassic.com

www.burmeseclassic.com



“မေမေ. . . မေမေကြီး၊ အကြာကြီး စကားမပြောဘဲ ဘာတွေ တွေးနေလဲလို့ နေမကောင်းလို့ အသံတိတ်နေသလားလို့”

“ဟင်း. . . ဟင်း၊ ငေးမိငေးရာ တွေးမိတွေးရာပါကွယ်၊ သမီးအတွက်လည်း စဉ်းစားနေတာ”

“ဒါဆို ပြောပြ”

“သမီးလေး ရေးတဲ့ ဝတ္ထုတွေ ပို့ထားတာ ကြာပြီလေ ဘာများ ထူးသေးလဲပေါ့”

“အင်း. . ထုတ်ပေးမယ့် ထုတ်ဝေသူကတော့ သဘောကျပါတယ်၊ စာမူတင် စာပေစိစစ်ရေး သွားနဲ့ အဆင်ဆင့်မို့ နည်းနည်းကြာတာပါ”

ဒေါ်ခင်သက်က ပြုံးပြီး နားထောင်ရင်းက. . .

“မေမေ တစ်ခု စဉ်းစားထားတယ်၊ သမီးကိုယ်တိုင် စာအုပ်ထုတ်ချင်ရင်ထုတ်၊ မေမေ ငွေထုတ်ပေးမယ်၊ အောင်မြင်အောင် ကြိုးစားပါကွယ်၊ လူကြီးသူမကို ရိုသေတတ်တဲ့သမီး ဘယ်တော့မှ မဆင်းရဲနိုင်ပါဘူး”

“ဟုတ်ကဲ့ပါ မေမေ၊ ဟိုဘက်မှာ စကားလွန်ထားပြီးပြီပါ၊ မေမေ့ရဲ့စေတနာကို ကျေးဇူးတင်ပါတယ်”

ရိုသေကျိုးနွံစွာ ဖြေရင်း ဒေါ်ခင်သက် လက်မောင်းလေးများပေါ် ဆေးစက်လေးများ ချပြီး ငြင်သာစွာ သုတ်လိမ်း နှိပ်နယ်ပေးနေသည့် ဆုမြတ် မျက်နှာလေးကို မမှိတ်မသုန် ကြည့်ရင်းက. . .





“သမီးက မိန်းမချောလေးပဲ၊ ရှေးဘဝက အထုံရေစက်ကြောင့် တို့သားအမိ ခုလို လာတွေ့ရတာ၊ လူဆိုတာ သူ့ကုသိုလ်နဲ့သူ ဆိုတာ ဟုတ်မယ်၊ ဟော. . . မေမေက မွေးတဲ့ သားသမီးတွေက ပြုစုခွင့် မရကြဘူး၊ သမီးလေးက လာပြုစုရတယ်၊ သားကြီးက လူရှာပေးတာ တော်တယ်၊ ဒီလို သမီးလေးကို ရောက်အောင် ပို့ပေးတာလေ၊ မေမေ့ဝမ်းထဲ ဝင်စားခွင့် မရပေမယ့် လူ့ပြည်ရောက်အောင် ပို့ပြီး ဒီအမေနား ရောက်အောင် ပို့ဆောင်ပေးတာ ပြောပါတယ်၊ မေမေ့သမီးအရင်းပဲ ဖြစ်လိုက်ပါတော့ကွယ်”

ဒေါ်ခင်သက် ရင်ထဲမှာ ရှိသမျှ ပြောနေ၍ ဆုမြတ် ရှက်ပြုံးရိပ် မျက်နှာလေးနှင့် ခေါင်းငုံ့ကာ ဆေးကိုသာ လိမ်းပေးနေရှာသည်။

ထိုစဉ်. . .

ရှေးဟောင်း သစ်သားအိမ်ဖြင့် တည်ဆောက်ထားသော နာရီကြီးထံမှ. . .

“ဒင်. . . ဒင်”

နာရီသံ(၁၀)ချက် မြည်လာတော့မှ. . .

“ဟော. . . ည(၁၀)နာရီတောင် ရှိပါရောလား၊ ကဲ. . ကဲ အိပ်တော့၊ အရုဏ် ဘုရားဝတ်တက်ဖို့ နောက်ကျနေမယ်”

ဒီတော့မှ ဒေါ်ခင်သက်အား ဆေးလိမ်းပေးခြင်း နားကာ အိပ်ယာထက် လဲလျောင်းစေပြီး ခြင်ထောင်ချပေးကာ ပြီးမှ ဒေါ်ခင်သက်အား ရှိခိုးဦးချပြီးနောက် အိပ်ခန်းပြတင်းပေါက်များ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ထိုင်စောင့်ပါခင်ဗျာ"

ဂိတ်မှ တာဝန်ခံ ညွှန်ပြရာ ခုံမှာ ထိုင်စောင့်ရန် လက်တစ်ဖက်မှာ ဆွဲလာသော ဆွဲခြင်းကို ချ၊ ခရီးဆောင်အိတ်ကို ဘီးလိုမ့် ဆွဲလာရသောလက်က နာကျင်လှပြီ။ ကျောမှာ လွယ်ထားသော ကျောပိုးအိတ်ကို လျှောချလိုက်ပြီး စိတ်ရှိလက်ရှိ ထိုင်ပစ်လိုက်သည်။

အမှန်က. . .

ဆုမြတ်မွန် တစ်ခါမှ ဒီလိုခရီးမျိုး သွားဖူးခြင်း မရှိခဲ့ပါချေ။ သည်ခရီးကို အရဲစွန့်ပြီး ထွက်လာခဲ့ခြင်း ဖြစ်သည်။

သည်ခရီးအတွက် အချစ်ဆုံး သူငယ်ချင်း မဝေက အစစအရာရာ ကူညီဆောင်ရွက်ပေးလိုက်ခြင်း ဖြစ်သည်။

ဆုမြတ်မွန် ဘဝတစ်သက်တာမှာ ခုလိုမျိုး တစ်နယ်တစ်ကျေး သူများ အရိပ်အောက်မှာ အလုပ်ဝင်ရလိမ့်မည်ဟု ထင်ကို မထင်ခဲ့ချေ။

ဆုမြတ်မွန် မေမေသာ သက်ရှိထင်ရှား ရှိနေပါက ခုလိုသို့ ဘဝမျိုး ဘယ်ကြုံရပါ့မလဲ။ တွေးရင်းတွေးရင်း ဝမ်းနည်းစိတ်က ဝင်လာရသည်။

မေမေသာ ရှိရင် မိန်းကလေးတန်မဲ့ ခုလို သူများအိမ်မှာ အလုပ်သွားလုပ်မှာ လုံးဝ သဘောတူမည်မဟုတ်။

တကယ်တော့ ဖေဖေက နောက်အိမ်ထောင်ပြုသွားပေမယ့် ယခုအလုပ်ကို လုံးဝသဘောမတူပါ။ ဆုမြတ်မွန်လည်း တစ်မိုးတစ်ယောက်ကို အမေနေရာမှာ လက်ခံဖို့ရာ ဆုမြတ်မွန်





စိတ်နှလုံးထဲမှာ အဆင်သင့် မဖြစ်သေးတာလည်း ပါပါသည်။

ဒါကို သဘောပေါက်၍ ဖေဖေကတော့ အတိုက်အခံ မပြောသာဘဲ မလွှတ်ချင်လွှတ်ချင်နှင့် လွှတ်လိုက်ရခြင်း ဖြစ်သည်။

သို့ပေမယ့်. . .

အရွယ်ရောက်ပြီး ဘွဲ့ရ ပညာတတ် မိန်းကလေး တစ်ဦးက ကုမ္ပဏီ လုပ်ငန်းကြီးတွေမှာ ဝင်လုပ်လည်း တစ်လသုံးသောင်း ဝန်းကျင်လောက်သာ ရနိုင်မည်။

ပြီး. . . သူ့ထက်သူ ကိုယ်က တော်မှတတ်မှ ရာထူးတက်နိုင်ပေမည်။

ယခုအလုပ်က. . .

(၁) သက်ကြီးရွယ်အို အမျိုးသမီးတစ်ဦးအား စောင့်ရှောက်ရန် သူနာပြုအကူစောင့်ရှောက်မှုလက်မှတ် ရှိပြီး၊

(၂) ယာဉ်မောင်းတတ်ရမည်။

(၃) အမျိုးသမီး ဖြစ်ရမည်။

(၄) ပညာအရည်အချင်း အသင့်အတင့် ရှိရမည်။

(၅) ဘာသာတရား ကိုင်းရှိုင်းကာ ယဉ်ကျေးသိမ်မွေ့ပြီး လူမှုဆက်ဆံရေး စကားပြောဆို လိမ္မာသူ ဖြစ်ရမည်။

(၆) စိတ်ရှည်သည်းခံနိုင်သူ ဖြစ်ရမည်။

(၇) အိမ်ထောင်မရှိသူ အပျိုဖြစ်ရမည်။

(လစာ - လူတွေ့ စစ်ဆေးပြီးမှ ညှိနှိုင်းပေးမည်)

သည်အလုပ်ကြော်ငြာကို စတွေ့ပြီးကတည်းက ဆုမြတ်



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ရန် ထွက်လာခဲ့သည်။

ဘုရားခန်း ပြတင်းဝမှ တောင်ဝိုင်းကုန်းပေါ်မှ ကျိုက်သံလန် ဘုရားကို လှမ်းမျှော် ဖူးတွေ့ရသည်။

မော်လမြိုင်မြို့၏ ရာသီဥတုသည် ပူအိုက်သည် ဆိုသော်လည်း ခြောက်သွေ့သွေ့ မဟုတ်။ မိုးကလေးက တဖြိုက်ဖြိုက် ရွာပြန်ကလည်း နေလို့ ကောင်းနေပြန်သည်။ သန့်ရှင်းသပ်ရပ်သော လမ်းများဖြင့် စနစ်တကျ ရှိနေသည့်အတွက် နေချင်စရာကောင်းသောမြို့ ဖြစ်ပေသည်။

"အင်း. . . ဘာလိုလို့နဲ့ ငါ ဒီမှာ ရောက်နေတာ သုံးလေးလ ရှိနေပြီ၊ ခုလောက်ဆို မဝေဆီမှာ ကိုကို့ဆီက စာရောက်လောက်ရောပေါ့"

တကယ်ဆို စာလာတိုင်း ဆုမြတ် ကိုကိုထံမှ စာပါလာနိုးနှင့် မျှော်နေမိတာ အမှန်ပင်။ ဆုမြတ် သူများအိမ်မှာ အလုပ်လုပ်ခြင်းကို ဖွင့်မပြောထားသဖြင့် သူငယ်ချင်း မဝေက တစ်ဆင့် ရောက်လာမည့် စာကို မျှော်ရပြန်သည်။

ဖေဖေနှင့် အစ်ကိုကြီး ပြီးလျှင် ကိုကို့ကို အချစ်ရဆုံးပါ။ အင်း. . . ချစ်ရမည့်သူတွေထဲမှာ ဒီအိမ်က မေမေ ဒေါ်ခင်သက်လည်း ပါဝင်လာရပြီ။ ဆုမြတ် ကိုယ့်ကိုယ်ကို နောက်ဆုံးမှ ချစ်ရတာပါ။

အိပ်ယာဝင်ပြီး အိပ်ချင်စိတ် မရှိမည့်အတူတူ ဆုမြတ် ပြတင်းဝမှာ ငေးမှိုရပ်ရင်း စိတ်တို့သည် ဟိုးဝေးဝေးမှ ပုံရိပ်ဆီသို့ လွင့်မျောနေမိပြန်သည်။





ဆုမြတ်တို့ ပထမနှစ် အဝေးသင် စာမေးပွဲ နီးလာသဖြင့် သူငယ်ချင်း ဝေမာ၏အိမ်မှာ ဝိုင်းကျူရှင် တက်ကြရသည်။

ကျူရှင်ခကို ခြစ်ခြုတ်တက်ရသူမို့ စာကိုသာ ကြိုးစားမှတ်ယူရသည်။ ကျူရှင်ကို မပျက်ရဲပေ။ ဝေမာကလည်း စာကြိုးစားသော ဆုမြတ်အပေါ် စိတ်တူကိုယ်တူ ခင်ရှာသည်။

သို့ပေမယ့် ဝေမာ့မိဘများက စီးပွားရေး ပြေလည်သောအသိုင်းအဝိုင်းဖြစ်၍ ဆုမြတ်တို့ စာသင်ချိန်တိုင်း မုန့်အမျိုးမျိုးလုပ်ကျွေးတတ်သလို ဝေမာ့အစ်ကိုနှင့် ဆုမြတ်ချစ်သူ ဖြစ်လာမည့် ကိုကိုတို့ကလည်း အဝင်အထွက် ရှိရာက ဆုမြတ်နှင့် မိတ်ဆက်ပေးရာမှ စတင်ခဲ့သည့် ဇာတ်လမ်း ဖြစ်သည်။

အသားအရည် စိုပြေသော ကိုကို့အရပ်အမောင်းကခြောက်ပေနီးပါး ရှိပြီး ယောကျ်ားပီသစွာ ခန့်ညားသော ရုပ်ရည်ပိုင်ရှင် ကိုကို့အား မိန်းကလေးများ စိတ်ဝင်စားမှာ အမှန်ပင်။

မကြာခဏ ကျူရှင်တက်တိုင်း ကိုကို့အား ဝေမာတို့အိမ်မှာ ဂစ်တာတီး၍သော်လည်းကောင်း၊ ဝေမာ့အစ်ကို ကိုသော်နှင့်စာအတူဖတ်၍ပဲဖြစ်ဖြစ် တွေ့မြင်ရပေမယ့် ဆုမြတ် ဂရုမစိုက်အားပါ။

ဝေမာက မကြာခဏ သူ့အစ်ကို သူငယ်ချင်းထဲမှာ ကိုကို ချောကြောင်း၊ စာတော်ကြောင်း၊ ပတ်ဝန်းကျင်မှ မိန်းကလေးများက စိတ်ဝင်စားကြကြောင်း မကြားတကြား ပြောလည်း ဆုမြတ် နားမဝင်ခဲ့ပါ။

ကျူရှင်မပျက်အောင် ကြိုးစားပေမယ့် စာမေးပွဲရက် နီး



www.burmeseclassic.com

www.burmeseclassic.com



ကာမှ ဆုမြတ် ဖျားဖြစ်အောင် ဖျားရလေသည်။ နေမကောင်းပေမယ့် အိမ်ရှေ့ ခြံစည်းရိုးအစပ် အရိပ်အောက်မှာ ထိုင်ပြီး စာဖတ်နိုင်သရွေ့ ဖတ်နေစဉ်. . .

"ကလင်. . . ကလင်"

စက်ဘီးဘဲလ်သံ ကြား၍ လှမ်းကြည့်စဉ် ကိုကို့ကို ရိပ်ကနဲ လှမ်းမြင်လိုက်ရသည်၊ စိတ်ထဲမှာလည်း လမ်းကြုံလို့ပဲဟု ထင်နေမိသည်။

နေမကောင်း၍ ကျူရှင်ပြန်တက်ရသော နေ့များမှာ ဆုမြတ်ပင် လွယ်အိတ် နေရာမချရသေး။

"အမလေး. . . မချောကလည်း ကျောင်းပျက်တာ ကြာလိုက်တာ"

ဝေမာက ဆီးကြို အပြစ်တင်တော့သည်။ ဆုမြတ်က နှုတ်ခမ်းစူပြီး. . .

"သြော်. . ရှင်က ပြောရတယ်ရှိသေး၊ ကိုယ့်သူငယ်ချင်း အပေါ် ကျန်းမာရေး အခြေအနေ လာမေးဖော်တောင် မရတဲ့သူများ"

"အဟဲ့. . . ခွင့်လွှတ်ပါ ချစ်သူငယ်ချင်းရယ်၊ ပျက်တဲ့ရက်တွေ စာဝိုင်းကူးပြီး ရှင်းပြပါ့မယ်"

ဝေမာက ချော့တော့လည်း ဆုမြတ် စိတ်ကြာကြာ မဆိုးတတ်ပါ။ ဆုမြတ်နောက်မှာ ထောင်ထားသော လွယ်အိတ်ထဲသို့ ဝေမာတစ်ယောက် စာအုပ်တစ်အုပ် ထိုးထည့်နေ၍. . .

"ဟော့ကောင်. . . မင်း ဘာအလစ်သုတ်မလို့လဲ၊ ဒါမှ မဟုတ် လုပ်ကြံမှုတစ်ခုခု ရှိနေပြီ"

သူခိုးလူမိမို့ ဝေမာ ရယ်ကျဲကျဲ လုပ်ကာ. . .

"အဟဲ. . . အိမ်ကို လာလာနေတဲ့ ဝေမာ့အစ်ကိုရဲ့ သူငယ်ချင်းက ဆုမြတ်ကို စိတ်ဝင်စားတယ်၊ အဲဒါ ဆုမြတ်ကို စာပေးခိုင်းတာ"

ဝေမာ့စကားကြောင့် ဆုမြတ် မျက်ခုံးလေးပင့်၊ မျက်လုံးပြူးကြည့်လိုက်ပြီး. . .

"ရှင်နော် ပေါက်ကရတွေ လာမြှူဆွယ်မနေနဲ့၊ စိတ်ဝင်စားချင်း စိတ်ဝင်စားရင် ရှင့်ကိုပဲ စိတ်ဝင်စားရမှာ၊ လာပြီး ဆုမြတ်ကို အရှုပ်မလုပ်နဲ့"

ဆုမြတ်မျက်နှာ ပုပ်သိုးသိုး ဖြစ်တာကို ဝေမာက တခစ်ခစ် ရယ်ရမောကာ ချစ်စနိုးစိတ်နှင့် ဆုမြတ်ပါးကို ဆွဲလိမ်လိုက်ပြီး

"မှန်ပါ့ရှင်၊ အကျွန်ုပ်အား ကျော်လွှားပြီး အသင့်ကို ကြိုက်သွားတာ၊ ဒို့မို့ အကျွန်ုပ်ကိုသာဆို ပြောဖွယ်ရာမရှိ ချက်ချင်း ပြန်လည်၍ ချစ်ကျွမ်းဝင်ပစ်ပေမည်"

"ဒါဆိုလည်း ပြောဖွယ်မရှိပါ ငယ်ကျွန်၊ လျော်ကန်ပါပေတယ်၊ အကျွန်ုပ်ကတော့ စိတ်ဝင်စားမှု မရှိကြောင်း တင်ပြပါတယ်"

"ဟဲ့. . . ဆုမြတ်၊ ကျုပ် လျှောက်ပြောတိုင်း မယုံပါနဲ့၊ ဒို့အစ်ကို သူငယ်ချင်းက တကယ် မင်းကို သဘောကျတာပါ။ ရော့. . . ရော့၊ ယူသွား"

"အေး. . . စာတော့ မယူဘူး၊ တကယ် စိတ်ဝင်စားရင်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် လာပြောလို့"

"ဟယ်. . . တကယ်"

"ငဝမာ ရှင်ဟာလေ၊ ရွဲ့ပြောလို့ ပြောမှန်းမသိ"

"ပြောပြီး ကတိပဲနော်၊ ပြန်ကို ပြောပြဦးမှာ"

ဝေမာကတော့ တကယ့်ကို အနိုင်ပိုင်းကာ ပြော၍ ထပြေးလေတော့သည်။

၈ ၈ ၈ ၈

သည့်နောက်ပိုင်း. . .

ဝေမာကလည်း အပြောကောင်း၊ ကိုကို့ဘက်ကလည်း ဖွဲ့ရှိစွာ ဆုမြတ်အပေါ် အရိပ်ပမာ ဘယ်သွားသွား လိုက်ပါခြင်းကြောင့် ဆုမြတ် ရင်မခုန်ဘဲ မနေနိုင်။

ဆုမြတ်နှလုံးသားမှာ ကိုကို့အပေါ် ဥပေက္ခာ မပြုနိုင်တော့ပေ။

ဆုမြတ်ဘဝတွင် ပထမဦးဆုံး ချစ်သူဆိုပေမယ့် နှစ်ဦး





စလုံးအတွက် ဘဝရည်ရွယ်ချက်များ ရှိကြသူတွေမို့ ကျောင်းဆင်းချိန် ခေတ္တ တွေ့ဆုံ စကားပြောသည်က လွဲ၍ စိတ်လွတ်လပ်စွာ သွားလာခြင်းမျိုး မရှိခဲ့ပါချေ။

ဆုမြတ်နှင့် ချစ်သူဖြစ်ပြီး ကာလမကြာခင်မှာပင် ကိုကို တစ်ယောက် နိုင်ငံခြားသင်္ဘော တက်ရောက်ရန် ထွက်ခွာသွားရသည်မို့ ဆုမြတ်အတွက် လွမ်းတတ်သည့် ဝေဒနာအစုကို သိလာရပေမယ့် ဘဝဆိုသည့် လောကဓံတရားကို နားလည်သူမို့ ဆုမြတ် အနာဂတ်ကာလအတွက် အဓိကနှင့် သာမညကို ခွဲခြားတတ်သူပါလေ။

သို့ပေမယ့်. . .

ဆုမြတ် ယခုလို သူများအိမ်မှာ လာပြီး အလုပ် လုပ်ကိုင်ရသည်ကို သိလျှင် ချစ်သူက နှစ်သက်မည်မထင်။ ကိုကို့မှာလည်း ညီအစ်ကိုမောင်နှမထဲမှာ အကြီးဆုံး ဖြစ်ပြီး သာမန်မိသားစု ဘဝကနေ ခြိုးခြံ ခြစ်ကုပ်ပြီး သင်္ဘောတင်ပေးရခြင်းမို့ ဆုမြတ်တို့ ချစ်သူဘဝ နီးစပ်ဖို့က အချိန်ကာလ အများကြီး ကြာမြင့်ပေဦးမည်။

သည်မှာ နေရထိုင်ရ အလုပ်အကိုင်လုပ်ရတာ အတော် အဆင်ပြေလှသည်။ လခလည်း ကောင်းသည်။ ဒေါ်ခင်သက်၏ စတ္တရားကို ဆောင်ရွက်ပေးရုံမျှသာ ဖြစ်သည်။

ကားမောင်းရသည့်တာဝန်မှာလည်း ဥပုသ်နေ့များမှာ ဘုရားကျောင်းကန် သွားခြင်း၊ တစ်ပတ်တစ်ခါ ဈေးထွက်၊ ဈေးဝယ်ပို့ရရုံမျှသာ ဖြစ်သည်။ အချိန်ပြည့်နီးပါး ဒေါ်ခင်သက်



www.burmeseclassic.com

www.burmeseclassic.com



နှင့် လက်ပွန်းတတီး နေပေးရှံမှုပင်။

ဒေါ်ခင်သက်သည် ဆုမြတ်အပေါ် အတော်ကြီး သံယောဇဉ် တွယ်ပုံကိုတော့ ဘေးမှ နေသူပင် သိလို့နေသည်။

ဆုမြတ် ပြန်သွားမှာကိုပင် အစိုးရိမ်ပိုနေပုံ ရလေသည်။

...[illegible]...



## အခန်း(၆)

"တူ. . . တူ"

တယ်လီဖုန်း မြည်သံကြောင့် ဆုမြတ် ခပ်သွက်သွက် သွားကာ ဖုန်းခွက် ကောက်ယူ နားထောင်လိုက်မိသည်။

"ဟုတ်ကဲ့ အမိန့်ရှိပါရှင်"

"ဟင်. . . အမေ မရှိဘူးလား၊ မအေးလား"

"မဟုတ်ပါဘူးရှင့်"

"အာ. . . ဘယ်သူလဲ၊ ငါ့အမေကို ခေါ်ပေး"

တစ်ဖက်မှ ဖုန်းပြောသူသည် စိတ်အလွန်တိုနေပုံ ရသည်။ သူပြောလာသည့်စကားသံမှာ တအား လေသံဝဲသည်မို့ နည်းနည်း နားလည်အောင် နားထောင်ပြီး အိမ်ပေါ်ထပ်ရှိ ဒေါ်ခင် သက်ထံ လှမ်း၍အကြောင်းကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်သက်၏ ကုတင်အနီးတွင် ဖုန်းအပိုတစ်လုံး တပ်ဆင်ထားခြင်းမို့ အဆင်ပြေလှသည်။

"အေး. . . အမေ ပြောနေတယ်၊ သားလတ်လား"

". . . . ."

"အေး. . . အမေ့ရောဂါက သက်သာပါတယ်၊ ခုနက လား၊ အမေ့အတွက် ပြုစုစောင့်ရှောက်ပေးဖို့ ရန်ကုန်က ကိုကြီး ထွန်း စီစဉ်ပေးတာ"

". . . . ."

"စိတ်ချရပါတယ်၊ အမေ့ကို ဂရုစိုက်ပါတယ်၊ အခုဆို အမေ ခြံထဲတောင် ဆင်းထိုင်နိုင်ပြီ"

". . . . ."

"အေးပါ၊ သား မပျော်ဘူး အလုပ်အဆင်မပြေဘူး ဆိုလည်း ပြန်လာချင် လာခဲ့ပေါ့"

". . . . ."

"သား ပြန်လာတော့လည်း အမေ အားရှိတာပေါ့"

". . . . ."

"မင်းအဖေလား၊ မင်းတို့အဖေကတော့ ကမ္ဘာလှည့် ကောင်းနေတုန်းပဲ၊ သူ့မြေးတွေကို မခွဲနိုင်ဘူးလေ"

". . . . ."

"အေးပါဆို၊ သား ပြန်လာရင် အမေ အားရှိတယ်လို့ ပြောပြီးပြီလေ"

". . . . ."





"ဘယ်တော့၊ နောက်တစ်ပတ် ဟုတ်လား"

". . . . ."

"ရန်ကုန်အထိတော့ အမေ မလာနိုင်ဘူး၊ သားအစ်ကို ကြီးကိုပဲ လာကြိုခိုင်းရမလား"

". . . . ."

"ဘာရယ်. . . ကိုယ့်ဘာသာ ပြန်လာမယ်၊ ဒါဆိုလည်း ကောင်းပြီလေ၊ အမေ မော်လမြိုင်အိမ်ကပဲ ကြိုနေမယ်၊ အေး. . . သား သာဓု. . . သာဓုပါတော်၊ ငါ့သားလေး ကျန်းမာချမ်းသာ စေ"

ဒေါ်ခင်သက် ဖုန်းပြောဆိုနေသော စကား အသွား အလာကို ကြားရုံနှင့် သားအလတ် ဆိုသူ ပြန်ရောက်လာမည် အကြောင်း သိလိုက်ရပါသည်။ သြော်. . . မိခင်ဆိုသည်မှာ သူ့အသိုက်အမြုံထဲသို့ ပြန်လာမည့် သားသမီးကို ဝမ်းသာပီတိ နှင့် တွေးပြီး ပျော်နေပေသည်။

တစ်ယောက်တည်း သွေးသားရင်း အနီးနားမရှိ၊ အိမ် တစ်လုံးထဲမှာ ကျန်ရစ်ခဲ့ပြီး နေခဲ့ရတာ လွမ်းစိတ်ဝေဒနာ နှင့် အိပ်ယာထဲ ဘုန်းဘုန်းလဲခဲ့ရသည်။

မအေးကျပြန်တော့ တောသူမို့ လူမမာ ပြုစုတာ နား လည်း ဆုမြတ်ဆိုသည့် မိန်းကလေး ရောက်လာမှပင် ဒေါ်ခင် ဘဝ ပြန်ရှင်သန်ခြင်း ဖြစ်လာစဉ် သခုအခါ ထပ်ပြီး သားလတ်က ပြန်ရောက်လာပြီး အမေ့အနားမှာ နေပေးမည် ဆိုတော့ ဒေါ်ခင်သက် ပိုလို့ အားရှိသွားရသည်။ ယခင်နေ့များ



www.burmeseclassic.com

www.burmeseclassic.com



နှင့်မတူ ဒေါ်ခင်သက် ပြုံးပျော်ရွှင်နေသည်။ လှုပ်ရှားသွားလာမှုများ မြန်ဆန် သွက်လက်လာသည်။

ဘယ်လိုဘဝက ရှေးရေစက်ရယ်တော့ မသိ၊ ဒေါ်ခင်သက်အပေါ် မိခင်တစ်ဦးကဲ့သို့ တွယ်တာနေသူမို့ သားလတ်ဆိုသူ ပြန်ရောက်လာလျှင် အမေ့အနားက ဆုမြတ် ခွာရတော့မှာပါလားဟု တွေးရင်း တွေးမိရင်း ဝမ်းနည်းလို့ လာရသည်။

ဒေါ်ခင်သက်မှာ စိတ်ရောလူပါ သဘောထား အလွန်ပြည့်ဝဖြူစင်သူမို့ ဆုမြတ် မြင်မြင်ချင်းပင် မေမေဟု တရင်းတနှီး ခေါ်ခဲ့မိသည်။

တကယ်လည်း. . .

ဆုမြတ်နှင့် ဒေါ်ခင်သက်တို့ကြားတွင် အလွန်နက်ရှိုင်းသော သံယောဇဉ် ပိုးကြိုးလေးက နွေးထွေးစွာ ခိုင်ခိုင်ချည်နှောင်ထားမိကြောင်း ဆုမြတ်စိတ်မှာ နားလည်လက်ခံသလို ဒေါ်ခင်သက်ကလည်း နားလည် လက်ခံထားပေသည်။

တကယ့်တကယ်တော့ သားလတ်ဆိုသူ ပြန်ရောက်လာပြီးလျှင် ဒေါ်ခင်သက် သူ့အပေါ် ချစ်ခင်မှုများ လျော့ပါးသွား အစိုးရိမ်လွန်နေခြင်း ဖြစ်တော့သည်။





ဒေါ်ခင်သက် မျက်နှာပြင်မှာ ပြုံးပျော်ရွှင်နေတာကိုတော့ ညာ၍မရပေ။ သားသမီးများ အရွယ်ရောက် လူလားမြောက်အောင် ကျွေးမွေးခဲ့ပေမယ့် ကိုယ်လိုရာအရပ်သို့ ပျံသွားခဲ့ကြသည်။

ရင်ထဲမှာ ဟာနေအောင်လည်း အဲဒီကာလများက ခံစားခဲ့ရလေသည်။ ဒေါ်ခင်သက် အထီးကျန်ဝေဒနာသည် ဆုမြတ် ရောက်လာမှပဲ အေးချမ်း လန်းဆန်းသွားရပေသည်။

ခုတော့. . .

သားလတ်က အပြီးပြန်ရောက်လာပြီ ဆိုတော့ ဒေါ်ခင်သက် တစ်ယောက် ပိုပျော်ပေမည်။ ဒါကလည်း အကြောင်းမဟုတ်သေးပါ။

တကယ်တမ်းမှာ သားလတ်က ကူညီမပေးတတ်သလို ညီသူ့ကိုမျှလည်း စိတ်မရှည်တတ်၊ ဒေါသက ထစ်ကနဲရှိ စကား ချိုသာ ပြောချိန်မရ။

ဒေါသကုမ္မာရ၊ တဇွတ်ထိုးစိတ်၊

သူများ မျက်နှာနာရမှာမျိုး အားနာသမှု မရှိတတ်။ ပြောချင်ရာ ပြောပြီးလျှင် မေ့မေ့ပျောက်ပျောက်၊ ခံရသူကသာ တွေးတော ခံပြင်း ကျန်ခဲ့ရတော့သည်။

သားလတ်၏ မထင်လျှင် မထင်သလို ကလေးဆန်သောစိတ်ကြောင့် ဆုမြတ် သည်းမခံနိုင်ဘဲ ပြန်သွားမှာကိုဖြင့် ဒေါ်ခင်သက် ပူပန်နေမိသည်။ သည်မိန်းကလေး ပြန်သွားပို့ကတော့ မဖြစ်ချေ၊ ကိုယ့်သားဖြစ်သူကို ကိုယ် ချော့မော့ ပျောင်းဖျရ



www.burmeseclassic.com

ပေမည်။

ယောက်ျားလေးဆိုတာ အမေအပေါ်ကို မိန်းကလေးတစ်ယောက်ကဲ့သို့ ဂရုတစိုက် ပြုစုပေးနိုင်မည် မဟုတ်ပေ။ ဒေါ်ခင်သက် အတွေးနှင့် မည်မျှ ငေးမောနေမိသည် မသိ။

"မေမေ ဆေးသောက်ရအောင်"

ဆုမြတ် သောက်ရေနှင့်ဆေး ရှေ့မှာ ယူလာပြီး ဆေးတိုက်မှ သတိဝင်လာရသည်။ ပြီး. . .

"အင်္ကျီလက်ရှည်လေး ဝတ်ထားပါလား မေမေ"

အအေးပတ်မည်စိုး၍ ဆုမြတ်က သတိပေးရင်း အပေါ်ဝတ် အင်္ကျီလေးကို တယုတယပင် ဒေါ်ခင်သက် ခန္ဓာကိုယ်ပေါ် ခြုံပေးရှာသည်။

"အေးကွယ်၊ သမီးလေးက ဂရုစိုက်လွန်းလို့ ခုလို ပြန်ကျန်းမာလာတာ၊ ဘာလိုလိုနဲ့ သမီး ဒီကို ရောက်လာတာ တစ်နှစ်ပြည့်ကာနီးပြီနော်"

ဆုမြတ် မျက်နှာသွင်ပြင်ပေါ် အကဲခတ်ရင်း မေးလိုက်သည်။

"ဟုတ်တယ် မေမေ"

ဆုမြတ် အမူအယာက အေးဆေးတည်ငြိမ်စွာပင် မထူးခြား။ သည်တော့ ဒေါ်ခင်သက်ကပင် စ၍. . .

"နောက်ထပ် ဖြစ်နိုင်ရင် အကန့်အသတ်မရှိ နေနိုင်အောင် နေပေးပါကွယ်"

ဆုမြတ် အံ့အားသင့်စွာ မော့ကြည့်ရင်း. . .



"သမီးက စာချုပ်ပြည့်ရင် သမီးရဲ့စာပေအလုပ်အတွက် ရန်ကုန်ပြန်ရင် ကောင်းမလားလို့"

ဆုမြတ်စကားကြောင့် ဒေါ်ခင်သက် မျက်နှာလေး ညှိုးသွားရရှာသည်။ ဒါကို ရိပ်စားမိသော ဆုမြတ်က. . .

"ဒီအကြောင်းတွေက အရေးမကြီးပါဘူး မေမေရဲ့၊ မေမေ စိတ်ချမ်းသာအောင် နေပါနော်"

ဒေါ်ခင်သက်ရှေ့ ဒူးထောက် ထိုင်ချရင်း ကလေးတစ်ယောက်လို မျက်နှာလေး မော့ကာ ခေါင်းလေး တညိတ်ညိတ် ပြန်လုပ်ရင်း ချော့ကာ ပြောရှာသည်မို့ ဒေါ်ခင်သက် မျက်နှာပြင်မှာ ပြုံးရိပ် ပြန်ထင်လို့ လာခဲ့ရသည်။

...[illegible]...

www.burmeseclassic.com



## အခန်း(၇)

သားလတ်ဆိုသူ ဘညနေ့ မော်လမြိုင်အိမ်ကြီးသို့ ပြန်ရောက်လာတော့မည်ဆို၍ ဒေါ်ခင်သက်ရော မအေးနှင့်ဆုမြတ်ပါ အိမ်ရှင်းလင်းရတာ အလုပ်ရှုပ်နေတော့သည်။

ခြောက်သွေ့နေသော အောက်ထပ်ရှိ အခန်းတံခါးဖွင့်ကာ သန့်ရှင်းရေး လုပ်ကြရသည်။ အောက်ထပ် ဧည့်ခန်းမနှင့် ကပ်လျက်မှာ သားလတ် အိပ်ခန်းအဖြစ် ကျကျနန ပြင်ဆင်ပေးခြင်းကို ဒေါ်ခင်သက် စိတ်တိုင်းကျအောင် ဝိုင်းကူ လုပ်ကိုင်ပေးနေရသည်။

ဒေါ်ခင်သက်ကတော့ ဘေးမှာ ထိုင်နေပြီး ဟိုဘက်လှည့် အကဲခတ်၊ သည်ဘက်လှည့် အကဲခတ် ကြည့်ရှုနှင့် သားတော်မောင် နေမည့်အခန်းကို ဆုမြတ် ပြင်ဆင် ထားသိုမှုကို





သဘောတကျကျ ကြည့်နေခြင်း ဖြစ်သည်။

တစ်နေကုန် အားလုံး ချွေးတရွှဲရွှဲနှင့် လုပ်ကိုင်ရင်းနေစာ စားချိန်နီးမှ အားလုံး ခင်းကျင်းပြီးသည်နှင့် မအေးအားင်းများ နွေးခိုင်းထားနှင့်ကာ ဆုမြတ် ရေမိုးချိုး သန့်စင်ရန်ရေချိုးခန်း ဝင်လိုက်သည်။

ခုမှပဲ အလုပ်ပြီးသည်မို့ သက်ပြင်းချ အမောဖြေရင်းတ်ထဲမှာ စကားပြောနေမိသည်။

"ဟူး. . . ခုထိတော့ ရောက်မလာသေးဘူး၊ တော်ပါသေးရဲ့"

စိတ်အေးလက်အေး ရေချိုးနေစဉ် အိမ်ရှေ့ခြံဝမှ ကားန်းတီးသံ အဆက်မပြတ် ကြားလိုက်ရသည်။ ဒါသည် သားတ်ဆိုသူ ရောက်လာခြင်း ဖြစ်ပေမည်။

တစ်နေ့လုံး အခန်းရှင်းရ၊ အနေအထား ကျအောင်င်းကျင်းရမို့ ပင်ပန်းသမျှတို့ကို ရေအေးအေးမှာ အားရပါးရချိုးနေရင်း ဆစ်ပြာတိုက်ရင်း သီချင်းလေးပင် ဆိုညည်းနေမိသည်။

စိတ်ထဲမှာလည်း ခုလို စိတ်လွတ်လပ်သော အချိန်လေး စာမရေးတာ ကြာပြီဖြစ်သော ချစ်သူ စိတ်ခုမှာကို တွေးပြီးသွားရပြန်သည်။

ဩော်. . . ဆုမြတ် သတိရသလို ကိုကိုလည်း သတိရနေမှာပါလေ။

"ဒိုး. . . ဒိုး"

www.burmeseclassic.com



"ဒုံး. . . ဒုံး"

ရေချိုးခန်းတံခါးကို တဒုံးဒုံးထုသံကြောင့် အတွေးများ
ပြန်စုစည်းလိုက်ပြီး ရေစိုလုံချည်လေး ကမန်းကတမ်း လဲပြ
ပါးစပ်ကလည်း. . .

"လာပြီ ဒေါ်အေးရေ လာပြီ"

အော်အော်ပြောပြော ရေချိုးခန်းတံခါးကို ကမ
ကတန်း ဆွဲဖွင့်ထွက်လိုက်စဉ် . . .

"အယ်"

ဆုမြတ်နှုတ်မှ တအံ့တဩကြီး အသံထွက်သွားရတေ
သည်။

မအေး ရေချိုးချင်၍ တံခါးလာခေါက်သည် ထင်
ဖွင့်ထွက်လိုက်မိခြင်း ဖြစ်သည်။ ခုတော့ ရှုသိုးသိုးနှင့် မြင့်
သော ကိုယ်နေဟန်မြင့်မြင့် Gentleman style (လူကြ
လူကောင်းဟန်)ရှိသော လူတစ်ဦး ဖြစ်လို့နေသည်။ ရုပ်ရည်
တော့ တကယ့် Gentleman ပါပဲ။ သို့သော် ရှုသိုးသိုး မျက်
ကြီး ပုပ်နေတာနှင့် လုံးဝမလိုက်ဖက်ချေ။

လန့်သွားသော ခြေတို့ကို ရုပ်သိမ်းပြီး ပခုံးပေါ်မှာ ထ
ထားသော မျက်နှာသုတ်ပုဝါစလေးကို ရင်ညွန့်ထက် လုံ
အောင် ဆွဲချေလိုက်ကာ ခပ်မြန်မြန် ခေါင်းငုံ့ပစ်လိုက်သည်

"ခင်ဗျား ရေချိုးတာ ကြာလိုက်တာဗျာ၊ ပြီးရင်လည်
မြန်မြန်ဖယ်တော့"

ဇွတ်ပင် အခန်းထဲ တိုးဝင်တော့သည်။ ဒါ. . .





သားလတ်ဆိုသည့်လူပင် ဖြစ်ရမည်။

စိတ်ထဲမှာလည်း. . .

ဆုမြတ်နှင့် သားလတ်တို့ စစချင်း တွေ့ဆုံပွဲက သည်လို မိတ်ဆက်လိုက်ရသည့်အတွက် ရှေ့လျှောက် ဒုက္ခပါပဲဆိုသည့် ပူပူပင်ပင်စိတ်ကလေး ဝင်လာရတော့သည်။

အင်းလေ. . . တစ်လ တစ်သိန်းခွဲဆိုသည့် ဝင်ငွေကို မစွန့်ရက်နိုင်သေးသည်မို့ ဘာဖြစ်ဖြစ် သည်းခံရမယ်လေဟု ဖြေတွေး တွေးရတော့သည်။

ဖေဖေ့မှာလည်း ဆုမြတ် ပို့သည့်ငွေလေးကို စုဆောင်းပြီး တီဗွီတစ်လုံး ဝယ်လိုက်ကြောင်း သိရသဖြင့် ဖေဖေ နောက်ထပ် သုံးချင်တာ သုံးနိုင်အောင် အလုပ်ထပ်လုပ်ဖို့ ဆုမြတ် ဆုံးဖြတ်ထားတာမို့ ဒီလူနှင့်တော့ တတ်နိုင်သမျှ အဆင်ပြေအောင် နေမှုထိုင်မှုကို သတိထားရမည်ဟု ဘာသာ ဆုမြတ် သဘောပေါက်ထားရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်းဆိုလျှင် ဘုရားဝတ်ပြုပြီးတာနှင့် ကော်ဖီနှင့် မုန့်ကို အိမ်ပေါ်ထပ် အခန်းထဲမှာပင် စားနေကျ ဖြစ်သော်လည်း သားလတ် ပြန်ရောက်လာမှ အောက်ထပ် ထမင်းစားခန်းမှာ သားနှင့်အတူ နံနက်ခင်းစာ စားချင်သည်ဆို၍ ဒေါ်ခင်သက်အား အောက်ထပ် ထမင်းစားခန်းသို့ ပို့ပေးရလေသည်။

မအေးကို မြင်သည်နှင့် သားလတ်က ပြေးလာကာ တွဲခေါ်လာသော ဆုမြတ်ကို ကြည့်၍. . .

"ဖယ်. . . ဖယ်၊ ကျွန်တော် တွဲမယ်"

တစ်ဘက်ကနေ ဖေးမ တွဲလည်း ရနိုင်လျက်နှင့် တမင်ကပ်သပ်ပြီး ဆုမြတ် တွဲခေါ်သည့်ဘက်ကနေ ဖယ်ခိုင်းပြီး နေရာလုနေသော သားလတ်ကို စိတ်တိုစွာ ကြည့်လိုက်မိပြီးမှ. . .

'အေးလေ. . . သူတို့က သားအမိပဲလေ'

ဟု စိတ်ကို ဖြေလျှော့ရသည်။

"မေမေ. . . ဒါဆို သမီး ဒေါ်အေးနဲ့ မီးဖိုထဲ ဝိုင်းကူလိုက်မယ်နော်"

"အေး. . . အေး. . . သမီးလေး"

သားအမိနှစ်ဦး ယခုမှ ပြန်ဆုံကြရတာမို့ အေးအေးဆေးဆေး စကားပြောဆိုကြပါစေဆိုပြီး မီးဖိုဘက်သို့ ဝိုင်းကူရန် ထွက်လာခဲ့တော့သည်။

ဒေါ်အေးနှင့်အတူ ဒေါ်ခင်သက် အစီအစဉ် ဆွဲပေးသော ဟင်းလျာစာရင်းအတိုင်း ဟင်းတစ်အိုးပြီးတစ်အိုး ဝိုင်းကူချက်ပြုတ်ရတော့သည်။



"တော်ပါသေးရဲ့၊ ဆုမြတ် လာကူလို့၊ မအေး တစ်ယောက်တည်း ဟင်းချက်စရာစာရင်း ကြည့်ပြီး ခေါင်းစားနေတာ၊ ဘာက စလုပ်ရမယ်မှန်းမသိ ဖြစ်နေတာ၊ ခုတော့လည်း ဟုတ်လို့"

"ဒေါ်အေးဟာလေ၊ ဆုမြတ် မလာခင်လည်း ချက်ပြုတ်ရတဲ့ဟာ"

"အာ. . . ဆုမြတ် ဘာသိလဲ၊ သားလတ်က ဂျီးထူ ဂျီးများလေ"

"ဘာလဲ၊ အအော်ခံရမှာစိုးလို့လား"

"ဟုတ်ပ၊ သူ အော်လိုက်ရင် လူကို မျက်စိတွေ ပြာပြီး ဘာမှ မမြင်တော့အောင် လန့်သွားတာပဲ"

"ဒေါ်အေး အအော်ခံရပြီးပြီလား"

"မဖြစ်သေးပါဘူး၊ မကြာမီ လာမည် မျှော်လေ၊ ဟီဟိ"

"ဆုမြတ်ကတော့ ဈေးဦးပေါက်ဖြီးပြီ၊ အဲ. . . ဟိုစားကောင်းတာနဲ့ မေ့လို့၊ မေမေ့ကို ဆေးတိုက်ရဦးမယ်"

"ထားခဲ့ ထားခဲ့၊ ဟိုက အရေးကြီးတယ်၊ သွားသွား"

ဒေါ်ခင်သက်ကို သတိရစဉ် ထမင်းစားခန်းသို့ ဝင်ကြည့်လိုက်ရာ သားအမိနှစ်ဦး မရှိတော့။

အိမ်ရှေ့သို့ လှမ်းကြည့်ရာ. . .

သားလတ်၏လက်ကို တွဲကာ နေပူစာလှုံရင်း လမ်းလျှောက်နေတာကို တွေ့လိုက်ရသည်မို့ ဆေးနှင့်ရေကိုယူကာ သူတို့အနီးသို့ ရောက်လာတာကိုပင် မသိကြ။

www.burmeseclassic.com



စိတ်ဝင်စားသွားသည်။

ဆုမြတ် ဖေဖေနှင့် မိထွေးကတော့ သည်လောက် ဘွဲ့ကြီးပေါင်းစုံက ခေါ်တဲ့အလုပ်ကိုတော့ မလျှောက်ဘဲ ဒီလို ဘာမဟုတ်တဲ့ သူများအိမ်မှာ ချီးသေး လုပ်ပေးရမည့်အလုပ်ကို သဘောတူရမလားဟု ဆူပါတော့သည်။

"ဖေဖေက သမီးပျိုလေးမို့ တားတာပါ"

တကယ့်တကယ်ကျတော့ ဖေဖေ့လေသံက အားမရှိလှပါ။ မဂ္ဂဇင်းတိုက်တစ်ခုမှ လက်ထောက် စာတည်းဘဝနှင့် ရပ်တည်လာသူ ဖေဖေ့မှာ ဇနီးအသစ်အတွက် လုံလောက်အောင် ရှာဖွေပေးရပါဦးမည်။

ဆုမြတ်ဘဝမှာ မေမေ ဆုံးပြီးကတည်းက ဆယ်တန်းအောင်ကာစ အစ်ကိုဖြစ်သူ အောင်အောင်က အခေါ်ဖြစ်သူ၏ အိမ်ကားမောင်းရင်း စက်ရုံကိစ္စများပါ ဝိုင်းကူလုပ်ပေးရင်းနှင့် ဆုမြတ် ဘွဲ့ရနိုင်သည်အထိ ကျောင်းထားပေးခဲ့သည်။

အားလပ်ချိန်များမှာ ညီမဖြစ်သူကို. . .

"ညီမလေး ကျောင်းပညာအပြင် ဘက်စုံတော်မှ၊ လာ အားတဲ့အချိန် ကားမောင်းသင်ထား"

ဆိုပြီး ကားမောင်း လာတိုင်း သင်ပေးထား၍ ဆုမြတ် ဘွဲ့လည်းရ၊ လိုင်စင်သက်တမ်းလည်း သုံးနှစ်မျှ ရှိသွားပြီ ဖြစ်သည်။

ကျောင်းပြီးပြီးချင်း အလုပ်ရှာဖွေရင်းမှ အကူသူနာပြု သင်တန်း ပြေးတက်ကာ ဒီပလိုမာ လက်မှတ် ယူထားခဲ့ပြန်ရာ





အခုလို အလုပ်မျိုးက ကြုံတောင့်ကြုံခဲ။ ဒေသန္တရ ဗဟုသုတလည်း ရ၊ အားလပ်ချိန်မှာ စာတိုပေစလေးများ ရေးတတ်သော ဝါသနာအရ ဝတ္ထုတိုလေးများ ရေးသားဆဲကာလမို့ သူများ သိပ် စိတ်မဝင်စားသောအလုပ်ကို ဆုမြတ်က စိတ်ဝင်စားလို့နေသည်။

ဘာပြောပြော ဆုမြတ်တို့ မိသားစု အခြေအနေက ကိုယ့်ခြေပေါ် ကိုယ်ရပ်နိုင်အောင် ကြိုးစားမှသာ အဆင်ပြေမှာမို့ ဖေဖေနှင့်အစ်ကိုက ခေါင်းညိတ်ခဲ့ခြင်း ဖြစ်သည်။

အလုပ်အတွက် တွေ့ဆုံစဉ်မှာ အရည်အချင်းအားလုံး ပြောဖွယ်ရာ မရှိသော ဆုမြတ်အပေါ် လစာငွေ အလုပ်နှစ်မျိုး ပေါင်း တစ်သိန်းငါးသောင်း ပေးရန်လည်း သဘောတူခဲ့ကြသည်။

နေစရိတ် စားစရိတ်ငြိမ်းလည်း ဖြစ်၊ ဒီလောက် ဝင်ငွေရဖို့ တချို့များ နိုင်ငံခြားသွား အလုပ်လုပ်ကြရသည်။ ဆုမြတ်အတွက် လုံခြုံနွေးထွေးမှု ရှိသောနေရာဟု စိတ်မှာ အလိုလို ခံစားနေရသည်။

ဘာပဲပြောပြော တစ်လလျှင် ဖေဖေတို့ထံ ငါးသောင်းမျှ ပြန်လည် ထောက်ပံ့နိုင်ပေမည်။ ဆုမြတ်၏အတွေးတို့က အဆင်ချောလို့နေဆဲ။

"ကားနံပါတ်(-~--)နှင့် လိုက်ပါမည့် ကျိုက်ထို၊ မုတ္တမ၊ မော်လမြိုင် ခရီးသည်များ၊ ယခု ထွက်ခွာမည့် ယာဉ်ရပ်နားရာသို့ လာရောက် နေရာယူကြပါရန် ပန်ကြားအပ်ပါသည်"

ခရီးသည် အော်ခေါ်သံ ကြားမှပဲ ဆုမြတ်၏ အတွေး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပါဦး။

ဒေါ်ခင်သက်ကို ကုလားထိုင်မှာ ဝင်ထိုင်စေပြီး ခြေသည်းလက်သည်း လှီးဖြတ်ပေးနေသော သားလတ်မျက်နှာကို မအေဖြစ်သူက ကြည်နူးပီတိစိတ်နှင့် ပြုံးကြည့်နေပုံများ။

ဆုမြတ်ပင် မနာလို အတွင်းစိတ်ကလေး လက်ကနဲ တောက်ပသွားရသည်။ ဆုမြတ် ပြုစုယုယနေကျ အလုပ်ကို သားလတ် ဝင်လုနေလို့ပဲ ဖြစ်သည်။ ပြီး. . . အားငယ်စိတ်တို့ ဖြတ်စီးလာရှာ ခပ်မြန်မြန် မျိုသိပ်ရင်း. . .

"မေမေ ဆေးသောက်ဖို့အချိန် ရောက်ပါပြီ"

ဆုမြတ် အသံပြုလိုက်မှ ဒေါ်ခင်သက် ဘေးဝန်းကျင်ကို သတိဝင်လာကာ. . .

"ဪ. . . သမီးလေး လာလာ"

ဆေးသောက်ရန် ကမ်းပေးသော ဆုမြတ် လက်ထဲမှ ဆေးနှင့်ရေကို ဒေါ်ခင်သက် လှမ်းမယူမီ သားလတ်က လှမ်းယူပြီး. . .

"ပေး. . . ပေး၊ ကျွန်တော် တိုက်လိုက်မယ်"

ဒါကို ကြည့်ပြီး ဆုမြတ်စိတ်ထဲမှ. . .

"ဟွန်း. . . အမြင်ကတ်စရာ ကောင်းပါဘိ"

ဆုမြတ် လုပ်နေကျအလုပ်ကို ဒီလူကချည်း အတင်းယူလုပ်ကိုင်နေတာ။ စိတ်က တိုသထက် တိုလာချေပြီ။

နောက်ဆုံးတော့. . .

အေးပါလေ၊ ငါက အလုပ်သမား၊ သူတို့က အလုပ်ရှင်





ဖြီးတော့ သားအမိအရင်း ဆိုပြီး စိတ်တို့ကို လျှော့ပါးအောင် ကြိုးစား ဖြေလျှော့ရတော့သည်။

...[illegible]...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈)

ဒေါ်ခင်သက်နှင့် ပတ်သက်သမျှ အပြင် ဘေးပန်း အလုပ်များကိုသာ ဆုမြတ်နှင့်အပြိုင် အလုအယက် လုပ်ကိုင်နေပေမယ့် ဒေါ်ခင်သက်နှင့်အတူ ဘုရားဝေယျာဝစ္စအလုပ်ကိုတော့ သားလတ် လုံးဝစိတ်မဝင်စားချေ။ သည်အခါမှာတော့ ဆုမြတ်ကသာ အစအဆုံး ကူညီလုပ်ကိုင်ပေးပြီး ပရိတ်တရားစာ ရွတ်ဖတ်ပေးရတော့သည်။

ခုမှပဲ ဆုမြတ် စိတ်ကျေနပ်နိုင်တော့သည်။

သားလတ် ပြန်ရောက်ကတည်းက မီးဖိုချောင် ချက်ပြုတ်ရေးအလုပ်ကို မအေးတစ်ဦးတည်း မနိုင်တော့ပေ။ ဟင်းအစပ်အဟပ် တည့်ရန် ဆုမြတ်ကသာ ဝိုင်းကူရတော့သည်။

မအေးကလည်း သားလတ်ဆိုလျှင် မြင်တာနှင့် အအော်ခံရမှာ ကြောက်တာနှင့် ဝေးဝေးက ရှောင်သည်။ ထမင်းဟင်း





ပြင်ကျွေးလျှင် ခူးခပ်ပြီး အနားမသီရဲပေ။

သားလတ်အား ပထမဦးဆုံး ထမင်းပွဲ ပြင်ပေးသည့်နေ့က အဖြစ်ကိုတော့ ဆုမြတ် လုံးဝမမေ့တော့။

မအေးက ဒေါ်ခင်သက် မှာကြားသော စာရင်းထဲမှာ ငှက်ခက်ရင်း မပါတော့ ထမင်းပွဲမှာ ငှက်ခက်ရင်း မပါချေ။ မအေးက ခေါင်းရှောင်ကာ ဆုမြတ်ကို ပြင်ခိုင်း၍ ဆုမြတ်က စေတနာနှင့် ထမင်းပွဲ ပြင်ပေးခဲ့သည်။ မြန်မာဆန်ဆန်ပဲ စားသည် ထင်၍ သတိလည်း မထားခဲ့။

ထမင်းဝိုင်းသို့ သားလတ် ရောက်လာပြီး မျက်လုံးက ဝေ့ဝဲကြည့်လိုက်ပြီး. . .

"မအေး. . . ငှက်ခက်ရင်း"

အသားကုန် ကျုံးအော်လိုက်သည်မို့ အနီးမှာ သံပုရာရည် ဖျော်နေသော ဆုမြတ်ပင် လက်ထဲမှငှက်း လွတ်ကျခဲ့ရသည်။

မအေးက ကြောက်ဒူးတုန်ကာ မီးဖိုထဲမှာ ဒူးချင်း ရိုက်နေ၍ ခြေရွှေ့မရ။ ဒါနှင့် ဆုမြတ်က ပြေးကာ ငှက်ခက်ရင်း သူပြီးပေးရာ. . .

"ဒီအတိုင်း ပေးရလား၊ ပန်းကန်လုံးထဲ ရေနွေးပူပူ ဆည့်ပြီး ယူလာခဲ့"

လေသံက တစ်စက်မှ မလျော့။

"ဟုတ်ကဲ့"

ကမန်းကတန်း ဆောင်ရွက်ပေးရပြန်သည်။ သည်လို



www.burmeseclassic.com

အသားလွှတ် ဒေါ်ကြီးမောကြီးနိုင်လှသူကို စိတ်ထဲမှာ ချဉ်နေမိသည်။

ကွယ်တာနှင့် မအေးက ဆုမြတ်နားနား ကပ်ခါ. . .

"စကားပဲ၊ ကောင်းကောင်းပြောလည်း ဒီစကားပဲ၊ အော်ပြောမှ ရတာ ကျနေတာပဲ"

"ဟုတ်ပ ဒေါ်အေးရယ်၊ နားဝင်အောင် ပြောဖို့ သူ့စိတ်ထဲမှာ အစီအစဉ် မရှိဘူး ထင်ပါရဲ့"

ဆုမြတ်ကတော့ စိတ်ပျက်စွာ ပခုံးလေး တွန့်ကာ နှာခေါင်းလေး ရှုံ့ကာ ပြောသည်ကို မအေးက သဘောကျစွာ ရယ်ပြီး. . .

"ဟုတ်ပ့ါ ဆုမြတ်ရယ်၊ ဒါကြောင့် သူ့ကို ကြိုက်မယ့် ယူမယ့်သူ မရှိတာ နေမယ်"

"ဟုတ်တယ် ဟုတ်တယ်"

ဆုမြတ်တို့နှစ်ယောက် တစ်ဦးနှင့်တစ်ဦး ပြောဆိုထောက်ခံနေပုံကို အနောက်မှာ ခါးထောက်၍ မျက်ထောင့်နီနှင့် ကြည့်နေသူကို မြင်လိုက်ရစဉ်. . .

"အောင်မလေး. . ."

မအေးခမျာ ဆုမြတ် ခန္ဓာကိုယ်လေးကို ကျစ်ကျစ်ပါအောင် ကြောက်လန့် ဖက်တွယ်ထားတော့သည်။



ညစဉ် အိပ်ယာဝင်ခါနီး ဒေါ်ခင်သက်အား ပြုစုပေးနေကျ ဆေးလိမ်း နှိပ်နယ်ပေးရမြဲ။ သည်လိုအချိန်များမှာ ဒေါ်ခင်သက် အပါးမှာ သွားလတ် ရှိမနေတော့ပါ။

ထိုအချိန်မျိုးမှာ သူတို့မိသားစု၏ ရှေးဟောင်းနှောင်းဖြစ်တို့ကို ပြောပြတတ်လေသည်။ သည်လိုဆိုလျှင်တော့ ခေါင်းလေးတညိတ်ညိတ် နားထောင်ပေးရုံမျှသာ။

ဒေါ်ခင်သက် ပြောစကားများမှာ ကြွားဝါသော စကားတစ်ခွန်းမျှ မပါဝင်ချေ။ နားထောင်ချင်စရာကောင်းအောင် ပြောပြတတ်ခြင်း ဖြစ်သည်။

သည်နေ့အတွက် ပြောစရာ စကားအရာတို့သည် သွားလတ်နှင့် ပတ်သက်၍ပဲ ဖြစ်တော့သည်။

"နေ့လည်က ထမင်းဝိုင်းမှာ သွားလတ် အော်သံ ကြားရလို့လေ"

"ဟုတ်ပါတယ် မေမေ၊ ဖွန်းနဲ့ခက်ရင်း မလုပ်ထားလို့တဲ့"

"ဟုတ်ပါရဲ့ မေမေ့ကြောင့်၊ သတိမေ့တာနဲ့ ငါ့သမီးတွေ အအော်ခံရရှာပြီ၊ ခက်တာပဲ၊ လူကသာ အရွယ်ကြီးလာတယ်၊ စိတ်က အခုထိ မပြောင်းလဲသေးဘူး၊ သွားလတ်ဟာလေ ဒေါသ ဒိုင်ကြီးတာ၊ သူ့အဖေနဲ့သူ အဲဒါကြောင့် လုံးဝမတည့်ကြတာ၊ ဒါလည်း ကြည့်လေ၊ စင်ကာပူကို သူ့အဖေ ရောက်လာလို့ ဟိုက အလုပ်တွေ ထားခဲ့ပြီး သူ ဒီကို ပြန်ပြေးလာတာကို ကြည့်"

"ဩော်"

ခုမှပဲ သွားလတ် မမျှော်လင့်ဘဲ ပြန်ရောက်လာရခြင်း

www.burmeseclassic.com



အကြောင်းရင်းကို သိရတော့သည်။

"သားလတ်က စကားပြောတာ အပေါက်ဆိုးတာက လွဲလို့ အင်မတန် သဘောကောင်းပါတယ် သမီးရယ်၊ သည်းခံ ပေးပါနော်"

ဒေါ်ခင်သက်ခမျာ သားအတွက် တောင်းပန်ရှာတာ မကြည့်ရက်။

"ရပါတယ် မေမေ၊ ဆုမြတ် နားလည်ပါတယ်"

"အေးကွယ်၊ သားလတ်ရဲ့ဉာဉ်ကို ဘယ်လို ဖျောက်ရ မယ်မှန်းတောင် မသိတော့ပါဘူး၊ အသန့်အပြန့် ကြိုက်တာက လည်း သူ့အပြင် နှစ်ယောက်မရှိဘူး၊ ကျန်တဲ့ မောင်နှမအားလုံး မော်လမြိုင်ဆေးရုံမှာပဲ မွေးခဲ့တာ၊ သူ့တစ်ယောက်ကျမှ မေမေ တို့ ခြံထဲကို သွားရင်း ခြံထဲက နွားတင်းကုတ်မှာ သူ့ကို မွေးခဲ့ တာ၊ အဲ့ဒီခြံက မေမေတို့ ကျိုက်မရော သွားတဲ့လမ်းက နတ်စမ်း ရွာမှာပေါ့၊ ခြံထဲမှာ အဲ့ဒီအချိန်က ဒူးရင်း၊ မင်းဂွတ်၊ ဒညင်း ထွက်တော့ မသွားမဖြစ် သွားရင်း တစ်ညအိပ်သွားတာ၊ အဲ့ဒီမှာ ဗိုက်နာပြီး မွေးချရတဲ့အဖြစ်"

"ဩော်"

"အဲဒါနဲ့ သူ့ကို ကျန်တဲ့ အစ်ကိုအစ်မတွေက တောသား နွားတင်းကုပ်က ကောက်ရတဲ့ တောသားလို့ အမြဲစ,ကြတော့ ရှုသိုးသိုး မျက်နှာနဲ့ ဂျစ်ကန်ကန် ပြန်ပြောတော့တာပဲလေ"

ဒေါ်ခင်သက် စကားပြောရင်း မောသွားဟန်ကြောင့် ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်လိုက်ပြီး စကားဆက်ပြောခဲ့





မှာ၍ . . .

"ညောင်းပြီလား သမီး"

"မညောင်းပါဘူး မေမေ၊ မေမေ သက်သာဖို့ အရေးကြီး ပါတယ်"

ဆုမြတ်က ညင်သာစွာ နှိပ်နယ်ပေးရင်း စကားကိုသာ အာရုံစိုက်နေမိသည်။

"သားလတ်က ကျန်တဲ့ သားသမီးတွေနဲ့ လုံးဝမတူဘူး သိလား"

ဆုမြတ်က ဒေါ်ခင်သက် စကားကို ထောက်ခံ ခေါင်း ညိတ်ပြရသည်။

"ကျန်သားသမီးတွေက ပညာကို ကြိုးစားသင်လို့ ဘွဲ့ တွေ ရကြပေမယ့် သားလတ်က ဘွဲ့မရခဲ့ဘူး၊ အပေါင်းအသင်း များတယ်၊ ဆိုးခဲ့ တေခဲ့တယ်၊ စုံအောင်ကို လုပ်တယ်၊ ပြောမရလို့ မေမေဆို မျက်ရည်နဲ့ မျက်ခွက်ပေါ့၊ ခုလည်း ပြန်လိမ္မာတာ မကြာသေးဘူး၊ သူက ဆိုးခဲ့တော့ သူ့အဖေနဲ့ ဘယ်တော့မှ ခေါ်မတွေ့ကြဘူး၊ ဆိုးပေမယ့် ပစ္စည်းတွေဘာတွေ မိဘ မသိ အောင် မခိုးဘူး၊ လိုချင်ရင် တောင်းယူတာကတော့ သူ့ဉာဉ်ပဲ၊ ကြည့်နေ. . . သူ့အဖေ ပြန်လာရင် ဘယ်ကို ပြေးမလဲ မသိဘူး"

ဆုမြတ်စိတ်ထဲမှာတော့ သားလတ်နဲ့ ပတ်သက်၍ ကောင်းကွက်တစ်ခုမှ မကြားရချေ။ သားသမီးအားလုံးထဲမှ သားလတ်ပုံစံက တစ်ဘာသာ ဖြစ်နေပုံရသည်။

"အင်း. . . သားလတ်ကို ဘယ်လို အချိုးပြောင်းပေးရ



www.burmeseclassic.com

www.burmeseclassic.com



မယ် မသိပါဘူး၊ သူ့ကို ထိန်းသိမ်းနိုင်မယ့်သူမျိုးနဲ့ နေရာချပေး ချင်တော့တာပဲ"

ဒေါ်ခင်သက်က ခပ်ညည်းညည်းလေး ပြောပေမယ့် ဆုမြတ် စိတ်ထဲမှာတော့. . .

"ဟွန်း. . . သည်လို လူစားမျိုးကို ယူရမယ့် မိန်း ကလေး ဆိုလျှင်တော့ ဆယ်ခါပြန် အသက်တိုသွားနိုင်သည် ဟု။

...ဇွဇ္ဇဇ...





အခန်း(၉)

"အိမ်ရှင်တို့. . . အိမ်ရှင်တို့"

အိမ်ရှေ့တံခါးဝမှ ခေါ်သံကြား၍ ဆုမြတ် အပြေးက ထွက်သွားကာ တံခါးမဖွင့်ပေးသေးဘဲ. . .

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ"

"ဘုန်းကြီးနဲ့"

ညော့သည်၏ စကားကြောင့် ဆုမြတ် မျက်လုံးလေး ပြူးသွားကာ. . .

"ဒါ ဘုန်းကြီးကျောင်း မဟုတ်ဘူးရှင့်၊ ဒါ လူနေတဲ့အိမ်

ဆုမြတ် ပြန်ဖြေပြီး အိမ်အတွင်း ပြန်လှည့်ဝင်စဉ်. . .

"ကဲ. . . ဒီမှာ မဟုတ်၊ ဒီအိမ်ကို မနေ့တစ်နေ့က ပြန် လာတဲ့ ဘုန်းကြီးဆိုတဲ့လူကို ပြောတာ"

"ဩော်. . . သားလတ်ကိုလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ခင်ဗျ"

သည်တော့မှ အဖြေရှင်းသွားပြီး အိမ်တံခါး ဖွင့်ပေးကာ ဝင်စေသည်။

"ညှော်ခန်းမှာ ခဏထိုင်ပါဦးနော်၊ ခေါ်ပေးမယ်"

"ဟာ. . . နေ နေ၊ ဒီကောင် ဘယ်မှာလဲ"

"သူ အိပ်ယာ မထသေးဘူး"

"သူ့အိပ်ခန်းထဲ သွားမယ်"

ဇွတ်တရွတ် နိုင်လှသော ညှော်သည်ကို တွန့်ဆုတ် တွန့်ဆုတ်နှင့် ဆုမြတ် ခေါ်လာစဉ် ဆံပင်ရှည် ဘုတ်သိုက်နှင့် အင်္ကျီဖရိုဖရဲဖြင့် အိပ်ယာက ထလာဟန်တူသည့် သားလတ်ကို အခန်းဝမှာ တွေ့လိုက်ရသည်နှင့် . . .

"ဟော့ကောင် ဘုန်းကြီး"

"ဟာ. . . ရနေဦး ကောင်စုတ်"

သူငယ်ချင်းနှစ်ယောက် တွေ့တာပဲ တစ်ယောက်နှင့် တစ်ယောက် တွေ့ရုံနှင့် အဝေးကြီးက လူကို အော်ပြော နှုတ် ဆက်သလို အသံကုန် အော်ဟစ် နှုတ်ဆက်လို့ နေသည်။

သားလတ်၏ ပြောဟန်ဆိုဟန်သည် အလွန်နူးညံ့ သိမ်မွေ့သော ဒေါ်ခင်သက်၏ ဓလေ့စရိုက်နှင့် တခြားစီ ဖြစ် သည်။

သို့ပေမယ့် . . .

ဒေါ်ခင်သက်၏ မျက်နှာကျပုံ၊ မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်း အကွေ့အဝိုက်၊ ဆံပင်ကောင်းခြင်း၊ အသားအရည်





အစ မျက်နှာချင်း ပြောင်းတပ်ဆင်ထားသလား ထင်ရအောင် တူလှသည်မို့ ဒေါ်ခင်သက်၏သားဟု ပြောနိုင်ခြင်း ဖြစ်ပေသည်။

ဆုမြတ်ကတော့ ကျန်ဝတ္တရားများ ရှိသေး၍ သူတို့အနီး မှ လှည့်ထွက်လာခဲ့သည်။ ဒါတောင်မှ ညှော်သည်လုပ်သူက. . .

"ဟော့ကောင်. . . သူက ဘယ်သူလဲ"

"တို့အိမ်ရဲ့ ဒရဝမ်လေ"

ကြည့်. . .။

အသံကျယ်ကြီးနှင့် ဆုမြတ် ကြားလောက်အောင် ပြော နေသံက နားစည်ထဲသို့ ဝင်လာခြင်းမို့ ထောင်းကနဲ ဒေါသဖြစ်ရ တော့သည်။ လျှောက်လက်စ ခြေလှမ်းပင် တုံ့ကနဲ ဖြစ်သွားရ တော့သည်။ လက်ဝါးနှစ်ဖက် ကျစ်ကျစ်ပါအောင် လက်သီးလေး များပင် ဆုပ်မိလျက်သား ဖြစ်သွားရသည်။

"ဟာ. . . ဟော့ကောင်၊ မင်းအသံကျယ်ကြီးနဲ့ ဟိုမှာ ကြားသွားပြီ ထင်တယ်"

ညှော်သည်က စိုးရိမ်တကြီးနှင့် အားနာစိတ် ရှိကာ သတိ ပေးနေပုံ ရသည်။

"ကြား. . ကြားကွာ ဂရုစိုက်မနေစမ်းပါနဲ့၊ မင်း ခဏ စောင့်ဦး၊ ငါ မျက်နှာသစ်ပြီး လိုက်ခဲ့မယ်"

ဆုမြတ်ရင်ထဲမှာ ဒေါသလှိုင်းများ ငြိမ်အောင် ကြိုးစား ထိန်း နေရသည်။

"သူ့အိမ်မှာ အလကား လာနေတယ်များ မှတ်နေလား သိ ဟင်း. . ."



www.burmeseclassic.com

www.burmeseclassic.com



ဆုမြတ်စိတ်ထဲမှာ သားလတ်အပေါ် အလွန်တရာ အမြင်ကတ်စိတ်များ ကပ်ငြိလို့ နေတော့သည်။

ဂ ဂ ဂ ဂ

နံနက်ခင်း နေသာချိန်များတွင် နေပူစာ လှုံရင်း ခြံထဲ ဆင်းလမ်းလျှောက်တတ်သော ဒေါ်ခင်သက်အား၊ ဖေးကူတွဲရင်း ခြံထဲမှာ အလှစိုက်ထားသော ပန်းပင်လေးများကို လိုက်ကြည့်နေစဉ်. . .

"ဒေါ်လေး မှနကောင်းတယ်နော်"

"ဟယ်. . . မောင်နေဦးပါလား၊ ဘယ်တုန်းက ပြန်ရောက်တာလဲ"

ဆုမြတ် ခုနက ညှော့သည်အသံ ကြားလိုက်သည်နှင့် မျက်နှာကို တစ်ဘက်သို့ လွှဲထားလိုက်မိသည်။ ဒါကို အလိုက်ကမ်းဆိုး မသိ၊ အနားသို့ ရောက်အောင် လျှောက်လာကြသဖြင့် ဒေါ်ခင်သက်ကို အနီးရှိ ခုံဝိုင်းလေးမှာ ပေးထိုင်လိုက်သည်နှင့် သူတို့နှစ်ယောက်ကလည်း ကျန်ခုံလွတ်နှစ်လုံးမှာ ဝင်ထိုင်ကြပြန်သည်။



ဆုမြတ်တစ်ဦးသာ မိုးတိုးမတ်တပ် ရပ်လို့နေရသည်။ ရပါသည်လေ။ ဆုမြတ်က သူတို့ထံမှာ လခစား အလုပ်သမားပဲဘာ။ သူတို့က အလုပ်ရှင်ပဲဟု စိတ်ထဲမှာ ငြူစူစိတ် မထားတော့ပေ။

ဒေါ်ခင်သက်နှင့် ညှော့သည်မှာလည်း ရင်းနှီးပုံ ရပါသည်။

"ဒါနဲ့ မင်းမိဘများကော နေကောင်းရဲ့လား"

"ကောင်းပါတယ် ဒေါ်လေး၊ ဒေါ်လေးလည်း အရင်တစ်ခေါက်နဲ့ မတူဘူး၊ လမ်းတောင် လျှောက်နိုင်ပြီနော်၊ ခုလိုမြင်ရတာ ဝမ်းသာတယ် ဒေါ်လေး"

"ဟင်း. . . ဟင်း၊ ဒီလိုဖြစ်အောင် ဒီက သမီးလေး လာဆောင့်ရှောက်လို့နော်၊ ဪ. . . မိတ်ဆက်ပေးရဦးမယ်၊ ဒါက အန်တီ့ရဲ့ အတွင်းရေးမှူးအဖြစ် လာစောင့်ရှောက်ပေးတဲ့ ဆုမြတ်မှန်တဲ့၊ သမီးရေ. . . ဒါ မေမေ့ရဲ့တူအရင်း မောင်နေဦး၊ ခုတော့ လိမ္မာ နေဦးပေါ့၊ တပ်က ခွင့်ရတိုင်း မော်လမြိုင် ပြန်လာနေကျသေး၊ သားလတ်နဲ့က အသက်သိပ်မကွာဘူး၊ ကျောင်းအတူနေတက်လေ"

ဒေါ်ခင်သက်ကတော့ သူ့အတွက် သံယောဇဉ်ရှိသူတွေ အနီးနား ရောက်လာ၍ ပျော်ရွှင်နေပုံ ရလေသည်။ ဗိုလ်မှူးနေဦးကတော့ တလေးတစား အသိအမှတ်ပြုသည့် သဘောနှင့် ခေါင်းညိမ့်ပြရင်း မိတ်ဆက်ရှာသည်။

"ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျ" ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



က မြစ်ကြီးနားကို တပ်မပြောင်းခင် မိဘများကို လာကန်တော့တာပါ၊ ဒီကောင်ကြီး ရောက်နေတယ်ဆိုလို့ ဝင်လာတာပါ"

ခုနလို မဟုတ်ဘဲ တည်ကြည်လေးနက်သည့် အမူအယာများနှင့်။

"ဒီတစ်ခါ အဝေးကြီး ပြောင်းရပါလား၊ ပရိုမိုးရှင်းရော မတက်သေးဘူးလား"

"ဟုတ်ကဲ့၊ ဟိုရောက်ပြီး လေးငါးခြောက်လ နေရင် ဗထူးမှာ သင်တန်းတက်ရဦးမယ်၊ ပြီးမှ အပွင့်တက်မှာလေ"

"တော်လိုက်တာ၊ ရာထူးတွေချည်းပဲ ယူမနေနဲ့ဦးကွဲ့၊ ဇနီးကောင်းလည်း ရဖို့ စဉ်းစားပါဦး"

"ဟဲ. . . ဟဲ. . . ဒါကတော့ ဖူးစာမှန်ရင် ရောက်လာမှာပါ ဒေါ်လေး"

"အေးပါလေ၊ အဲ့ဒီအခါကျ ဒေါ်လေးရဲ့ သားလတ်အတွက်ပါ ကူရှာပေးဦးနော်၊ ကဲ. . ကဲ၊ သွားစရာရှိ သွားကြပါ"

စကားလမ်းကြောင်းက သားလတ်ဆီ ရောက်လာပြီမို့ အပြင်ထွက်ရန် တာစူနေသော သားလတ်၏ မျက်နှာပေးကို ဒေါ်ခင်သက် အလိုက်တသိ ခွင့်ပေးလိုက်ခြင်း ဖြစ်သည်။

ဆုမြတ်ကလည်း ဒေါ်ခင်သက်အတွက် ဆေးတိုက်ရန် ဆေးနှင့်ရေကို အိမ်ထဲသို့ ဝင်ယူရန် အိမ်ဘက်သို့ လျှောက်၍လာစဉ် အိမ်အဝသို့ ရောက်ခါနီး အနောက်ဘက်မှ လေသံကြောင့် ဆုမြတ် စိတ်တွေ ကျွဲမြီးတိုရပြန်သည်။

"ဟော့ကောင် ဘုန်းကြီး၊ ဟိုမိန်းကလေးက မင်းအမေ





အတွက် အသည်းစွဲ ဖြစ်ပုံရတယ် ဒါဆို မင်းရဲ့အသည်းစွဲ ဖြစ်ဖို့ပဲ လိုတော့တယ်"

"ဟော့ကောင် နေဦး၊ ငါ့ကို ဒီလို မလုပ်ပတဲ့ ပုံစံကြီးနဲ့ စိတ်ကူးထဲ မထည့်ခိုင်းပါနဲ့"

"ဟား. . . ဟား. . . အေးပေါ့ကွာ၊ မင်းက နိုင်ငံခြားက ပြန်လာတဲ့သူဆိုတော့ ခုလို ကျက်သရေရှိတဲ့ အလှကို ဘယ်စိတ်ဝင်စားပါ့မလဲ၊ ဟဲ. . ဟဲ. . ဆုမြတ်မွန် ရုပ်ရည်က ကတော်ဖြစ်မယ့်ရုပ်ကွ"

"ဟော့ကောင်. . . အိမ်ကို လာတာ ငါ့ကို တွေ့ဖို့လား၊ လိပ်ဥတူးဖို့လား"

"မင်း လိပ်ဥမတူးချင်တာ ငါက တူးခွင့်ရရင် တူးရမယ် ဟော့ကောင်"

"တော်စမ်းပါကွာ"

"ဟား. . . ဟား"

ကြည့်စမ်း။ နှစ်ယောက်သား ဘေးဘီကို မကြည့်၊ စိတ်သွတ် ကိုယ်လွတ် ပြောနေပုံများ။ သူတို့ပါးစပ်ထဲမှာ ဆုမြတ်ကို ဆော့ချင်သလို ပြောကြတာ။

ဟွန်း. . . ဆုမြတ်ရင်ထဲမှာ ဆုမြတ်ရဲ့ကိုကိုက လွဲရင် ဘယ်သူ့ကိုမှ စာရင်းထဲ မထည့်ထားတာ။ ရှင်တို့ စာရင်းထဲ မထည့်တာကိုပဲ ကျေးဇူးတင်ရတော့မည် ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၀)

"ကလင်. . . ကလင်၊ စာပါတယ် ခင်ဗျ"

ခြံဝင်းအဝမှာ စာပို့သမားက လှမ်းအော်ပြောလိုက်သဖြင့် ဆုမြတ် အိမ်ပေါ်မှ အပြေးလေး ဆင်းသွားလိုက်သည်။ မပြေးလို့က မဖြစ်၊ အိမ်နှင့် ခြံဝက အတန်ငယ် လှမ်းလေသည်။

စာမျှော်နေရသူမို့ စာပို့သမား၏ စက်ဘီးဘဲလ်သံကို နားစွင့်နေမြဲ ဖြစ်၍ စာဆိုတာနှင့် ဝမ်းသာအားရ အပြေးလေး သွားပြီး စာပို့သမားလက်ထဲမှ စာသုံးစောင်ကို ယူပြီး ခြံဝမှ အိမ်ထဲသို့ စာအိတ်အမည်ရှင်ကို ဖတ်ကြည့်လိုက်ရာ. . .

"ဟယ်. . . ဖေဖေ့ရဲ့စာ၊ ဟင်. . . ဝေမာ့မှတစ်ဆင့် ပို့လိုက်သည်၊ ကိုကို့ရဲ့စာ၊ အဲ. . . ဒါက ဘုန်းဆန်းလတ်တို့ သားလတ် အမည်နဲ့ပါလား"

ဆုမြတ် စာအိတ်လေးများ ကိုင်လာကာ ဝမ်းသာအားရ





စိတ်နှင့် စိတ်လက်ကိုယ်လွတ် ကိုကို့ရဲ့စာကို နှာခေါင်းဝမှာ တေ့ပြီး နမ်းရှိုက်ပစ်လိုက်စဉ် ရင်ထဲမှာ ပီတိလှိုင်းလေးများ ဖြစ်ပေါ်၍ ကြည်နူးရိပ် တသိမ့်သိမ့်နှင့် အိမ်ထဲသို့ ခြေလှမ်းဝင်လိုက်သည်နှင့်. . .

"ဒီမှာ"

ဆိုသည့်အသံက ဟိန်းထွက်လာပြီး. . .

လူကိုတော့ မမြင်ရသေး။ ဆုမြတ် ခြေလှမ်းတို့ပင် တုံ့ကနဲ ရပ်တန့်သွားရသည်။ ဩော်. . . မြတင်းဝမှ လိုက်ကာနှင့် ကွယ်ပြီး ရပ်နေတာကိုး။

ပြီး. . သားလတ်ကပဲ စတင်၍. . .

"ဘယ်က စာလဲ"

"ကျွန်မအိမ်က စာနှစ်စောင်၊ ရှင့်ရဲ့ စာတစ်စောင်ပါတယ်၊ ရော့"

ဆုမြတ်က သားလတ်အား စာအိတ် လှမ်းပေးပြီး လှည့်ထွက်စဉ်. . .

"ဒီမယ်. . . ခင်ဗျား နောက်ကို ပိုင်ရှင်မသိဘဲ စာအိတ်ကို ခိုးမနမ်းပါနဲ့"

"ဘာ. . . ဘာရယ်"

ဆုမြတ် ဒေါသတွေ ဖြစ်သွားရပြီး သားလတ် အရင့်မြင့်မြင့်ကြီးနားသို့ ကပ်သွားကာ အော်လိုက်မိခြင်း ဖြစ်သည်။ သူကတော့ မကြားဟန်ပြုကာ စကားကို အနိုင်နှင့် ပိုင်းပြီး အိပ်ခန်းထဲသို့ ဝင်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အရာရာမှာ စကားနှင့် စီးပိုးလွှမ်းသူကို ကလဲ့စားချေနိုင်ဖို့ စိတ်ရိုင်းလေးများက တစိမ့်စိမ့် တိုးဝင်လာစေတော့သည်။

"ဟင်း. . . သိကြသေးတာပေါ့၊ သူ့ရဲ့စာကိုများ ရာရာစစ ငါက နမ်းပွါမလား၊ ကိုယ့်ချစ်သူရဲ့စာမှ နမ်းတာကိုများ. . . ဟင်း"

နောက်ဆုံးတော့. . .

စာနှစ်စောင် ဖတ်ရန် ရှိသေးသည်မို့ စိတ်လျှော့၍ အိမ်ပေါ် တက်လာခဲ့ရတော့သည်။ ဖေဖေ့စာကိုရော၊ ကိုကို့စာကိုပါ ဖောက်လိုက်ပြီး ဘယ်စာကို အရင်ဖတ်ရမည်မသိ၊ ဝေခွဲရခက်လို့နေပြီ။

မိဘကို ဦးစားပေးချင်စိတ်ကလေးက နဂိုရှိရင်းစွဲမို့ ဖခင်ဖြစ်သူ၏စာကိုပဲ အရင်ဆုံး ဖတ်လိုက်တော့သည်။

**သမီးလေး ဆုမြတ်...**

**ဖေဖေ စာရေးလိုက်ပါတယ်။ သမီးလည်း ကျန်းမာရွှင်လန်းပါစေ။ ဖေဖေလည်း ကျန်းမာပါတယ်။ သမီးပို့တဲ့ငွေလည်း ရောက်ပါတယ်။ ဖေဖေ သုံးဖို့ သိပ်မလိုပါ။ ဖေဖေ့လစာနဲ့ စာမူခတွေနဲ့ အဆင်ပြေပါတယ်။ သမီးရဲ့အစ်ကိုမလေးရှား သွားတာလည်း အဆင်ပြေတယ်လို့ ဖုန်းလာပါတယ်။**

**သမီးဒေါ်လေး စုကိပို့ထားတဲ့ငွေကို အရင်ဆုံး ပြန်ဆပ်နေရလို့ ဖေဖေ့ဆီ မပို့သေးပါ။ သမီးနဲ့ သားတို့ရဲ့ အခ**





**အခြေတကျ နေနိုင်ဖို့ပဲ။ ဒါမှ ဖေဖေ စိတ်အေးရမှာလေ။ ခုလည်း သမီး မော်လမြိုင်မှာ ဆက်ပြီး တစ်နှစ် ထပ်အလုပ်လုပ်ဖို့ စာချုပ်တာတော့ ဟုတ်ပါရဲ့။ ဖေဖေလည်း သမီးကို တွေ့ချင်သေးတယ်။**

**နိုပြီး...သမီး ပေးထားတဲ့ စာမူငါးအုပ်ထဲက နှစ်အုပ်ကို ထုတ်ဝေသူက သဘောကျလို့ ထုတ်ဖို့ စီစဉ်နေတာ။ နောက်သုံးလေးလဆို ထုတ်နိုင်ဖို့ စီစဉ်နေတော့ သမီးကိုလည်း သူတို့ တွေ့ချင်ကြတယ်လေ။ သမီးရဲ့အလုပ်ရှင်ကို ခွင့်တောင်းပြီး လာနိုင်ပါက လာခဲ့ပါဦးလို့။ ဖေဖေ မျှော်နေပါတယ်။**

**ချစ်သမီးရဲ့**

**ဖေဖေ**

ဆုမြတ် ဖေဖေ့ရဲ့စာ ဖတ်ပြီး. . .

ဟင်း. . . ဖေဖေလည်း မေမေ ဒေါ်ခင်သက်လိုပင် သားနဲ့သမီးက အဝေးမှာမို့ ဘယ်လောက်များ လွမ်းနေပါလိမ့်၊

အင်းလေ. . . ဘေးမှာတော့ ပြုစုဖေးမသူ ရှိနေတာပဲ၊ ဘော်ပါသေးရဲ့၊ တီဗီလေး ဝယ်ထားနိုင်လို့ နို့မို့ မဂ္ဂဇင်းတိုက်မှာ ညည်း အချိန်ကုန်ပြီး အပန်းဖြေစရာ မရှိနိုင်ဘူး။

နောက်ပြီး ဆုမြတ်၏ ဝတ္ထုစာမူလေးများ ပုံနှိပ်ဖော်ပြခံ ရသည်ဆို၍ ပို၍ပျော်သွားရပြန်သည်။

ဒါပါပဲလေ. . .။

ဆုမြတ် အားလပ်ချိန်တိုင်း အချိန်ကုန်မခံဘဲ စာချည်း



www.burmeseclassic.com

www.burmeseclassic.com



လှိုင်းဂယက်တို့ ပြတ်တောက်သွားရသည်။

'ယခု ထွက်မည့်ကား' ဟု ရေးသားထားရာ မော်တော်ယာဉ်ပေါ်သို့ ဆုမြတ် တက်ရောက်ကာ ခုံနံပါတ် ရှာ၍ ထိုင်လိုက်တော့သည်။

***

တရိပ်ရိပ် အရှိန်နှင့် ပြေးလာသောကားသည် မုတ္တမဘက်ကမ်းမှ မော်လမြိုင်မြို့သို့ ကူးယှက်ထားသော တံတားပေါ်သို့ ဖြတ်သန်းလို့နေပြီ။

မော်လမြိုင် ရောက်လျှင် မည်သူကမျှ လာကြိုနိုင်ခြင်း မရှိကြောင်း အလုပ်စခန်းကတည်းက ပြောထားသည့်အတွက် မြစ်ပြင်ကျယ် တစ်ဖက်မှ မော်လမြိုင်မြို့သို့ မှန်းဆကြည့်ရင်း မြစ်လယ်မှာ ကူးလူး ပျံသန်းနေသော ငှက်စင်ယော်လေးများကို တွေ့လိုက်ရသဖြင့်. . .

ဆုမြတ်၏ ချစ်သူကိုကို မကြာခဏ ဆိုပြသော. . .





". . . မြစ်ယံသဲနုကမ်းစပ်၊ ချစ်သံတေးမြကြည်ကြည်၊ ငှက်ကလေး ငွေစင်ယော် ပျံကာမြူးကာသီ၊ သူ့ကို ခေါ်ပါဘဲနဲ့ ခွန်းချို နှုတ်ဆက်ဖော်ရွှေသည်. . . မောင်လည်း ဖော်မစုံ တစ်ကိုယ်ရည်ထဲ တူညီ. . ."

သီချင်းသံလေး ပြန်ကြားယောင်ရင်း ဆုမြတ် ရင်ထဲမှာ ချစ်သူအပေါ် တမ်းတမ်းတတ ဖြစ်သွားရပြန်သည်။

ခုလို အလုပ်ဝင်လုပ်တာကို ချစ်သူသာ ရှိပါက လုံးဝ သဘောကျမည် မဟုတ်ပေ။

ဆုမြတ် ချစ်သူမှာ ပြည်ပသင်္ဘောမှာ တာဝန်ထမ်းခွင့် ရရန် ရှိစုမဲ့စု ရှာဖွေ စုဆောင်းပြီး သွားရသူမို့ သုံးနှစ်သုံးမိုး ပြန်လာရန် လမ်းမမြင်သေးပါ။

တကယ့် တကယ်တမ်းမှာ ဆုမြတ်ဘဝမှာ မေမေ မရှိတတည်းက အထီးကျန်ဆန်လွန်းလှပါသည်။ သည်ခရီးမှာလည်း တစ်ယောက်တည်း ငေါ်စင်းစင်း တိတ်ဆိတ်စွာ လာရသည်ကို ပဲ ကြည့်ပါဦး။

ကားပေါ်မှ ဆင်းကြပြီဆိုတာနှင့် ဖြူစင် ရှင်းလဲ့သော သားဝင်းနက်နက်နှင့် ဖူးဖူးပြည့်ပြည့် မျက်နှာပိုင်ရှင် ဆုမြတ်အား မြင်သူတိုင်းက ချစ်ခင်စဖွယ် ကြည့်ကြသည်။

တောင့်တင်း သွယ်လျသော ကိုယ်ဟန်လေးမှာ စမတ်ကျကျ လမ်းလျှောက်တတ်ခြင်းကြောင့် ပတ်ဝန်းကျင်မှ လူများ ဝိုင်းဝန်း ငေးကြည့်နေသော အကြည့်များကို လွှဲရှောင်ရင်း. . .

အငှားကားတစ်စီး ငှားစီးရန် ဆုံးဖြတ်လိုက်ပြီး အနီးဆုံး



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရွေးနှမ်းသည့် ကြိုးစားမှု ရလာဒ်ပါပဲ။ ခုတောင် မော်လမြိုင်အိမ်ကို ရောက်မှ ဝတ္ထုသုံးအုပ် ရေးဖြစ်ခဲ့တာကိုပဲ ကြည့်။

ဒါဆို ထုတ်ဝေသူနှင့် တွေ့ရန်အတွက် ရန်ကုန်သို့ ဆင်းရပေဦးမည်။ ဒီကိစ္စအားလုံးရဲ့ ကျေးဇူးရှင်က ဖေဖေပါပဲ။ သူ့ရုံးက မွေးသည့်သမီးကို စာရေးဆရာမဘဝ ရောက်အောင် ထမ်းပိုးပေးခဲ့ပေသည်။

တွေးရင်းတွေးရင်း ဖေဖေ့အပေါ် ကျေးဇူးအနန္တတွေ တင်မိလေတော့သည်။ ဆုမြတ်-မျက်ဝန်းအိမ်မှာလည်း မျက်ရည်ဥတို့ ခိုလို့နေတော့သည်။

နောက်တစ်စောင်. . . ကိုကိုရဲ့စာ။

သည်းလေး...

ကိုကို ဒီစာကို အာဖရိက ရောက်တုန်း ရေးလိုက်တာပါ။ သည်းလေးလည်း ကျန်းမာရေး ဂရုစိုက်ပါ။ စားချင်ရာ လျှောက်စား သွားချင်ရာ လျှောက်သွားမနေနဲ့ဦး။

ကျောင်းပြီးတာ နှစ်နှစ်နီးပါး ရှိနေပြီ။ သည်းလေး ဘယ်ဌာန ဘယ်ကုမ္ပဏီမှာ အလုပ်ဝင်နေတယ်လို့ မကြားရပါလား။ စာကိုလည်း ရောက်တဲ့ဆိပ်ကမ်းတိုင်း ဖတ်နိုင်ဖို့ လိပ်စာရေးပေးထားခဲ့တာ။ ကိုကို့ဆီ စာရေးတစ်လုည့် မရေးတစ်လုည့်ပါလား။ ဘာများ ဖြစ်နေတုန်းလို့ စိတ်ပူပန်နေရတယ်။



ရန်ကုန်မှာရော ရှိသေးရဲ့လား။ သည်းလေး ကိုကို့ကြောင်းစကား နားမထောင်ဘူးနဲ့ တူတယ်။ ကိုကိုတော့ သတိရတာ ရင်နင့်အမျှပါပဲ။ ဘဝရှေ့ရေး ရှိနေလို့သာ ရေခြားမြေခြား အကြာကြီး ခွဲနေရတာ။ မခွဲချင်ဘူး သည်းလေးရာ။ သဘောမှာ နှစ်ဖေ့လို့ ပြန်ချင်သူတွေ ရှိရင် ရင်ထဲမှာ ကလိကလိနဲ့ အရမ်းပြန်ချင်တာပါပဲ။

ခုလည်း စာတွေ ဝေတဲ့အခါ သူများတွေစာ ပါပြီး ကိုကို့စာ မပါလာရင် မျက်နှာငယ်ရတယ်ကွာ။ နောက်ကို သည်းလေး စာမှန်မှန်ရေးပါနော်။

လွမ်းရေးထက် ဝမ်းရေးခက်လို့သာ ဆောင်းအညီးနေရတာ။ သိပ်ကို လွမ်းရပါတယ်ကွာ။ ကဲ...ဂျူတီချိန် ရှိသေးလို့ စာရေးတာ နားလိုက်ပြီနော်။

သည်းလေးအတွက်
ထာဝရ ကိုကို...

"ဟူး"

ဆုမြတ်ရင်ထဲမှာ စာတွေ ဖတ်ပြီး အလွမ်းတွေ နင့်သိပ်နေသည်။

ဘဝကို ရည်မှန်းချက် ကြီးသော ကိုကိုတစ်ယောက် မိသားစု၏ မြိုးမြိ ပံ့ပိုးမှုဖြင့် သင်္ဘောလိုက်ခွင့် ရတာမို့ ကိုကို့မိဘ ဆောင်နှမအရေးကို ဦးစားပေးရမယ်ဆိုတာ ဆုမြတ် သင်္ဘောဆိုက်ခြင်းမို့ အတူတူ နေချင်ပါပြီဟု ပြောမထွက်ရက်ချေ။

www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ဘက်က စတင် ကမ်းလှမ်းရင်တောင်မှ ဆုမြတ် စဉ်းစားရပါဦးမည်။ ဆုမြတ် ဘဝကလည်း ကိုကိုနှင့်အတူ တစ်ဖက်တစ်လမ်းက ဝင်ငွေရှာနိုင်ဖို့ ကြိုတ်ပြီး ကြိုးစားခဲ့ရသူပါ။ ခုတော့ အောင်မြင်ဖို့ နီးလာပါပြီလေ။

သည်တစ်ခါ. . . ကိုကို ပြန်ရောက်လာခဲ့လျှင် ဆုမြတ်၏ အောင်မြင်မှုတွေကို ဖေဖေနှင့်တကွ ချစ်သူ ကိုကို့ကိုပ အထောက်အကူ ပေးနိုင်ပါမည်လေ။

စိတ်တွေက ဟိုတွေးသည်တွေး ဆိုပေမယ့် လေးလံ မနေပါ။ ရင်ထဲမှာ တသိမ့်သိမ့် ပီတိနှင့် ပေါ့ပါးလို့ နေပါသည်။

"သမီး. . . သမီးရေ"

ဒေါ်ခင်သက် လှမ်းခေါ်သံ ကြားရမှ ဆုမြတ် သတိဝင် လာရသည်။

"ဪ. . . မေမေ တစ်ရေးနိုးလာပြီလား"

နေ့လည်ဘက် တစ်ရေးအိပ်တတ်သော ဒေါ်ခင်သက် နိုးလာတာကိုပင် သတိမပြုမိအောင် မေ့လျော့သွားရသည်။

"မေမေ နိုးနေတာ ကြာပြီ၊ သမီးမျက်နှာက ပြုံးနေလို့ ဘာတွေ ထူးခြားမှု ရှိလို့လဲ"

ဒေါ်ခင်သက် အနီးသို့ သွားကာ ဆွဲကူ ထူမရင်း. . .

"သမီးဖေဖေဆီက စာနဲ့ ဟို. . . ဟို"

"ပြောပါကွယ်၊ မေမေ မေးတာ တစ်မျိုးမထင်ပါနဲ့"

"ဟို. . . ဟို၊ သမီးချစ်သူရဲ့စာကို ဖတ်ပြီး တွေးနေတာပါ"





"ထင်တော့ ထင်သား၊ သမီး ဖေဖေ စာမှာရော အကြောင်းထူး ပါရှိလား၊ နေကောင်း ကျန်းမာရဲ့လား"

"ဟုတ်ကဲ့ မေမေ၊ နေကောင်းပါတယ်၊ သမီးရဲ့ဝတ္ထု စာအုပ် ထုတ်ဝေသူက သမီးနဲ့ စာချုပ်ချုပ်ဖို့ တွေ့ချင်တယ်၊ အဲဒါ တစ်ရက်နှစ်ရက် ခွင့်တောင်းပြီး လာခဲ့ပါတဲ့"

ဆုမြတ် မဝံ့မရဲ ဒေါ်ခင်သက်အား အကဲခတ်ပြီး ပြောပြသည်။

"ဒါကို လုပ်ပေးရမှာပေါ့၊ နို့. . . နေပါဦး၊ သမီးရဲ့ချစ်သူ ...တာကရော"

"သင်္ဘောတက်သွားပါတယ်၊ နောက်နှစ်လောက်မှ ပြန်လာမှာပါ"

"အေး. . . ကောင်းပါတယ်ကွယ်၊ မေမေလည်း ရန်ကုန် ...င်းရတာ ကြာပြီဆိုတော့ သားလတ်ပါ ခေါ်ပြီး သွားကြတာ ...ညီ"

"ဟာ. . . ဖြစ်ပါ့မလား မေမေရယ်"

ဆုမြတ်က စိုးရိမ်စွာ ပြောလိုက်မိသည်။

"ဘာဖြစ်လို့လဲ သမီးရဲ့"

ဒေါ်ခင်သက်ကတော့ နားမလည်၍ မေးလိုက်ခြင်း ဖြစ်သည်။

"သူက စိတ်တအား တိုတတ်လို့ပါ၊ ဒါသကလည်း ...ပါ့ မေမေရယ်"

ဆုမြတ်စကားကြောင့် ဒေါ်ခင်သက် ပြုံးသွားပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"မပူပါနဲ့ သမီးရယ်၊ သားလတ်က ကားမောင်း အကျွမ်း
ကျင်ဆုံးမို့ ခေါ်ရတာ"

ဒေါ်ခင်သက်က သူ့သားအတွက် အာမခံ၍နေသဖြင့်
ဆုမြတ် ဘာမျှ မပြောလိုတော့ပေ။

သို့သော်. . .

ဆုမြတ် နည်းနည်းတော့ စိတ်ညစ်သွားရတာ အမှ
ပင်။ ဘယ်လိုမှ မျက်နှာချင်းဆိုင်၍ မရနိုင်သောလူနှင့် တ
ကုန် နီးပါး ခရီးအတူသွားရမှာကိုတော့ ဆုမြတ် သောက ဖြစ်
ရပါသည်။ ဒေါ်ခင်သက်ပါ ပါမည်ဆို၍ သိပ်တော့ အခက်အ
ရှိနိုင်မည် မထင်ပါ။

"ဘယ်တော့လောက် သွားနိုင်မလဲ မေမေ"

"ရှေ့တစ်ပတ်ဆို လကုန်ပြီလေ၊ လကုန်ရက် သွားဖြ
တာပေါ့"

တကယ်တမ်း ဆုမြတ် ရန်ကုန်သွားရမည်ဆိုတော့ ပ
မဆောင်နိုင်အောင် ပျော်ရွှင်သွားရပြီး ဒေါ်ခင်သက် ခန္ဓာကို
လေးကို သိုင်းကျုံး ဖက်ပစ်လိုက်ပါတော့သည်။



နံနက်ခင်း ကော်ဖီဝိုင်းမှာတော့. . .

"ဟောဗျ၊ ကျွန်တော် ပြန်လာတုန်းကတော့ နေမ
ကောင်းလို့ ရန်ကုန်မဆင်းနိုင်ပါဘူးဆို၊ အခုတော့ ရန်ကုန်
သွားချင်တယ်ဆိုတော့ ဘယ်လိုဖြစ်ရတာတုန်း"

သားလတ်အသံက ခပ်ကျယ်ကျယ် ထွက်ပေါ်လာချေ
ပြီ။

ဒေါ်ခင်သက်ကတော့ တိုးတိတ် ညင်သာစွာပင်. . .

"သည်တုံးက မေမေ လမ်းမှ ကောင်းကောင်းမလျှောက်
နိုင်သေးတာ၊ ကားမောင်းပို့ဖို့က ဆုမြတ် ဟိုင်းဝေးလမ်းကို
ကျွမ်းကျင်မှာစိုးလို့ပါ"

"ဟုတ်ပါ့ဗျာ၊ အခုက ဒရိုင်ဘာ ရောက်လာပြီကိုး"

ကော်ဖီခွက်ကို မော့သောက်ရင်း ခပ်ထေ့ထေ့ ပြောပြန်
သည်။

ဒေါ်ခင်သက်ကတော့ အပြုံးမပျက် ဆက်၍. . .

"မေမေလည်း ဆေးပြန်စစ်ချင်လို့ပါ သားရယ်"

သည်စကားလုံးကြောင့် သားလတ် စောဒက မတက်
တော့ဘဲ. . .

"ဒါဆိုလည်း အမေ့သဘောပဲ၊ အမေ့ကောင်မလေး
ဦးမှာလား"

"ပါမှာပေါ့။ အမေ့ကို သူကလွဲလို့ ဘယ်သူ ဂရုစိုက်မှာ
င်းကရော သေသေချာချာ ဂရုစိုက်လို့လား"

"ဒါကတော့ အမေကလည်းဗျာ၊ သူ့ကို လခပေး ငှား

www.burmeseclassic.com



ထားတာပဲ၊ တာဝန်ကျေအောင် လုပ်ပါစေပေါ့။ ဒါပဲနော်၊ သားတ
ရန်ကုန်ရောက်ရင် သပ်သပ် တည်းမှာနော်"

"မေမေ သိပြီးသား၊ မင်းအစ်ကိုနဲ့ မင်း ရင်မဆိုင်ချင်ဘူး မို့လား"

"ဟိုကောင်မလေးကရော"

"သူ့အိမ်မှာ သူ့မိဘနဲ့ နေပါစေဦး"

"ကျွတ်. . အဲဒါ ခက်တာပဲ၊ အမေနော်. . လူတစ်ဖ
သားကို သိပ်မယုံလွန်းနဲ့၊ ကုန်သွားမယ်"

"တော်စမ်း သားလတ်၊ အခြေအမြစ် မရှိတဲ့စကားမျိုး
မပြောပါနဲ့၊ သေသေချာချာ လေ့လာစုံစမ်းပြီးမှ မင်းအစ်ကိုကြ
က စီစဉ်ပေးတာပါ၊ အခုချိန်ထိ မေမေ စိတ်ကွက်အောင် သူ
မလုပ်ခဲ့ဘူး၊ မိကောင်းဖခင် သားသမီးပါကွယ်"

ဒေါ်ခင်သက် တစ်ယောက် ဆုမြတ်အပေါ် သည်
သံယောဇဉ် ရှိနိုင်မယ် မထင်ထားခဲ့။ သားလတ်ပင် အမေ
အံ့ဩသွားရသည်။ ခုလိုဆိုလေ ပို၍ ဆုမြတ်အပေါ် မနာလိုဖြ
လေ ဖြစ်နေတော့၏။

"ကောင်းပါ့ဗျာ၊ နောက်မှ သားလတ်ရေ ကယ်ပါဦ
ကူပါဦးလို့ မပြောနဲ့နော်"

"ခွေးကောင်လေး. . . ပေါက်ကရ ပြောဆိုမနေနဲ့၊ မင်
တကယ်လုပ်ရမှာ အိမ်ထောင်ပြုဖို့ကိစ္စ၊ စဉ်းစားထား"

"တော်ပါပြီဗျာ. . . တော်ပြီ၊ အမေတို့ အနားမှာ နေ
ဒီအကြောင်းပဲ၊ ဒီအိမ်ထောင်ရေး ထောင်ထဲကိုပဲ သွင်းချင်



ကြတယ်၊ ဒါကို စိတ်မဝင်စားလို့ ဒီတိုင်း နေနေတာ လိုက်ပြီး
ဒုက္ခပေးချင်နေတယ်"

ပန်းကန်လုံးထဲမှ ကော်ဖီကို ခပ်မြန်မြန် မော့ချပြီး
သားလတ်တစ်ယောက် ထပြေးလေတော့သည်။

ဒေါ်ခင်သက်ကတော့ သားဖြစ်သူ ကျောပြင်ကို ငေး
ကြည့်ရင်း သက်ပြင်းချရတော့သည်။ ကျန်သားသမီးတွေ
တစ်အိုးတစ်အိမ်နှင့် အတည်တကျ ဖြစ်နေပေမယ့် သည်
သားလတ်တစ်ယောက် မျောက်သစ်ကိုင်းလွတ် ဖြစ်ကာ အပျော်
အပါး များလာကာ စိတ်မချ ဖြစ်နေရပါတော့သည်။

…[illegible]…

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

ဆုမြတ်တို့ ရန်ကုန်ဆင်းရန် နံနက် နေမထွက်ခ ကတည်းက အိမ်မှ ထွက်လာကြသည်။ လမ်းရောက်မှ တ နေရာမှာ နံနက်စာ ဝင်စားကြဖို့ စီစဉ်ထားသည်။

ကိုရှိလာ ဇန်ကားလေး၏ အရှေ့ဆုံး ကားမောင်း နေရာမှာ သားလတ်က ထိုင်ပြီး အနောက်ခန်းမှာ ဒေါ်ခင်သ နှင့် ဆုမြတ်က အတူထိုင်၍ လိုက်ပါခဲ့သည်။

အိမ်စောင့်အဖြစ် မအေးနှင့် ရွာမှ ဘကြီးတော်သူ ခေ ကာ အစောင့်ထားခဲ့လေသည်။

စထွက်ပြီဆိုတာနှင့် သားလတ်က ဘယ်ကားမှ ကျေ မတက်စေရ မိုင်ကုန် လီဗာတင်၍ မောင်းလေတော့သည် ကားမောင်းကြမ်းသလို ကားကို ကျွမ်းကျင် နိုင်နင်းစွာဖြင့် မော နှင်နိုင်ကြောင်း ဆုမြတ် သဘောပေါက်လိုက်သည်။





အမှန်က သူ့မိခင် ဒရိုင်ဘာအဖြစ် ခေါ်ယူထားသော ဆုမြတ်အပေါ် ပညာပြချင်တာလည်း ပါပေမည်။ သား မြို့စွမှာ ထိုး၍ ခရီးဝေး မသွားတာ ကြာပြီဖြစ်သော ဒေါ်ခင်သက် မျက်လုံး စုံမှိတ် ဘုရားစာ တတွတ်တွတ် ရွတ်ကာ လိုက်ပါလာတော့ သည်။

စိတ်မရှည်တတ်သူ သားလတ်ပုံစံကြောင့် ဗိုက်ဆာတာ ထင် မပြောရဲကြဘဲ နှစ်ဦးသား လက်တို့ကာ အသင့်ပါလာသော မုန့်နှင့် ကော်ဖီဗူးကို ဖွင့်ပြီး အဆာပြေ စားလိုက်ကြရသည်။

သားလတ်ကတော့ ဘာမှမစားဘဲ ရန်ကုန်သို့ ခရီးပြင်း နှင်၍ မောင်းချလာခဲ့သည်။

ဆုမြတ် စိတ်ထဲမှာတော့. . .

"ဒီလူနှယ်. . . ကိုယ့်အမေတစ်ယောက်လုံး ပါလာတာ ကို မေ့လျော့နေသလား မသိ၊ ရေပူရေချမ်း ကမ်းလှမ်းဖို့ နားချိန် တောင် မပေးဘဲ နောက်က ကျားလိုက်သလို ကားကို မောင်းနေ တာ၊ ဟွန်း. . . အတော်မုန်းဖို့ကောင်း"

စိတ်ထဲက ပြောနေပေမယ့် မျက်စောင်းလေး ဝင့်ကာ ကားတွင်း နောက်ကြည့်မှန်သို့ လှမ်းကာ မျက်စောင်းထိုးပြီး နှာခေါင်းရှုံ့ ကြည့်လိုက်မိတာကို သားလတ်က မြင်ဖြစ်အောင် မြင်ပြီး ကားစတီယာရင်ကို လမ်းဘေး ဆွဲချပြီး တစ်ခါ လမ်းပေါ် ပြန်ဆွဲတင်လိုက်၍ ဒေါ်ခင်သက်ရော ဆုမြတ်ပါ စကောဇာမှ ဒီဖြူသီးလုံးလေးများ လှိမ့်သလို ယိမ်းထိုးကုန်တော့သည်။

ထိုအဖြစ်ကို ကြည့်ပြီး သဘောကျစွာ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟား . . . ဟား . . . ဟား"

ကျယ်လောင်စွာ ရယ်မောလိုက်သူက သားလတ် ဖြစ်သည်။

ဒေါ်ခင်သက်မှာသာ ဘုမသိဘမသိနှင့် 'ဘုရား ဘုရား' ဟု တ,ကာ ရင်ဘတ်ပေါ် လက်လေး ဖိရင်း ကြောက်စိတ်ကို ဖြေနေရသည်။

ဆုမြတ်ကတော့ အံတင်းတင်း ကြိတ်ရင်း ကားအတွင်း မှန်မှ ကြည့်နေသော သားလတ် မြင်အောင် စေ့စေ့ကြည့်ပစ်လိုက်သည်။

သားလတ်ကလည်း မှန်ထဲမှ ပြန်၍ 'မှတ်ထားကွ၊ ဒါ ပဏာမ ပညာပေးတာ' ဆိုသည့်သဘောမျိုး အမူအယာနှင့် ဒေါ်ခင်သက် မသိအောင် ကားပေါ်မှာ ရန်မူနေကြခြင်း ဖြစ်သည်။

ရန်ကုန် နယ်နိမိတ် ဝင်ပြီဆိုတာနှင့် ဒေါ်ခင်သက်ကပင်

"သားလတ်ရေ . . . စမ်းချောင်းဘက်က ဆုမြတ်ကို အရင်ဝင်ပို့ပြီးမှ ကျောက်ကုန်းက အိမ်ကို သွားကြတာပေါ့"

"ဟင့်အင်း၊ သမီး စိတ်မချဘူး၊ မေမေ တည်းမယ့်အိမ်ကိုသာ အရင်သွားပါ၊ အဲဒီကမှ သမီး ကားငှားပြန်ပါမယ်"

"မဟုတ်တာ၊ အိမ်တိုင်ယာရောက် လိုက်ပို့ရမှာ မေမေတို့ တာဝန်လေ"

"အာ . . . အမေကလည်း၊ သူ့ဘာသူ ဘာကိစ္စရှိလဲမှ မသိတာ"





သားလတ်က ဘုဂလန့် ပြောလာသည်။

ကားလေးကလည်း မင်္ဂလာဒုံလမ်းမှ စော်ဘွားကြီးကုန်း ဝင်လာပြီမို့ . . .

"အမေ ဘယ်ကို မောင်းရမှာလဲ"

"စမ်းချောင်း ဆက်မောင်းလိုက် သားလေး၊ သမီး လိပ်စာပြောလိုက်"

ဒေါ်ခင်သက်က အားတက်သရော ဆိုတော့လည်း ဆုမြတ် မငြင်းသာတော့။

"ဗတိုလမ်းနဲ့ ရှမ်းလမ်းဘက်က ဝင်၊ သီရိလမ်း အိမ်နံပါတ်(-----)ဆို ရောက်ပြီ"

ကားစတီယာရင်ကို ကျွမ်းကျင်နိုင်နင်းသူမို့ ရန်ကုန်သို့ ထမင်းစားချိန်အမီ ရောက်လာသည်ကိုပဲ ကြည့်ပါဦး။

ဆုမြတ်တို့ အိမ်ရှေ့ ကားရပ်လိုက်စဉ် အိမ်သို့ လှမ်းကြည့်လိုက်ရာ သော့ခလောက်က ချိတ်ဆွဲထားသည်။

ဒေါ်ခင်သက်က အစိုးရိမ်ပိုကာ . . .

"ဖြစ်ပါ့မလား သမီး၊ မေမေနဲ့ ပြန်လိုက်ခဲ့မလား၊ သမီး အမေ ပြန်လာချိန်ကျမှ လာကြတာပေါ့"

စကားဆိုပေမယ့် ဆုမြတ် သားလတ်အနီးမှာ နေချင်စိတ် မရှိ၍ . . .

"ရပါတယ် မေမေ၊ အနီးက အိမ်မှာပဲ စောင့်နေလိုက်ပါ့မယ်၊ မေမေသာ ပြန်ခါနီး တစ်ရက်အလိုမှာ အကြောင်းကြားပေးပါနော်"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောပြီးပြီး ကားအနောက်ဖုံးထဲမှ အဝတ်အိတ် ယူရန် သားလတ် သော့လိုက်ဖွင့်ပေးသည်။

သို့သော်. . .

မနိုင်မနင်း အိတ်ကို ဆွဲချယူတာကိုပင် သူနှင့် ဘာမှ မဆိုင်သလို လက်ပိုက်ရပ်လို့ နေသည်။ အလွန်ပင် အထက်စီး ဆန်လိုက်သည့် လူပါလား။

စိတ်ထဲမှာ ချဉ်တင်တင်မို့ ဒေါ်ခင်သက်ကိုသာ နှုတ်ဆက်လိုက်တော့သည်။

“ပြီးရင် သွားရအောင် အမေ”

“အေး. . . အေး၊ မေမေ သွားပြီ သမီး”

နှုတ်ဆက်စကားပင် မဆုံးသေး။

“ဒူး”

ကားကို ဒူးကနဲ မောင်းထွက်သွားတော့သည်။ ဒေါ်ခင်သက်မှာ ကားထဲမှ ခေါင်းလည်ပြန် ကြည့်ရင်း ပါသွားရှာသည်။ ဆုမြတ်အပေါ် ဒေါ်ခင်သက် မခွဲချင်တာ မျက်နှာမှာ ပေါ်လွင်နေသည်။

ကားလေးကို မျက်စိတစ်ဆုံး လိုက်ကြည့်ရင်း ကျန်ရစ်ခဲ့သူက ဆုမြတ်ပင် ဖြစ်သည်။ ပြီးမှ ခေါင်းရင်းအိမ်ဘက်သို့ ခရီးဆောင်အိတ်ကို ဆွဲယူလာကာ တံခါးဝရှေ့ ရပ်ရင်း အော်ခေါ်လိုက်သည်။

“မိငယ်. . . ဟေ့. . . မိငယ်”

ခပ်ကျယ်ကျယ် ဆုမြတ် အသံမြှင့်ခေါ်လိုက်မှ ခပ်ရွယ်





ရွယ် ကလေးမလေးတစ်ဦး ထွက်လာပြီး. . .

“ဟယ်. . . မမဆုမြတ်ကြီး ပြန်လာပြီ”

ဝမ်းသာအားရ ပြေးကြိုလာသည်။ အိမ်တံခါး ခပ်မြန်မြန် ဖွင့်ပေးကာ ဆုမြတ်အိတ်ကို ဝိုင်းကူဆွဲပြီး အိမ်ထဲ သွင်းပေးရှာသည်။

မိငယ်တို့ ညှော်ခန်းသို့ ရောက်တာနှင့် ဆုမြတ် တစ်လမ်းလုံး မွန်းကျပ် တောင့်တင်းလာခဲ့သော စိတ်တို့ကို လျှော့ချလိုက်ပြီး စိတ်လွတ်ကိုယ်လွတ် ကြမ်းပြင်ပေါ် အားရပါးရ ထိုင်ချလိုက်တော့သည်။

“မမဆုမြတ် အမောပြေရင် ထမင်းစားမလား”

“အေး. . . စားမယ်ဟာ၊ ဗိုက်ထဲမှာ ဆန္ဒပြနေပြီ”

“ဒါဆို မိငယ် ထမင်းသွားခူးမယ်၊ မမဆုမြတ် အရင်ကထက် ပိုလှလာတယ် သိလား”

ကလေးစိတ် မကုန်တကုန် အရွယ်မို့ စိတ်ထဲ ရှိရာ ပြောတာ ဆိုပေမယ့် အခုမှပဲ ဆုမြတ် ကိုယ့်ကိုယ်ကို မိငယ်တို့အိမ်ရှိ ဘီဒိုမှန်ချပ်ကို လှမ်းကြည့်ပြီး ခြေဆုံးခေါင်းဆုံး ကြည့်မိတော့သည်။

အင်း. . . ယခင်ကထက် အသားအရည် ပိုဝင်းလာတာတော့ အမှန်ပင်။

နေပူစပ်ခါး သွားရခြင်း မရှိ၊ နေ့စဉ် အိမ်ထဲမှာ ဒေါ်ခင်သက် ဝတ္တရားများကို ဆောင်ရွက်ပေးရခြင်းမို့ အိမ်အပြင်သို့ ဈေးသွားချိန်ကလွဲ၍ ထွက်မှ မထွက်တာ။ နေပူမခံရသဖြင့် နဂို



www.burmeseclassic.com

www.burmeseclassic.com



ရှိရင်းစွဲ အသားက ပိုဝင်းပလာခြင်း ဖြစ်မည်။

ဟွန်း. . . ဒါနဲ့များ ငါ့ကို ဟိုဘဝမြင့်အရှုံးက ဒီရုပ်ကြီးကိုများတဲ့။

တွေးရင်းတွေးရင်း သားလတ်မျက်နှာက ပေါ်လာပြီး စကားသံပါ ပြန်ကြားနေမိပြန်သည်။ ဒေါ်သစိတ်ကလေး လှစ်ကနဲ ဖြစ်ပေါ်ချိန်မှာပင် ပိုက်ထဲက ဆာလာမှုက တဂွီဂွီ ဆန္ဒပြနေပြီ ဖြစ်သောကြောင့်. . .

"မိငယ်ရေ. . . မြန်မြန်နော်၊ ဒီမှာ သံစုံမြည်နေပြီ"

"လာပါပြီ မမဆု"

မိငယ်အသံက ထမင်းပန်းကန်ထဲမှာ ဟင်းများ စုပုံကာ ထည့်လာပြီး ရောက်လာတော့သည်။

ဆုမြတ်လည်း စတိုင်တွေ မလိုင်တွေ လုပ်မနေတော့။ အားရပါးရ ပလုတ်ပလောင်း စားပစ်လိုက်တော့သည်။





# အပိုင်း(၂)



www.burmeseclassic.com

www.burmeseclassic.com


## အခန်း(၁၂)

မိုးချုပ်စမှာ ဆုမြတ်တို့ အိမ်ရှေ့ဘက်မှ လူရိပ်တွေ့ ...တ်ရသည်။

ဖေဖေ့ပုံသဏ္ဍာန်ဆိုတာ ဆုမြတ် အလွတ်ကျက်ထားသူ ...အိမ်တံခါး ဖွင့်နေစဉ် ဆုမြတ် ခရီးဆောင်အိတ် ယူကာ မိငယ် ...တို နှုတ်ဆက်ပြီး အိမ်ဘက် ကူးလာလိုက်သည်။

ဖေဖေကတော့ သူ့အာရုံနှင့်သူ အိမ်အတွင်းတံခါးသော့ ...ဖွင့်နေစဉ် နောက်မှ တိုးတိုးလေး ကပ်ကာ. . .

"ဖေဖေ"

ဆုမြတ်ခေါ်သံကို မယုံနိုင်သလို ကြည့်ပြီး နောက်မှ ...ဝမ်းသာမှုများ ဖေဖေ့မျက်နှာပြင်မှာ ပြေးလွှား လှုပ်ရှားနေ ...ပြီး မျက်ဝန်းအိမ်မှာ အရည်လဲ့ကာ တဖျတ်ဖျတ် မျက်တောင်


www.burmeseclassic.com

www.burmeseclassic.com



ပုတ်ခတ်ရင်း. . .

"သမီး ဆုမြတ်. . . ကလေး"

သားအဖနှစ်ဦး ဝမ်းနည်းဝမ်းသာ ဖက်တွယ်ထားရင်း

"ပြန်လာမယ်ဆိုတာ ကြိုတင် အကြောင်းကြားမှပေ ကွယ်"

ဖေဖေ့အသံတို့ တုန်ခါလို့ နေသည်။ မိခင်၏ကိုယ်စား အုပ်ထိန်းခဲ့ပြီးမှ သမီးဖြစ်သူမှာ သူ နောက်အိမ်ထောင်ပြု ကြောင့် အခုလို တစ်နှစ်ကျော် ကြာအောင် ခွဲနေခဲ့ရခြင်းအပေ စိတ်မကောင်း ဖြစ်နေပုံရသည်။

ဆုမြတ်တောင် သတိရ လွမ်းတိုင်း မျက်ရည်ကျရတာ ဖေဖေ့ရင်ထဲမှာဆို ပြောဖွယ်ရာ ရှိမည်မထင်။ အနောက်နားဆီ အရိပ်တစ်ခုကြောင့် သားအဖနှစ်ဦး လူချင်း ခွာလိုက်ပြီး. . .

"ဖေဖေ အံ့ဩအောင်လို့ မပြောတာ၊ နေ့လည်ထဲက ရောက်နေတာ"

"မဂ္ဂဇင်းတိုက်ကို ဖုန်းလှမ်းဆက်ရောပေါ့။ သမီး အန် လေးက ထမင်းလာပို့တာနဲ့ အလုပ်ကို ရောက်နေတာ"

"ဖုန်းဆက်လည်း ဖေဖေက ပြန်လာလို့မှ မရတာ"

"ကဲ. . . ကဲ၊ သမီး ဗိုက်ဆာနေရောပေါ့၊ မညိုရေ. . . သမီးအတွက် ထမင်းဟင်း ပြင်ပါကွယ်၊ တို့ သားအဖတွေ လက်ဆုံမစားရတာ ကြာပြီ"

"ဟုတ်ပါပြီ ဖေဖေရာ၊ ကဲ. . . ဖေဖေကြီးက ရေချိုး သမီးက ထမင်းဟင်း နွှေးပြီး ခူးထားပါ့မယ်"





ဆုမြတ် အဝတ်အိတ်ကို နေရာချကာ မီးဖိုထဲ တန်းဝင် လိုက်သည်။ ဖေဖေတို့ ဆုမြတ် ရှိနေ၍ အနေမခက်စေရန် ဖြစ် သည်။

မီးဖိုထဲမှာ. . .

အလို. . တိုးတက်နေပါလား။ လျှပ်စစ်ထမင်းပေါင်းအိုး နဲ့ လျှပ်စစ်မီးဖိုနဲ့။ ဖေဖေလည်း တိုးတက်လာပြီ။

ထမင်းစားရင်း သားအဖနှစ်ဦး စကားတွေ ပြောမကုန် နိုင်တော့။ ဖေဖေ့ရင်ထဲမှာ တစ်နှစ်စာ ပြောစရာ စကားများ စုသိမ်းထားပုံ ရသည်။

"သမီးအစ်ကို သွားကာနီး အလုပ်ရှုပ်သလား မပြောပါနဲ့ တော့၊ သူတ ယောက်ျားလေးဆိုပေမယ့် ဆန်က အစ ပန်းကန် ခွက်အစ သယ်သွားတာ၊ ဟုတ်တော့လည်း ဟုတ်သား၊ ဟို ရောက်တော့ ဒေါ်လာကုန်စရာ မလိုတော့ဘူးတဲ့၊ ရောက်ကာစ ကစရာ အခက်အခဲ ဖြစ်တာမှာ သူကတောင် သူများတွေကို ပြာကျွေးရတယ်ဆိုပဲ၊ (၁၀)လပြည့်လို့ အကြွေးကျေရင် ဖေဖေ တို့ကို ထောက်ပံ့နိုင်ပြီတဲ့၊ ညီမလေးကိုလည်း ပြန်ခေါ်ထားပါတဲ့"

ဖေဖေကတော့ စကားများ အလျဉ်မပြတ် ထမင်းစား ရင်းလည်း ပြော၊ စားပြီးလည်း ဆက်ပြောလိုက်သည်မှာ ည ဉ့်နက်စုန်းချုပ်ပါရော။

ဆုမြတ် စကားပြောရင်း ဖေဖေ့ကို ငေးကြည့်ရင်းမှ ဖေဖေ့ဦးခေါင်းက ဆံပင်တွေ အတော်ဖြူလာတာ သတိထားမိ သည်။ စိတ်ထဲမှာလည်း မကောင်းဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးပို့တဲ့ငွေနဲ့ တီဗီဝယ်တယ်၊ နောက်တစ်ခါ အောက်စက် ဝယ်တယ်၊ ပြီး ထမင်းအိုးနဲ့မီးဖို ဝယ်တယ်၊ ဖေဖေတို့ကို ပြည့်စုံအောင် ထောက်ပံ့ပေးတာ ကျေးဇူးတင်ပါတယ် သမီးရယ်"

"မဟုတ်တာ ဖေဖေရယ်၊ ဆုမြတ်တို့ကို ပညာသင်ပေးရတာ ကုန်ခဲ့တာ အများကြီး၊ ခုမှ သမီးတို့ ပြန်ပေးဆပ်ခွင့်ရတာ နှမ်းစေ့လောက်ပါ"

"ဪ. . . သတိရလို့ သမီး ပို့တဲ့ငွေထဲက လိုအပ်တာပဲ ဝယ်တာ၊ ပိုငွေကို သမီး ဘဏ်ငွေစု စာအုပ်လေး ကျန်ခဲ့တာနဲ့ ဖေဖေ ထည့်ပေးထားတယ်"

"ဪ. . . ဖေဖေရယ်၊ သုံးပါဆို"

"မဟုတ်တာကွယ်. . . ဖေဖေတို့က ဖေဖေ့ ဝင်ငွေနဲ့ ကွက်တိ လုံလောက်တယ်၊ မညိုကလည်း အပိုမသုံးတတ်ဘူးလေ၊ သမီးတို့က လူငယ်၊ အနာဂတ်အတွက် ရှိသေးတယ်"

ဆုမြတ် ဖေဖေ ရှင်းပြတာ နားထောင်လိုက်ပြီး စိတ်ထဲမှ. . .

'အင်း. . . ဇာတ်လမ်းတွေ ပုံပြင်တွေထဲကလို မိထွေးမျိုး မဟုတ်ပါလား'

ဆိုပြီး လေးစားစိတ်လေး လက်ကန ပေါ်လာရသည်။

အင်းလေ. . . ဆုမြတ်မှာ တစ်လ တစ်သိန်းငါးသောင်း ဝင်ငွေသည် အသက်ရှူချောင်စရာ လခမို့ ဖေဖေ့ကို မခွဲချင်ပေမယ့် ဒီတစ်နှစ်တော့ ခွဲရပါဦးမည်။



မိထွေးဖြစ်သူကလည်း သားအဖနှစ်ဦး အေးအေးဆေးဆေး စကားပြောနိုင်ဖို့ စောစော အိပ်ယာဝင်ရှာသည်။

ဖေဖေ့ဘေးနားမှာ အရိပ်တစ်ခု ရှိနေ၍လည်း စိတ်ချလက်ချ ဆုမြတ်တို့ မောင်နှမ ဝင်ငွေရှာနိုင်သည် မဟုတ်ပါလား။

...ဖအဆ...

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၃)

"ကြည့်စမ်း. . . ဆုမြတ်"

ဝေမာတို့ အိမ်တံခါးဝမှာ ရပ်လိုက်ချိန် ဝေမာ မြင်သွား ပြီး ရုတ်တရက် အံ့ဩဝမ်းသာ ပြောလိုက်ခြင်း ဖြစ်သည်။

"တကယ်. . . ထင်တောင် ထင်မထားဘူး၊ ကောင်စုတ်မ ရှင့်စာတွေ ကျွန်ုပ်က ပို့ပေးရတာ၊ ကျွန်ုပ်အား တစ်ခုခု ကျွေး မည်"

"စိတ်ချပါ ချစ်သူငယ်ချင်းရယ်"

"ဟိ ဟိ"

နှစ်ဦးသား ပခုံးဖက် ခေါင်းချင်း တိုက်လိုက်ကြကာ အပျော်တို့ ကူးစက်ကုန်သည်။

"ကြည့်စမ်း. . . ရှင် သိပ်လှပစိုပြေနေတယ်၊ တကယ်"

"ဟင်း. . . ဟင်း၊ ဒါက အရိပ်ထဲမှာ စိတ်ချမ်းချမ်း



သာ အလုပ်လုပ်ရလို့ပေါ့"

ဆုမြတ် ပါးပြင်တင်းတင်းလေးကို ဆွဲလိမ်လိုက်ပြီး. . .

"ရှင့်ကို ရှင့်ကိုကိုမောင် အိမ်က မြင်တွေ့ဖူးချင်နေတာ"

"ဟိုး. . . ဟိုး. . . နေပါစေကွာ၊ ခု လာတာ မင်းကို တွေ့ချင်လို့ လာတာ၊ ရန်ကုန် မုန့်ဟင်းခါး မစားရတာ ကြာပြီ"

"ဒါဆို မြေနီကုန်းမှာ တင်တင်အေး မုန့်ဟင်းခါး သွား ရအောင်"

"အိုကေ"

သူငယ်ချင်းနှစ်ယောက် လက်ချင်း ချိတ်ကာ စကား ဖွဲ့ မကုန်နိုင်။

"ရှင့်ကိုကိုက ဖုန်းဆက်ပြီး ကျုပ်ကို အစ်တယ်၊ ရှင့်အိမ် မှာ ဖုန်းမရှိဘူး ညာရတယ်၊ နောက်တစ်ခါ ချိန်းပေးထားပါ။ ဆက်မယ် ပြောတော့ အညာက သူ့ဒေါ်လေး နေမကောင်း သွားတယ်လို့ ပြောရတယ်၊ အဲဒါဟယ်၊ ကျုပ်မှာ ပေါ်မှာ မှ ချွေးကို ပြန်ရော"

"အေးပါကွာ၊ ဒီနှစ် တစ်နှစ်ထဲပါကွာ၊ ကူညီလက်စနဲ့ ပါဦး၊ ဆုမြတ်မိသားစုရဲ့ ဘဝအခြေအနေလည်း သိရက်နဲ့

"ဒါကြောင့်ပေါ့၊ ဒီကတော့ ကူညီလိုက်ရတာ၊ ယောင်းမ တော်ရမလားလို့"

"ဟီဟီ. . . တကယ် ယောင်းမတော်ရမှာလား၊ ဒါဆို ကြည့်မယ်. . . ယောင်းမ"

www.burmeseclassic.com

www.burmeseclassic.com



"သွား. . . ယောင်းမလို့ ခေါ်ပြီး သူ့အစ်ကို နိုင်ငံခြ
ထွက်သွားတာကျတော့ မပြောဘူး၊ တိတ်တိတ်လေး သွားတ
လေ"

နှစ်ဦးသား ဘေးဘီလည်း မမြင်နိုင်အောင် စကားပ
မိုးမွှန်နေသည်။ မုန့်ဟင်းခါးဆိုင်ထဲ ထိုင်လည်း ပြောကြတ
အားမရ။

စားပွဲထိုးက ဘာသုံးဆောင်မလဲ မနည်းကို မေးယူ
သည်။ သည်တော့မှ တစ်ယောက်နှင့်တစ်ယောက် ကြည့်ရယ်
"အစ်မတို့က ကွဲနေတာ ကြာလို့ လောကကြီးကို မေ
သွားလို့ပါ၊ အဟဲ. . . အစ်မက ဗူးသီးနဲ့ ညှပ်"

"တို့က မန္တလေးကြော်နဲ့ မုန့်ဟင်းခါးဖတ်"

"ဟီ ဟီ"

စားပွဲပေါ် လာချသော မုန့်ပန်းကန် ရောက်လာပြီး ပြ
ကနဲ ကုန်ကာနီး ဝေမာက. . .

"လိုက်ပွဲ. . . ခုနကအတိုင်း"

"စားလို့ ကောင်းလိုက်တာဟာ၊ ခုမှပဲ အဝတီးရတာ

"စား. . . စား. . . ငါ့သူငယ်ချင်း မော်လမြိုင်မှာ
ဟင်းခါး ငတ်လာတယ်ဆိုတာ ယုံပါပြီ၊ ယူဦးမလား"

"အေး. . . အကြော်လွတ်တစ်ပွဲ"

စားကောင်းကောင်းနှင့် လိုက်ပွဲပန်းကန်များက ဘေး
အပုံလိုက်။ ချောချောလှလှ မိန်းကလေးနှစ်ယောက် အစားပြ
နေပုံကို အသိတစ်ယောက်ယောက် မြင်ရင် ရယ်မှာ သေ



သည်။

နှစ်ဦးသား အစာလည်း စားပြီး ရှူးရှူးရှဲရှဲ မုန့်ဟင်းခါး
တန်ခိုးကို ရေနွေးနှင့် ဖြေသိမ့်ပြီး ဗိုက်လေးလေးနှင့် ထကာ
ကျသင့်ငွေ ကောင်တာမှာ သွားရှင်းစဉ်. . .

"အစ်မတို့အတွက် ဟိုကားနဲ့ အစ်ကိုက ရှင်းပေးသွားပြီး
ပြီ"

ဆိုင်ရှင် ညွှန်ပြရာသို့ ဆုမြတ်တို့ လှမ်းကြည့်ရာ. . .

"ဟောတော့"

ဆုမြတ် မျက်လုံးများ ဝိုင်းစက်သွားကာ အံ့ဩ မှင်သက်
သွားပြီးမှ ကားကလည်း ဝူးကနဲ မောင်းထွက်လို့ သွားချေပြီ။

"သားလတ်"

ဆုမြတ် နှုတ်မှ လွှတ်ကနဲ ထွက်သွားရသည်။ ဝေမာက
တော့ နားမလည်နိုင်သလို ကြည့်ရှာသည်။

ဆုမြတ်စိတ်ထဲမှာလည်း ဒေါသလေးများ ပလုံစီ တက်
လာရသည်။ ရှက်ဒေါသပဲ ဖြစ်ပေမည်။ သည်တစ်ပွဲတော့
ခံလိုက်ပေဦး ဆုမြတ်ရေ။ ဒီလူကတော့ သူလုပ်သမျှ နာခံ
ဆိုသည့်အချိုး ချိုးသွားချေပြီ။ ရမယ်၊ ကြည့်နေ။ နောက် ဘယ်
တော့မှ မရစေရဘူး။

မုန့်ဟင်းခါးဆိုင်ထဲ ဝင်လာစဉ်က ပတ်ဝန်းကျင်ကို
သတိမထားမိဘဲ စကားအိုး မှောက်မိသည်ကိုး။ မုန့်စားပြီး အာရုံ
ရောက်မိတော့။

ဟွန်း. . . ငါတို့ အစားသောင်းကျန်းတာ ဒီလူ တွေ့

www.burmeseclassic.com

www.burmeseclassic.com



သွားတာလောက် ခံရခက်တာ မရှိ။ ဆုမြတ်ရဲ့ မာနလေးကို ကပ်သီးကပ်ဖဲ့ အနိုင်ယူတတ်တဲ့ သားလတ်အပေါ် တကွေ့ကွေ့တော့ လက်စားချေကို ချေရမည်။

ဘာမှ မသိရှာသော ဝေမာက နီမြန်းနေသော ဆုမြတ်၏ ဒေါသမျက်နှာလေးကို ကြည့်ပြီး. . .

"ဟဲ့. . . ဘယ်နယ်က လူလဲ"

"အလယ်ကလူ စကားဝဲ၏ ဆိုတာ သူပဲ"

"ဘာရယ်"

"တို့ သွားအလုပ်လုပ်တဲ့ အလုပ်ရှင်ရဲ့သားပေါ့၊ နိုင်ငံခြားက ပြန်လာတာ သုံးလေးလတော့ ရှိလောက်မယ်"

"ဟယ်. . . တကယ့် ဂျန်တဲလ်မဲန်ပဲဟာ၊ ရေရေလည်လည် သန့်တယ်၊ နှုတ်တောင် မဆက်ဘူး"

"ကျွတ်. . . ရှင်မြင်တာ ဒါပဲ၊ ဒီလူက ရုပ်နဲ့စိတ်နဲ့ မလိုက်ဘူး၊ သိပ်အူပုပ်တာ"

"မပုပ်ပါဘူးဟယ်၊ တို့တွေရဲ့ ကုန်ကျစရိတ်တောင် ရှင်းသွားပေးတာကို စိတ်ဆိုးရလား"

"အဲဒါ စီးပိုးတာ"

"မစီးပါဘူးဆို၊ သဘောကောင်းလို့ ရှင်းပေးတာ၊ ဒီလိုမှန်းသိ ငါ မုန့်တစ်ပွဲ ပိုစားပါတယ်"

"ရှင်ဟာလေ"

ဆုမြတ် စိတ်တိုနေမှန်း သိ၍ ဝေမာ လျှာတစ်လစ်ထုတ်ဖက်ကလေး ပုကာ အိုက်တင်လုပ်ပြပြီး. . .





"အေးပါကွာ၊ ကဲ. . . ကဲ၊ မုန့်စားပြီးရင် ရွှေတိဂုံဘုရားသွားဖူးရအောင်"

"ဒါတော့ တော်တော် အလိုက်သိတတ်ပါလား"

"ရှင်က ဒီတစ်ရက်ပဲ အားတာဆို"

"ဟူး"

ဝေမာ ပြောမှ ဆုမြတ် သက်ပြင်းချလိုက်ရသည်။

ဆုမြတ် မနက်ဖြန်ကစ၍ ထုတ်ဝေသူနှင့် စာအုပ်ကိစ္စ ရှိန်းထားသည်။ ပြီး. . ဒေါ်ခင်သက်ထံ ဆက်သွယ်ရမည်။ ပြန်ရတော့မည်။

"တို့အတွက် ကိုယ်ပိုင်အချိန်က ဒီတစ်ရက်ထဲ ရှိတာဘာတယ်ပါလား"

နှစ်ဦးသား ရွှေတိဂုံဘုရား သွားဖူးကာ ဂြိုဟ်တိုင်များမှာ ရေသက်စေ့ လှူရင်း ဒေါ်ခင်သက်အတွက်ပါ လှူပေးကာ မေတ္တာပို့ အမျှပေးဝေမိသည်။ ခုနက နောက်ကျိသွားသော စိတ်ကလေးတို့ ပြန်လည် ကြည်လင် ပေါ့ပါးသွားရပြန်သည်။

ဘုရားများကို နေရာနှံ့အောင် စိတ်အေးလက်အေး ဖူးပြီးမှ ဆုမြတ်တို့ သူငယ်ချင်းနှစ်ယောက် လမ်းခွဲကာ အိမ်ပြန်လာခဲ့တော့သည်။

အိမ်တံခါးဖွင့်စဉ် ခေါင်းရင်းအိမ်မှ မိငယ်လေး ထွက်လာပြီး. . .

"မမဆုမြတ်. . . မော်လမြိုင်အိမ်က ကားနဲ့ လာသွားတယ်၊ စာရေးပေးခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ ဓအး. . . ကျေးဇူးပဲ မိငယ်ရယ်"

မိငယ်လေး ကမ်းပေးသောစာကို လှမ်းယူပြီး တံခါးဖွင့်ကာ အိမ်ထဲ ဝင်လိုက်သည်။ အိမ်ပြတင်းများ အလင်းရောင်ရရန် ဖွင့်လိုက်ပြီး ကုလားထိုင်မှာ ထိုင်ကာ စာကို ဖွင့်ဖတ်လိုက်သည်။

**မဆုမြတ်...**

**မေမေက တွေ့ချင်လို့ မနက်ဖြန် မနက်(၇)နာရီ လာခေါ်မည်။ အဆင်သင့် စောင့်နေပါ။**

စာအဆုံးမှာ အမည်မပါ။ ဒါ သားလတ် ရေးခဲ့တာမှန်း သိလိုက်သည်။ လူကသာ ထွားကြိုင်းမြင့်မားသလောက် လက်ရေးက ပဲပင်ပေါက်လို သေးသေးကွေးကွေး။ မသပ်မရပ်ပေမယ့် စာလုံးကို ဖတ်လို့ရ၍ တော်တော့သည်။

မနက်က မုန့်ဟင်းခါးဆိုင်မှာ ဆုံရက်နဲ့ တစ်ခါတည်း မပြောဘဲနှင့်။ ဟွန်း. . . ခုကျမှ စာရေးထားခဲ့ရတာ ဒေါ်ခင်သက် တစ်ယောက် ဘာများ ဖြစ်လို့ပါလိမ့်။

မနက်ဖြန် စာမူကိစ္စ ချိန်းထားတာကလည်း ရှိ။ မနက်စောစော ဒေါ်ခင်သက်ထံ သွားတွေ့ပြီး မြို့ထဲ သွားလိုက်ရုံပါပဲ။

စိတ်ကို လျှော့ချလိုက်ပြီး မျက်လုံးမှိတ်ကာ ကုလားထိုင်နောက်မှီပေါ် ခေါင်းတင်၍ အနားယူလိုက်မိတော့သည်။

...[illegible]...





## အခန်း(၁၄)

မနက်(၇)နာရီ အလုပ်ရှင်မှ ကားကြိုလွှတ်မည်ဆို၍ ဖေဖေပါ ထွက်စောင့်ပေးရှာသည်။ ဆုမြတ်မှာ သားလတ်က ဘုဂလန့် ဖေဖေ့ရှေ့ လုပ်မှာကိုပဲ စိုးရိမ်နေမိသည်။

"တီ. . . တီ"

ကားဟွန်းသံ ကြားတော့ ဖေဖေကပင်. . .

"သမီးရေ. . . အိမ်ရှေ့ လာရပ်တဲ့ကားလား"

"ဟုတ်တယ် ဖေဖေ"

ကားထဲသို့ လှမ်းကြည့်စဉ် သားလတ်အပြင် အစ်ကိုကြီး၏ သားငယ်ဖြစ်သူကို အဖော်ခေါ် လာပုံရ၍ ဆုမြတ် ရင်ထဲမှ စိုးရိမ်စိတ်အလုံး ကျသွားရသည်။

ဖေဖေ ကားနားအထိ လိုက်ပို့တာ မြင်၍ သားလတ် ကားထဲမှ ထွက်လာကာ ဖေဖေ့အား နှုတ်ဆက်ရှာသည်။

"မင်္ဂလာပါ အန်ကယ်၊ ကျွန်တော်က မဆုမြတ်မွန်



www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်တဲ့ ဒေါ်ခင်သက်ရဲ့သားပါ ခင်ဗျ၊ မောင်ဘုန်းဆန်းလို့ ခေါ်ပါတယ်၊ အခုလည်း မေမေက မဆုမြတ်ကို တိုင်ပင်စရာရှိတာရော တွေ့ချင်တာမို့ ခေါ်ခိုင်းလို့ပါ၊ ပြီးတာနဲ့ ပြန်ပို့ပေးပါမယ် ခင်ဗျ"

ကျားသားမိုးကြိုး။ လူကြီးကို လူကြီးမှန်းသိသိ စကားပြောဆိုနေတာ ဆုမြတ် တွေ့ကြုံခဲ့သော သားလတ်အချိုးမျိုး မဟုတ်ပေ။

"ရပါတယ် *မောင်ရင်ရယ်၊ အလုပ်ကိစ္စ ရှိတာသာ* ဆောင်ရွက်ကြပါ၊ သွားကြ. . သွားကြ၊ ညနေ ဖေဖေ ထမင်းစားစောင့်နေမယ်နော် သမီး"

"ဟုတ်"

ဆုမြတ်ကတော့ ဖေဖေ့ ရှေ့မှာဆို ကိုယ့်ကိုယ်ကို ကလေးဟုပဲ စိတ်မှာ ခံစားထားသည်လေ။

ကားစထွက်သည်နှင့် ထုံးစံအတိုင်း သားလတ်တို့က တွေ့သမျှ ကားတိုင်းကို ကျော်တက်ချင်သူ။

ကားများက ဥဒဟို သွားလာနေ၍ သားလတ် စိတ်ရှိသလို မောင်းခွင့်မရ၊ ဟွန်းကလည်း တီးမရနှင့် ခုနက ဆုမြတ် ဖေဖေနှင့် စကားပြောစဉ်က မျက်နှာသွင်ပြင် မဟုတ်တော့ပေ။ ကားစတီယာရင်ကို တဖုံးဖုံး ထု၍ ဒေါကန်နေတော့သည်။

သူ့ကားကို ကျော်တက်လို့ကတော့ မရအရ ကျော်တက်ရန် ကြိုးစားတော့သည်။ နောက်မှ ထိုင်လိုက်သော ဆုမြတ်မှာ သူ့ ကားဘရိတ် ဆောင့်အုပ်လျှင် ရှေ့ဂျမ်းနောက်ဂျမ်း မပျံ့ရန်





ရှေ့မှ ထိုင်ခုံကို မြဲမြဲဆုပ်ကိုင်ထားနေရသည်။

ဆုမြတ် တကာယ်ကြောက်တာကို မြင်လေ သားလတ်က တမင် ခပ်ကြမ်းကြမ်း မောင်းပြလေ ဖြစ်သည်။ ဘယ်လိုဘဝကရေစက်ကြောင့် မသိ။ သားလတ်နှင့်ဆုမြတ် အဆင်မပြေနိုင်။

ကားလေး ကျောက်ကုန်းလမ်းရှိ ခြံဝင်းထဲသို့ ချိုးဝင်လိုက်သည်နှင့် ဒေါ်ခင်သက်က အိမ်ပေါက်ဝမှ ဆီးကြိုလို့ နေသည်။ ကားထဲမှ ဆင်းလာသော ဆုမြတ်ကို မြင်တာနှင့်. . .

"လာ. . . လာ. . . သမီး၊ မေမေက စိတ်ပူလို့ ထွက်စောင့်နေတာ"

"ဟုတ်တယ် မေမေ၊ သမီးလည်း ကားစီးရင်း ဂျက်လေယာဉ် စီးလာမိသလားလို့"

ဆုမြတ်က တစ်လမ်းလုံး ဒေါသကို မျိုသိပ်လာရ~ ဒေါ်ခင်သက်ကို တိုင်ပစ်လိုက်သည်။ သူ့ကို တိုင်ရပါ~ သားလတ်က ဘုကြည့် ကြည့်နေသည်။ ~ ထွက်သွား

"အဲဒါသာ ကြည့်. . . သားကြီး ကိုထွန်းရေ~

ဒေါ်ခင်သက်အနီးမှ ရပ်နေသော သားအကြီးဆုံ တိုထွန်းကို ဒေါ်ခင်သက် သက်သေထူပြနေသည်။

"ဒါကြောင့် သားလတ်ကို မေမေ အိမ်ထောင်ချပေးချင်တာ"

"အမေက တွေ့ထားလို့လား"

"တွေ့ထားတယ်လေ၊ မေမေတို့နဲ့ ခြံချင်းကပ်ရက်မှာ လာနေတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ဖြစ်ပါ့မလား"

"ကောင်မလေးဘက်က ချမ်းသာတယ်၊ ပညာလည်း တတ်တယ်"

"အဲဒါက အရေးမကြီးဘူး၊ အမေ့သား စိတ်က ပြောလို့ ရတာ မဟုတ်ဘူး၊ တော်ကြာ အမေတို့ ပေးစားတာ မပေါင်းချင် တော့ဘူးဆိုပြီး ပစ်ထားခဲ့မှ အကုန်လုံး ဒုက္ခရောက် စိတ်ညစ်ရ မယ်"

သားကြီး ပြောတာလည်း ဟုတ်နေပြန်သည်။ သည်လို နှင့် သားလတ်အတွက် ဒေါ်ခင်သက် စိတ်လျှော့ရပြန်သည်။

သားလတ် ပုံစံက ပြန်မပြော နားမထောင် တခွတ်ထိုး။ အပေါင်းအသင်း အပျော်အပါး များလှသည်။ အလုပ်ကို ဖင်မြဲမြဲ ဂ်ချင်။ အတည်တကျ ဘယ်ခါမှ မနေခဲ့။

ကလေးဟုဂ္ဂ်လမြိုင်မှာ နေနေ၊ ရန်ကုန်မှာ နေနေ၊ စင်ကာပူမှာ တားဂျာ် ရှိရာ အရပ်တိုင်းမှာ တယ်လီဖုန်း တဂွမ်ဂွမ် တွေ့သမျှ ဒါကြောင့် လက်ကိုင်ဖုန်းကို သူ့ကို ပေးမကိုင်ရဲခဲ့။ မ ပေးစားလျှင် ငြိမ်သွားမလားဟု စဉ်းစားပြန်တော့ သားကြီး ပြောသလို တွေ့ကြုံမှာ စိုးရပြန်သည်။

အခုလည်း ဆုမြတ်ကို အခေါ်လွှတ်လိုက်ရသည်။ အဆင်ပြေပြေ ဖြစ်ပါ့မလား တွေးပူရသဖြင့် အိမ်ပြင်မှာ ထွက်ကြို နေခြင်း ဖြစ်သည်။

သားလတ်ကတော့ ဆုမြတ် သူ့အပေါ် ရွဲ့ပြောတာကို ရော၊ အမေနှင့် အစ်ကိုဖြစ်သူက သူ့အား မိန်းမ ပေးစားရေး





ဆွေးနွေး ပြောဆိုမှုကိုပါ စိတ်တိုမှုများ ပေါင်းစပ်လိုက်ပြီး သုန်မှုန် တ်နှာထားနှင့် ဆုမြတ် မျက်နှာအနီး ကပ်ကာ. . .

"နောက်ကို ဒါမျိုးပြောရင် ကျုပ်မောင်းတဲ့ကား မစီးနဲ့"

ဆုမြတ်ကလည်း လုံးဝငြိမ်မခံချင်တော့။

"ဝေးသေး"

ဟု ပြောပြီး ဆုမြတ် တစ်ဘက်သို့ မျက်နှာလွှည့် စူပုပ် တိတ်တော့သည်။ သူတို့အား ကြည့်၍ ဒေါ်ခင်သက် မနေသာ သော့။

"ဟဲ့. . . သားလတ်၊ မေမေ ခိုင်းတာနော်၊ ဒီလို ဘာဖြစ် ပြောရတာလဲ"

မအေဖြစ်သူ လှမ်းဆူလိုက်ပြန်တော့ သားလတ် လက် မှ ကားသော့ကို ဆက်တီစားပွဲပေါ် ပစ်တင်ပြီး. . .

"အပြန်ကျ ကိုကြီးပဲ လိုက်ပို့လိုက်"

ရှုသိုးသိုး မျက်နှာနှင့် သူပြောချင်ရာ ပြောပြီး ထွက်သွား တော့သည်။

"အဲဒါသာ ကြည့်တော့ သမီးရယ်၊ စိတ်က လက်တဆစ် ယ်"

"ဟင်း. . . ဟင်း"

ဆုမြတ် သားလတ်ပုံစံကို ရယ်ချင်ပေမယ့် လူကြီးများကို အားနာ၍ တိုးတိုးပဲ ရယ်မိတော့သည်။

ဆုမြတ် ဒေါ်ခင်သက်အား လက်တွဲပြီး အိမ်ထဲ ခေါ်လာ တ်သည်။ ရန်ကုန်မှာ ရှိသော သားကြီး မိသားစုအပြင် သမီး



www.burmeseclassic.com

www.burmeseclassic.com



အငယ် မိသားစုတို့ပါ ရောက်နေပုံရသည်။ အားလုံးက ဆုမြတ်အား ပြုံးရွှင်စွာ ကြိုဆိုကြ၍ အနေချောင် စိတ်သက်သာရတော့သည်။

အိမ်ရှေ့ မြို့ထဲမှာ ခုနက စိတ်ဆိုးထွက်သွားသော သားလတ်. . . တူတော်မောင်နှင့် လုံးထွေးကာ ကစားနေပြန်သည်။ ချက်ချင်းပင် ပြောင်းလဲပုံက။ ခုနက သူ့ရဲ့ဒေါမနဿတွေ ဘယ်ပျောက်သွားပြန်ပါလိမ့်။

"သမီးငယ်. . . ဒါ မေမေရဲ့ဝီအေ ဆုမြတ်မွန်လေ ဆုမြတ် သမီးရေ. . . ဒါ မေမေ့ရဲ့ သမီးအငယ်ဆုံး"

ကလေးနှစ်ဦးအရွယ် ချီထားသော အမျိုးသမီးငယ်နှင့် မိတ်ဆက်ပေးရှာသည်။

"သားကြီးကိုတော့ သမီး သိပြီးသားပါနော်၊ ဟိုဘက်က သူ့ဇနီး နီနီတဲ့၊ သူတို့မှာ သမီးတစ်ယောက် သားနှစ်ယောက် ရှိတယ်လေ၊ လူစုံတုန်း မုန့်လုပ်စားတာနဲ့ အားလုံးနဲ့ တွေ့ရအောင် သမီးကို ခေါ်လိုက်တာ၊ အားကော အားရဲ့လား"

ဒေါ်ခင်သက်က ဆုမြတ်အပေါ် အလိုက်တသိ အခွင့်အရေးပေး မေးခြင်း ဖြစ်သည်။

"(၁၀)နာရီလောက်အထိ နေပေးပါ့မယ် မေမေ၊ သမီး အလုပ်ကိစ္စ ချိန်းထားတာ ရှိအောင် သွားရမှာမို့ပါ"

"ဒါဆိုလည်း မုန့်စားပြီး သားကြီး ကုမ္ပဏီ သွားတဲ့အချိန် လိုက်သွားလိုက်၊ ဟုတ်ပြီလား"

"ဟုတ်"





ဆုမြတ် ခေါင်းလေး ငြိမ့်ကာ နှုတ်ခံလိုက်သည်။

"လာ. . . လာ. . . ညီမလေး ဆုမြတ်၊ လူစုံတုန်း ဝိုင်းအားရအောင်"

ဒေါ်ခင်သက် မိသားစုမှာ ဆုမြတ်အပေါ် မိသားစု အရင်းခြာသဖွယ် သဘောထား ဝင်ဆန့်စေသည်။

"အားမနာနဲ့နော် မဆုမြတ်၊ အဝစားနော်၊ နောက်နေ့ အားရင် မငယ်တို့အိမ် လာလည်ဦး"

"ဟုတ်ကဲ့. . . ကျေးဇူးပါပဲ မငယ်"

"ထပ်ထည့်ပါဦး ဆုမြတ်ရဲ့၊ အစားနည်းလို့ မေမေ စိတ်ကောင်း ဖြစ်နေဦးမယ်"

"ကေန္တ ရှက်နေတယ် ထင်တယ်၊ မရှက်ပါနဲ့"

မနီက မရှက်ပါနဲ့ဆိုမှ ဟင်းရည် ထပ်ထည့်ဖို့ လက်ပင် လှမ်းရဲအောင် ဖြစ်နေမိသည်။ ဒါကို ဒေါ်ခင်သက်က အလိုက်သိစွာပင်. . .

"ဟဲ့. . . သမီးကို မုန့်ထည့်ပေးကြပါဦး၊ သားလတ်က ခန်းနှီးခေါက်ဆွဲ အလွန်ကြိုက်မှန်း သိလို့ သူ့အစ်မက ချက်ကျွေးတာလေ"

သည်တော့မှ သားလတ်ကို သတိရပြီး ထမင်းစားခန်းမှ အပြင်သို့ ကြည့်လိုက်သည်။ သားလတ်ကတော့ တူလေးတွေနှင့် လုံးထွေး ဆော့ကစားလို့ နေလေသည်။

...မှတ်စု...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၅)

ဆုမြတ် ပြန်ရန်ပြင်စဉ် အားလုံးက ဝိုင်းနှုတ်ဆက်ကြ သည်။ ဒေါ်ခင်သက် သားကြီးမှာ ရန်ကုန်သူနှင့် အိမ်ထောင်ကျ ပြီး စင်ကာပူရှိ မောင်နှမများ၊ အမေရိကားရှိ မောင်နှမများက ကုန်ပစ္စည်း တင်သွင်းမှုနှင့် ကုန်စည် ပြန်ပို့ဆောင်မှုတို့ကို ကုမ္ပဏီ ရုံးခန်း ဖွင့်ကာ လုပ်ဆောင်နေသူ ဖြစ်သည်။ ပြောမှုဆို အေးဆေးတည်ငြိမ်မှုက သားလတ်နှင့် ဘာမှမဆိုင်။

ဆုမြတ်ကို ကားအကြုံခေါ် ပို့ပေးရင်း ဦးကိုထွန်းကပင် စတင်၍. . .

"ကိုကြီးတို့ မေမေကို စိတ်ရှည်လက်ရှည် ပြုစုပေးတာ ကျေးဇူးတင်ပါတယ်၊ မေမေကတော့ ဆုမြတ် အလုပ်ထွက်သွား မှာကို စိုးရိမ်နေတယ်၊ သံယောဇဉ်လည်း တော်တော် ရှိနေ တယ်"

"ဟုတ်ကဲ့၊ ဆုမြတ် တစ်နှစ်တိုးပြီး နေပေးထားပါတယ်



"အေးကွာ၊ ခုလို ဘွဲ့ရ ပညာတတ် တစ်ယောက်က သူမမာအကူ လာလုပ်ရတာ မနိပ်ဘူးပေါ့။ ကိုကြီးတို့ဘက်က လည်း ဆုမြတ် မိသားစုကိစ္စ အကူအညီလိုရင် ပြောပါ၊ ကူညီနိုင် တာ ရှိရင် ကူညီပါ့မယ်"

"အို. . . ဆုမြတ်က လခကြောင့် မဟုတ်ပါဘူး၊ ဆုမြတ် အမေ့ကို ပြုစုချင်လို့ပါ"

"ဩော်. . . အေးလေ၊ ညည်းဘက်က ကြည့်တော့ အမေ၊ ငါတို့ဘက်က ကြည့်တော့ အမေအတွက်၊ အမေ စိတ်ခြာတ်ကျသွားမှာစိုးလို့ ပြောရတာပါ"

"စိတ်မပူပါနဲ့ ကိုကြီးရှင့်၊ အဆင်ပြေစရာ တစ်ခုခု ဖြစ် လာမှာပါ"

"အေးကွာ၊ အကောင်းဆုံး ဖြစ်ပါစေလို့ပဲ ဆုတောင်းရ မှာပဲ ကဲ. . . ညည်းကို ဘယ်ကို ပို့ပေးရမှာလဲ"

"(၃၃)လမ်း အထက်ဘလောက်ကိုပါ"

"ဟ. . . ငါ့ရုံးခန်းနဲ့ နီးတယ်"

ဦးကိုထွန်း ကားကို ဗိုလ်ချုပ်လမ်းမှ ပတ်ဝင်ကာ (၃၃)လမ်းထဲသို့ ချိုးကွေ့ပြီး ဆုမြတ် လက်ညှိုးထိုးပြသော အအုပ်တိုက်ရှေ့မှာ ကားရပ်ပေးလိုက်တော့သည်။

ကားပေါ်မှ ဆင်းပြီး ခါးလေးကို ကိုင်း၊ အရိုအသေ ပြုကာ ကိုထွန်းအား ဆုမြတ် နှုတ်ဆက်လိုက်သည်။

"ကျေးဇူးတင်ပါတယ် ကိုကြီး၊ ဆုမြတ်ကို ခွင့်ပြုပါဦး"

"အေး. . . အေး. . . ရပါတယ်ကွယ်၊ မကြာခင် မေမေ့

www.burmeseclassic.com

www.burmeseclassic.com



ဆီ ဖုန်းမကြာခဏ ဆက်ပေးပါ။ ညည်းအပေါ် အတော် သံယော ဇဉ် ကြီးလို့ ပြောတာပါ"

"ဟုတ်ကဲ့ စိတ်ချပါရှင့်"

"ညည်းအလုပ်အတွက်လည်း အဆင်ပြေပါစေကွယ်"

"ဟုတ်ကဲ့ပါ ကိုကြီး"

"ကဲ. . . သွားပြီ"

ဆုမြတ် ခေါင်းလေး ငြိမ့်ကာ နှုတ်ဆက်လိုက်သည်။

ဆုမြတ်ကတော့ သူ၏ဖခင် အလုပ်ရှိရာ မဂ္ဂဇင်းတိုက် အပေါ် ဆုံးထပ်သို့ လှေကားများ တစ်ထစ်ချင်း တက်လို့ လာခဲ့ တော့သည်။

ဆုမြတ်ရင်ထဲမှာ ယခု နင်းတက်ရသော လှေကားထစ် လေးများသည် ဆုမြတ်ဘဝ၏ အောင်မြင်မှုအစ လှေကားထစ် လေးများ ဖြစ်ပါစေတော့ဟု ကြိတ်၍ ဆုတောင်းနေလိုက်မိတော့ သည်။

* * *

သည်နေ့ ဆုမြတ် ပြန်ရပါတော့မည်။

ဖေဖေ မဂ္ဂဇင်းတိုက်သို့ အလုပ်မသွားသေးဘဲ အထ အပိုး ပြင်ဆင်နေသော သမီးဖြစ်သူကို ကြည့်ပြီး စိတ်မကောင်း





ဖြစ်နေပုံရသည်။

သမီးဖြစ်သူအပေါ် ဒီအဖေ လုပ်စာနှင့် ဒီလို လူဖြစ်လာ အောင်၊ ပညာတတ်အောင် ကျွေးမွေး စောင့်ရှောက်ခဲ့တာပါ။ အင်းလေ. . . ခေတ်ကာလ သားသမီးတွေက ကိုယ့်အစွမ်းအစ နဲ့ ရှာဖွေချင်ကြတာကိုး။

နောက်ဆို သူ့အစ်ကို ငွေပို့တာ အဆင်ပြေခဲ့လျှင် သမီးကို ပြန်မလွှတ်ဘူးဟု ဆုံးဖြတ်ထားကြောင်း ပြောလာသည်။

သမီးကလည်း အလုပ်တစ်ဖက်နှင့် ကြိုးစားကာ စာရေး နေတာ အောင်မြင်မှု စလာစ ပြုပြီဆိုတော့ ဖေဖေ့အတွက် ဂုဏ်ယူစရာ ဖြစ်ရသည်ဆိုပြီး ရေနွေးကြမ်း ငှဲ့သောက်လိုက်၊ သမီးကို ကြည့်ပြီး ခေါင်းတညိတ်ညိတ် လုပ်လိုက် မောင် တစ်ယောက် အတွေးနှင့် အလုပ်ရှုပ်

"တီ တီ" နှင့်အတူ. . .

အိမ်ရှေ့မှ ကားဟွန်းသံကြောင့် ခေါင်းထောင်ကြည့် လိုက်ပြီး. . .

"သမီးရေ. . . လာခေါ်ကြပြီနဲ့ တူတယ်"

"ဟုတ်ကဲ့၊ ပြီးပါပြီ ဖေဖေ"

အဝတ်အိတ်ကို ဆွဲကာ အိမ်ရှေ့ခန်းသို့ ထွက်လာပြီး ခင်ကို ကန်တော့လိုက်စဉ် ဆုမြတ် မျက်ရည်စက်တို့ ဖေဖေ့ ခြေဖဝါးအပေါ် လွင့်စဉ်ကျရသေးသည်။

ဖေဖေ့ဆုတောင်းသံကို မော့ကြည့် နာခံစဉ် ဖေဖေ့ ဆုပေးသံမှာ လှိုင်းခတ် တုန်ခါလို့ နေသည်။ အရည်လဲ့နေသော



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းအိမ်ဖြင့် ရိဝေစွာ ကြည့်ပြီး ဆုမြတ် ခေါင်းလေးကို ပုတ်လိုက်သည်။

မိဘတစ်ဦး၏ နွေးထွေးသော အကြင်နာ အားအင်တို့ ဖြည့်ပေးသကဲ့သို့ ဆုမြတ် ရင်မှာ ခံစားလိုက်ရတော့သည်။

"သွားတော့ သမီး"

ဖေဖေက ကားနားအထိ လိုက်ပို့ဟန် ပြင်စဉ် ဆုမြတ် မိထွေးဖြစ်သူ ဒေါ်ညိုကို သွားနှုတ်ဆက်လိုက်၏။

"ဖေဖေ့ကို စောင့်ရှောက်ပေးတာ ကျေးဇူးတင်ပါတယ် အန်တီ"

ဒေါ်ညိုလည်း သူတို့သားအဖအဖြစ်ကို ကြည့်ရင်း [illegible]ကောင်း ဖြစ်သော မျက်နှာရိပ်တို့ စွန်းထင်နေရှာသည်။

[illegible] ခေါင်းပြုရင်း ဆုမြတ်အလာကို ဒေါ်ခင်သက် လေးများသည်

[illegible] သားအဖနှစ်ဦး ခပ်သွက်သွက် ကားရှိရာသို့ လေးများ ဖြစ်ပါ

[illegible]သောအခါ ဒေါ်ခင်သက်မှပင်. . .

"သမီးတို့ဖေဖေ ထင်တယ်"

"ဟုတ်ပါတယ် အစ်မကြီး၊ ကျွန်တော် သက်မောင်ပါ အစ်မကြီးရဲ့ သားသမီးကဲ့သို့ စောင့်ရှောက်ပါနော်"

"စိတ်ချ စိတ်ချ၊ သမီးက လိမ္မာပြီးသားပါ"

"ဟုတ်ပါတယ်၊ ဒါပေမယ့် လူငယ်ဆိုတော့ မလိမ္မာတာ ရှိမှာစိုးလို့ပါ"

"ကိုသက်မောင်တို့က သွန်သင်ဆုံးမမှု တော်ပါတယ်၊ ခုခေတ်မှာ ဒီလို သမီးမိန်းကလေးမျိုး ရထားတာ အလွန်



ကံကောင်းပါတယ်၊ အဖိုးတန် သမီးလေးပါရှင်၊ ကျွန်မကလည်း တန်ဖိုးထားပါတယ်၊ စိတ်ချပါ"

ဒေါ်ခင်သက်၏ သမီးအပေါ် အမွှန်းတင် ဂုဏ်ပြုစကားကြောင့် ဦးသက်မောင် ရင်မှာ ပီတိဖြစ်သွားရလေသည်။ သမီးဖြစ်သူ၏ လက်ကို ဆွဲယူ ဖျစ်လိုက်ပြီး ကျေနပ်ပြုံးနှင့်. . .

"ကဲ. . . ကားပေါ်တက် သမီးလေး၊ အစ်မကြီးရဲ့စကားနဲ့တင် ဖေဖေ စိတ်ချပါပြီ၊ ကဲ. . . ကဲ. . . သွား"

ကားထဲသို့ ဆုမြတ်အား ဝင်စေသည်။ ထိုစဉ် ခေါင်းရင်းအိမ်မှ မိငယ်လေး ပြေးလာပြီး. . .

"မမဆုမြတ်. . . နောက်တစ်ခါ လာရင် ရမ်္ဘာလမြိုင်က မုန့်တစ်ခုခု ဝယ်လာနော်"

"အေး. . . အေး ဝယ်ခဲ့မယ်"

ကားထဲ ဝင်ပြီး ကားတံခါး ပိတ်ခြင်းနှင့်အတူ. . .

"ဖေဖေ. . . သမီး သွားပြီနော်၊ မိငယ် တာ့တာ"

အားလုံး လေကြောရှည်နေလျှင် စိတ်မရှည်[illegible]တ်သော သားလတ်မှ ဘုဂလန့် ပြုလျှင် အရှက်ရမည်မို့ ဆုမြတ် သံယောဇဉ် အမျှင်ဖြတ်ကာ နှုတ်ဆက် ထွက်ခွာရတော့သည်။

ကားလေး တငြိမ့်ငြိမ့် ထွက်ခွာစဉ် ဆုမြတ် နောက်သို့ သမင်လည်ပြန် ခေါင်းငုံ့ကြည့်စဉ် ဆုမြတ် လိုက်ပါသော ကားလေးကို မျက်စိတစ်ဆုံး ဖေဖေ ကြည့်၍ ကျန်ခဲ့လေတော့သည်။

...[illegible]...

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၆)

ဆုမြတ်တို့ ပြန်ရောက်လာပြီဖြစ်၍ မော်လမြိုင်အိမ်မှာလည်း ပြန်လည် အသက်ဝင်လို့ လာချေသည်။ ဆုမြတ် ပြန်လာတာ မြင်၍ မအေး ထခုန်တော့သည်။

"အမလေး. . . ဆုမြတ် ပါမလာတော့ဘူး ထင်ပြီး ဒေါ်အေး ထင်နေတာ၊ တော်ပါသေးရဲ့"

ကားထဲမှ ပစ္စည်းများ ဆွဲထုတ် သယ်ယူရင်း ပြောနေသော စကားကို သားလတ် ကြားသွားပြီး. . .

"ဘာလဲ၊ ခင်ဗျားတစ်ယောက်ထဲ အိမ်အလုပ် လုပ်ရမှာကြောက်လို့ မှတ်လား"

သားလတ် အသံဟိန်းဟိန်းနှင့် ပြောလိုက်၍ မအေး ဇက်ကလေး ပုသွားကာ ခပ်မြန်မြန် ပစ္စည်းတွေ သယ်ပိုးပြီး





နှစ်ဦးသား သားလတ် စက်ကွင်းလွတ်ရာသို့ ထွက်သွားကြတော့သည်။

ညဘက် ဒေါ်ခင်သက်အား ခါတိုင်းကဲ့သို့ ဆေးလိမ်းနှိပ်နယ်ပေးနေစဉ်. . .

"ရန်ကုန်က ပြန်ပြီး ကိုယ့်အိမ် ရောက်မှပဲ နေရထိုင်ရ အသက်ရှူချောင် စိတ်ချမ်းသာတော့တယ်"

"အံမယ်. . . မေမေကြီးကလည်း ဆုမြတ် ဆေးလိမ်းတာ နှိပ်ပေးတာ မခံရလို့ ဓာတ်လိုနေလို့ မဟုတ်လား"

"ကြည့်. . . ဒေါ်အေးတစ်ယောက်ဟာလေ၊ ဒါကြောင့် ညနေက ဒေါ်သကူမှာရန့် အအော်ခံရတာ"

"အော်ပါစေ၊ မအေးက ဟုတ်တာ ပြောတာနော် မေမေကြီး"

"မှန်ပါ့ ရွှေအေးရယ်၊ ညည်းက အကဲခတ် အလွန်ကောင်း၊ ရွှေအေး ပြောတာလည်း တကယ် သမီးရဲ့၊ ဟိုမှာ သူတို့ကလည်း မေမေ့ကို ပြုစုကြပါတယ်၊ ဒါပေမယ့် စိတ်ထဲမှာ လိုအပ်နေတယ်၊ မပြည့်စုံသလိုပဲ၊ အမှန်က သမီးဆုမြတ်ကို သတိရနေတာ၊ ခုမှပဲ စိတ်ထဲ ပြည့်စုံတယ် ထင်တော့တယ်"

"ဟွန်း. . . သိပြီလား ဆုမြတ်၊ မေမေကြီးရဲ့ အသည်းစွဲဟာ ဆုမြတ်ပါလို့၊ ဒါဆို ဆုမြတ်ကို အပြီး ခေါ်မွေးထားပါလား မေမေကြီး"

"မွေးချင်တာပေါ့အေ၊ ကျုပ်သဘောဆန္ဒ တစ်ခုတည်းသာဆို ပြီးပြီ၊ သူ့မှာ အဖေရင်းက နှမျောမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်သက်ရော မအေးပါ သူတို့ ထင်ရာမြင်ရာလေးများ ပြောကြရင်း သုံးဦးသား စကားလက်ဆုံ ပြောမကုန် ဖြစ်နေကြရသည်။

ရန်ကုန်မှ ပြန်ရောက်ခဲ့ပြီးနောက်ပိုင်း ထုတ်ဝေသူနှင့် နောက်ထပ် စာမူအုပ်ရေ ပြည့်အောင် အပ်ရတော့မည်။ အရေးအကြောင်း ရှိက ဖုန်းဆက်ဖို့ ထုတ်ဝေသူကို ခွင့်ပြုထားသည်မို့ ဖုန်းလာသံ ကြားလျှင် နားစွင့်နေရတော့သည်။

တစ်နေ့ သားလတ် ညှိခန်းမှာ ရှိချိန် ရန်ကုန်မှ ဖုန်းဝင်လာသည်။ ဆုမြတ်၏ ထုတ်ဝေသူ ဖြစ်နေသည်။ ဆုမြတ်၏ စစချင်း ထုတ်သောစာအုပ် အခြေအနေ ကောင်းကြောင်း သတင်းပင် ဖြစ်သည်။ နောက်ထပ် စာမူအတွက် ပြင်စရာ ဆင်စရာများ ဖုန်းနှင့် စကားပြောချိန် ကြာသွားရသည်။

ဖုန်းချအပြီးမှာတော့ စူပုပ်သော မျက်နှာထားဆိုးဆိုးနှင့် သားလတ်၏အော်သံက ကျယ်လောင်စွာ ထွက်ပေါ်လာတော့သည်။

"နည်းနည်းမှကို အလိုက်မသိဘူး၊ စကားကို တိုတိုတုတ်တုတ် ပြောပါလား"

"ပြောချင်တာပေါ့၊ ဟိုဘက်က အလုပ်ကိစ္စ ဆွေးနွေးနေတာ ရှင် မသိဘူးလား"

"ကျုပ် ဖုန်းစောင့်နေတာရော မသိဘူးလား"

"ပြောထားပါလား"

"ခင်ဗျားက အိမ်ရှင်လား၊ ကျုပ်က အိမ်ရှင်လား၊ မမေ





နေရာပေးလို့ ရောင့်မတက်နဲ့"

"ရှင့်အပူ မပါပါဘူး. . . ဟွန်း"

"တောက်"

ဆုမြတ် မျက်စောင်းလေး ထိုးကာ အော်ပြော ကျိန်ဆိုရင်း ပြေးထွက်ခဲ့လိုက်တော့သည်။

"ဒီလူကြီး မြန်မြန် မိန်းမရှုပ်ဆိုးဆိုးနဲ့ ရပါစေ၊ ဒီလူကြီး မြန်မြန် မိန်းမရှုပ်ဆိုးဆိုးနဲ့ ညားပါစေ"

"လာခဲ့စမ်း"

ဆုမြတ် အိမ်ပေါ် လှေကားသို့ ပြေးတက်ခဲ့ပြီး လှမ်းကြည့်ရာ မျက်နှာကြီး နီမြန်းကာ တရှူးရှူး ဒေါသထွက်ကာ သားလတ် ကျန်ရစ်ခဲ့တော့သည်။

ဆုမြတ်က ဆုံးဖြတ်ပြီးသားပါ။ သားလတ်အကျင့်က သူ့အော်တိုင်း ငုံ့ခံရင် ဖိဟောက်တတ်သူ၊ သူ့ထက် သာအောင် ပြန်ပြောလျှင်တော့ နွားသိုးကြိုးပြတ်သလို ဒေါသနှင့် စစ်ခင်း ကျန်ခဲ့သူမျိုး ဖြစ်သည်။ ဒါကြောင့် ဆုမြတ် အနိုင်ပိုင်းခဲ့ခြင်း ဖြစ်တော့သည်။

၈ ၉ ၉ ၈



www.burmeseclassic.com

www.burmeseclassic.com



"ထမင်းစားလို့ ကောင်းလိုက်တာ သမီးရယ်၊ ဒီလို အသီးအရွက်သုပ်မျိုးဆို သားလတ်က သိပ်ကြိုက်တာ၊ ဒီကောင်လေး ထမင်းစားချိန်တောင် ပြန်မလာပြန်ဘူး"

"အလုပ်ရှာ ထွက်နေတာ နေမှာပါ မေမေ"

"အင်း. . . သမီး မသိပါဘူး၊ ဒီကောင်က ခြေမှာ မှည့်လည်း ရှိ၊ ဖွေလည်း ပါတဲ့ ကောင်မျိုးကွဲ."

ဒေါ်ခင်သက် ညည်းလည်း ညည်းစရာပင်။ ပြန်ရောက်ကာစအချိန်က အမေဖြစ်သူနားမှာ ဟုတ်မလိုလိုနှင့်

ဆုမြတ် ပြုလုပ်ပေးနေကျ ဒေါ်ခင်သက် ဝေယျာဝစ္စများကို အတင်း အလုအယက် ဆောင်ရွက်တတ်သည်။ ဆုမြတ်နှင့် တုပြိုင် ပြုစုတတ်သည်။

နောက်ပိုင်း တဖြည်းဖြည်းနှင့် ဇာတိရုပ်က ပေါ်လာသည်။ လူက အိမ်ကပ်သည် မရှိ။ လူက အိမ်မှာ ရှိလျှင် ဖုန်းက အငြိမ်မနေရ။ ဆက်လာသမျှက ယောကျ်ား မိတ်ဆွေထက် မိန်းကလေးတွေက များသည်။ သူက မဆက်လျှင် ဟိုဘက်က ဆက်နှင့်။ ပြောမကုန်၊ ဆက်မကုန်တတ်။

"ထမင်းယူပါဦးလား မေမေ"

"တော်ပြီ သမီး၊ အသုတ်လေးက ခံတွင်းတွေ့လို့ စားလိုက်တာ၊ သမီးက ဟင်းချက်ကောင်းတော့ မေမေလည်း အရင်ထက် ဝလာတယ် သိလား"

ဒေါ်ခင်သက် ပြောမှ ဆုမြတ် သတိထားမိသည်၊ ဆုမြတ် ရောက်ကာစထက်စာလျှင် ဒေါ်ခင်သက် စိုစိုပြေပြေ





ရှိလာသည်။

"ဟုတ်ပါရဲ့၊ မေမေ့ကျန်းမာရေးလည်း အတော်ကောင်းလာတာပဲ"

"အဲဒါ သမီးဆုမြတ်ရဲ့အစွမ်းပေါ့၊ ဒါကြောင့် မေမေက သမီးကို ကျေးဇူးလည်း တင်၊ အားလည်း အားကိုးနေရတာ"

"သမီးကို ကျေးဇူးမတင်ပါနဲ့ မေမေရယ်၊ အခု ကားသည်း မမောင်းရတော့ လခလျှော့ပေးဖို့ ပြောချင်လို့၊ သမီးသူရတာ အားနာလို့"

"ဒါတွေက နောက်မှ ပြောကြတာပေါ့၊ အခုက သမီးကို ပိုင်ပင်ချင်စိတ်လေး ပေါ်လာလို့"

"ဟုတ်ကဲ့ ပြောပါ မေမေ"

"ဟိုလေ. . . မေမေ သားလတ်ကို အိမ်ထောင်ချပေးရင် ကောင်းမလားလို့"

"ကောင်းတာပေါ့ မေမေ"

ဆုမြတ် အစကတည်းက သားလတ်ကို ဒီလို ဖြစ်စေချင်သာမို့ အားတက်သရော ထောက်ခံလိုက်မိသည်။ ထို့စဉ်. . .

"ဘာ. . . ဘာကောင်းတာလဲ"

ထုံးစံအတိုင်း ကျယ်လောင်သောအသံနှင့် ဆုမြတ်တို့ ခင်းဝိုင်းအနီး ဘယ်အချိန်က ခြေသံလုံလုံနှင့် တိတ်တဆိတ် ကတ်ရပ် ခါးထောက်ကြည့်နေသည် မသိ။ အသံကြားမှ ဆုမြတ်ပါ တုန်လှုပ်ခါသွားရသည်။

"သားလတ်"



www.burmeseclassic.com

www.burmeseclassic.com



အမေဖြစ်သူက လှမ်းခေါ်ပေမယ့် လုံးဝလှည့်မကြည့်သေးဘဲ ဆုမြတ် မျက်နှာအနား ကပ်ကာ. . .

"လူကြီးနား နေပြီး အတို့အထောင် အပင့်အကော် မလုပ်နဲ့နော်၊ ကိုယ့်အလုပ် ကိုယ်လုပ်"

"ဟဲ့. . . သားလတ်၊ မေမေက ပြောလို့ မေးလို့ သူဖြေရတာ၊ သား ထင်သလို မဟုတ်ပါဘူးကွယ်"

"ဘာမပြောရမှာလဲ၊ ဟိုနေ့ကတည်းက သားကို မိန်းမရှုပ်ဆိုးဆိုးနဲ့ ရပါစေဆိုပြီး ကျိန်စာဆိုသွားတာ၊ မေမေ သိရဲ့လား မေမေတို့ ပြောနေတာ သား အကုန်လုံး ကြားတယ်၊ လူတဗိုက်ဆာလာရတဲ့အထဲ၊ သူကပါ အိမ်ထောင်ချပေးဖို့ကို အားရဝမ်းသာ ထောက်ခံနေတာ၊ ငါနော်. . . "

သားလတ်က တစ်ဖက်သတ်ဆန်စွာ ဖွတ်ကြီး ပြောနေသဖြင့် အံတကြိတ်ကြိတ် လက်တရွယ်ရွယ် ဖြစ်နေသူနှင့် တုဖက်ပြိုင်မပြောလိုတော့၍ နှုတ်ခမ်းဝတွင် ထွက်လာလုလု စကားလုံးတို့ကို မြိုသိပ်ရင်း မျက်ရည်များကသာ တလိမ့်လိမ့် ကျလာရတော့သည်။

ရုတ်ချည်း ထမင်းစားဝိုင်းမှ အပြင်သို့ ပြေးထွက်လာခဲ့သည်။ အိမ်ရှေ့ အပြင်ဘက် ဒေါ်ခင်သက် နေပူစာလှုံရင်း ထိုင်နေကျ ခုံလေးမှာ ထိုင်ရင်း ငိုချပွစ်လိုက်ပါတော့သည်။

ဒီအိမ်ကြီးမှ အမြန်ဆုံး ထွက်ခွာသွားချင်လောက်အောင် စိတ်ထိခိုက်စွာ ခံစားရပါတော့သည်။

"သမီး"





ဆုမြတ်ပခုံးပေါ်သို့ နူးညံ့ငြင်သာစွာ လက်တစ်ခု ထိတွေ့လာသည်။ မော့ကြည့်မိစဉ်. . .

"မေမေ တောင်းပန်ပါတယ်ကွယ်၊ သမီး စိတ်ညစ်ပြီး ထွက်သွားမှာ မေမေ စိုးရိမ်တယ်ကွယ်၊ မေမေ့ကို ပစ်မထားခဲ့ပါနဲ့ သမီးရယ်၊ သားလတ် လိမ္မာအောင် နောက်ကို စကားရမ်းရမ်း မပြောအောင် ပြောဆို ဆုံးမပါ့မယ်ကွယ်"

ဒေါ်ခင်သက်ခမျာ တုန်ယင် ဆို့နင့်စွာ ပြောလာတော့သည်။ ခုနက ထောင်းကနဲ တက်လာသည့်ဒေါသလည်း လျော့ကျရပြန်သည်။

ဆုမြတ် အမေချင်း ကိုယ်ချင်းစာစိတ် ဝင်သွားပြီး မျက်နှာကို အချိုဆုံး ပြုံး၊ မျက်ရည်သုတ်ပစ်လိုက်ကာ. . .

"စိတ်မကောင်း မဖြစ်ပါနဲ့ မေမေရယ်၊ နောက်ကို သမီးတို့ သူ့အကြောင်း မပြောကြတာဘဲ ကောင်းမယ်နော်၊ ဒါဆိုရင်လို စိတ်ဆင်းရဲစရာမျိုး မကြုံရဘူးပေါ့ မေမေ၊ အဟင်း. . . ဒီနေ့ သတင်းစာထဲမှာ သမီးရဲ့ ဝတ္ထုကြော်ငြာလေး ပါလာတယ်၊ အဲဒါ မေမေ့ကို ပြမလို့"

ဆုမြတ် ဒေါ်ခင်သက် အာရုံပြောင်းစေရန်အတွက် သတင်းစာ ဖတ်ရန် အိမ်ထဲသို့ ဝင်ခဲ့ကြတော့သည်။

...ပြီးပါပြီ...



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၇)

သမီး...

ဖေဖေ စာရေးလိုက်တယ်။ ဖေဖေလည်း နေကောင်း ပါတယ်။ ဒေါ်ခင်သက်တို့ အားလုံး နေကောင်းပါစေ ဆုတောင်းပေးပါတယ်။ သမီးရဲ့ လုံးချင်းစာအုပ်ကို အစ ပုံနှိပ်စာလုံးနဲ့ ဖော်ပြရတာ ဖေဖေ ဝမ်းသာမိပါတယ် တစ်သက်လုံး သူများရေးတာကို စာဖတ်ခဲ့ရတာ ကိုယ့်သ ရေးတဲ့စာကို ကိုယ်တိုင် ဖတ်ရတော့ လွမ်းတဲ့စိတ်ေ ပျောက်ပြီး ဖေဖေ ပျော်နေမိတယ်။ သမီးအတွက် ဖေ ဂုဏ်ယူတယ်။ မိတ်ဆက်စာအရှိ ရောက်နေလေရဲ့။ ထုတ် သူကိုပဲ သိမ်းနိုင်းထားတယ်။ ဘယ်ကို ပို့ပေးရမလဲ မေးပါတယ်။ သမီးအတွက် သမီးအစ်ကို ဖုန်းဆက်ပေ





ပြောပြလိုက်တော့ သူလည်း ဝမ်းသာရှာတယ်။ စာအုပ်ထွက် ိုင်း ပို့ပေးပါပေါ့နော်။ သူ့မိတ်ဆွေတွေကို ပြချင် ကြွားချင် တဲ့။ သမီးလည်း ဒီထက် စာတတ်အိမ်နိုင်နိုင်လေးတွေ ကြိုးစားပါဦး။

သမီးနှင့် ဒေါ်ခင်သက် မိသားစု ကျန်းမာ ချမ်းသာ ပါစေ...။

အစဉ်သတိရလျက်
ဖေဖေ

ဆုမြတ်ကသာ စာမရေးဖြစ်ခဲ့ ရှိမယ်။ ဖေဖေကတော့ လို သတိတရ စာရေးတတ်သည်။ ဆုမြတ် ရရှိလာမည့် အောင်မြင်မှုအားလုံး ဖေဖေနှင့် အစ်ကိုဖြစ်သူတို့ စည်းစည်း လုံး နေခွင့်ရဖို့ပင်။

ကျန်းမာလာပြီ ဖြစ်သော ဒေါ်ခင်သက်အပေါ် မြူစုရန် ပ်က ယခင်ကလောက် မများတော့ပေ။ သူ့ကိုယ်သူ တုတ် တက် အားကိုးကာ သွားလာနိုင်ပါပြီ။

ခန္ဓာကိုယ် မကျန်းမာမှုထက် စိတ်ပိုင်းဆိုင်ရာ အထီး ူမှု ဝေဒနာကို ခံစားရခြင်းက အကြောင်းရင်း ဖြစ်သည်မို့ ချက်ခြင်း တူညီသော ဆုမြတ်၏ စာနာ နားလည်မှုကြောင့် ခင်သက် ပြန်လည် လှုပ်ရှားသွားလာနိုင်ခြင်း ဖြစ်သည်။

ရေရှည်တော့ ဒီလို လခကြီးကို ထိုင်မယူချင်တော့။ မယ့် ဒေါ်ခင်သက်က ပြန်မလွှတ်ချင်ပေ။ ဒေါ်ခင်သက်



www.burmeseclassic.com

www.burmeseclassic.com



ခင်ပွန်း မြန်မာပြည် ပြန်လာလျှင်တော့ ဆုမြတ် ပြန်ဖို့ ဆုံးဖြ
ထားလိုက်သည်။

ဒေါ်ခင်သက်ကလည်း ဆုမြတ်ကို အများကြီး အ
ထောက်အကူ ပြုပါသည်။ ဆုမြတ် စာရေးခွင့် ရအောင် အခ
ပေးတတ်သလို၊ အပြင်သို့ စိတ်အေးလက်အေး ထွက်လည်
ရန် အကြောင်းရှာ၍ ပို့ခိုင်းတတ်ပြီး ဒေါ်ခင်သက်က အစိမ်း
ပုတီးစိတ် အကြောင်းပြုပြီး ဆုမြတ်ကို အပြင်ဗဟုသုတအတွ
ကြည့်ရှုခိုင်းခြင်း ဖြစ်သည်။

အခုချိန်မှာတော့ ကတိစာချုပ်အတိုင်း ငြိမ်နေရသည်
ဘယ်လောက် နေရတာ ကောင်းကောင်း၊ စားရတာ ကောင်း
စေ။

ကိုယ့်မိဘအိမ်က တဲစုတ်ကလေးပင် ဖြစ်ဦးတော့၊ စိတ်
လွတ်လပ်စွာ နေရသည့် ကုသိုလ်ကိုတော့ ဘာမှ မလဲနိုင်
ဆုမြတ် ကိုယ့်မိဘအရိပ် ပြန်နေချင်တာ သဘာဝ ကျပါသ
လေဟု ကိုယ့်ဘာသာ ယုံကြည်ထားပါသည်။

ဒီနေ့ကျမှ သားလတ်တစ်ယောက် အိမ်မြဲလို့ နေ
သတိပြုမည်။ သားလတ် ရှိလျှင် မျက်နှာချင်း မဆိုင်ရအော
ကွင်းရှောင်နေလိုက်သည်။

သားလတ် စတိုင်က အပြင်သွားသည်ဖြစ်စေ မသွ
သည်ဖြစ်စေ အမြဲတမ်း သစ်လွင်တောက်ပစွာ သန့်နေအော
ဝတ်စားထားတတ်သည်။

ဆုမြတ်ကတော့ သူ့အပေါ် လုံးဝအထင်မကြီးထား



၏စတိုင်နှင့် သူ့စိတ်ဓာတ်က တခြားစီပင်။ ယခုလည်း ဧည့်
ခန်းမှာ ဗီစီဒီကို အကျယ်ကြီး ဖွင့်၍ ခြေထောက်နှစ်ချောင်းကို
လားထိုင် ကျောမှီပေါ် ပစ်တင်ကာ သီချင်းညည်းရင်း သတင်း
ဖတ်နေသည်။

ဒေါ်ခင်သက်တာ အိမ်ပေါ်မှာ အနေများသူမို့ သိဟန်
တူ။ သိလည်း သူ့သားလတ် အိမ်ပြင်ကို မထွက်လျှင် တော်ပြီ
သဘောနှင့် မဟန့်တားခြင်းလည်း ဖြစ်ပေမည်။

ဆုမြတ်ကတော့ ဒေါ်အေးနှင့် မီးဖိုချောင် ဝိုင်းကူနေရ
ဖြင့် ဧည့်ခန်းက ဆူညံမှုကို အတိုင်းသား ကြားနေရသည်။

ခြံထဲသို့ ကားတစ်စီး ဝင်လာသံ ကြားရသည်မို့ ဆုမြတ်
မ်းကြည့်မိသည်။ မျက်နှာစိမ်းဧည့်သည်မို့ မီးဖိုထဲမှာပဲ နေ
ိက်မိသည်။

"မရှိဘူးခင်ဗျ၊ မှားနေပြီ"

သီချင်းသံ တိုးသွားပြီး သားလတ်အသံကို ကျယ်စွာ
ကြားလိုက်ရသည့်အခါ ဆုမြတ်တို့ နားစွင့်ရပြန်သည်။

"စာရေးဆရာမ ဆုရတနာထက် ဒီအိမ်မှာ ရှိတယ်
လို့ သူ့အဖေကိုယ်တိုင်က လိပ်စာရေးပေးလိုက်တာပါ"

တစ်ဖက်ကလည်း အတိအကျ ပြောလာသည်။ သား
တ်ကလည်း ဇွတ်အတင်း ငြင်းချက်ပေးနေသည်။

"ဒီအိမ်မှာ ဘာစာရေးဆရာမမှ မရှိဘူး၊ ခင်ဗျားကို
စ်ပတ်ရိုက်ခံလိုက်ရပြီ ထင်တယ်"

ကားနှင့် လာသူတို့ အချင်းချင်း တစ်ဦးမျက်နှာတစ်ဦး

www.burmeseclassic.com



ကြည့်ကာ ခေါင်းကုတ်နေကြသည်။

ဒေါ်အေးက အတင်းပင် ဆုမြတ် ခန္ဓာကိုယ်လေးကို တွန်းထုတ်ကာ ထွက်ခိုင်းတော့သည်။ ဆုမြတ်လည်း အားမနာ နိုင်တော့။ ဧည့်ခန်းဝမှ သားလတ်ကို ဖြတ်ကျော်တက်ကာ ဧည့် သည်ကို ထွက်တွေ့လိုက်ရတော့သည်။

သားလတ်ကတော့ သူ့ရှေ့မှာ ပိတ်၍ရပ်လိုက်သော ဆုမြတ်အား ရှုသိုးသိုးစတိုင်နှင့် ကြည့်နေတာ ဆုမြတ် ရယ်ချင် နေမိသည်။

မကျေနပ်လည်း မတတ်နိုင်ပါ။ ဆုမြတ်ကိစ္စ ဆုမြတ် ဝင်ရခြင်း ဖြစ်သည်။ ဆုမြတ် စာရေးတာလည်း သားလတ် မသိ ရှာ၍ မသိဘူး ဖြေတာ ဆုမြတ် စိတ်မဆိုးပါ။

သို့ပေမယ့် . . .

ဖေဖေက လွှတ်လိုက်တာဆို၍ ဆုမြတ်အတွက် အထူး ကိစ္စရှိ၍ ဖြစ်မည်။

"ဆုရတနာထက်က ကျွန်မပါပဲရှင်၊ ကျွန်မအဖေက ( . . . . . )စာပေတိုက်က ဦးသက်မောင်ပါ"

ဆုမြတ် ခပ်သွက်သွက်လေး ရှင်းပြလိုက်မှ အားယုံ သော ဧည့်သည်တို့ ဝမ်းသာသွားပုံရသည်။

ဆုမြတ်က ဧည့်ခန်းမှာပင် ဧည့်ခံ စကားပြောရသည်။ သားလတ်က တမင်ရွဲ့ကာ ရှောင်ထွက်မသွားဘဲ ခပ်လှမ်းလှမ်း မှာ သတင်းစာကို ဆက်ဖတ်လို့ နေသည်။ ဧည့်သည်များက လာရင်းကိစ္စကို ပြောပြသည်။



"ကျွန်တော်က ယခုလက်ရှိ ဗီဒီယို ဒါရိုက်တာ စျာန်စိတ် ပါ။ ဆရာမရဲ့ ဒုတိယမြောက်စာအုပ် အသည်းဦးရင်မှာ ဝတ္ထုကို ရိုက်ချင်လို့ပါ။ အခုလည်း မော်လမြိုင်ဘက်မှာ ရိုက်ကွင်းရှိတာနဲ့ အန်ကယ်က တစ်ခါတည်း ဝင်သွားဆိုလို့ပါ"

"ဟုတ်ကဲ့ . . ကျေးဇူးတင်ပါတယ်၊ ဒါရိုက်တာကြီးတို့ က ဘယ်လို စီစဉ်ချင်တာပါလဲ"

"ဆရာမ ဈေးပြောပါ"

"အင်း . . . ကျွန်မက ပထမဆုံးအကြိမ် ရောင်းတာ ဆိုတော့ တစ်သိန်းကျော်ကျော် ယူချင်တယ်"

"တစ်သိန်းပဲ ထားပါ ဆရာမလေးရယ်"

"ခဏနော်၊ ရန်ကုန်က ဖေဖေ့ဆီ ဖုန်းဆက်ပါရစေ"

ဆုမြတ် ကိုယ့်ဘာသာကိုယ် ဖုန်းထဆက်ပြီး ဖေဖေ့ကို သမ်းမေးရသည်။ ပြီး . . .

"ဖေဖေက အိုကေတဲ့၊ ဆရာတို့ ထုံးစံအတိုင်း စာချုပ်ပါ"

"ကျေးဇူးတင်ပါတယ် ဆရာမရယ်"

"ရပါတယ်ရှင်"

သည်လိုနှင့် ဆုမြတ်တစ်ယောက် ဧည့်သည်များနှင့် အလုပ်ရှုပ်နေစဉ် သားလတ် သူငယ်ချင်းများ ရောက်လာဟန် တူသည်။ သားလတ် အိမ်အပြင်ဘက်မှာ သွားစကားပြောနေကြ သည်။

ဒေါ်အေးက အလိုက်သိစွာ အအေးခွက်များ ယူပို့၍ ဧည့်ခံလိုက်ရသည်။ ကိစ္စအားလုံး ပြီးတာနှင့် ဧည့်သည်များက

www.burmeseclassic.com

www.burmeseclassic.com



လည်း. . .

"ကဲ. . . ဟိုမှာ ကားရိုက်ဖို့ အချိန်နီးပြီမို့ ပြန်မယ်နော် ဆရာမ"

"ဟုတ်ကဲ့ရှင်"

ဧည့်သည်များကို အိမ်ဝသို့ လိုက်ပို့စဥ် ခပ်ရွယ်ရွယ် ဧည့်သည်က သားလတ်တို့အနီး ဖြတ်လျှောက်ချိန်မှာ. . .

"စာရေးဆရာမ ဆုရတနာထက် မရှိဘူး ဆိုဖို့ စိတ်ခတ်ကျသွားတာ၊ တွေ့လိုက်ရလို့ တော်ပါသေးရဲ့"

"ဟုတ်ကဲ့၊ ဖေဖေက ကြိုမပြောထားလို့ လွဲချော်သွားတာ ခွင့်လွှတ်ပါနော်"

"ရပါတယ်ဗျာ၊ ကဲ. . . သွားပြီနော် ဆရာမ"

ဝတ္ထုစာအုပ် ဝယ်သော ဒါရိုက်တာအဖွဲ့ ထွက်သွားပြီဆိုတာနှင့် ဆုမြတ် သားလတ်နှင့် ရင်ဆိုင်ရမည်ဆိုတာ သိပြီးသားပင်။

သားလတ်တို့ အုပ်စုထဲမှ တစ်ယောက်က. . .

"ဟာ. . . ဟေ့ကောင်၊ အဲဒီစာရေးဆရာမ မင်းအိမ်မှာရှိတာ လျှို့ထားရသလား"

"ဟေ့ကောင်. . . မိတ်ဆက်ပေးကွာ၊ မင်းနဲ့ ညီမလား အစ်မလား"

ဝိုင်းကာ ပူဆာနေကြသည်။

"အလကားပါကွာ၊ အရှူးချီးပန်း စာရေးဆရာပါကွာ ငါဖြင့် တစ်ခါမှ မဖတ်ဖူးပါဘူး"





"မင်းက ဖတ်တော့ ဖတ်လို့လား ဟေ့ကောင်"

သူငယ်ချင်း တစ်ယောက်က ဝင်ထောက်လိုက်မှ သားလတ် စကားလမ်းကြောင်းလွှဲကာ. . .

"ဟေ့ကောင်တွေ. . . ရှုပ်ရှုပ်ယှက်ယှက် ငါ့အိမ်မှာ လာမလုပ်နဲ့နော်၊ ငါ့အကြောင်း သိတယ်နော်၊ ငြိမ်ငြိမ်နေကြ"

အမှန်က သူငယ်ချင်းတွေကို ပြောချင်တာထက် ဆုမြတ်ဘက်ကို စွေစောင်းကြည့်ကာ ခပ်ကျယ်ကျယ် ပြောလိုက်ခြင်း ဖြစ်သည်။

ဆုမြတ်ကတော့ နှုတ်ခမ်းလေး ဖိကိုက်ကာ ဒေါသစိတ်ကို သပ်လျှိုထားရပြန်သည်။ တစ်ကွေ့ကွေ့တော့ ပညာပေးရမည်ဟု ဆုမြတ် ရည်စူးထားလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၈)

သည်နေ့သည် တစ်ပတ်စာ ဈေးဝယ်ထွက်ရသောနေ့ဖြစ်၍ ဒေါ်အေးနှင့် ဆုမြတ် အတူသွားရသည်။

ဈေးခြင်းတောင်းနှင့် အထုပ်ကိုယ်စီ ဆွဲရင်း အိမ်သို့ပြန်လာရသည်မှာ ကားလည်း မပါသဖြင့် လိုင်းကားဖြင့် လာကာ ခြံထဲသို့ ကုန်းအမြင့်ပေါ် နှစ်ဦးလျှောက်ရသည်မှာ အထုပ်နှင့်ခြင်းက ပစ္စည်းအပြည့်မို့ လေး၊ လူက မော၊ ဗိုက်က ဆာလောင်နေမှုကို အံတုလာရသဖြင့် အိမ်ထဲ ရောက်ချင်ဇောဖြင့် နောက်ဖေးပေါက်မှ ဝင်လိုက်ကြရာ. . .

ထမင်းစား,စားပွဲမှာ နံနက်စာ ကော်ဖီသောက်ရင်း သားအမိနှစ်ဦး'စကားပြောဆိုနေသံကို ကြားရသဖြင့် ဒေါ်အေးနှင့် ဆုမြတ် အသံတိတ်ပင် မီးဖိုထဲ ဝင်လိုက်ကြသည်။ ဦးစွာ ကြားရ





သံမှာ. . .

"မေမေ့ ကောင်မလေးက တဖြည်းဖြည်း ဇာတ်ရှုပ်လာပြီနော်၊ မနေ့က ဗီဒီယိုဒါရိုက်တာဆိုပြီး ယောက်ျားသုံးယောက် လာသွားတယ်၊ ကြည့်လည်း လုပ်ပါဦး"

"ဗီဒီယိုရိုက်ဖို့ မဟုတ်လား၊ မေမေ သိပါတယ်၊ သူ့ခမျာ ကြိုးကြိုးကုတ်ကုတ်နဲ့ ကြိုးစား တက်လှမ်းရတာဆိုတော့ ကူညီအားပေးရမယ် မဟုတ်လား"

သားလတ်ကတော့ မအေဖြစ်သူစကားကို ကျေနပ်ပုံမပေါ်။

"မေမေတို့မှိုလို့ ယုံစားတယ်၊ သူ့ပုံစံလား စာရေးဆရာမဖြစ်မယ့်ရုပ်၊ နောက်ပြီး ဗိုင်စိုးပိုင်နင်း၊ သူ့အိမ် ကျနေတာပဲ၊ ဒေါ်အေးကို အပိုင်စည်းရုံးထားတာ၊ ဟိုက အဖေအားဖျော်ပြီး လာချပေးလေရဲ့"

ကြားရသော စကားလုံးများမှာ နားနှင့် ဆတ်ဆတ်မို့ ဆုမြတ် သားလတ်မှန်း ယုံလိုက်ရသည်။

စိတ်ထဲမှလည်း. . .

ဟွန်း. . . ယောက်ျားတန်မဲ့ အတင်းပြောနေပုံများ ကိုယ့်ရုပ်ရည်မှ အားမနာ။ ဒေါ်ခင်သက်သာ အနားမှာ ရှိမနေလို့ ဘတော့ ကောင်းကောင်း ရန်ဖြစ်ကြရမှာပင်။ ကိုယ်က ရှောင်သည်း စက်ကွင်းက မလွတ်။ နေနှင့်ဦးပေါ့ သားလတ်ရယ်။

နောက်ထပ် ဒေါ်ပွစရာ စကားသံ မကြားလို့၍ ဒေါ်အေးကို အချက်ပြလိုက်ရာ ဒန်အိုးဖုံး လွတ်ကျသလို အသံပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့မှ သားလတ် ကမန်းကတန်း မီးဖိုဝသို့ လာကြည့်ပြီး

"ကျုပ်က ကြောင်သတ္တဝါ မှတ်လို့ လာကြည့်တာ၊ ခု တော့ လူကြောင် ဖြစ်နေတာကိုး"

ပြောပြောဆိုဆို ထွက်သွားသူက သားလတ် ဖြစ်သည်။

ဒေါ်မနသသ အခွေလိုက်နှင့် ကျန်ရစ်သူက ဆုမြတ်ပင် မဟုတ်ပါလား။

ၐ ၐ ၐ ၐ

"တူ. . . တူ"

ဖုန်းမြည်သံ ကြား၍ ဆုမြတ် ပြေးကိုင်လိုက်ရာ. . .

"ဟုတ်ကဲ့ အမိန့်ရှိပါရှင်"

"သည်းလေး"

"ဟင်. . အယ်. . ကိုကို ဘယ်က ဆက်၊ အဲ. . . ဖုန်းနံပါတ် ဘယ်ကရ"

ရုတ်တရက် မမျှော်လင့်ထားသော ချစ်သူ၏အသံမို့ အံ့လည်း အံ့သြ၊ တုန်လှုပ်မှုလည်း ဖြစ်သွားရသည်။





"ရန်ကုန် ပြန်ရောက်နေပြီ၊ ဝေမာက ဖုန်းနံပါတ် ပေး လိုက်လို့၊ သည်းလေး အဒေါ်အိမ်မှာ နေတယ်ဆိုလို့"

ကိုကို့ဆီက အကြောင်းစုံ သိရမှ ဆုမြတ် ရင်ထဲက မွန်ပန်မှု လျော့ကျသွားရသည်။

တော်ပါသေးရဲ့၊ ဝေမာက ဝိုင်းဖုံးကွယ်ပေးထားလို့။ သူငယ်ချင်းက အားကိုးရပါပေတယ်။

"ဟုတ်တယ် ကိုကို၊ အန်တီက မကျန်းမာတော့ အဖော် မရှိဘူးလေ၊ နေပါဦး. . . ကိုကိုကရော၊ အရင်က စာထဲမှာ နောက်တစ်နှစ်ခွဲ ကြာဦးမှာဆို"

"ဟုတ်တယ်၊ ကုမ္ပဏီက တစ်စီးလုံး မြန်မာနဲ့ ဖိလစ်ပိုင်နဲ့ ထဲလို့လေ၊ လျော်ကြေးပေးပြီး ပြန်ပို့တာ"

"ဟာ. . . ဒါဆို ကိုကို ထောပဲ၊ မုန့်ဝယ်ကျွေးရမယ်"

"ဟင်း. . . ဟင်း၊ မုန့်ဝယ်ကျွေးရုံ မရဘူး၊ အချစ်မုန့်ကို အထူးစပါယ်ရှယ် ကျွေးဦးမှာ"

"ဟွန်း. . . ကိုကိုနော်"

"ကိုကို ပြန်ရောက်နေတာ သည်းလေး ပြန်မလာဘူး သား"

"အင်း. . . ခွင့်တောင်းကြည့်ရဦးမယ်"

"ဒါဆို ကိုကို အခွန်ဆောင်စရာကိစ္စ ပြီးရင် လိုက်လာခဲ့ မယ်လေ"

"ကောင်းသားပဲ၊ လာမယ်ဆို ကြိုဖုန်းဆက်နော် ကိုကို"

"ဟုတ်ပြီ၊ အဲ. . . နေပါဦး၊ ကိုကို့ကို ချစ်သေးရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ"

ပြောသာ ပြောရသည်။ အသံက တိုးလျသွားသလို နောက်ကျောမလုံတော့။ ဘေးဘီဝဲယာ ငဲ့ကြည့်ရသေးသည်။

တစ်ဖက်ကလည်း အမျှင်မပြတ်။

"သိပ်မကြားရဘူး"

"ဟာကွာ. . . ရှက်စရာကြီး၊ ဒါ သူများအိမ်လေ"

"ဆောရီး. . . ဆောရီး၊ ကိုကို မေ့သွားလို့"

"ဒါဆို ဒါပဲနော် ကိုကို"

"အိုကေ သည်းလေး"

ဖုန်းခွက်ထဲမှာ အသံလှိုင်း ပျောက်သွားတော့မှ ဆုမြတ် ဖုန်းချလိုက်မိသည်။

မျက်လုံးလေး မှိတ်ကာ ကိုကို့ရုပ်သွင်ကို မြင်ယောင် ကြည့်မိသည်။ ကိုကို့ ရုပ်သွင် ထင်ဟပ်မလာဘဲ သားလတ် မျက်နှာသာ ထင်းကနဲ ပေါ်လွင်လာသည်။

"ဘုရား. . . ဘုရား"

ဆုမြတ်ရင်ထဲမှာ တိုးတိတ်စွာ တုန်လှုပ်ခြင်းနှင့်အတူ တ,မိခြင်း ဖြစ်သည်။

ဆုမြတ် ဖေဖေ့ကို လွမ်းရစိတ်၊ မလေးရှားရောက် အစ်ကိုဖြစ်သူကို သတိရစိတ်များ ဖြစ်ပေါ်တတ်ပေမယ့် ကိုကို့ အပေါ် ဘာကြောင့်များ တရှိုက်မက်မက် ချစ်မြတ်နိုးစွာ မတမ်း တမိပါလိမ့်။

ခုလည်း. . .





ချစ်သူ့ပုံရိပ် ဖော်ဆောင်ကာ ကြည်နူးစိတ်လေး မွေး အားမည်ဟု ကြံဆောင်ပေမယ့် တကယ့်တကယ် မျက်ဝန်းရိပ်မှာ ထွဋ်ထင်ရစ်လာသူက သားလတ်ပါလား။

ဆုမြတ် စိတ်တွေ ဟိုတွေးသည်တွေးနှင့် နွမ်းလျလို့ နေချေပြီ။ မဖြစ်ဘူး၊ လုံးဝမဖြစ်နိုင်ပါ။ အတူနေ မသင့်မြတ်လို့ သိစိတ်က ဝင်လာတာပဲ ဖြစ်မှာပါဟု ဘာသာ ဖြေသိမ့်နေရ သည်။

တကယ်ဆို ဒီအိမ်က အပြီးအပိုင် ဆုမြတ် ထွက်သွား ချင်ပါပြီ။ သို့သော် တစ်နှစ်ပြည့်အောင် နေပေးပါ့မယ်ဟု ကတိ ထားကြောင့် စိတ်ကို လျှော့ချထားရသည်။ ဒေါ်ခင်သက်၏ သဘောဇဉ်ကြောင့်သာ ဆုမြတ် ရုန်းမထွက်နိုင်ရခြင်း ဖြစ်သည်။

ဒါဆိုလျှင်. . .

ဆုမြတ် အတွေးတို့ ဆက်မတွေးရဲတာလား၊

မိမိ၏ စိတ်အတွင်းပိုင်းကို. . .

စိုးထိတ်မိတာလား ဆိုတာ. . .။

…[illegible]…



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၉)

သည်နေ့ ဥပုသ်နေ့ ဖြစ်သည်။ ခါတိုင်းဆိုလျှင် ဆုမြတ်… ဥပုသ်ကျောင်းမှာ ပြီးအောင် လိုက်စောင့်ပေးရသည်။ ကြို… ဆုမြတ် တာဝန်ယူရသည်။

ဆုမြတ် စာမူ လက်စသတ်ရန် ရှိသည့်အတွက် တစ်… ခြံမှ အဖော်နှင့် ကျောင်းမှာ ထားခဲ့လိုက်သည်။

ယခင်က တစ်ဦးဦး ကူညီမှ လမ်းလျှောက်နိုင်သော… ဒေါ်ခင်သက် ယခုဆိုလျှင် တောင်ဝှေးအားကိုးဖြင့် ထူနိုင် ထ… နေပေသည်။ ထို့ကြောင့် စိတ်အေးလက်အေး စာရေးရန် အိမ်… ပြန်လာခဲ့သည်။

ဒေါ်အေးက ဆုမြတ် အဖော်ရရန် အိမ်စောင့်နေ… သည်။ ဒေါ်အေးက မနေနိုင်ဘဲ နှုတ်က ဖွင့်ဟကာ. . .



"သည်နေ့တော့ မအေးနဲ့ ဆုမြတ်နှစ်ယောက်တည်း၊ …ပဲ. . . ဖိမ်ပဲ"

ဆုမြတ် ဒေါ်အေး စိတ်လွတ်လက်လွတ် ပေါ့ပါးစွာ …ပြောဆိုနေတာကို သဘောကျစွာ ရယ်လိုက်မိတော့သည်။

"ခစ်. . . ခစ်၊ ဒေါ်အေးတစ်ယောက်ကတော့လေ"

ထိုစဉ်. . .

"ဗုန်း"

အရှိန်ပြင်းပြင်းနှင့် တစ်စုံတစ်ရာ ပြိုကျ ပြုတ်ကျသံ …ညံဟည်းသွား၍ နှစ်ဦးသား ဧည့်ခန်းသို့ အပြေးလေး ထွက် …ကြည့်ရာ. . .

"ဟင်. . . သားလတ်ပါလား"

ဆုမြတ် ခပ်တိုးတိုး ရေရွတ်နေစဉ်. . .

"ကောင်း. . . သိပ်ကောင်း"

ရုပ်ရှင်ထဲမှ မင်းသားတစ်ယောက် ဒေါသပေါက်ကွဲပြီး …ဆောင်နေသကဲ့သို့ပင် သားလတ် ဟန်ပန်အမူအယာတွေ …သူ့ရဲ့မျက်နှာဖုံးစံ အမူအယာနှင့် ကြည့်ကောင်း၍ နေတော့ …ည်။

ဆုမြတ် ကြည့်ကောင်းကောင်းနှင့် ငေး၍ကြည့်နေစဉ် …သတ် မြင်တွေ့သွားပြီး. . .

"အောင်မာ. . . မခန့်လေးစားနဲ့ ကြည့်နေတယ်ပေါ့"

ဆုမြတ်ရှေ့မှာ ခါးပေါ် လက်နှစ်ဖက် ထောက်ပြီး …မာန် အပြည့်နှင့် ကြည့်ကာ အော်နေပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၉)

သည်နေ့ ဥပုသ်နေ့ ဖြစ်သည်။ ခါတိုင်းဆိုလျှင် ဆုမြတ် ဥပုသ်ကျောင်းမှာ ငြီးအောင် လိုက်စောင့်ပေးရသည်။ ကြိုပို့ ဆုမြတ် တာဝန်ယူရသည်။

ဆုမြတ် စာမူ လက်စသတ်ရန် ရှိသည့်အတွက် ထုစ်ဖက် ခြံမှ အဖော်နှင့် ကျောင်းမှာ ထားခဲ့လိုက်သည်။

ယခင်က တစ်ဦးဦး ကူညီမှ လမ်းလျှောက်နိုင်သော ဒေါ်ခင်သက် ယခုဆိုလျှင် တောင်ဝှေးအားကိုးဖြင့် ထူနိုင် ထနိုင် နေပေသည်။ ထို့ကြောင့် စိတ်အေးလက်အေး စာရေးရန် အိမ်သို့ ပြန်လာခဲ့သည်။

ဒေါ်အေးက ဆုမြတ် အဖော်ရရန် အိမ်စောင့်နေပေး သည်။ ဒေါ်အေးက မနေနိုင်ဘဲ နှုတ်က ဖွင့်ဟကာ. . .





"သည်နေ့တော့ မအေးနဲ့ ဆုမြတ်နှစ်ယောက်တည်း ပဲ. . . ဖိမ်ပဲ"

ဆုမြတ် ဒေါ်အေး စိတ်လွတ်လက်လွတ် ပေါ့ပါးစွာ ပြောဆိုနေတာကို သဘောကျစွာ ရယ်လိုက်မိတော့သည်။

"ခစ်. . . ခစ်၊ ဒေါ်အေးတစ်ယောက်ကတော့လေ"

ထိုစဉ်. . .

"ဗုန်း"

အရှိန်ပြင်းပြင်းနှင့် တစ်စုံတစ်ရာ ပြိုကျ ပြုတ်ကျသံ ညံဟည်းသွား၍ နှစ်ဦးသား ဧည့်ခန်းသို့ အပြေးလေး ထွက် ကြည့်ရာ. . .

"ဟင်. . . သားလတ်ပါလား"

ဆုမြတ် ခပ်တိုးတိုး ရေရွတ်နေစဉ်. . .

"ကောင်း. . . သိပ်ကောင်း"

ရုပ်ရှင်ထဲမှ မင်းသားတစ်ယောက် ဒေါသပေါက်ကွဲပြီး သရုပ်ဆောင်နေသကဲ့သို့ပင် သားလတ် ဟန်ပန်အမူအယာတွေ ။ သူ့ရဲ့မျက်နှာဖွဲ့စံ အမူအယာနှင့် ကြည့်ကောင်း၍ နေတော့ သည်။

ဆုမြတ် ကြည့်ကောင်းကောင်းနှင့် ငေး၍ကြည့်နေစဉ် သားလတ် မြင်တွေ့သွားပြီး. . .

"အောင်မာ. . . မခန့်လေးစားနဲ့ ကြည့်နေတယ်ပေါ့"

ဆုမြတ်ရှေ့မှာ ခါးပေါ် လက်နှစ်ဖက် ထောက်ပြီး သမာန် အပြည့်နှင့် ကြည့်ကာ အော်နေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆုမြတ် ဒါကို သတိမထားမိဘဲ စာရေးရန် ဇာတ်ကော စရိုက်ကို အမိအရ ပုံဖမ်း မှတ်သားနေစဉ်. . .

"ဒီမှာ မကြားဘူးလား၊ ဒီဝတ္ထုစာအုပ်တစ်အုပ်လုံး ကျုပ်အပေါ် စောင်းမြောင်း ရေးထားတာမို့လား"

သည်တော့မှ ဆုမြတ် အသိဝင်လာကာ မျက်လုံး ပု ခတ် ပုတ်ခတ် လုပ်ကာ ကြည့်လိုက်ပြီး ခုနက 'ဗုန်း' ဆို စာအုပ်ပစ်ချသံကိုး။ ဟန်ပါပါ မာန်တင်းရင်း. . .

"နေစမ်းပါဦး၊ စာအုပ်ထဲမှာ ပါတဲ့ဇာတ်လမ်းကို ရှင့် သာ အတွေးချော်ပြီး ငါပါလားလို့ ဆွဲတွေးတာ စာရေးတဲ့ တော်လို့ ဇာတ်ရှိန်တက်သွားတာ ဖြစ်မှာပေါ့"

"ဒါ ငါ့အကြောင်းလေ"

"ကြံကြီးစည်ရာ. . . မဆီမဆိုင်"

ဆုမြတ်က ငုံ့မခံချေ။

"နှင်နော်၊ ငါ့ကို ဒေါသကုမ္ဘာရ ဖြစ်အောင် မလုပ် နှင် ရေးထားတာကို ငါ့သူငယ်ချင်းတွေက ဖတ်ကြည့်ပြီး ငါ့ ဝိုင်းလှောင်တာ ခံလိုက်ရတာ ဘယ်လောက် ရှက်ဖို့ကောင်း

ရှက်လည်း ရှက်၊ ဒေါသအိုး ပေါက်ကွဲရှိန်ကြော သားလတ် မျက်နှာ နီစွေးနေတော့သည်။

"ကျွတ်. . . ကျွတ်၊ သူများက အချွန်နဲ့ မ,လိုက်တာ တကယ် ထင်နေသလား၊ ရှင် ဒီစာအုပ်ကို တကယ်ရော ကြည့်ပြီးပြီလား"

"နှင်ရေးတာ အထင်မကြီးလို့ ဖတ်စရာမလိုဘူး"



"ကျွတ်. . . သနားစရာပဲ၊ သူများပြောတာ ယုံစားပြီး လာပြောတာ ရှက်စရာပဲ၊ သေလိုက်ပါလား"

ဆုမြတ်ကလည်း ဒေါသမာန်စွက် ပြန်ပြောလေရာ သူ့ အပေါ် မထေမဲ့မြင် ပြုမူရမည်လားဟု သားလတ် ဒေါသအဟုန် အရှိန် မြင့်တက်ကာ. . .

"အေး. . . နှင် သေဖို့သာ ပြင်ပေတော့"

စကားသံ အဆုံး သူ့ရဲ့ သန်မာတဲ့ လက်နှစ်ဖက်ဖြင့် စွေ့ကနဲ ဆုမြတ် ခန္ဓာကိုယ်လေးကို ကိုင်မြှောက်လိုက်တော့ သည်။

အားချင်း မမျှ၍ ဆုမြတ် ခန္ဓာကိုယ်မှာ ယက်ကန် ယက်ကန်နှင့် နှုတ်မှလည်း. . .

"ဒေါ်အေးရေ. . . ဒေါ်အေးရေ"

ဟု အားကိုးတကြီး အော်ခေါ်နေရသည်။

ဒေါ်အေးကလည်း သားလတ်ကို အဝေးက မြင်ရုံနှင့် ကြောက်ဆိုတော့ မလာရဲချေ။ ထရံကွယ်မှ ပုန်းကြည့်ရုံသာ။

"လွှတ်. . . လွှတ်"

ဆုမြတ် ဘယ်လောက်ပြောပြော အော်အော်၊ သား လတ်ကတော့ အံကြိတ်ကာ သူ့အခန်းသို့ ဆုမြတ်ကို ခေါ် ဆောင်သွားတော့သည်။

အခန်းတံခါးကို ဂျိမ်းကနဲ ပိတ်လိုက်သည်။ ဒေါ်အေး မျက်လုံးပြူးသွားကာ ဆုမြတ်အတွက် အစိုးရိမ် ပိုရတော့သည်။ တံခါးပဲ ပြေးထုရတော့မလိုလို၊ အိမ်ပြင်ပဲ ထွက်အော်ရတော့

www.burmeseclassic.com

www.burmeseclassic.com



မလိုလို။

ထရံနား ကပ်နားထောင်ကြည့်တော့. . .

"လွှတ်နော်၊ ငါ့အသား နာအောင် မလုပ်နဲ့"

"ဟား. . . ဟား၊ အေး. . . နင့်ကို အသေသတ်ပြီးမှ လွှတ်မှာ"

"ဝုန်း"

"ဒိုင်း"

"အား"

အသံတွေက မရှေးမနှောင်း ပေါ်လာတော့သည်။

ဒေါ်အေးလည်း ကြောက်ကြောက်နှင့် မာရသွန် ပြေး... ကာ ဒေါ်ခင်သက် ဥပုသ်ကျောင်းသို့ အပြေးသွားခေါ်ရတော့သည်။

"အား. . . ကျွတ်. . . ကျွတ်"

ဆုမြတ် မှောင်အတိကျရာမှ အလင်းရောင်ကို ခံစား...





ချိန်မှာ နာကျင်ကိုက်ခဲမှု ဝေဒနာက ခန္ဓာကိုယ်အနှံ့ အပြင် ခေါင်းမှာ ဆစ်ကနဲ ဆစ်ကနဲ ဖြစ်ပေါ် ခံစားနေရသည်။

လက်ကို အသာမြှောက်၍ ခေါင်းပေါ် စမ်းလိုက်စဉ်. .

"ပတ်တီးနဲ့ပါလား"

"သမီးလေး. . . သမီးလေး သတိရပြီလား"

ဒေါ်ခင်သက်အသံ ကြားလိုက်ရ၍ မျက်လုံးကို ကြိုးစား ဖွင့်ကြည့်ရင်း ဒေါ်ခင်သက် မျက်နှာကို ရှင်းရှင်းလင်းလင်း မြင် တွေ့ရသည့်အခါ ဝမ်းနည်းစိတ်တို့ စုပြုံလာကာ. . .

"ဟင့်. . ဟင့်. . အီး. . ဟီး"

အားရပါးရ ငိုချလိုက်ရင်း ဒေါ်ခင်သက် လက်အစုံကို အားကိုးတကြီး ဆုပ်ကိုင်ထားပြီး. . .

"သမီး. . သမီးကို ပစ်မထားပါနဲ့ မေမေရယ်"

ဆုမြတ် မျက်ရည်များ မထိန်းနိုင်အောင် ငိုရှိုက်သလို ဒေါ်ခင်သက်ရော ဒေါ်အေးပါ ရောယောင် ငိုရှိုက်နေကြသည်။

"အေးပါကွယ်၊ နောက်ကို မေမေ ဘယ်မှ မသွားတော့ ဘူးနော်၊ ရန်ကုန်က သားကြီးကို လှမ်းခေါ်ထားတယ်၊ သား သတ်ကို ဆုံးကို ဆုံးမရဦးမယ်"

"အို. . . မလုပ်ပါနဲ့ မေမေရယ်၊ မခေါ်ပါနဲ့၊ ဘာမှ ဖြစ် ဘာမှ မဟုတ်ဘဲ၊ အားလုံး အလုပ်ရှုပ်ကုန်ပါ့မယ်၊ သမီးပဲ ပြန်ပါရ ဆေ"

"ဒီလိုတော့ ဘယ်ဖြစ်မလဲကွယ်၊ သမီးအတွက် အစစ အရာရာ မေမေတို့ ပစ္စလက်ခတ် လုပ်လို့ ဘယ်ရမလဲ၊ သမီး



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရင် ခံမေမေ စိတ်ဆင်းရဲကျန်ခဲ့မှာ ကြည့်ရက်သလား"

ဒေါ်ခင်သက်၏အသံက ငိုသံ စွက်ဖက်လာရသည်။ သည်တော့ ဆုမြတ် ကိုယ့်စကားကိုယ် ဘရိတ်ပြန်အုပ်ထားရ တော့သည်။ ဒေါ်အေးမှာ ကြားက မနေနိုင်တော့ဘဲ. . .

"ဆုမြတ် ခေါင်းက (၃)ချက်တောင် ချုပ်ထားရတယ် သိလား၊ ပြီး. . . သားလတ် ဆုမြတ်ကို အခန်းထဲ ခေါ်ပြီး ဘာလုပ်သေးလဲဟင်၊ မေမေကြီးက အဲဒါ ဟိုဒင်းဖြစ်မှာ စိုးရိမ်နေ တယ်၊ မအေး မေမေကြီး ပြေးခေါ်ပြန်လာတော့ သားလတ်က တံခါးကို ဂျက်တော်နဲ့ မဖွင့်ပေးလို့ မေမေကြီး တောင်ဝှေးနဲ့ တံခါးကို ထုရိုက်ရတာ၊ အဲဒီတော့မှ ဖွင့်ပေးတာလေ၊ မအေးတို့ အခန်းတံခါး ပွင့်လို့ ပြေးဝင်တော့ ဆုမြတ်က သွေးအိုင်ထဲမှာ ပုံလျက်သား လဲနေလို့ မနည်း ပွေ့ယူပြီး ဆရာဝန် ခေါ်ရတာ ဟိုလေ. . . ဆုမြတ် ဘာဖြစ်ခဲ့လဲဆိုတာ မေမေကြီး သိချင်တယ် တဲ့"

ဒေါ်အေး ပြောပြတော့မှ ဆုမြတ် တစ်ကိုယ်လုံး ကြက် သီးမွေးညင်းများ ထလာသည်အထိ ရှက်စိတ်တို့ လွှမ်းခြုံသွား သည်။

ပါးပြင်နှစ်ဖက်ကို ယောင်ယမ်း ပွတ်သပ်ရင်း ခေါင်းကို ခါယမ်းကာ. . .

"သူ. . . သူ ဘာမှမလုပ်ပါဘူး၊ ဆုမြတ်ကို ပွေ့ချီပြီး သူ့ ကုတင်စောင်းပေါ်ကနေ အောက်ကို ပစ်ချတာ၊ ဆုမြတ် အော် လိုက်ပြီး မှောင်ကျသွားတာပဲ သိတယ်"





"ဒါတင်ပဲလားကွယ်၊ မေမေ့ကို မရှက်ပါနဲ့၊ မိန်းကလေး တစ်ဦးကို အခန်းထဲ ဆွဲသွင်းပြီး ခေါ်တယ်ဆိုကတည်းက အမြင် လည်း မတင့်တယ်ဘူး၊ ကြားရတာလည်း မကောင်းတော့ဘူး၊ မေမေတို့မှာ တာဝန်ရှိပါတယ်၊ ပွင့်ပွင့်လင်းလင်းသာ ပြောပါ သမီးရယ်"

ရော်. . . ခက်ချေပြီ။

ခုမှ ဆုမြတ်အဖြစ်က ခေါင်းလည်း ဒဏ်ရာရလိုက် သေး၊ ထောင်လည်း ကျခံရမည့်အဖြစ်ပါလား။

"မဟုတ်ဘူး မဟုတ်ဘူး၊ မေမေတို့ ထင်သလို သမီးတို့ ဘာမှမဖြစ်ကြပါဘူး၊ သားလတ်က ဒေါသက နဂိုကတည်းက ပြီးတာကြောင့် ဘာမှ မစဉ်းစားဘဲ ဖြစ်တာပါ"

"အေးလေ၊ ခုလို လူကြီးမရှိပေမယ့် မအေး အဖော် ဖြစ် ရှိတာတောင် ပမာမခန့်နဲ့၊ ဒီကောင် လုပ်ပုံကိုက ဟုတ်ကို ဟုတ်တာ၊ ဒင်းအစ်ကိုကြီး လာမှ သိမယ်"

"မပြောပါနဲ့ မေမေရယ်၊ ဆုမြတ်တို့ သန့်သန့်ရှင်းရှင်း ပါတာ ယုံဝါ၊ ဆုမြတ် ရေးထားတဲ့ ဝတ္ထုဇာတ်လမ်းကို ဖတ်ပြီး သူ့ကို စောင်းမြောင်းရေးတယ် ထင်ပြီး ဖြစ်ရတာပါ၊ ဒီဇာတ်အိမ် က မော်လမြိုင် မရောက်ခင်ကတည်းက ရေးပြီး တင်ထားခဲ့တဲ့ ဇာတ်လမ်းပါ မေမေရယ်၊ ယုံပါ"

"အင်း. . . မေမေက ယုံပြီးသား၊ ဒင်းက ဘာမှ သိတာ မဟုတ်ဘူး၊ သားလတ် စိတ်ထင်ရာ လုပ်ပြီး အချိုး မပြေသရွေ့ တစ်သက်လုံး ခက်တော့မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်သက်တစ်ယောက် သက်ပြင်းရှည်ကြီး ချ...
သားလတ်အတွက် ရင်ပူအမောကို အရှည်ကြီး ချလိုက်ပါတော့
သည်။

"ဟူး"

...မဂ္ဂလာ...





အခန်း(၂၀)

အိမ်အောက်ထပ်မှ စကားပြောသံများ ကြားရကတည်း
က ရန်ကုန်မှ အစ်ကိုကြီးနှင့်ဇနီး ရောက်လာပြီမှန်း သိလိုက်ပါပြီ။

အစ်ကိုကြီးတို့ စကားပြောဆိုမှု အလွန် ယဉ်ကျေး
သိမ်မွေ့သလောက် သားလတ် အမူအရာများက တစ်မိပေါက်
တစ်ယောက်ထွန်း ဖြစ်နေသည်။ ဒေါ်အေးကို ခေါ်ယူကာ
အကြောင်းအရာ စုံစေ့အောင် မေးမြန်းကြပုံရသည်။

မကြာမီ အစ်ကိုကြီး၏ဇနီး မမနီ အိမ်ပေါ် ရောက်လာ
ပြီး. . .

"နေကောင်းလား ညီမလေး"

အသံကြား၍ ဆုမြတ် လဲလျောင်းရာမှ ကြိုးရုန်းထကာ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်လိုက်ရင်း ဂါရဝပြုလိုက်သည်။

"နေ. . . နေ၊ သက်သာသလိုနေ ညီမလေး"

ကုတင်ပေါ် တင်ပါးလွှဲ လာထိုင်ရင်း ဆုမြတ် လက်က လေးကို ကိုင်ကာ အားပေးလိုက်သည်။

"ကြားထဲက မမ အားလုံးရဲ့ ကိုယ်စား တောင်းပန်ပါ တယ်နော်၊ ညီမလေး မကျေနပ်တာ ရှိရင် ပွင့်ပွင့်လင်းလင်း ပြောပါ၊ မမတို့က ကိုယ့်လူ သူ့လူဆိုပြီး ခွဲခြားစိတ် မရှိပါဘူး၊ ရင်းရင်းနှီးနှီး ပြောကြတာပေါ့"

ဆုမြတ် သိလိုက်ပါပြီ။ ဒီကနေ့နံနက် တစ်ဦးပေါ် တစ်ဦး စကားနိုင်လုရင်း ရန်ဖြစ်ရင်းက ဆုမြတ်အတွက် အားလုံးအမြင် မှာ သားလတ်အခန်းထဲ နှစ်ဦးထဲ ရောက်ရှိသွားရသည့်အချက် ဂ အဆိုးရွားဆုံး ထိုးနှက်ချက် ဖြစ်ကုန်ပြီ။

ဆုမြတ်က မဟုတ်ပါဘူး၊ သန့်သန့်ရှင်းရှင်းပါဟု ဘယ် လို ငြင်းငြင်း မယုံကြည်ကြတော့။ တွေးရင်းတွေးရင်း ဒေါသ ထွက်ရပြန်သည်။ သားလတ်၏ မဆင်ခြင်မှုကြောင့် ဆုမြတ်၏ ဂုဏ်သိက္ခာနှင့် အရှက်တရားတို့ နေရင်းထိုင်ရင်း ပွန်းပဲ့ကုန်ရ ချေပြီ။

နောက်ပြီး သွေးအိုင်ထဲ လဲနေတာကို သည်အတိုင်း ထိုင်ကြည့်နေသည်တဲ့။ ဘယ်လောက်များ အကြင်နာတရား ခေါင်းပါးတဲ့လူလဲလို့၊ ဒီလိုလူမျိုး၏လက်တွင်းသို့ ဆုမြတ်ဘဝ ပုံအပ်ဖို့ကတော့ ဝေးလေစွ။ ရအောင်တော့ ရုန်းထွက်ရပါတော့ မည်။





အခန်းဝမှ လိုက်ကာစ လှပ်ယမ်းသွား၍ လှမ်းကြည့်မိ သည်။ အထဲသို့ မဝင်ရဲ၍ အခြေအနေ အကဲခတ်ကာ လှည့် ထွက်သွားသော သားလတ်၏သဏ္ဍာန်ကို ရိပ်ကနဲ တွေ့လိုက် သည်။

အခဲမကျေစိတ်အခံဖြင့် ဆုမြတ် အံကို တင်းတင်းစေ့ အားလိုက်မိသည်။ အနီးကပ် ရှိနေသော မမနီက ရိပ်မိ၍. .

"မကျေနပ်တာ ရှိရင် ပွင့်ပွင့်လင်းလင်းသာ ပြောပါ ကွယ်"

ခက်တော့ ခက်နေပြီ။

အလွန်တရာ ခေါင်းမာလှသော သားလတ်အပေါ် အခဲ မကျေစိတ်တို့ ထောင်ထလာကာ. . .

"သူကိုယ်တိုင် ဆုမြတ်ကို တောင်းပန်စေချင်တာပါပဲ"

ဆုမြတ်အဖြေကို ကြားရတာနှင့် မမနီ ပျာပျာသလဲပင်

"ညီမလေး ဆန္ဒအတိုင်း ဖြစ်ရပါစေမယ်၊ ခဏလေး နော်၊ မမတို့ ခေါ်လာပါ့မယ်"

သားလတ်သည် အလွန်တရာ ခေါင်းမာလှကြောင်း ဆုမြတ် သိပြီးသားပါ။

သို့သော်. . .

ဆုမြတ်ဘဝအတွက် ယခု ရရှိထားသော ခေါင်းက ဒဏ်ရာဒဏ်ချက်ထက် အဆပေါင်းများစွာ အရှက်နှင့် ဂုဏ် သိက္ခာတို့ ထိခိုက်ပွန်းရှခဲ့ချေပြီ။

ဆုမြတ် အခန်းအတွင်းသို့ အစ်ကိုကြီး မမနီနှင့် မေမေ



www.burmeseclassic.com

www.burmeseclassic.com



တို့ ဝင်လာပြီး သားလတ် နောက်က ပါလာသည်။

"မင်းနှယ်ကွာ၊ သူများသားသမီးကို သွေးထွက်သံယို ဖြစ်အောင် ကိုယ်ထိလက်ရောက် ပြုရသလား၊ ပြီး. . . ဘာကိစ္စ မင်းက နိုင်ငံထက်ကလူ မင်းအခန်းထဲ ခေါ်သွားရသလဲ"

အစ်ကိုကြီးအသံက မာထန်စွာ ဟိန်း၍ ထွက်ပေါ်လာတော့သည်။ ဆက်လက်၍. . .

"မင်း သူ ကျေနပ်လောက်အောင် တောင်းပန်ချေ"

သားလတ်က ရပ်နေရာမှ တုတ်တုတ်မျှ မလှုပ်။

"ဟေ့ကောင်. . . ငါပြောနေတယ်လေ"

သားလတ်၏ ပင်ကိုယ်ဉာဉ်အတိုင်း တင်းခံနေသည်၊ ခွန်းတုံ့လည်း စကားပြန်မပြော။

သူ မှားမှန်းသိလို့ ငြိမ်နေခြင်း ဖြစ်ပေမယ့် လူပုံအလယ်မှာ မိန်းကလေးတစ်ဦးကို တောင်းပန်ဖို့ကတော့ အသက်သာ အသေခံမည်၊ အညံ့ခံမည့်လူစားမျိုး မဟုတ်ချေ။

"ဟေ့ကောင်. . . ငါပြောနေတယ်လေ"

အစ်ကိုကြီး ထပ်ပြောလည်း မထူးခြား။ နောက်ဆုံး. . .

"ခွပ်. . ."

"ခွပ်. . ."

အစ်ကိုကြီး၏ လက်သီးပြင်းပြင်းက ဆင့်ကဲဆင့်ကဲ သားလတ် မျက်နှာပြင်သို့ ပြေးဝင်လည်း. . . နှုတ်ခမ်းစမှ စို့ထွက်လာသော သွေးစကို လက်ဝါးနှင့် သုတ်သင်ကာ ချာကနဲ လှည့်ထွက်သွားချေပြီ။





ပြီး. . .

အောက်ထပ်မှ ကားစက်နှိုးသံ၊ ကမူးရှူးထိုး ကားမောင်းထွက်သွားသူသည် သားလတ်မှလွဲ၍ ဘယ်သူမှ မဖြစ်နိုင်။ ဒါဆိုလျှင် သားလတ်တစ်ယောက် တော်တော်နှင့် အိမ်ပြန်လာမည့်ပုံ မရှိ။

ညီငယ်နောက် ပြေးလိုက်သွားသော အစ်ကိုကြီးပင် မမီတော့။ အိမ်ပေါ် ပြန်တက်လာပြီးနောက်. . .

"နေသာရဲ့လား ငါ့ညီမ"

"ဟုတ်ကဲ့၊ ဟို. . ဆုမြတ်အတွက် ဒုက္ခမရှာပါနဲ့ ကိုကြီး"

"အားမနာပါနဲ့ကွယ်၊ သက်သာသလို နေပါ။ ရန်ကုန်ကို အကြောင်းကြားပေးရမလား"

ဒါကိုတော့ ဆုမြတ် လန့်သွားသည်။ ဖေဖေ လုံးဝ သိလို့ မဖြစ်။ ပြဿနာ ပိုကြီးသွားနိုင်သည်။

"ကိစ္စမရှိပါဘူး ကိုကြီး၊ တစ်ပတ်လောက်ဆို သက်သာသွားမှာပါ"

"ငါ့ညီမရဲ့ဆန္ဒအတိုင်းပါပဲ၊ သားလတ်ရဲ့ ကိုယ်စား ကိုကြီးပဲ တောင်းပန်ပါရစေနော်"

"ဟာ. . . မဟုတ်တာ၊ ဆုမြတ် စိတ်မဆိုးပါဘူး၊ သူ့အကြောင်း ရေးတာ မဟုတ်ဘူးဆိုတာကိုပဲ ပြောပြပေးပါ"

"ခုနက မေမေ ရှင်းပြ ပြောပြထားပါတယ်"

"သူပြန်လာရင် ဒီကိစ္စ ထပ်မဆူပါနဲ့တော့၊ ဆုမြတ် ဒီမှာ မေ့လိုက်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွယ်၊ ဒီစကား ကြားရတာ မေမေကတော့ အတော် ဝမ်းသာရှာမယ်၊ ငါ့ညီမ စိတ်ပျက်ပြီး ပြန်သွားမှာ အတော် စိုးရိမ်နေရှာတာ"

"စိတ်ချပါ၊ ဆုမြတ် ကိုယ်ပေးထားတဲ့ ကတိစာချုပ် အတိုင်း လုပ်ဆောင်မှာပါ"

ဆုမြတ်ထံမှ ကျေအေးစကား ကြားရမှပဲ အားလုံး သောက မျက်နှာလေးများ ကြည်လင် ဝင်းပလာကြသည်။

"ကဲ. . . အစ်ကိုကြီးတို့ ခဏနားဦးမယ်၊ လိုအပ်တာ မအေးကို ခိုင်းပေါ့"

"ဟုတ်ကဲ့"

ဆုမြတ် ခေါင်းလေး ညိတ်ပြလိုက်မှ အားလုံး ပြန်ထွက် သွားကြတော့သည်။

သည်တော့မှ. . . ဆုမြတ် အတွေးစလေးများကို မျက်စိ မှိတ်ရင်း ဆွဲဆန့်ထုတ်နေရတော့သည်။

သားလတ်သည် ဆုမြတ်အပေါ် မြင်စကတည်းက ရန်လို မုန်းတီးစိတ် ဝင်နေခြင်းအပေါ် လုံးဝ စဉ်းစားမရချေ။

ဆုမြတ် ဘာလုပ်လုပ် ဘာကိုင်ကိုင် မနာလို ဝန်တိုစိတ် ကလေး ရှိနေတာကိုက စပြီး ရောက်စကတည်းက သိသာခဲ့ သည်။ သူ့ရဲ့ စိတ်ဓာတ်ရေးရာ အခြေအနေကို ဒေါ်ခင်သက် ပြောပြထား၍ ဆုမြတ် ခွင့်လွှတ်စမြဲပင်။

ခုတော့. . .

ဘယ်လို ရည်ရွယ်ချက်၊ ဘယ်ကဲ့သို့ အတွေးမျိုးနှင့်





ဆုမြတ်၏ အရှက်နှင့်သိက္ခာကို ထင်ယောင်ထင်လွဲ ဖြစ်အောင် ဆောင်ကျဉ်းရတာပါလိမ့်။

ရှေ့လျှောက် ဒေါ်ခင်သက် ကျန်းမာရေး အခြေအနေ ကောင်းနေပြီဆိုတော့ စာချုပ်မပြည့်ခင် သည်းခံစိတ် မွေးပြီး နေထိုင်ရမှာပါပဲလေ။

မကြာမီ ရောက်လာမည့်ချစ်သူ မလာခင် ရက်ပိုင်း အတွင်း အနာကျက်ဖို့တော့ လိုပေမည်။ အနာမကျက်ခင် ရောက်မလာဖို့ ဆုတောင်းရပေဦးမည်။

အစ်ကိုကြီးတို့ ရန်ကုန်မပြန်မီ ရန်ကုန်မှ ဖေဖေ့အတွက် စာတစ်စောင်၊ ဝေမာထံမှတစ်ဆင့် ကိုဇော်ထံ ပေးရန် စာထိုင်ရေး ထားလိုက်သည်။

တစ်ပတ်ကြာ ရက်ပိုင်းအတွင်း ခေါင်းက ဒဏ်ရာကျက် တာ ဆံပင်စလေးများဖြင့် ဖုံးကွယ်ထား၍ တော်တော့သည်။ ဒဏ်ရာက မျက်နှာပြင်ပေါ်မှာဆိုလျှင် ဖုံးကွယ်ရမည်မဟုတ်။ လူတိုင်းက မေးလာ၍ ဆုမြတ် ဖြေလို့ ဆုံးနိုင်မည်မထင်။

သားလတ်ကတော့ ရန်ကုန်သို့ အစ်ကိုကြီး မပြန်မချင်း အိမ်သို့ ခြေဦးပင် မလှည့်တော့။ သားလတ်မှာ လူကသာ အိမ်မှာ မရှိပေမယ့် ကောင်မလေးများ၏ တယ်လီဖုန်း ဆက်လာမှုကို ခဏခဏ ဖြေရလွန်း၍ အစ်ကိုကြီးခမျာ ဟောက်တစ်ခါ အော် တစ်လှည့် ဖြေရှင်းနေရတော့သည်။

နောက်ဆုံးတော့ ရန်ကုန်မှာ နေသူက ကြာကြာ မနေ နိုင်တော့၍ ပြန်ရပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေလည်း စိတ်ရော လူပါ ကျန်းမာအောင် နေပါ။ ငါ့ညီမလေး. . . ဒီကောင် ပြန်လာရင် ကြောက်စရာ မလိုဘူး နော်၊ သူ ရန်လုပ်လာရင် ချက်ချင်း ဖုန်းဆက်၊ မေမေ့ကိုတော့ အထူး ဂရုစိုက်ပေးပါနော်၊ ငါ့ညီမ အနားမှာ ရှိနေလို့ စိတ်အေး လက်အေး တို့များ စီးပွားရှာနိုင်တာလေ"

"စိတ်ချလက်ချ သွားကြပါ၊ ဆုမြတ်တာဝန် မလစ်ဟင်း စေရပါဘူး၊ နောက်ကို ရန်မဖြစ်အောင် ဆုမြတ် ဆင်ခြင်နေပါ့ မယ်"

"အေးကွယ်၊ သာဓု. . သာဓု. . သာဓုခေါ်ပါတယ် ညီမ ရယ်"

ရန်ကုန်မပြန်ခင် အထပ်ထပ် မှာကြားနေသမျှ ဆုမြတ် ကတော့ ခေါင်းကို တွင်တွင်ညိတ်၍ စိတ်အေးစေရပြန်သည်။

...မှတ်စု...





# အခန်း(၂၁)

အစ်ကိုကြီးတို့ ပြန်သွားပေမယ့် ညဘက် မော်လမြိုင်၏ သဘာဝအတိုင်း အိုက်စပ်စပ် ရှိလာ၍ အိပ်လို့ မရနိုင်သေး။

အိမ်ပေါ် ပြတင်းဝတွင် ငေးမောရပ်ရင်း မိုးကောင်းကင် ၌ လပြည့်ဝန်းကြီးကို ငေးမောကြည့်ပြီး စိတ်ကူးတို့သည် ချစ်သူ ဆီ ပြေးလွှား မရောက်ရှိနိုင်သေးဘဲ သားလတ်တစ်ယောက် သယ်နေရာမှာ ရောက်ရှိနေပြီလဲ၊ ပေပေတေတေ လျှောက်လုပ် ချင်ရာ လုပ်နေပြီလားဟု ဖျတ်ကနဲ တွေးတော ပူပန်လို့ နေမိရာ က ကိုယ့်စိတ်ကိုယ် မယုံနိုင်စရာ မေးခွန်း ပြန်ထုတ်ကြည့် စစ်ဆေးနေမိပြန်၏။

"ငါ့နှယ်. . . ချစ်သူရည်းစားအပေါ် တွေ့ချင်မြင်ချင်



www.burmeseclassic.com

www.burmeseclassic.com



စိတ်နဲ့ တမ်းတရော်ရမ်း မှန်းဆနေရမှာ၊ ခုတော့ ဒီသားလတ် မျက်နှာချည်းပဲ တရစ်ဝဲဝဲ အတွေးထဲ ရောက်ရောက် နေရာယူတာ မုန်းဖို့ ကောင်းလိုက်တာနော်"

အမှန်ဆို အကြာကြီး ခွဲခွာနေခဲ့ရသည့် ချစ်သူပေါ် အသံလေး ကြားရုံနှင့် ချစ်မြတ်နိုးစိတ် တဝေဝေ စီးဆင်းနေရပေမည်။ တွေ့ချင်မြင်ချင်စိတ်တို့ အစဉ်မပြတ် ရိုက်ခတ် တွန်းကန် လှုပ်ရှားနေရပေမည်။

ခုတော့. . .

ချစ်သူလို့သာ သတ်မှတ်ထားပေမယ့် အဆွေးရိပ်တို့က ရင်မှာ ထင်ကျန်ရစ်မနေဘဲ သားလတ်အပေါ် ပူပန်စိတ်တို့က သာ ရင်မှာ အစဉ် တရစ်ဝဲဝဲ စွဲထင်ရစ်ချေပြီ။ အသိစိတ်လား မသိစိတ်လား ကိုယ့်ဘာသာ ဝေခွဲမရနိုင် ဖြစ်လို့ နေရသည်။

ငယ်ငယ် ကလေးဘဝကလို မိုးကောင်းကင်မှ ဖိုးလမင်း ကြီးအပေါ် အားကိုးတကြီး အော်ကာ တောင်းခံနေပစ်ချင်မိသည်။

"ဖိုးလမင်းကြီးရေ. . ထမင်းဆီဆမ်း ရွှေလင်ပန်းထဲမှာ ဆုမြတ် ဖူးစာရှင်အမှန် ပို့ပေးပါ" ဟု ရင်အိမ်ထဲမှာ ကျယ်လောင်စွာ အော်ဟစ်နေမိပြန်သည်။

"တီ. . . တီ"

ခြံဝမှာ မီးမထိုးဘဲ ကားဟွန်းသံ ခပ်အုပ်အုပ် ပေးလာသံကြောင့် မျက်လုံးကို အမြင်အားစိုက်ကာ ကြည့်လိုက်ရာ သားလတ် မောင်းနှင်ယူသွားသောကား ဖြစ်လို့နေသည်။





မိုးကလည်း အတော်ချုပ်နေပြီ။ သားလတ် ပြန်လာတာ ဖြစ်မည်။ မအေးကို အဖော်ခေါ် ရန် ပြေးကြည့်တော့ အိပ်မော ကျလို့ နေသည်။ ခုချိန်မှာ အိပ်မပျော်သော ဆုမြတ်ကလွဲ၍ တံခါး ဖွင့်ပေးဖို့လူ မရှိနိုင်။

ခပ်မြန်မြန် အနွေးထည် ကောက်စွပ်ပြီး လက်နှိပ် ဓာတ်မီး ယူကာ ဆင်းလာလိုက်သည်။ ခြံဝနှင့်အိမ် အနည်းငယ် ဝေးနေသည်မို့ ခပ်သွက်သွက် လျှောက်ကာ သွားလိုက်ရသည်။

သားလတ် အိမ်ပြန်မလာတာ တစ်ပတ်မျှ ရှိပြီ။ သည်နေ့ ညမြတ်ခေါင်းမှ ချုပ်ရိုးဖြည်ရသည့်နေ့မှာ သားလတ် ပြန်ရောက် လာသည်။ ခြံတံခါးဝ သော့ဖွင့်ပေးစဉ် ကားပေါ်မှ သားလတ် ဆင်းလာကာ ခြံတံခါးမကြီးကို ဝိုင်းကူဖွင့်လာသည်။ ပြီးမှ ကား မောင်းဝင်ကာ ကားခဏရပ်ပြီး တံခါးပိတ်တာ ဝိုင်းကူပြန်သည်။

ဆုမြတ် ကိုယ့်တာဝန်ပြီးပြီမို့ အိမ်ပေါ် ထက်ရန် ဝင်စဉ် ကားကို ဂိုထောင်ထဲ ထည့်ပြီး ပြန်ထွက်လာကာ ဆုမြတ် အိမ် တံခါးပိတ်ရန် စောင့်ဆိုင်းနေတာ မြင်၍ ခပ်မြန်မြန် လိုက်ဝင်လာခြင်း ဖြစ်ပေမည်။

ပြီးနောက် ထမင်းစားခန်းထဲမှာ ဟိုရှာသည်ရှာ လုပ်နေ ကြောင့် သားလတ် ဗိုက်ဆာလာတာ ဖြစ်မည်။ အရဲစွန့်၍. . .

"ဗိုက်ဆာလို့လား၊ ကြက်ဥကြော်နဲ့ ဝက်အူချောင်း ရှိတယ်၊ ကြော်ပေးရမလား"

"ခေါက်ဆွဲပြုတ် အထုပ်ရှိလား"

"ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပဲ ပြုတ်ပေးပါ"

နှစ်ဦးစလုံး စကားအပိုအလိုမရှိ တုံးတိတိပင်။ ဆုမြတ် ဗူးထဲမှ ရေနွေးပူပူနှင့် ခေါက်ဆွဲပြုတ်ကို စီစဉ်ရင်း မသိမသာ စောင်းငဲ့ကြည့်မိရာ ထမင်းစားပွဲပေါ် လက်နှစ်ဖက် တင်ထား ခေါင်းငိုက်စိုက်နှင့် ခြေပစ်လက်ပစ် ထိုင်နေပုံမှာ စိတ်ပန်းလူပန်း ဖြစ်လာပုံရသည်။

ပြီး. . . ဂျာကင်အင်္ကျီ ဝတ်ဆင်ထားပုံကြောင့်. . .

'ဒီလူ့နှယ်. . . သူပဲ မအိုက်တဲ့အတိုင်းပဲ'

ဟု စိတ်ထဲမှာ ဝေဖန်နေမိသည်။

ဆုမြတ် ခေါက်ဆွဲပြုတ်ပန်းကန် လာပို့မှ လူရိပ်မြင် ထင်သည်၊ ခေါင်းပြန်မတ်လာကာ ခေါက်ဆွဲပြုတ်ကို ဇွန်း ခပ်သောက်ရန် ကမ်းပေးတာကို လှမ်းယူပြီး ဟင်းရည်ပူပူ မှုတ်သောက်လို့ နေသည်။

ဆုမြတ် သူ စားသောက်ပြီး ပန်းကန်ခွက်ယောက် သိမ်း ရန် ခပ်လှမ်းလှမ်းမှာ စောင့်ဆိုင်းနေစဉ် ရေချိုးခန်း ရှိရာ သွားကာ တဝေါ့ဝေါ့ ထိုးအန်နေတော့သည်။

မနေသာသည့်အဆုံး ပလုတ်ကျင်းရန် ရေခွက်ကိုင် အနားသွားရပ်စဉ် နောက်ထပ် အန်ချရန် သူ အတော် အား နေပုံရသည်။ ကျောကုန်းပေါ် အလိုက်သင့် ဝိုင်းကူ ဖိနှိပ်ပေး တော့မှ စိတ်ရှိလက်ရှိ ထိုးအန်ပြီးသည်။

ကမ်းပေးသောရေကို မနည်း အားယူ သောက်နေ သည်မှာ သူ့ခန္ဓာကိုယ် အတော် နုံးချိနေပုံရသည်။ ယိုင်လဲမသွား



အောင် ဝိုင်းကူထိန်းထားပေးရပြန်သည်။ ဒီလူ အရက်မူးလာခြင်း ဟုတ်ဘဲ အဖျားတက်လာပုံ ရသည်။

"ရှင် အဖတ်ပါတာ ဘာမှ မစားပါနဲ့တော့၊ အိုဗာတင်း ဖျော်ပေးမယ်၊ အဲဒါ သောက်ပြီး အဖျားကျဆေး တိုက်မယ်၊ . . . အဖျားတိုင်းကြည့်ပြီးမှ ဆေးသောက်ပေါ့"

ယခင်ကလို ဘုဂလန့် တစ်လုံးမှ မပြောဘဲ ခေါင်းညိတ် ခံလို့ နေသည်။

ဆုမြတ် အိမ်ပေါ် တက်ကာ အဖျားတိုင်းစရာနှင့် ဆေး ဆက် ပြေးယူရသည်။ ကုတင်ပေါ်မှာ ခြေပစ်လက်ပစ် လှဲနေသူ အား အဖျားတိုင်းကာ. . .

"(၁၀၂)ပါလား၊ ဒါဆို ဆရာဝန် ခေါ်ပေးရမလား"

သူ လက်ကာပြသည်။

"ရှင် ရေပတ်တိုက်ပြီး အင်္ကျီလဲရအောင်နော်၊ ဒါမှ ကိုယ်ပူကျမှာ"

ပြောသမျှ ခေါင်းညိတ် နာခံလို့ နေသည်။

ဆုမြတ် ရေခဲစိမ်အဝတ် ယူလာကာ သားလတ်အင်္ကျီကို ကူချွတ်ပေးပြီး ခပ်သွက်သွက် ရေပတ်ဝတ် တိုက်ပေးရ သည်။

အင်္ကျီခြောက် ပြန်ဝတ်ပေးကာ ဆေးတိုက်ရသည်။ နေတော့ အဖျားရှိန်နှင့် ဆေးအရှိန် ရောကာ သားလတ် ပျော်သွားရှာသည်။

အိမ်ပေါ် ပြန်တက်မည်ပြုပြီးမှ တော်ကြာ အဖျားပြန်

www.burmeseclassic.com

www.burmeseclassic.com



တက်ရင် ဘယ်သူမှ အနားမှာ မရှိဘဲ ဖြစ်နေမယ်ဟု စိုးရိမ်
ဒေါ်အေးကို သွားနှိုးကာ အကျိုးအကြောင်း ပြောပြပြီး အနား
အဖော်ခေါ် ထားရသည်။

တကယ့်တကယ်မှာ ဒေါ်အေးမှာ အိပ်ချင်မူးတူး
ဆုမြတ် ထိုင်နေသောဘေးမှာ ပြန်အိပ်ပျော်နေပြန်သည်။

"အင်းလေ... သူ့ခမျာ တစ်နေကုန် ချက်ပြု
လုပ်ကိုင်နေရတာ၊ ပင်ပန်းပြီး အိပ်ချင်ရှာမပေါ့"

ဟု တွေးကာ ခွင့်လွှတ်လိုက်ရသည်။

လူမမာကို စောင့်ကြည့်ရင်း၊ ခြင်ထောင်ချပေးရင်း သ
လတ် မျက်နှာကို စေ့စေ့ကြည့်မိတော့သည်။ မည်းနက်ထင်
သော မျက်ခုံးနှင့် နှာတံထင်းထင်းက အကျလှပနေသည်၊

မျက်စိမှိတ်ထားသော်လည်း မိန်းကလေးများကဲ့သို့
တောင်ကော့လေးများက ဆွဲဆောင်မှု ဖြစ်စေသလို ယော
ပီသသော မေးရိုးကျကျ သူ၏ နီရဲထူထဲ တင်းစေ့သော နှုတ်
ကြောင့် ပိုလိုက်ဖက်နေပြန်သည်။

ဒါတောင် ဒီလူ နေမကောင်းပေလို့ပဲ။ သူ နေကော
စဉ်က သူ့ပုံစံသည် တကယ့် gentleman ကဲ့သို့ စမတ်ကျ
အမှန်ပင်။

သူ့ခန္ဓာကိုယ် အနေအထားမှာ ပုဆိုးနှင့် လုံးဝမသ
ဖက်ချေ။ ဘောင်းဘီနှင့် အလွန် ကြည့်ကောင်းပြန်သ
ဒါတောင် ဂျင်းပဲန် ဝတ်မှ ပိုလိုက်ဖက်သည်။

ဖြောင့်စင်းသော သူ့ဆံပင်ထူအုပ်အုပ်ကို နဖူးပေါ်





သွပ်သင်ထားခြင်းက သူ့မျက်နှာကို ပိုမိုနုပျိုစေသည်။ အမှန်ဆို
မှန်မာပြည် စတားထဲက ဇော်ဝင်းထွဋ်နှင့် မင်းသား ရဲအောင်တို့
ဒ် ပေါင်းစပ်ထားသော မျက်နှာကျပုံစံနှင့် ခန္ဓာကိုယ် ဖြစ်သည်။

ပြီးမှ သတိဝင်ကာ...

'ငါနှယ် စာရေးဆရာမပီပီ သူ့မျက်နှာကို စာစီနေမိ
လိုက်တာ၊ ကိုကိုသာ သိရင် အဘယ်မျှ စိတ်မကောင်း ဖြစ်ရမလဲ'

ဟု စာနာတွေး ဝင်ကာ ကုတင်ဘေးမှ ခုံမှာ ထိုင်စောင့်
ရင်း အိပ်ပျော်သွားရတော့သည်။

ဘယ်လို အိပ်ကောင်းခြင်းမျိုးဖြင့် ဆုမြတ် အိပ်ပျော်မိ
သည်မသိ။ သတိဝင်လာတော့ ဆုမြတ် ခန္ဓာကိုယ်ပေါ်မှာ စောင်
ပါးပါးလေး ခြုံပေးထားသည်။ ဒေါ်အေး ခြုံပေးထားခြင်း ဖြစ်
သည်။

သားလတ် ကုတင်သို့ လှမ်းကြည့်စဉ် ငုတ်တုတ်ကြီး
ထိုင်နေသည်မို့ ဆုမြတ် ရှက်စနိုး ဖြစ်သွားရသည်။ သူနာစောင့်
က အိပ်ပျော်နေမိသည်ကိုး။ ပြူးတူတူး မျက်လုံးဖြင့် ကြည့်ရင်း

"သက်သာပြီလားဟင်"

"သက်သာပြီ"

"ဟာ.. မိုးတောင် လင်းတော့မှာပါလား၊ ရှင် ဆန်ဒွတ်
နဲ့ အိုဗာတင်း သောက်ပြီး ဆေးတော့ ကိုဇ်ကုန်အောင် သောက်
ရမယ်"

"ရတယ်လေ"

သည်မျှပဲ ပြောတတ်ပုံရသည် ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဆုမြတ် မီးဖိုခန်း သွားရန် ထလိုက်စဉ်. . .

"ခဏနေဦး၊ ခင်ဗျားခေါင်းက အနာပျောက်ပြီလား"

ဒါတော့ စိုးရိမ်ဖော် မေးဖော်ရ၍ ကျေးဇူးတင်ရသည်

"ပျောက်ပါပြီ၊ ခဏနော်. . . မီးဖိုထဲမှာ စားစရာ သွား

စီစဉ်လိုက်ဦးမယ်"

မျက်လွှာချကာ ပြောပြီး ခပ်ရှိုရှို ခန္ဓာကိုယ်ကို ကျုံ့က

ထွက်လာခဲ့မိသည်။

မီးဖိုထဲမှာ ဒေါ်အေးက ဆွမ်းကပ်ရန် ဆွမ်းတော်ပွဲ ပြ

ဆင်ပြီးနေပြီ။

"ဒေါ်အေး ညက လာနှိုးတာ စိတ်မရှိနဲ့နော်၊ ဆုမြ

တစ်ယောက်တည်း မသင့်တော်လို့ပါ၊ ညက အဖျားတော်တော

တက်နေရှာတာ"

"သူ့အနား နေသာ နေရတယ်၊ ဘယ်အချိန် ထအော

မလဲလို့ စိုးရိမ်စိတ်နဲ့ အိပ်ပျော်သွားတာ၊ မအေးတော့ မိုးအလင်း

ပဲ"

"ဟင်း. . . ဟင်း၊ ဒေါ်အေးကတော့ စံပါပဲ"

"အခုကော အဆင်ပြေရဲ့လား၊ တော်ကြာ"

ဒေါ်အေးက ရန်ဖြစ်မှာ စိုးရိမ်စိတ်နှင့် ပူမန်စွာ ပြော

ခြင်းမို့ ဆုမြတ်က လက်ကလေးနှစ်ချောင်း ထောင်ပြကာ. . .

"မပူနဲ့၊ စစ်ပြေငြိမ်းပုံ ရတယ်၊ မေမေ့အတွက် မအေ

စားစရာ ပို့နှင့်၊ ဆုမြတ် ဆေးတိုက်ပြီး လာခဲ့မယ်၊ အကျ

အကြောင်း မေမေ ဘုရားရှိခိုးပြီးမှ ပြောပြနော်"





"စိတ်ချပါ၊ ဆုမြတ်ရဲ့တပည့် မလွဲချော်စေရပါဘူး"

သို့နှင့် ဆုမြတ် သားလတ်အခန်းသို့ သွားကာ စားစရာ ကျွေး၊ ဆေးတိုက်ခြင်း ဆောင်ရွက်အပြီးမှာ. . .

"အား. . . ခုမှပဲ ပေါ့ပါးသွားတော့တယ်၊ ကျေးဇူးတင်ပါတယ်"

"ရပါတယ်၊ ရှင် သက်သာရင် မေမေ ဘုရားရှိခိုးဖို့ သွားတူချင်တယ်၊ ပြီးရင် လာတွေ့လိုက်ဦးနော်"

"အေးပါဗျာ၊ သွားချင်သွား၊ ပြီးရင် ဒေါ်အေးနဲ့ မုန့်ပုံးနဲ့ အိုဗာတင်း ပို့ပေးထား၊ ကျုပ်က ဗိုက်ဆာတတ်တယ်"

သည်လိုတော့လည်း ချိုသာတတ်သားပဲ။ လိမ္မာလာတယ်ဆိုလျှင် ဆုမြတ် ခေါင်းက အမာရွတ်ကလေး ကျန်ခဲ့ပေမယ့် မတောင်းပန်လည်း ဖြေသာပါတယ်။

ဒါပေမယ့် စိတ်ထဲမှာ. . .

တစ်ပတ်လုံး အိမ်ပြန်ဘဲ ဘယ်နေရာ သွားနေသည်ကို တော့ သိချင်နေပြန်သည်။

...ပြီးပါပြီ...

www.burmeseclassic.com



## အခန်း(၂၂)

"တူ. . . တူ"

ဖုန်းမြည်သံကြောင့် ဆုမြတ် ကမန်းကတန်း ဖုန်းကောက်ကိုင်လိုက်မိသည်။ ထင်သည့်အတိုင်းပင်။

"ဟဲလို. . . သည်းလေးလား"

တစ်ဖက်မှ ကိုကို့ခေါ်သံက အရင်စီးဝင်လာသည်။

"ဟုတ်"

"မနက်ဖြန် မနက်(၆)နာရီ ကားနဲ့ မော်လမြိုင်ကို ထွက်ခဲ့မယ်၊ ဘယ်ဟိုတယ် ရမယ်ဆိုတာ ရောက်မှ ဖုန်းထပ်ဆက်မယ် သည်းလေး လာတွေ့ဖို့ အဆင်သင့် ပြင်ထား"

"ဟုတ်. . . ဟုတ်ကဲ့"

"ဒါဆို ဒါပဲနော်၊ တွေ့တော့မှ ချစ်လက်ဆောင်တွေ





တစ်ဝကြီး ပေးတော့မယ်၊ အိုကေနော်"

"ဟုတ်"

တစ်ဖက်မှ ကိုကို့ အသံက ရွှင်လန်း ပေါ့ပါးနေသလောက် ဆုမြတ် စိတ်အစဉ်က လေးလံ ထိုင်းမှိုင်းနေသည်။

ငါချစ်တယ်လို့ ထင်ခဲ့လို့ ကိုကို့အချစ်ကို လက်ခံခဲ့တာ။ ဘယ်သူပဲဖြစ်ဖြစ် ကိုယ့်ချစ်သူနဲ့ တွေ့ရမယ်ဆိုတာနှင့် စိတ်ကူးနှင့် မြူးပျော်နေရမှာ။ ကြည့်စမ်း၊ ငါ ဘာဖြစ်နေပါလိမ့်။

ဆုမြတ် မတွေ့ချင်ဘူး ပြောလို့ကလည်း အခက်။ ဆုမြတ် တစ်နေ့လုံး စိတ်မှာ မရွှင်လန်း၍ လှုပ်ရှားသွားလာမှုများ နှေးကွေးလို့ နေသည်။

ဒေါ်ခင်သက်က ရိပ်စားမိ၍. . .

"သမီး နေကောင်းရဲ့လား"

"ကောင်းပါတယ် မေမေ"

"အင်း. . . ဖြေသံက လေးလံနေတယ်၊ သမီး စိတ်မရွှင်လန်းဘူး ထင်တယ်"

ဒေါ်ခင်သက်အပေါ် ဆုမြတ် ဟန်ဆောင်မရပါ။ အရိပ်သဖွယ် ကြည့်နေသူကိုး။

"ပြောစရာရှိ ပြောပါ သမီးရဲ့၊ ညက သားလတ်ကို မြူစုတာ ကျေးဇူးတင်ပါတယ် သမီးရယ်၊ အဲဒါကြောင့် ပင်ပန်းလို့လား"

"ဟို. . . မဟုတ်ပါဘူး မေမေရယ်၊ ဆုမြတ်တို့က တစ်အိမ်ထဲသားတွေပဲ၊ ခုလို ကူညီခွင့်ရတော့ စစ်ပြေငြိမ်းသွားတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့"

"အေး. . . ဟုတ်တော့လည်း ဟုတ်ပါရဲ့၊ မေမေလည်း ဒီလိုပဲ ကြားချင်မြင်ချင်စွာပါပဲ"

"မေမေ. . . မေမေ့ဆီ ခွင့်တောင်းပါရစေ"

"ပြောလေ သမီးရဲ့"

"မနက်ဖြန် ရန်ကုန်က သမီးမိတ်ဆွေ ရောက်လာမယ်၊ အဲဒါ သူ့ကို သွားတွေ့ခွင့်ပြုပါ"

"အိမ်မှာ တည်းခိုင်းပါလား"

"ဟင့်အင်း၊ သူက ယောကျ်ားလေး မေမေရဲ့"

ဒေါ်ခင်သက် သဘောပေါက် နားလည်လိုက်ပါသည်။

"ဒေါ်အေးကို အဖော်ခေါ်ခဏ ခေါ်သွားချင်လို့"

ယခုလို ပြောပြတော့မှပဲ ဒေါ်ခင်သက် စိတ်ချသွားကာ

"ခေါ်သွားလေ၊ သားလတ် ရှိနေတာပဲ၊ ဒါမှမဟုတ် ဟိုဘက် အိမ်က တစ်ဦးဦး အဖော်ခေါ်ထားလိုက်မယ်၊ စိတ်ချလက်ချ သွား"

ခွင့်တောင်းမည့်သာ တောင်းခံနေသည်၊ ဆုမြတ် မျက်နှာလေးက ပျော်ရွှင်ပုံ မရတာတော့ ဘေးကလူပင် သိသာလို့ နေသည်။





မော်လမြိုင်ဟိုတယ်မှာ ကိုကို ရောက်နေခြင်း ဖြစ်၍ ဆုမြတ် ဒေါ်အေးကို အဖော်ပြုကာ သွားတွေ့ခဲ့သည်။ မမြင်ရတာ ကြာပြီဖြစ်၍ ကိုကိုသည် နုပျိုလန်းဆန်းလို့ နေသည်။

မဝံ့မရဲ ဝင်လာသော ဆုမြတ်အနီးသို့ လျှောက်လာကာ ဆုမြတ်ထံ လက်ကမ်းပေးရင်း ဆီးကြိုရှာသည်။ အလိုက်သင့် လက်ကမ်းပေးသော ဆုမြတ်လက်ကို ဖမ်းဆုပ်ညှစ်လိုက်ကာ ခန္ဓာကိုယ်ချင်း နီးကပ်အောင် ဆွဲယူလိုက်သည်။

ဆုမြတ် ခန္ဓာကိုယ်လေးမှာ ဘေးမှ အဖော်ပါလာတာက တစ်ကြောင်း၊ ကိုယ့်ဘာသာ စိတ်မပျော်တာ တစ်ကြောင်းမို့ အလိုက်သင့် မဟုတ်ဘဲ တောင့်တောင့်ကြီး ဖြစ်သွားရသည်။

ကိုကိုကတော့ မရိပ်မိရှာချေ။ ဆုမြတ် မျက်နှာလေးကို ဆွဲယူမော့ကြည့်ရင်း. . .

"သည်း အရမ်းလှလာပါလား၊ အသားလည်း ပိုဖြူလာသလိုပဲ"

"ကိုကိုလည်း အတူတူပါပဲ"

"ကဲ. . . သည်းလေး၊ တစ်နေရာမှာ တစ်ခုခု စားရင်း စကားပြောကြတာပေါ့၊ ဟို. . ."

ဒေါ်အေးကို မျက်စပစ်ပြခြင်းပင်။ ကိုကိုက လွတ်လပ်စွာ သွားချင်ပုံ ရသည်။

"ဟိုလေ. . . အိမ်က အဒေါ်က အဖော်မပါရင် အပြင် မထွက်ရဘူးလေ"

"ဒါဆို ကိုကို သည်းလေးကို ချစ်သက်လက်ဆောင်တွေ



www.burmeseclassic.com

www.burmeseclassic.com



ပေးလို့ မရဘူးပေါ့"

"ခစ် . . . ခစ်၊ ဟုတ်တယ် ကိုကို"

ဆုမြတ် ရယ်သာ ရယ်ရသည်။ စိတ်မပါလှ။

"ကဲ . . . နောက်မှ စကားပြောကြတာပေါ့၊ စားပြီးရင် ဘုရားဖူးတော့ ပို့ပေးဦးနော်"

"စိတ်ချပါ၊ ဘုရားဖူးပြီး တောင်ဝိုင်းက view point မှာ စကားပြောကြတာပေါ့"

"သဘောဗျာ၊ သည်းလေးက အိမ်ရှင်၊ ကိုကိုက ဧည့်သည်၊ အိမ်ရှင် ပို့ဆောင်ရာ လိုက်မယ်ဗျား"

ပျော်ရွှင်နေသော ကိုကို့မျက်နှာကို မော့ကြည့်ရင်း ဆုမြတ် တိုးတိတ်စွာ အားနာလို့ နေသည်။

တကယ်ဆို ခွဲရတာ ကြာရှည်သည့် ချစ်သူအပေါ် နီးနီးကပ်ကပ် လက်ပွန်းတတီး တယုတယ ချစ်ကြည်နူးခွင့် ရချင်ရှာပေမည်။

ချစ်သူ၏လက်ကို ချိတ်တွဲထားရပေမယ့် ဆုမြတ် တွန့်ဆုတ် တွန့်ဆုတ် ဖြစ်နေမိသည်။ အမြဲတမ်း လက်မှ နာရီလေး တကြည့်ကြည့် ဖြစ်နေရှာသည်။

ကိုကိုက အလိုက်သိစွာပင် . . .

"သည်းလေး ပြန်ချင်နေရှာတယ် ထင်တယ်၊ မနက်ဖန် ကျိုက်မရောဘုရား သွားဖူးချင်တယ်၊ သည်းလေး ပို့ပေးရမယ် နော်"

"ဟင်း . . . ဟင်း၊ ရပါတယ်"





ဆုမြတ်ခမျာ တီတီတာတာ ချစ်စကား လွမ်းစကားတွေ ချွေသီရမှာ၊ ခုတော့ကာ အာစေးထည့်ထားသလို စကားလုံးများ ကျွံကျမလာ။

"သည်းလေး နေမကောင်းဘူးလား"

"ကောင်းပါတယ်၊ အိမ်မှာ ဒေါ်လေး နေမကောင်းလို့ နောက်ဆံတင်းနေလို့ပါ"

ဆုမြတ် မညာစဖူး ညာလိုက်ရပါပြီ။ ကြာကြာနေလျှင် ဘာစ်ခုခု စိတ်ညစ်စရာ ပေါ်မှာစိုး၍ ဖြစ်တော့သည်။

ဏ ဗ ္ တ

အိမ်ထဲသို့ ဝင်လိုက်သည်နှင့် . . .

"သိပ်ပျော်ခဲ့တယ်ပေါ့လေ"

ဟိန်းထွက်လာသော သားလတ်အသံကြောင့် ခန္ဓာကိုယ်လေးပင် တုန်တက်သွားရသည်။ ရန်မဖြစ်ချင်သော့၍ မကြားဟန်ပြုကာ အိမ်ပေါ် လှမ်းတက်စဉ် . . .



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ၊ ကြည်နူးရိပ်လေးတွေ ပျောက်ကွယ်မှာစိုးလို့ မကြားချင်ယောင် ဆောင်တာလား၊ အချစ်ဇာတ်လမ်း ရေးဖို့ ကိုယ်တိုင် ကွင်းဆင်း လေ့လာတယ် ထင်ရဲ့"

ကြည့်. . . ပြန်မပြောတော့လည်း မပြောလို့၊ ပြော တော့လည်း ရန်တွေ့တယ် ဆိုဦးမယ်။

မခံချင်စိတ်က ထောင်းကနဲ ခေါင်းထောင်ထလာကာ အိမ်ပေါ် ဆက်မတက်ဘဲ ပြန်လှည့်လာကာ သားလတ်နှင့် မျက်နှာချင်း ဆိုင်လိုက်ကာ. . .

"ဟုတ်တယ်၊ ကျွန်မချစ်သူ လိုက်လာလို့ သွားတွေ့တာ ဘာဖြစ်လဲ"

"ဩော်. . . ဟော်ဟော်၊ စာရေးဆရာမကြီးရဲ့ ချစ်သူ ဆိုလည်း အိမ်မှာ ခေါ်ပြီး ဧည့်ခံပါလား၊ ဘယ့်နှယ့်ဗျာ၊ လူမြင် ကွင်းမှာ ပလူးပလဲနဲ့"

"ဟုတ်တယ် ဟုတ်တယ်၊ လွတ်လွတ်လပ်လပ် သွားချင် လို့ အိမ်ကို မခေါ်တာ၊ ရှင့်အပူလား"

"ဟား. . ပူရတာပေ့ါ၊ ကိုယ့်အိမ်မှာ လာနေတဲ့ မိန်းမပျို လေးတစ်ယောက်ကို စောင့်ရှောက်ရမှာ တာဝန်ရှိတယ် ထင်လို့ ပါ"

"အမလေး. . လေး. . . ရှင့်ရဲ့စောင့်ရှောက်မှုကို ဒီ တစ်သက် ကန်တော့ဆွမ်းပါပဲ၊ မြီးကောင်ပေါက်အရွယ် မဟုတ် ဘူး၊ အသိဉာဏ်ရှိတဲ့အရွယ်. . . သိရဲ့လား"

"ကျွတ်. . . ကျွတ်၊ အသိဉာဏ်ရှိတဲ့သူတွေက ပိုဆိုး





သဗျ"

"ဘာရယ်"

"အဲ့ဒီလူတွေက အချစ်ရေစီးကြောင်းထဲ မျောပါရင် ဆယ်ဖို့ မလွယ်ဘူးဗျ"

"တောက်. . . နေနှင့်ဦးပေ့ါ"

ဆက်ပြီး စကားနိုင် မလုချင်တော့၍ အံကြိတ်ကာ အိမ် ပေါ် တက်လာခဲ့သည်။

နောက်တစ်ခါ ဖျားလို့ကတော့ ဘယ်တော့မှ မပြုစုဘူး ဟု၊ ဒေါ်မနသ ဝေဒနာဖြင့် စိတ်ထဲမှာ တေးထားရခြင်း ဖြစ် သည်။

...ဓမ္မာ...



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၃)

မိုးလင်းမှာ ကြောက်နေသော ဆုမြတ်အဖို့ သဲဘာ
အချိန်ကာလကိုတော့ လွန်ဆန်လို့ မရနိုင်ချေ။ တဖြည်းဖြည်းနှင်
မနက်(၉)နာရီကျော်သို့ ရောက်ပြီ။

ကိုကိုတစ်ယောက် ဆုမြတ်အား မျှော်လင့်နေမှာ သေ
ချာပါသည်။ စိတ်ထဲမှာ လုံးဝအပြင်ထွက်ချင်စိတ် မရှိတာရယ်
ကိုကို့အပေါ်မှာ ချစ်မေတ္တာစိတ်တို့ မဖော်ပြနိုင်ခြင်းတို့က ဆုမြတ်
စိတ်နှလုံးကို နောက်ကျိစေပြန်သည်။

တကူးတက လာရောက်သူအပေါ် ဥပေက္ခာပြုပါက
လည်း ရိုင်းရာကျမည်။ မသွားလို့ကလည်း မကောင်း။ သည်
တော့ ဒေါ်အေး အားလပ်ချိန်ထိ စောင့်ရတော့ အချိန်က
နောက်ကျပြီးသား ဖြစ်ရသည်။



ဆုမြတ် ကိုကို့ထံ ရောက်လာသောအခါ. . .

"မျှော်လိုက်ရတာကွာ"

"ဆောရီးပဲ ကိုကိုရယ်၊ လူမမှာရဲ့ ဝေယျာဝစ္စ မပြီးဘဲ
ပြင်ထွက်လို့ မရဘူးလေ"

"ဒါတော့ ဒါပေါ့၊ ကျိုက္ကမီ ရောက်တာနှင့် နေမြင့်နေပြီ"

"ဒါမျိုး ကိုကိုရာ၊ ဟိုမှာ ထမင်းဆိုင်တွေ ရှိပါ့၊ မွန်ထမင်း
င်းလက်ရာ ကောင်းမှကောင်း"

ဆုမြတ် ကိုကို စိတ်ကျေနပ်အောင် ချော့ရပြန်သည်။

မနေ့က ငှားသော အငှားကားကလေးဖြင့် ကျိုက္ကမီ
က်စဲသို့ ခရီးနှင်ကြမည်။ ကားထဲ ဝင်ထိုင်ကာနီးမှာ အိမ်မှာ
ဘည်းက ဆုမြတ် မှာထား၍ ဒေါ်အေးက ဆုမြတ်လက်ကို
ဲတ်ထားတာ လုံးဝမဖြုတ်။

အမှန်ဆို ဒေါ်အေးက ရှေ့မှာ ထိုင်၊ ဆုမြတ်တို့ စုံတွဲက
က်မှာ အတူတွဲထိုင်ရင်း ချစ်ကြည်နူးစွာ ခရီးဆက်ကြရမှာ။
တော့ ကားရှေ့ထိုင်ခုံမှာ ကိုကို့ခမျာ အောင့်သက်သက် ဝင်ထိုင်
က်ရသည်။ ဒေါ်အေးက နောက်ခန်းမှာ ဇွေ့ကနဲ ဝင်ထိုင်ရင်း
ြတ်ကိုပါ ဆွဲသွင်းလိုက်ရသည်။

ကားလမ်းတစ်လျှောက် စိမ်းညို့ညို့ ရာဘာပင်တော
နှင့် တောင်စွယ် တောင်တန်းများသို့ ငေးမောရင်း ဆုမြတ်
က်ပါလာခဲ့သည်။

တကယ်ဆို ချစ်သူအပေါ် ကယုကယင် ရင်ခွင်တွင်း
မှီနွဲ့ရင်း သည်ဒေသ၏ အလှအပများကို ကြည့်ရှုကြည်နူးစွာ

www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆည်းလည်းသံများ လှိုင်စေရမှာ။

"ဟူး"

တိတ်တခိုး သက်ပြင်းချရင်း. . .

ငါတော့ အပြစ်တစ်ခုခု ကျူးလွန်နေပြီ ထင်တယ်။

ဘုရားရောက်ပြန်တော့ စောင်းတန်းဘလျှောက် လ လျှောက်လည်း ဒေါ်အေးက ကန့်လန့်ကန့်လန့်။ ဘုရားဖူးပြ တော့ အမျိုးသားများက တစ်နေရာ၊ အမျိုးသမီး အာရုံခံ သီးခြားဖြစ်သည်။

"ဒီဘုရားရဲ့ အတွင်းဆံတော်ဓာတ်ကို ဒီဘုရား အောက်ခြေမှာ ဌာပနာထားတာမို့ မိန်းမတွေ လိုက်ဝင်ဖူး မရဘူး ကိုကိုရဲ့၊ ဆုမြတ်တို့ ဒီဘက် အာရုံခံက ဖူးမယ်နော်"

ဟု ဆုမြတ် ရှင်းပြရသည်။

ကိုကို့ရည်ရွယ်ချက်က ချစ်သူရည်းစားလေးနှင့် အတူ ယှဉ်တွဲထိုင်ကာ 'အတူပေါင်းရပါစေသား' ဟု ဆုတောင်းဆ ပြုချင်သည်။ သည်ဆန္ဒလည်း မပြည့်ဝ။ ချစ်ခွန်းချွေ အနမ်းဝေ များပင် ဆက်သခွင့်မရ။ ဘေးမှာ ယက္ခ၊ ဂုမ္ဘာဏ်က ထပ်ချ မကွာ လိုက်ပါနေသည်။

ထမင်းစားပြန်တော့ နှစ်ဦးသား ပူးကပ် နွေးထွေး စားခွင့်မရ။ ချစ်သူနှင့် ဟိုဘက်သည်ဘက် ထိုင်ကာ စား သည်။ ကိုကို့ မျက်နှာရိပ်ခြေကို ကြည့်ပြီး ဆုမြတ်တို့မှာ အ လည်း နာ၊ နေရထိုင်ရ ကသိကအောက် ဖြစ်နေရတာ အ ပင်။





အပြန်လမ်းမှာတော့. . .

"သည်းလေး. . . ကိုကိုနဲ့အတူ ထိုင်ရအောင်"

"ဪ. . . အင်း"

ဒေါ်အေးက တစ်စက်မျှ လက်တွဲမဖြုတ်၍. . .

'ဘေးက အန်တီအေးခများ လက်မောင်းချိတ်ထားတာ သောင်းရောပေါ့၊ ကျွန်တော် အစားဝင်ပါရစေဦး'

ဟု ဖွင့်ပြောယူရသည်အထိ။

ဒေါ်အေးကလည်း ဆုမြတ်အတွက် ဝဲလာမည့် ရွှေစွန် ကို သိမ်းငှက်နှုတ်သီးနှင့် ပြန်ပက်ရှာသည်။

"ဟော့ဒီ လက်မောင်းကြီး ပြုတ်ကျသွားပါစေ၊ မအေး မေမေကြီး မှာကြားတဲ့အတိုင်း အိမ်ထဲရောက်မှ လက်မောင်း ချိတ်ခွင့် ရမှာပါ"

"အရှုံးပေးပါတယ်ဗျာ၊ သက်တော်စောင့် ရာထူးထဲမှာ တော့ အထူးဆု ပေးထိုက်ပါတယ်"

ကိုကိုလည်း မတတ်သာသည့်အဆုံး အငေါ်တူးစကား ပြောရုံသာ တတ်နိုင်တော့သည်။

"ကဲ. . . သည်းလေးကရော ရန်ကုန် ဘယ်တော့ ပြန် မှာလဲ"

"ကြာဦးမယ် ကိုကို"

ကိုကို့မျက်နှာကြီး ညှိုးသွားရသည်။

"ဟုတ်တယ်၊ မအေးတို့ မေမေကြီးက နှလုံးရောဂါ ရှိ၊ လေဖြတ်ထား၊ နာတာရှည် ဖြစ်နေတာ၊ မအေးတို့



www.burmeseclassic.com

www.burmeseclassic.com



ဘောင် အနားကပ် ပြုစုလို့ မရဘူး၊ ဟောဒီ မမလေး ကျွေး ဆေးတိုက်မှ ပြုစုမှ စားတာ သောက်တာမို့ ပြန်ဖြစ်မယ် မ ပေါင်"

ဒေါ်အေး ဝင်ပြောမှ ပိုပိုဆိုးကုန်တော့သည်။

"ဩော်. . . ခက်တာပဲ"

ဟု ခေါင်းကုတ် ညည်းသူက ကိုကိုဖြစ်သည်။

"အန်တီခင်ပွန်း ပြန်လာရင် ပြန်လာမှာပါ"

"သူက ဘယ်သွားနေလို့လဲ"

"အမေရိကားကနေ စင်ကာပူက သမီးဆီ ဝင်ပြီး ရောက်မယ် ထင်တယ်"

ဆုမြတ် ပြေရာပြေကြောင်း ဝင်ပြောမှပဲ. . .

"မြန်မြန် ပြန်လာပါစေလို့ ဆုတောင်းရတော့မှာပဲ"

"ဩော်. . . ဒီမှာ ဝေမာ့အတွက် ကျိုက္ခမီလက်ဆောင် ပေးဖြစ်အောင် ပေးပေးနော်၊ စာရေးပါဦးလို့"

"သည်းလေးက သူငယ်ချင်းအတွက်တော့ မမေ့ဘူး ကိုကို့အတွက်ရော"

ကြည့်စမ်း. . . ဆုမြတ်တို့ အားနည်းချက်များ။

"ဆုမြတ်က ကိုကို့အတွက် ဦးထုပ်ဆိုင် ရောက်မှ လ ဆောင် ဝယ်ပေးဖို့ အစီအစဉ် ရှိပါတယ် ကိုကို"

သည်ဖြေသံလေး ကြားရမှ ကိုကို့မျက်နှာ ဝင်းကြည် သွားရသည်။

"မနက်ဖန် မနက်စောစော ကိုကို ပြန်ရမယ်၊ တိုး



အမြတ်ခွန်ကိစ္စ ပြီးရင် ပတ်စ်ပို့ သက်တမ်းတိုးဖို့ကိစ္စ သင်တန်း တက်ရမှာတွေ ရှိသေးတယ်၊ မပြန်လို့တော့ မဖြစ်ဘူး၊ သည်း လေး လာမှပဲ တွေ့ခွင့်ရတော့မယ်"

"ဟိုလေ. . . တွေ့ရ မတွေ့ရ ဝေးပေမယ့်လည်း မမေ့ တတ်ရင် ပြီးတာပါပဲ"

"အင်းပေါ့လေ၊ ခုတော့ ဒီလောက်နဲ့ပဲ ဖြေသိမ့်ရတော့ မှာပေါ့"

ဆုမြတ်ကတော့ မျက်တောင် ပုတ်ခတ်ပုတ်ခတ်နှင့် ပြောကာ ဆက်ပြောဖို့ စကားစ ရှာမရတော့။ စာရေးဆရာမ နှုတ်က ချစ်ခြင်းစကားလုံးတွေ ပြောင်မြောက်စွာ ရေးသားတတ် သလောက် ပါးစပ်က အာစေးထည့်ထားတာထက် ဆိုးနေတော့ သည်။

ဆုမြတ် ဆုံးဖြတ်ပြီးသားပါ။ ဆုမြတ်ရဲ့ ဘဝအဖော်မွန် ကို မည်သူ့ကိုမျှ အတည်တကျ မရွေးချယ်ရသေးတာ သေချာ နေပြီမို့ ဆုမြတ်ရဲ့ အလှပန်းတို့ ချွေဆွတ်မခံနိုင်ပါ။

သည်တော့ မိမိအတွက် မိမိကိုယ်ကို ကာကွယ် စောင့် ရှောက်ရမည်လေ။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ နံနက်စောစော ဒေါ်အေးနှင့်အတူ မီးဖိုထဲ ဝင်စဉ်. . .

"ဆုမြတ် ဟိုညေ့သည် လိုက်မပို့တော့ဘူးလား"

"ဟင့်အင်း"

"ဒေါ်အေး တစ်ခု မေးချင်လို့"

"မေးလေ"

"ဆုမြတ် အဲဒီလူကို တကယ် ချစ်ပုံမရဘူးလို့ မြင်တယ်"

"ဒေါ်အေးက အဲသလို အကဲခတ်မိလို့လား"

"ဒါပေါ့၊ ကိုယ် တကယ် ချစ်ကြိုက်တဲ့လူဆိုရင် ဘေးလူကိုလည်း အဖော်ခေါ် ချင်ကြမှာ မဟုတ်ဘူး၊ ချစ်သူ့ရင်ခွင်ထဲမှာ အရှိန်အား ပြင်းတဲ့ သံလိုက်ဆွဲငင်အားနဲ့ အဆွဲခံထားရသလို တိုးကပ်နေမိမှာ၊ ဟီဟိ"

"ကြည့်စမ်း. . . ကြည့်စမ်း၊ ဧည့်ဒေါ်အေး အပျိုကြီးသာဆိုတယ်၊ ဇာတ်လမ်း ရှိခဲ့ဖူးတယ် ထင်တယ်၊ မှန်မှန်ပြောစမ်း"

"ဟီ. . . ဟီ၊ ငယ်ငယ်တုန်းကတော့ အမြီးပေါက်ခဲ့ဖူးတာပေါ့၊ ဒါပေမယ့် သူတို့က ထားခဲ့လို့ ကြေကွဲလိုက်ရတာ အခုနေ သွားကြည့်စမ်း၊ သူတို့က ဆံဖြူသွားကျိုး ခါးကုန်းပြီး မျောက်အိုကြီးနဲ့ တူနေပြီ၊ ဘာမှ ချစ်စရာ တစ်ကွက်မှ မရှိတော့ဘူး၊ မအေး တရားကျ သံဝေဂ ရတာ ပြောပါတယ်၊ ငါ မယူခဲ့တာ ကံကောင်းလို့"

"တတ်လည်း တတ်နိုင်တဲ့ ဒေါ်အေး"

"နေပါဦး ဆုမြတ်ရဲ့၊ ရန်ကုန်သားကို ဘာကြောင့် မချစ်





တော့တာလဲ"

"အင်း. . . ဆုမြတ် ကျောင်းသူဘဝမှာ ကြိုက်ခဲ့တာ ဆိုပေမယ့် ဆုမြတ်နဲ့ ကြိုက်ပြီး လပိုင်းလောက်မှာ သူက နိုင်ငံခြား ထွက်သွားတာ၊ သိပ်နွေးနွေးထွေးထွေး သံယောဇဉ် ဖြစ်ခွင့် မရှိခဲ့ကြဘူး၊ အခု ပြန်ဆုံတော့လည်း ဆုမြတ်ရဲ့ အတွင်းရင်အိမ်မှာ ရင်ခုန်သံ စည်းချက် မမြည်လာဘူးလေ၊ တစ်ချိန်က ချစ်သူလို့ သတ်မှတ်ချက်နဲ့ ပညတ်စိတ်နဲ့ သွားတွေ့ဆုံတာပါ၊ ကိုယ့်ဆီကို တကူးတက လိုက်လာတော့ အားနာတယ်လေ၊ ဒီလောက်ပါပဲ၊ ဆုမြတ်ဘဝအတွက် ဖူးစာရှင်အဖြစ် ရွေးချယ်ဖို့ တန်းစီဇယားမှာပဲ ရှိသေးတာ၊ ဒါကို ဆုမြတ်က လက်လွှတ်စပယ် နှစ်ယောက်တည်း သွားလာခဲ့ရင် ဆုမြတ်ပေါ် သူ ဘယ်လို ဆက်ဆံမယ် မသိဘူးလေ၊ ဒါကြောင့် ဒေါ်အေးကို ကြားခံဒိုင်းသဖွယ် ခေါ်ရတာပေါ့"

"ဆုမြတ်က မိန်းမကောင်း ပီသတဲ့ အတွေးခေါ် ရှိပါပေတယ်၊ တချို့မှား ပညာတွေတော့ တတ်ပါရဲ့၊ ယောကျ်ားလေးဆို မကြောက်မရွံ့ သွားကြတာ၊ ကိုယ်ကျိုးနည်းကြရော၊ ဒါကြောင့် ဖက်ပေါ် ဆူးကျ ဆူးကျိုး. . အဲ. . . အဲ"

"ဒေါ်အေး တစ်ယောက်ကတော့လေ၊ ဆူးပေါ် ဖက်ကျ ဖက်ပေါ် ဆူးကျ၊ ဖက်ပဲ ပေါက်မှာလေ"

"အေး. . . အေး ဟုတ်ပါရဲ့၊ ဟင်း ဟင်း"

. . . . . .



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၄)

ကိုကို ပြန်သွားပြီမို့ စိတ်တို့ ပေါ့ပါး လွတ်လပ်သွားတော့သည်။

ထုံးစံအတိုင်း ဒေါ်ခင်သက်၏ ဝတ္တရားများကို အစွမ်းကုန် ဆောင်ရွက်ပေးပြီး နေ့လည်ခင်း ဒေါ်ခင်သက် တရေးတမော အိပ်ပျော်နေချိန် ဆုမြတ် အောက်ထပ် ဧည့်ခန်းမှာ အနားယူရင်း စီဒီဖွင့်ကာ သီချင်း နားထောင်လို့ နေလိုက်သည်။ စာရေးနိုင်ရန် မုဒ်သွင်းနေခြင်းလည်း ဖြစ်သည်။

အချိန်လေး ရလာကာ ရှိသေး၊ ရုတ်ချည်း သီချင်းသံ တိတ်ဆိတ်သွား၍ မီးပြတ်သွားပြီ အထင်နှင့် မျက်လုံးဖွင့်ကြည့်လိုက်ရာ လည်ရာပြန်စားရေး အလုပ်ခွင်မှ သားလတ် ရောက်ရှိလာပါပြီ။ ဆုမြတ်ကို မြင်တာနှင့် အပြစ်ပြောဖို့က အဆင်သင့်ပင်။

"ဟော. . . ဒီနေ့ ရှူတင်မရှိဘူးလား စာရေးဆရာမကြီး





ရဲ့"

ဆုမြတ် တမင် မကြားချင်ယောင် ဆောင်ကာ မျက်နှာလွှဲထားလိုက်သည်၊ မရ။ အတင်းပင် ဆုမြတ်မျက်နှာရှေ့ ခါးကိုင်းလာပြီး စေ့စေ့ကြည့်ကာ. . .

"ဇာတ်လမ်းလေးဘာလေး သွားမရှာတော့ဘူးလားလို့"

"သွားစမ်းပါ"

ဆုမြတ် လက်ထဲ ရှိတာနှင့် ကောက်ပေါက်တော့ စာအုပ်ဖြစ်နေ၍ သူ အထိမနာ။

"နောက်ကို အဲသလို လျှောက်အတွဲခုတ်လို့ကတော့ လူရှေ့မှာ အတင်းဆွဲခေါ်မှာ"

"ဩ. . . ရှင့်ခေါ်တိုင်း လိုက်ရမှာလား"

"ဟား. . . လိုက်ရမှာပေါ့၊ ခင်ဗျားက အလုပ်သမားလေ၊ မေမေ အခွင့်အရေး ပေးတိုင်း အခွင့်အရေး မယူချင်ပါနဲ့၊ သတိပေးတာ"

ပြောင်သလို နောက်သလို ပြောနေပေမယ့် သားလတ် စကားက မှန်နေတော့ ဆုမြတ်ရင်ထဲမှာ ထိခိုက်သွားရတာ အမှန်ပင်။

နောက်ပြီး အရင်တစ်ခါက ကိစ္စကတည်းက သားလတ်နှင့် ဘက်ပြိုင် ရန်မဖြစ်ပါဘူးဟု ဆုံးဖြတ်ထားသည်မို့ ဆုမြတ် အရှုံးပေးထားလိုက်ခြင်း ဖြစ်တော့သည်။

ဆုမြတ်တို့ သွားရာနောက် တကောက်ကောက် လိုက်ကြည့်လို့ ဖြစ်ပေမည်။ တကယ် မလွယ်တဲ့လူ။



www.burmeseclassic.com

www.burmeseclassic.com

"ဆုမြတ်ရေ. . . ဒူးရင်းသီး စားမယ်ဟေ့"

ဒေါ်အေး အော်ခေါ်သံ ကြားမှ ဆုမြတ် ထွက်ပေါက်ရတဲ့ ကလေးပမာ အပြေးထွက်လာခဲ့တော့သည်။

မီးဖိုထဲမှာ ဒူးရင်းသီးအိတ်က ပီနံအိတ်ကြီးနှင့် အပြည့်။

"သားလတ် နတ်စမ်းရွာက သူတို့ခြံကနေ သယ်လာတာတဲ့"

"ဟယ်. . . ဒီမှာလဲ မင်းဂွတ်သီးတွေ"

ထမင်းစားပွဲပေါ်မှာ ကျွတ်ကျွတ်အိတ်ကြီးနှင့်အပြည့် မင်းဂွတ်သီး အလုံးကြီးကြီးတွေ။

"ဆုမြတ်တို့တော့ ကော်တာပဲနော်၊ ဒီတစ်ခါကျတော့လည်း သူက တော်သွားပြန်ရောဟဲ့"

ဒေါ်အေးက အသံအုပ်၍ အတင်းပြောစဉ် ဆုမြတ်က ဓားမကြီးတစ်ချောင်း ယူကာ အုန်းသီး အခွံခွာသကဲ့သို့ ဒူးရင်းသီးကို ခွာနေသည့်ပုံစံကို ဒေါ်အေးက မြင်၍ ခွက်ထိုးခွက်လန် ရယ်၊ ဆုမြတ်က အရှုံးမပေး ဆက်ခွဲ၊ ဒူးရင်းသီးအခွံက အရာမယွင်း။ ဟုတ်လို့တော့ နေပြီ။ ဆုမြတ် မှားနေပြီဆိုတာ သိလိုက်ပါပြီ။

ထိုစဉ်. . .

"ပေးစမ်းပါဗျာ၊ လက်တွေ စူးတော့မှာပဲ၊ ဟောဒီမှာ မသေမချင်း မှတ်ထား"

ဟုတ်တော့လည်း ဟုတ်ပါသည်။ ဒူးရင်းသီးသာ စားဖူးတာ၊ တစ်ခါမှ လက်တွေ့ အခွံမခွာဖူးတော့ ရယ်စရာ ဖြစ်ကုန်





တော့သည်။

ဒူးရင်းသီးမှည့် အခွံထိပ်ကို ဓားဖျားလေးနှင့် အရာပေးပြီး အလိုက်သင့် လက်နှင့်ဆွဲဖြဲလိုက်တာနှင့် ဝင်းဝါ မွှေးအီသော ဒူးရင်းသီး အမွှာများကို တွေ့ရသည်။ သွားရည်ပင် ထိန်းထားရသည်။

"ဒီလိုတော့လည်း ဟုတ်လို့၊ ကျေးဇူးပဲနော်"

"သွား. . . လာပြီး လောကွတ်ချော်မနေနဲ့၊ ရန်ကုန်သူ ဒူးရင်းသီး မခွဲတတ်သေးဘဲနဲ့ ယောက်ျားယူလို့ မရသေးဘူးဗျ"

သားလတ် ပြောစကားကြောင့် ဆုမြတ် မျက်စောင်းထိုး ကြည့်လိုက်သည်။ နှုတ်ခမ်းစူနေသည်ကို ကြည့်ပြီး တဟားဟား ရယ်လို့နေသည်။

ပြီး. . . နောက်ထပ် ဒူးရင်းသီး ထပ်ခွဲရန် လက်နှင့် တဘုတ်ဘုတ် ပုတ်ကာ နားထောင်ပြီး ဆက်ခွဲပေးနေသည်။ သားလတ်က နှုတ်မှ ဖိုးကနဲ ဖတ်ကနဲ အပြောဆိုးတာကလွဲ၍ သဘောတော့ အကောင်းသားဟု စိတ်ထဲမှ မှတ်ချက်ချနေမိသည်။

ဒူးရင်းသီး အမွှာများကို ကော်ယူပေး၍ ဆုမြတ်က အလိုက်သင့် ပန်းကန်နှင့် ခံယူရသည်။ ဒေါ်အေးကတော့ ထုံးစံအတိုင်း ခပ်ဝေးဝေး နေပေသည်။ သားလတ်ကို မြင်တာနှင့် ကြောက်တတ်သူ ဖြစ်သည်။

"ဟောဒါ မေမေ့ဖို့ ရွှေဒင်္ဂါးသီး ခေါ်တယ်၊ အမှန်ချည်းပဲ စားကြည့်ပါလား၊ ရော့"


www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ထဲမှ ဒူးရင်းသီးမွှာကို လှမ်းပြီး ပေးနေ၍ ဆုမြတ် လှမ်းယူစဉ်. . .

"ဟာ. . . လက်တွေ ပေကုန်တော့မယ်၊ ဟာစမ်းပါ ဒီပါးစပ်၊ ရော့. . . ရော့၊ စားလည်း စားချင်သေး၊ လက်ကလည်း နေးနဲ့၊ အိုက်တင်ခံမနေစမ်းပါနဲ့"

သားလတ် အော်မှ ကြောက်၍ ဆုမြတ် အလိုက်သင့် ပါးစပ်ဟာပေးရသည်။ ဆုမြတ်က ဒူးရင်းသီးအရသာကို မြိန်ယှက်စွာ ခံစားလိုက်ပြီး. . .

"ဟယ်တော့. . . အသားချည်းပဲနော်၊ အစေ့မပါဘူး"

"ဒါ နိုင်ငံခြားမျိုးလေ၊ အစေ့က ဒီမှာ ထွင်ထားခဲ့တာ ကြည့်"

သားလတ်က ခုန ခွံ့ခဲ့သော ဒူးရင်းသီးစေ့ကို ပြလိုက်သည်။ ဒူးရင်းသီး မျိုချပြီးမှ ဆုမြတ် ဖျတ်ကနဲ တွေးကာ မျက်နှာကြီး မဲ့သွား၍. . .

"ကြည့်. . . ခင်ဗျားက ဘာဖြစ်ရပြန်တာလဲ"

"ဟိုလေ၊ လက်မှ ဆေးရဲ့လားလို့"

"ငါကွာ. . . ထထုလိုက်ရ"

စိတ်ကောင်းဝင်နေ၍ သည်မျှ အရှိန်ရပ်သွားခြင်း ဖြစ်သည်။ သူတို့နှစ်ယောက်ကို ကြည့်ပြီး မအေးက တခစ်ခစ် ရယ်နေစဉ် ထမင်းစားခန်းဝမှာ အိပ်ယာနိုး၍ ဆင်းလာသော ဒေါ်ခင်သက်ကို လှမ်းမြင်သဖြင့် ဒေါ်အေး အော်မည်စိုး၍ ဒေါ်ခင်သက်က တိတ်တိတ်နေဟု အချက်ပြကာ ပြန်လှည့်ထွက်



သွားတော့သည်။ ဒေါ်ခင်သက် မျက်နှာမှာ ပြုံးလို့နေသည်။

ဒေါ်အေး ခြေကို ဖော့နင်းကာ မီးဖိုထဲမှ ထွက်ခဲ့သည်။ ဒေါ်ခင်သက် လှမ်းခေါ်၍ ဧည့်ခန်းသို့ တွဲခေါ်ရင်း. . .

"သူတို့ အဆင်ပြေနေကြတယ်လား"

"ဟုတ်တယ် မေမေကြီး"

"ဟဲ့. . ဟိုတလောက ဧည့်သည်က သမီးလေးရည်းစားလား"

"ဟုတ်လည်း ဟုတ်တယ်၊ မဟုတ်လည်း မဟုတ်ဘူး"

"နင့်စကားက ဘာလဲ"

"ရည်းစားတော့ ဟုတ်တယ်၊ ဒါပေမယ့် ဆုမြတ်ပုံစံ ကြည့်ရတာ ဟိုဘက်အပေါ် အဲဒီစိတ်မျိုး မဟုတ်ဘူးလို့"

"နင်က ဘယ်လို သိတာလဲ"

"ဟာ. . ဒီလိုလေ၊ ဆုမြတ်က မှာထားတယ်၊ ဟိုကို တွေ့တဲ့အခါ ဆုမြတ်လက်ကို ချိတ်ထား၊ မဖြုတ်နဲ့တဲ့၊ ဟီ. . ဟီ၊ အဲဒီလူ ကပ်ချင်တာ ကပ်မရဘူးလေ"

"သူတို့ချင်းက ကြာပြီတဲ့လား"

"ဒီကို မလာခင်လေးကမှပဲ ကြိုက်ပြီး လပိုင်းလောက်မှာ နိုင်ငံခြား ထွက်သွားတာတဲ့၊ ဆုမြတ်က အားနာလို့ သွားတွေ့တဲ့ သဘောပဲ ရှိတယ်၊ ဘာမှ နှုတ်စကား ပေးခဲ့ဘူး"

"အေး. . . ကောင်းတာပေါ့"

"ဘာလဲ. . . မေမေကြီးက သားလတ်နဲ့ ပေးစားချင်လို့ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ဒါပေါ့၊ ကလေးတွေ အနေခက်အောင် ညည်း ဘာစကားမှ မကျွံစေနဲ့၊ အခြေအနေကိုသာ ငါ့ကို ပြော"

"ဟုတ်ကဲ့ပါ မေမေကြီး"

ထိုစဉ်. . .

"တူ. . . တူ"

"ဟဲ့. . . ဖုန်းမြည်နေတယ်၊ မအေး ကိုင်လိုက်ပါဦး"

မအေး ဖုန်းခွက် ကောက်ကိုင်စဉ်. . .

"ရန်ကုန်က သားကြီးတဲ့၊ ဆုမြတ်ကို ခေါ်ခိုင်းနေတယ်"

"ခေါ်ပေးလိုက်လေ"

"ဆုမြတ်ရေ. . . သားကြီးက ဖုန်းပြောမယ်တဲ့"

ဆုမြတ် အပြေးလေး လာရှာတော့သည်။ ဒူးရင်းသီး စားလက်စ လက်စသတ်ကာ ဖြေးရသည်။

"ဟုတ်ကဲ့၊ ပြောပါ ကိုကြီး"

"ဆုမြတ်လား"

"ဟုတ်ပါတယ်"

"မေမေရော အားလုံး နေကောင်းကြရဲ့လား"

"ကောင်းပါတယ်၊ အခုတောင် သားလတ် ဒူးရင်းသီး ခွဲကျွေးလို့ စားဖို့ ပြင်ဆင်နေကြတာ"

"ဒီကောင် ပြန်ရောက်ပြီလား၊ အားလုံး အေးဆေးပဲ မို့လား"

"ဟုတ်ကဲ့ အေးဆေးပါတယ်၊ မှာစရာရှိတာ မှာပါ ကိုကြီး"



"အေး. . . သန်ဘက်ခါ ဖေဖေ ပြန်လာမယ်၊ မေမေ ...တုန်ဆင်းလာမလို့ လာမယ်ဆို မနက်ဖြန် ဆင်းလာခဲ့လို့၊ ...းလတ်ကို ကားမောင်းခိုင်းပေါ့၊ ဖေဖေ့ကို လာခေါ်ဖို့လေ"

ဆုမြတ် ဖုန်းခွက်လေး လက်နှင့် ဖိကာ. . .

"သန်ဘက်ခါ ဖေဖေ ပြန်လာမယ်၊ မနက်ဖြန် မေမေ ...င်းလာမလားတဲ့"

ဒေါ်ခင်သက်အား လှမ်းမေးရာ. . .

"မဆင်းတော့ဘူး၊ သားလတ်ကိုပဲ လွှတ်လိုက်မယ်လို့"

"ကိုကြီးရေ. . . မေမေက သားလက်ကိုပဲ လွှတ်လိုက် ...ယ်တဲ့"

"ကောင်းပြီ ကောင်းပြီ၊ ခြံထဲက ဒူးရင်းသီးနဲ့ မင်းဂွတ်သီး ...ယ်လာခဲ့ပေးဦးလို့"

"ဟုတ်ကဲ့ စိတ်ချပါ ကိုကြီး"

"အေး. . . အေး၊ ဒါဆို ဒါပဲနော်"

"ဟုတ်"

ဖုန်းချပြီးတာနှင့် သားလတ်ကပါ ညှော်ခန်းထဲ ဒူးရင်းသီး ...်းကန် ယူလာကာ အမေရှေ့မှာ ချပေးရင်း. . .

"ဘယ်က ဖုန်းလဲ မေမေ"

"ကိုကြီးဆီကလေ၊ သန်ဘက်ခါ မင်းဖေဖေ ပြန်လာ ...ယ်တဲ့၊ မင်း ရန်ကုန်ဆင်းပြီး ကားနဲ့ လာကြိုပါတဲ့"

ဒေါ်ခင်သက် ပြောပြနေစဉ် သားလတ် မျက်နှာကြီး ...တွသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"နောက်ပြီး ခြံထဲက ဒူးရင်းသီးနဲ့ မင်းဂွတ်သီး ယူလာ
ပေးပါတဲ့"

"ကောင်းရော၊ လူကို မနားရအောင် ခိုင်းတော့တာပဲ"

"ဒါလေး လုပ်ပေးရတာပဲ သားရယ်"

"အင်း. . . ပြဿနာပဲ ပြဿနာပဲ၊ ပြဿဒါးရက်ထဲ
ကြုံရတော့မယ်"

ဆုမြတ် ကြားက မနေနိုင်မထိုင်နိုင် ဝင်၍. . .

"ရှင် ကောင်းကောင်း နေပြ လုပ်ပြရင် ဘာပြဿနာ
ပြဿဒါးနဲ့မှ မကြုံရဘူးပေါ့"

"ခင်ဗျား ဘာသိလို့လဲ၊ ကျုပ်အဖေအကြောင်း ဘယ်
လောက် သိလို့ ပြောရတာလဲ၊ အခုလည်း သူ စင်ကာပူ ရောက်
လာလို့ ပြန်ပြေးလာရတာ၊ မြန်မာပြည် ရောက်လို့ မော်လမြိုင်
လာနေရင်တော့ ရန်ကုန်ကို ပြေးရတော့မယ်"

ဒေါ်ခင်သက်ကတော့ သားလတ်၏အကြောင်းကို သိ
ပြီးသားမို့ ဘာမှ ဝင်မပြောချေ။ အခုအရွယ်အထိ ဟုတ်တိ
ပတ်တိ အိမ်က စီးပွားရေးကို အားကိုး၍ မရသေး။ ခိုင်းတာ
လုပ်ရုံမျှပဲ ရှိသေးသည်။

သူ နိုင်ငံခြား ထွက်သွားပြီး အလုပ်လုပ်ပြန်တော့ ...
ရှာလာတဲ့ငွေကို တစ်ပြားတစ်ချပ်မှ မမြင်ရ။ ကာရာအိုကေဆိုင်
သွားလိုက်၊ စားသောက်ဆိုင် သွားလိုက်နှင့် ကုန်သလောက် ရှိနေ
ပြီ။

ဖအေ ပြန်လာ၍ စစ်လားဆေးလား မေးကြပြော...





...ခွင့် ပြဿနာတက်ရဦးမည်။ သူ့အကြောင်းလည်း သူသိသည်။

သို့ပေမယ့် အိမ်က ခိုင်းတာကိုတော့ အခုချိန်မှာ
...သည်းမည်။ လုပ်ပေးရှာသည်။ ဒါကိုပဲ ကျေးဇူးတင်ရတော့
...သည်။

"မေမေ. . . အဆူမခံရတဲ့ဂါထာ ရှိရင် သင်ပေးပါလား
...မေရာ၊ ဖေဖေ့ကို ကြုံပြီး ပြန်လာရင် လမ်းတစ်လျှောက်လုံး
...ဿနာပဲ"

သည်လိုတော့လည်း သားလတ် ပုံစံက ကလေး တစ်
...သောက်လိုပင်။

မွေးလာသမျှ သားသမီးထဲမှာ မအေကို အခွင့်တွယ်ဆုံး
... ဒီသားပဲ ဖြစ်သည်။ မအေကလည်း ဒီသားကို မျက်ကွယ်မပြု
... ဖြစ်နေရသည်။

"ဖေဖေ့ပုံ ရင်ဘတ်မှာ ကပ်သွားပေါ့ကွယ်၊ ဒါဆို ငါ့သား
...သား အဖေကို မမေ့ရှာဘူးဆိုပြီး အမျက်ပြေမှာပေါ့"

"ဟာ. . . မေမေကလဲဗျာ"

"ကဲ. . . ကလေးလို လုပ်မနေနဲ့ဦး၊ မနက်ဖြန် ရန်ကုန်
...င်းရမှာ၊ ကားကြုံခိုင်မှ ရှိအောင် လုပ်ဦး၊ ပြီးရင် သားရဲ့ အရေး
...ကို ရှင်းရလင်းရဦးမှာ၊ ကုတင်မ,ရ ပြုရဖို့ ဝိုင်းကူဦး"

"ဟုတ်ကဲ့ပါ မေမေရာ"

သားလတ်ကတော့ မအေကို ခေါင်းငုံ့ နွဲ့နေဆဲပင်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၅)

တစ်နေကုန် ရှင်းလင်း သုတ်သင်ရင်း ချွေးတလုံးလုံးနှင့် အလုပ်များကုန်သည်။ မီးက ပုံမှန်မလာ၍ မီးစက်မောင်းရသည်။

နေ့ခင်း အပူကို ခံနိုင်ရန် သားလတ်က ဦးလှအောင် နေမည့်အခန်းမှ Aircon ကို သုတ်သင်ပြီး ဖွင့်ပေးခြင်း ဖြစ်၍ တော်သေးသည်။ ရေကလည်း ကိုယ်ပိုင် အဝီစိတွင်းရေ ရှိ၍ တော်သေးသည်။

ဒေါ်ခင်သက်တို့မှာ ဘိုးဘွားဘီဘင် ဘဝကတည်းက ပြည့်စုံလာပုံ ရသည်။ ခေတ်မီ အသုံးအဆောင်များကို သားသမီးများက ထောက်ပံ့ထားသည်။ ပစ္စည်းဥစ္စာခနေ ရှာဖွေနိုင်မှု အင်အားချင်းလည်း ကွာခြားလွန်းသည် မဟုတ်ပါလား။

မိသားစုတွေ ဂုဏ်ဓနအပေါ် မှာ မောက်မာမှု မရှိကြ





သဘောသကာယ ကောင်းကြပါသည်။ သားလတ်တစ်ယောက်သာ စိတ်ကြမ်းကိုယ်ကြမ်း တစ်ဘာသာ ဆန်းနေခြင်း ဖြစ်သည်။

ယခု ရောက်လာမည့် ဒေါ်ခင်သက် ခင်ပွန်းကရော သဘောကောင်းပါ့မလားဟု ပူပန်တွေး တွေးနေရသည်။ သားလတ် ပုံစံမျိုးဆိုရင်တော့ ဆုမြတ် စာချုပ်မပြည့်မီ ပြန်ပြေးရကိန်း ဆိုက်တော့မည်။

အင်းလေ. . .ဒေါ်ခင်သက်အနီးမှာ အားကိုးဖော် တစ်ယောက်လုံး အနားမှာ ရှိနေပြီဆိုလျှင်တော့ ဆုမြတ် ဖေဖေ့ဆီ ပြန်နေချင်ပါသည်။ မိထွေးကလည်း အေးဆေးသူ ဖြစ်၍ ပြဿနာ မရှိနိုင်ချေ။

အစကသာ ဖအေ နောက်အိမ်ထောင်ပြုခြင်းအပေါ် စိတ်ခု၍ ဒီအိမ်သို့ အလုပ်ဝင်ရန် ရောက်လာခဲ့ခြင်း မဟုတ်ပါလား။ ရှေ့လျှောက် ရသည့် စာမူခနှင့် ပြည့်စုံအောင် ထားနိုင်ပါတော့မည်။

ဖေဖေ့ကို စာအုပ်တိုက်မှ နားစေချင်လှပြီ။ အိမ်မှာ ဇိမ်အလေးနှင့် နေခိုင်းချင်လှပြီ။ ဆုမြတ်၏ စိတ်ကူးယဉ် အစီအစဉ်များကတော့ သေသပ်ကျနလှသည်။ ဘယ်လောက် ကောင်းတဲ့ အစီအစဉ်ပါလိမ့်နော်။

ပြီးလျှင် ရန်ကုန်သွားမည့် သားလတ်ကို အကူအညီ တောင်းရပါဦးမည်။ ဖေဖေ့အတွက် စာတစ်စောင်နှင့် ဒူးရင်းသီး မေမေ့အတွက် စာတစ်စောင် ရေး၍ ပေးခိုင်းရဦးမည်။

တကယ့်တကယ် သွားဖို့ ပြင်ဆင်နေသော သားလတ်



www.burmeseclassic.com

www.burmeseclassic.com



အနီး သွားကာ စာနှစ်စောင်နှင့် ဒူးရင်းသီး ခြင်းလေးကို သွား ပေးစဉ် စာအိတ်ပေါ်မှ အမည်ကို ကြည့်ရှုပြီး. . .

"ရည်းစားအတွက် စာဆိုရင်တော့ ရှုပ်ရှုပ်ယှက်ယှက် မပေးပေးနိုင်ဘူးနော်"

သားလတ်ပုံစံက ထုရိုက်ချင်စရာ။

"ရှင့်မှာ ရည်းစားမရှိတိုင်း အူမပုပ်နဲ့"

"ကျုပ်က မလိုချင်လို့ဗျ၊ ကျုပ်အူက ဘယ်တော့မှ မပုပ် ဘူး၊ မယုံရင် နမ်းကြည့်"

မရှက်မကြောက် သူ့အင်္ကျီစကို လှန်ကာ ဗိုက်ကို ပွတ်ပြ ရင်း စနေပြန်သည်။

"သွားစမ်းပါ၊ ရှင့်ရည်းစား ရှင်နမ်းခိုင်းပါလား"

"ဟ. . . ကျုပ်ရည်းစားဆို ဗိုက်ကို နမ်းခိုင်းတော့ မလား၊ ပါးကို နမ်းခိုင်းမှာပေါ့"

သူ့အမူအကျင့်အတိုင်း အနိုင်လု ပြောနေကျမို့ ရှုံးသွား ခြင်းကြောင့် မျက်စောင်းခဲကာ နှုတ်ခမ်းစူရုံကလွဲလို့ အရှုံးပေး စမြဲပင်။

"ကျွန်မအိမ်ကို ဆတ်ဆတ် ဝင်ပေးပေးနော်"

"စိတ်ချ. . . စိတ်ချ၊ ယောက္ခမကြီးအတွက်လို့ မှိုင်း သေသေ ပြောပြီး ပေးမှာ"

"ရှင်. . ရှင် ပြောလေဆိုးလေ"

"ဟား. . . ဟား၊ မေမေရေ. . . ယောက္ခမလောင်းကို နှုတ်ဆက်ဖို့ သွားပြီဗျို့"





နှုတ်ကလည်း အငြိမ်မနေ။ ဆုမြတ် မခံချင်လေ၊ ပို၍ နောက်ပြောင်လေ။ သူပြောချင်ရာ ပြောပေမယ့် ဘေးလူတွေ ဆိုထင်ကြောင်ထင် အဖြစ်သို့ ရောက်နိုင်သည်။

ရေရှည် ဆက်နေဖို့တော့ မလွယ်တော့ပါ။ သူ ဆုံးဖြတ် ချက် ပိုင်ပိုင်ချရပါတော့မည်။

အလုပ်များအားလုံး ပြီးစီး၍ အေးအေးဆေးဆေး ရေမိုးချိုး သနပ်ခါး ခြေဆုံးခေါင်းဆုံး လိမ်းပစ်လိုက်သည်။ ပြီးတော့ ဒေါ်ခင်သက် ထိုင်နေရာသို့ သွားကာ. . .

"မေမေ ဆေးလိမ်းမလား"

"ဟော. . . သမီးလေး ပင်ပန်းသွားပြီလား"

"မပင်ပန်းပါဘူး၊ သမီး ပြောစရာရှိလို့ပါ"

"ပြောပါ သမီးရဲ့"

"သမီးကို စိတ်မဆိုးဖို့ အရင်ဆုံး တောင်းပန်ပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာများ ဖြစ်လို့လဲ သမီးရယ်"

"အန်ကယ်ကြီး ပြန်လာရင် မေမေ့မှာ အဖော်သဟ ရှိလာပြီမို့ သမီး အိမ်ပြန်ပါရစေ"

"ဪ. . . သမီးရယ်"

ဒေါ်ခင်သက် မျက်နှာ ရုတ်ချည်း ညှိုးလျှသွားတော့သည်။ ဆုမြတ်ကတော့ ဒေါ်ခင်သက် ပြောလာမည့်စကားကို ဆက်လက် စောင့်စားနေရပါသည်။

"ဒါက သမီးရဲ့အထင်ကို၊ သူတို့ပြန်ရောက်လာလို့ အားရှိတာ မှန်ပါတယ်၊ မကျန်းမာတဲ့ မိန်းမအနားကို ဝတ်ကျေတန်းကျေ မနက်တစ်ခါ ညတစ်ခါ မေးမြန်းမယ်၊ ပြီး. . . သူတို့က အိမ်ကပ်တာ မဟုတ်ဘူးကွဲ့၊ ဂေါက်ရိုက် သွားမယ်၊ ညနေလမ်းလျှောက်ထွက်မယ်၊ မေမေ့ ဝေယျာဝစ္စ လုပ်ကြည့်ကြတာ မဟုတ်ဘူး၊ အနီးကပ် ပြုစုဖို့ သူတို့ ဘယ်ကလာ စိတ်ရှည်နိုင်မှာလဲကွယ်"

ဒီလိုစကား ကြားရတော့ ဆုမြတ် စိတ်မကောင်း ဖြစ်ပြန်သည်။

"တစ်မျိုးမထင်ပါနဲ့ မေမေရယ်၊ သမီးအဖေကို သတိရနေလို့ပါ၊ ဟိုတလောက ရုပ်ရှင်ရိုက်ဖို့ ရောင်းရတဲ့စာမူခနဲ့ ဖေဖေ့ကို တစ်လှည့်ပြုစုချင်လို့ပါ"

"ဟုတ်ပါတယ်လေ၊ သမီးရဲ့ပညာနဲ့ဆို အမှန်က ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ပါတယ်၊ အခုလို သူများအိမ်မှာ လာပြီး အကူနာ့စ်တင်မက ဝေယျာဝစ္စပါ ဝိုင်းကူလုပ်စရာ





မလိုပါဘူး၊ သမီးရဲ့စေတနာကို မေမေ နားလည်ပါတယ်၊ စာချုပ်ပြည့်ဖို့ လေးငါးလပဲ လိုတော့တာ၊ ပြည့်အောင် နေပေးပါလားကွယ်"

မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျရင်း တားမြစ်နေသော ဒေါ်ခင်သက်အပေါ် ညှာတာစိတ်များ ယိမ်းယိုင်ကုန်တော့သည်။

သို့ပေမယ့်. . . ဟ သူတို့အတွက်

ကိုယ့်အိမ်ကိုယ့်ယာလောက် သံပုရာရည် ဖျော်နေရတာတော့ အမှန်ပင် မဟုတ်ပါလား။

...[illegible]...



www.burmeseclassic.com

www.burmeseclassic.com



ဆက်လက် ဖေ

"ဒါက သမီး

ရှိတာ မှန်ပါတယ်"

ထင်

## အခန်း(၂၆)

ဦးလှအောင် ရောက်လာပြီ ဆိုသည်နှင့် နိုင်ငံခြားမှ သားသမီးများ ထည့်ပေးလိုက်သော စားဖွယ် ဝတ်စရာပစ္စည်း တစ်ပုံတစ်ပင်ကို အားလုံး ဝိုင်းသယ်ကြရသည်။

ကားပေါ်မှ ဆင်းလာတာနှင့် အောက်ထပ်သို့ ဆင်း၍ ကြိုရှာသော ချစ်ဇနီးထံ အပြေးလာကာ လက်ကို ဆုပ်ကိုင်ရင်း

"ဘယ်လိုလဲ အဘွားကြီး၊ ကျန်းမာရေး အတော် အိုကေနေပြီပဲ"

ပြီးလျှင် အနီးမှာ ရပ်နေသော ဆုမြတ်ကို ကြည့်ကာ. . .

"ဟ. . . သူက အဘွားကြီးလူလား"

"ဟုတ်ပါ့ ဟုတ်ပါ့"

ဒေါ်ခင့်သက်က ဆုမြတ် လက်ချောလေးကို ဆွဲကိုင်ကာ





ဝမ်းသာအားရ ဖြေရှာသည်။

"ဒီကလေးမလေး အတွက်လည်း သမီးကြီးက လက်ဆောင် ပေးလိုက်ပါရဲ့ဗျာ၊ သူ့အမေအပေါ် ဂရုတစိုက် ရှိလို့တဲ့"

ဦးလှအောင်ကတော့ ပျော်ပျော်ရွှင်ရွှင် နေတတ်ပုံ ရပါသည်။

အားလုံး အိမ်ထဲ ဝင်လိုက်ကြပြီး စကားလက်ဆုံ ပြောမကုန် ဖြစ်နေချိန်မှာ ဒေါ်အေးနှင့် ဆုမြတ်က သူတို့အတွက် စားစရာနှင့် အမောပြေ သောက်သုံးရန် သံပုရာရည် ဖျော်နေရသည်။

ဆုမြတ် မီးဖိုထဲမှ ထွက်လာစဉ် သားလတ် ထွန်းပြည့်စုံမှာ လာထိုင်နေသည်မို့ သံပရာရည်ခွက်ကိုင်နာ့မေတ္တာ ငတ်မွတ်မှု

"ရော့. . . အမောပြေ"

"ဘာလဲ၊ လာဘ်ထိုးတာလား၊ ကျုပ်ရဲ့ ပြုစုယုယမှုကို လူကြုံ ဘာပေးလဲ မေးချင်နေတယ် မဟုတ်လား" ဟုလည်း

"ဟွန်း. . . မဆိုင်လိုက်တာ"

"မဆိုင်လည်း နေလေ၊ ရန်ကုန်က စာကြုံပါတယ်၊ မယူချင် နေပေါ့"

သားလတ်ကတော့ လူကို နည်းနည်းပါးပါး ကလိရမှ ကျေနပ်ပုံ ပေါ်သည်။

"မပေးချင်လည်း နေ၊ ရတယ်၊ ရှင့်ရည်းစား ဖုန်းဆက်ရင် ခေါ်မပေးဘူး"

"ဘာ. . . ကျုပ်ရည်းစား၊ ဟား. . . ဟား၊ သားလတ်



www.burmeseclassic.com

www.burmeseclassic.com



တို့က ရည်းစားဆို ဇီးပြားတောင် မကြိုက်လို့ ဝယ်မစားဘူး၊ ကောင်မလေးတွေက သူတို့ဘာသာ ဆက်တာ၊ အနေသာကြီး"

"ကျွတ်. . . ဒီလိုလူမျိုး အထင်မကြီးပေါင်"

"အထင်မကြီးလည်း နေပေ့ါ၊ စာမပေးရုံပေ့ါ"

သားလတ် အင်္ကျီအိတ်ကပ်ထဲမှ စာအိတ်ကို ပုတ်ပြရင်း မခံချင်အောင် ပြောနေပြန်သည်။

ဆုမြတ် ဂရုမစိုက်ဟန်ဖြင့် လှည့်ထွက်စဉ် လက်ကို ဖမ်းယူ ဆွဲလိမ်ထားပြီး. . .

"ဟေ့. . . မရဘူးနော်၊ ကျုပ်ကို အထင်မကြီးဘူး စကားကို ပြန်ပြင်ပြောစမ်း"

"မပြောဘူး. . . အရူး"

ဆုမြတ်ကလည်း ခေါင်းမာဆဲ။ လက်က နာကျင်၍ မျက်ရည် ပေါက်ကနဲ ပေါက်ကနဲ ကျလာရတော့သည်။ သည်လို ဆိုတော့လည်း သနားစိတ် ဝင်လာကာ. . .

"သနားလို့နော်. . . ရော့"

လက်ကို အသာအယာ ဖြေလျှော့ရင်း စာကို ထုတ်ပေး လိုက်သည်။ အင်မတန်ကို နှိပ်စက်ရမှ နေသာထိုင်သာ ရှိသော သားလတ် ဖြစ်သည်။



ဒေါ်ခင်သက် ပြောတာ မှန်ပေသည်။ ဦးလှအောင် ပြန် ရောက်လာပြီ ဖြစ်သော်လည်း မိတ်ဆွေအပေါင်းအသင်းတို့၏ ဧည့်ခံပွဲများ၊ ဂေါက်ရိုက်ထွက်ခြင်း၊ လမ်းလျှောက်ထွက်ခြင်းတို့ ဖြင့် အချိန်မအားလပ်နိုင်ရှာ။

ထုံးစံအတိုင်း ဆုမြတ်ကသာ ပြုစုစောင့်ရှောက်ပေးရမြဲ ဖြစ်သည်။ တစ်ခါတစ်ရံ သားလတ်ကသာ အမေ့အနီး လာကာ တိုးဝှေ့ ခေါင်းခွေ့ကာ ချွဲနွဲ့ချိန်လေး ရှိ၍သာ ဒေါ်ခင်သက် ရှင်သန်နေပုံ ရပါသည်။

ဩော်. . လူတန်းစားအမျိုးမျိုးထဲမှာ ငွေကြေးမပြည့်စုံ သူက မပြည့်စုံမှုအပေါ် ပူပန်နေရသည်။ ငွေကြေးဥစ္စာ ပြည့်စုံ သော်လည်း မိသားစု နွေးထွေးမှု၊ အကြင်နာမေတ္တာ ငတ်မွတ်မှု ကြောင့် စိတ်ဆင်းရဲနေရရှာသည်။

ဆုမြတ်ကဲ့သို့ လူမျိုးကို ငွေကြေးပုံပေး၍ ပြုစုယုယမှုကို မေတ္တာအတုကို ဝယ်ယူခဲ့ခြင်း ဖြစ်သည်။ ဆုမြတ်လိုလူမျိုး အနားမှာ အားပေးဖော် မရှိပါက ဒေါ်ခင်သက် သက်ဆိုးရှည် ဖွယ် မမြင်။

"မေမေ. . . ဒီအထဲက မုန့်ကို ကုန်အောင် စားရမယ် နော်"

"စားပါတယ်ကွဲ့"

စားသာ စားနေသည်၊ တို့ကနန်း ဆိတ်ကနန်း။

"ဘာလဲ၊ သမီး ပြန်မယ် ပြောလို့လား၊ စာချုပ်ပြည့်သွား သည်း သမီး ဟိုတစ်လှည့် သည်တစ်လှည့် သွားလာနေမှာပါ၊

www.burmeseclassic.com

www.burmeseclassic.com



မေမေ့ကို လုံးလုံးပစ်မထားပါဘူး မေမေရဲ့"

သည်တော့မှ မျက်နှာလေး ဝင်းပလို့ လာတော့သည်။ ဆုမြတ် တယုတယ ခွံ့ကျွေးတာကို စားနေစဉ် . . .

"ဟ. . . ဒီသားအမိတွေ ဘာတွေများ စားနေကြတာတုန်း"

အခန်းဝမှ အသံအောင်မြင်သောလေသံဖြင့် ဦးလှအောင်က ပေါ်လာသလို လူပါ ဝင်လာသည်။

"ဒီမှာလေ၊ သမီးလေးရဲ့လက်ရာ မန္တလေး မြီးရှည်တဲ့၊ စားကောင်းသား၊ အဖေကြီး စားကြည့်ပါလား"

"စားကြတာပေါ့၊ လက်ရာကတော့ ကောင်းမယ့်ပုံပဲ၊ အေး. . . ဒီအိမ်မှာ ညည်းမရှိရင်တော့ ဒုက္ခပဲ"

ဦးလှအောင် အပြောကြောင့် ဆုမြတ် ခေါင်းလေး ငုံ့နေရှာသည်။

"အေးလေ၊ သူ့မီတနဲ့သူ နေချင်ရှာမှာပေါ့၊ ဘယ်တော့ပြန်မတုန်း"

"စာချုပ်ပြည့်မှပါ၊ (၄-၅)လ လိုပါသေးတယ်"

ဆုမြတ် တိုးလျှစွာ ဖြေလိုက်သည်။ ဒေါ်ခင်သက်အပေါ်အားနာ၍ ဖြစ်သည်။

"သမီးလေးက စာချုပ်ပြည့်လည်း ဟိုတစ်လှည့် ဒီတစ်လှည့် ပြုစုပါ့မယ်တဲ့"

"ဒါဆို ရန်ကုန် တစ်လပြန်၊ မော်လမြိုင် တစ်လပြန်လာဘစ်လပြည့်တာနဲ့ ကားလွှတ်လိုက်မယ်၊ မကောင်းဘူးလား





အန်ကယ့်မိန်းမ စိတ်ချမ်းသာဖို့ အရေးကြီးတယ်လေ"

"ရှင်ဟာလေ"

ဒေါ်ခင်သက်ခမျာ ခင်ပွန်းသည်ကို ဟန့်လိုက်ရသည်။ ပြီး. . . ဦးလှအောင်မှာ မြီးရှည် နှစ်ပန်းကန်ခန့် စားပြီးဗိုက်ကို ပွတ်ကာ. . .

"အားပါး. . . ကောင်းမှကောင်း"

ဟု အော်ပြောလိုက်၍ အားလုံး ဝိုင်းရယ်မိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၇)

ဆုမြတ် ပြန်ရမည့်ရက်အတွက် ကြိုတင် ပြင်ဆင်ကာ ပစ္စည်းများ သိမ်းဆည်းနေမိသည်။ ဝေမာ့စာထဲမှာ ကိုကို့အပေါ် မော်လမြိုင် လာစဉ် သူစိမ်းတရံစာလို ဆက်ဆံလိုက်၍ စိတ်ထိခိုက်လာကြောင်း ရေးလာသည်။ ဝေမာကိုယ်တိုင်ပင် ကိုကို့ဘက်ကနေ စိတ်ဆိုး စာရေးလာခြင်း ဖြစ်သည်။

တစ်ရပ်တစ်နယ်မှာ ယောက်ျားပျိုတစ်ဦးနှင့် သွားလာလည်ပတ်ခွင့် မပေးတာဘဲ သူစိမ်းဆန်သတဲ့လား။ ချစ်ခြင်းမေတ္တာ စစ်စစ်မှာ ထိတွေ့နှီးနှောကျွမ်းဝင်မှ ချစ်သူဖြစ်ရမယ် ဆိုလျှင် ဆုမြတ်အတွက် ရွေးစရာလမ်းတစ်ခုပဲ ရှိပါတော့သည်။

အချစ်မရှိ၍ မနေတတ်သူ အမျိုးအစားထဲမှာ ဆုမြတ် မပါဝင်ချေ။ ရန်ကုန် ပြန်ရောက်လျှင်တော့ ပွင့်ပွင့်လင်းလင်း ဖြေရှင်းလိုက်တာပဲ ကောင်းမည်ဟု ဆုံးဖြတ်ထားသည်။

ပြီး. . . ဆုမြတ် စိတ်ကူးထဲမှာ ဆုမြတ် ရှာဖွေသော





ကြေးဖြင့် ချွေတာစားသောက်ပြီး အစ်ကိုဖြစ်သူ မိုးဆောင်သမျှ စုဆောင်းကာ အိမ်ကလေးကို သပ်ရပ်အောင် ပြင်မည်။ . . ဖေဖေတို့ကို အိမ်ဦးခန်းမှာ ထားပေးမည်။ မိသားစုတွေ ဝေးဝေး နေကြမည်။

နောက်ဆို မိသားစု ခွဲခွာနေရသည့်ရက်တွေ အစားထိုး ထိုးချပြီး နေတော့မယ် ဖေဖေရေဟု ရင်ထဲမှာ တိုင်တည် တွတ်နေမိတော့သည်။

"ဆုမြတ် ဖုန်းလာနေတယ်"

ဒေါ်အေး လာပြော၍ ဖုန်းရှိရာ သွားပြီး နားထောင် တ်စဉ်. . .

"ဆုမြတ်လား၊ ကျွန်တော် နေလရောင်စဉ် စာပေတိုက် ပါ"

"ဟုတ်ကဲ့ ပြောပါရှင်"

"ဆုမြတ်ဖေဖေ ရန်ကုန်ဆေးရုံကြီး ဦးနှောက်နဲ့ အာရုံ ကြောဌာနမှာ အရေးပေါ် တင်ထားရတယ်"

"ရှင်"

"ထိတ်လန့်မသွားပါနဲ့၊ ကျွန်တော်တို့ ဝိုင်းဝန်း စောင့် တ်ထားပါတယ်၊ သူ ခုထိ သတိမရသေးဘူး၊ ဒါကြောင့် ဆက် အကြောင်းကြားရတာပါ ချက်ချင်း လာနိုင်လာခဲ့ပါ"

"ဟင့်. . ဟင့်. . ဆုမြတ် အားချင်း လာခဲ့ပါ့မယ်ရှင် တော့ ကြည့်ပေးထားကြပါနော်"

"ရပါတယ်၊ ဒီအတွက် မပူပါနဲ့၊ စိတ်ချနေပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပါပဲရှင်"

ဆုမြတ် ဖုန်းခွက်ကိုင်ပြီး ကြက်သေ,သေနေတော့သည် ပြီးမှ. . . ဘုရားခန်းမှာ စာဖတ်နေသော ဒေါ်ခင်သက်ထံ ဖြည်း ဖြည်း အားယူ လျှောက်သွားပြီး ဒေါ်ခင်သက် ရင်ခွင်ထဲ တိုး ကာ အားပါးတရ ငိုကျွေးလိုက်တော့သည်။

"သမီး. . . သမီးလေး ဘာဖြစ်လို့လဲ"

"ဖေဖေ ရန်ကုန်ဆေးရုံကြီးမှာ အသည်းအသန် ဖြစ် ဆေးရုံတင်ထားရတယ်၊ သမီး လိုက်သွားချင်တယ်၊ ဟီး. . .

"ဘယ်တော့ သွားချင်တာလဲ"

"အခု ညရထား မီရင် လိုက်ချင်တယ်"

"ရထား လုပ်မနေနဲ့ သားလတ်ကို ပို့ခိုင်းမယ်၊ မ သားလတ် ရှိလား၊ မရှိရင် သူ့သူငယ်ချင်း အိမ်တွေ ဖုန်း ခေါ်စမ်း"

"အောက်ထပ်မှာ ရှိတယ် မေမေကြီး"

"အေး. . . ခေါ်လိုက်စမ်း၊ အရေးကြီးတယ်"

သားလတ်ခမျာ မိခင်ဖြစ်သူ အခေါ်ထူး၍ ပြေး လာရှာသည်။

"အမိန့်တော် နာခံလျက်ပါ မေမေ"

"ရွှတ်နောက်မနေစမ်းနဲ့ သားလတ်၊ ဆုမြတ်အ အတော်ဖြစ်လို့ အမြန်လာဖို့ ဖုန်းဆက်တယ်၊ အဲဒါ မင်း လို ပြင်"

"ဗျာ. . . ခဏနေဦး၊ ကားကျန်းမာရေး ခဏ





ဝပ်ရှော့ဝင်ပေးမယ်၊ ပြီး. . ဆီထည့်ပြီး ပြန်လာခဲ့မယ်၊ နောက်နေ့ မကူးစေရဘူး၊ အရောက်ပို့ပေးမယ်"

ဆုမြတ် ငိုနေတာ မြင်၍ ထပ်မပြောတော့ဘဲ ပြန်ထွက် သွားသည်။

"ကဲ. . . သမီး လိုအပ်တာတွေ ယူသွားဖို့ ပြင်တော့၊ ဟိုမှာ ဘာထူးထူး ဖုန်းမကြာမကြာ ဆက်နော်၊ သားလတ်ကို ခိုင်းစရာရှိ ခိုင်း၊ ကြားလား"

"ဟုတ်. . ဟုတ်ကဲ့ မေမေ"

ဒေါ်ခင်သက်မှာ ဆုမြတ်အပေါ် သံယောဇဉ် အတော် ကြီးရှာပါသည်။

"မေမေ. . . သွားတော့မယ်နော်"

ဆုမြတ် ဒေါ်ခင်သက်အား ကန်တော့လိုက်သည်။

"အန်ကယ့်ကိုလည်း ကန်တော့ခဲ့ပါတယ်လို့"

"ရပါတယ်ကွယ်၊ နောက်ဆံမတင်းလေနဲ့၊ ဟိုမှာ အဆင် ပြေအောင် ဆောင်ရွက်"

"ကျေးဇူးတင်ပါတယ် မေမေ၊ ဒေါ်အေး မေမေ့ကို အချိန်မှန် ဂရုစိုက်ပါနော်"

"စိတ်ချပါကွယ်၊ ပြန်လာမှာကို မျှော်နေမယ်"

ဆုမြတ် ခေါင်းလေး ညိတ်ကာ ကားပေါ် တက်ထိုင် လိုက်သည်။

သည်တစ်ခါ သားလတ် အရှိန်မြှင့်ကာ မောင်းပါလည်း စောကြာက်စိတ်မဝင်တော့။ အဖေဖြစ်သူအပေါ် စိုးရိမ်စိတ်က



www.burmeseclassic.com

www.burmeseclassic.com



လွှန်ကဲရင်း တရှုံ့ရှုံ့ ငို၍သာ လိုက်ပါလာတော့သည်။

"ဆုမြတ် လမ်းမှာ ဗိုက်ဆာရင် ရပ်ချင် နားချင်ရင် ပြော နော်၊ ကျွန်တော်က (၄)နာရီအတွင်း ရန်ကုန် အရောက်မောင်း ပေးမှာ"

"ရပါတယ်"

တကယ်ဆို ဆုမြတ် ယခုချက်ချင်းပင် ရောက်ချင်နေမိ သည့် စိတ်က ကားအရှိန်နှုန်းထက် မြန်လို့ နေသည်။

"ရန်ကုန်ရောက်ရင် ဆေးရုံတန်းသွားမှာလား"

"ဟုတ်ကဲ့"

"ဘယ်ဆေးရုံလဲ"

"ဦးနှောက်နဲ့ အာရုံကြောဌာန"

"ရပြီ. . . ရောက်စေရမယ်"

ဒီလိုတော့လည်း ဘာရန်စကားမှ မဆိုဘဲ ဂရုတစိုက် မောင်းနှင် ပို့ရှာသည်။

ဆုမြတ်တို့ ဆေးရုံရောက်ချိန်မှာ ဖေဖေ၏အခြေအနေ မှာ အောက်ဆီဂျင်ပိုက်နှင့် အသက်ရှူရသလို ဆေးများ သွင်း ထားသော ပိုက်က တန်းလန်း ချိတ်ထားလေသည်။



အဖေ့ကို ကြည့်ပြီး ဆုမြတ် ရှိုက်ငိုသံ ပြင်းထန်လာ၍ သားလတ် အနားကပ်လာကာ တိုးတိုးပြော၍ သတိပေးလာ သည်။

"ရှူး. . . တိုးတိုးလေ"

စာအုပ်တိုက်မှ ပိုင်ရှင်က လက်ယပ်ခေါ်၍ ဆုမြတ် ထသွားကာ သူတို့ ရှင်းပြတာ နားထောင်ရှာသည်။

"စဖြစ်တာက သူ့အမျိုးသမီး ရှာပြန်တယ်တဲ့၊ ဟိုမှာ အက်ဆီးဒင့် ဖြစ်တာ ဖုန်းဝင်လာတယ်၊ အဲဒါ နားထောင်ပြီး ဖုန်းခွက်ကိုင်ရင်း ခေါင်းငိုက်စိုက် ကျသွားတယ်၊ ချက်ချင်းပဲ ဦးတို့လည်း ဆေးရုံပို့ပေးလိုက်တာပါပဲ၊ ဒါပေမယ့် ခုထိ သတိ မလည်သေးဘူး၊ သူ့မှာ ပရက်ရှာ သိပ်ဆောင့်တက်သွားပုံ ရတယ်တဲ့"

"ဒါဆို ဟို. . ဒေါ်လေးကရော အခြေအနေ ကောင်းရဲ့ လား"

"အတွင်းလူနာလို့ ပြောတယ်၊ သူ့ခမျာ အိမ်ထောင်ကံ အကျိုးမပေးဘူးနဲ့ တူတယ်"

"ဆုံပြီး ဖြစ်ရတယ်လို့ ဖေဖေရယ်"

ဆုမြတ် ပြောပြောငိုငို ဖေဖေ့ကုတင်အနီး သွားကာ ငိုရှိုက်မိပြန်သည်။

"သမီး. . . သမီး"

"ဟဲ့. . . ဟဲ့၊ လူနာ သတိဝင်လာပြီ"

"ဖေဖေ ဖေဖေ. . . သမီး ရောက်လာပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဆုမြတ် ဖေဖေ့လက်ကို အားရပါးရ ဆုပ်ကိုင်ရင်း သတိပေးလိုက်သည်။ ဖေဖေသည် ဆုမြတ်အလာကို စောင့်မျှော်နေပုံရသည်။

ဆုပ်ကိုင်ထားသောလက်ကို အားရှိသမျှ ဆွဲယူရင်း ရင်ဘတ်ပေါ် တင်ထားရှာသည်။ ဖေဖေ့ရင်အစုံသည် ဖားဖိုကဲ့သို့ တုန်ခါလွန်းနေသည်။ မျက်ရည်စီးကြောင်းက ဖေဖေ့မျက်ဝန်းထောင့်မှာ တဖြည်းဖြည်း စီးကျလို့ လာသည်။

ဖေဖေ့အခြေအနေမှာ နှုတ်ထွက်စကားကို အားယူပြောနိုင်ချေ မရှိတော့၍ မျက်ရည်ကျခြင်း ဖြစ်မည်။

"သမီးကို စိတ်ချပါ ဖေဖေ၊ ဒေါ်လေးကိုလည်း သွားကြည့်ပေးပါ့မယ်၊ ဖေဖေ ပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေကို အာရုံပြုပြီး နှလုံးသွင်းပါနော်"

နောက်ဆုံးတော့ နှုတ်ခမ်းဟရုံမျှ ဟလာပြီး နောက်ဆုံးဝင်သက်ကို ရှူရှိုက်လိုက်ပုံရသည်။ ဆုမြတ့် အလာကို စောင့်မျှော်ရင်း စိတ်တင်းထားပုံ ရသည်။

"သမီးလည်း ရောက်၊ ဖေဖေလည်း အသက်ပျောက်ရှာပါရောလား ဖေဖေရဲ့"

ဆုမြတ် ဘာလုပ်လို့ ဘာကိုင်ရမည်ပင် မသိတော့။ ယူကျုံးမရ ကြေကွဲမှုတို့က ခန္ဓာကိုယ်အနှံ့ စီးဆင်းပျံ့နှံ့လို့နေချေပြီ။



## အပိုင်း(၃)

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၈)

ယခုကဲ့သို့ ပူဆွေးဝမ်းနည်းရချိန်မှာ အစစအရာရာ အားအကိုးရဆုံးသည် ဒေါ်ခင်သက် မိသားစု ဖြစ်ပါသည်။

ဖုန်းအဆက်အသွယ် ရရချင်း သေဆုံးသူအတွက် အစစအရာရာ အစ်ကိုကြီးနှင့် သားလတ်က ဆောင်ရွက် လှုပ်ရှားပေးတော့သည်။

ဒါလည်း ဆုမြတ် ထားရှိခဲ့သော သူတို့မိသားစုအပေါ် စိတ်ကောင်းစေတနာကောင်း မေတ္တာ၏ အကျိုးရလဒ် ဖြစ်ပါသည်။

အစ်ကိုကြီး အလုပ်ရှိရာ မလေးရှားသို့ Fax နှင့် တစ်မျိုး၊ Email နှင့် တစ်မျိုး အကြောင်းကြားပေးရာသည်။ ဟိုက်စ္စ သည်ကိစ္စ ပြေးလွှားရသူက သားလတ် ဖြစ်သည်။

"ဆုမြတ် ဘာမှမပူနဲ့၊ ကျွန်တော်က စင်ကာပူ မသွားခင်



www.burmeseclassic.com

www.burmeseclassic.com



ချိန်ကုန်မှာ ငါးနှစ်လောက် နေဖူးတော့ လူစိမ်းမဟုတ်ဘူး၊ သွား ဘတ် လာတတ်တယ်၊ စိတ်ချ"

ဒေါ်ခင်သက် သားကြီးက သူ့ဟဲန်းဖုန်း ပေးထား၍ ခလေးရှားသို့ နံပါတ်လှမ်းပို့ထား၍ ဖုန်းဝင်လာတော့သည်။

"ညီမလေးလား"

"ဟုတ်. . . ကိုကိုကြီး၊ ဖေဖေ မရှိတော့ဘူး သိလား၊ ကီး. . . ဟီး"

"သူ့မိန်းမကရော"

"အန်တီ နယ်ပြန်သွားတာ Accident ဖြစ်တာ ဖုန်းဝင် ဘပြီး ဖေဖေ ခုလို ဖြစ်တာ. . . အီး"

"အိမ်မှာ ဘယ်သူတွေ လာကူလဲ"

"ညီမလေး အလုပ်ရှင် မိသားစုက အစစအရာရာ ဝိုင်း ဝူညီစောင့်ရှောက်တယ်၊ အခု ဖုန်းပြောတာ သူတို့ဖုန်းလေ"

"ညီမလေးဆီက Tailax ရပေမယ့် အခုမှ ကိုကိုကြီး ားရတာလေ၊ ခုမှ ဖုန်းဆက်ခွင့် ရတာ၊ အခု ဖေဖေ့ကိစ္စ မလေး ကြည့်စီစဉ်လိုက်ပါနော်၊ ကိုကို ပြန်လာဖို့လည်း စာချုပ် ပြည့်သေးတော့ လေယာဉ်ခတွေဘာတွေ လျော်နေရမယ်"

"ရပါတယ်၊ ဆုမြတ်တို့ရပ်ကွက်ကပါ နွေးနွေးထွေးထွေး ညီကြပါတယ်"

"ဒါဆို ကိုကိုကြီး ငွေလွှဲပို့ပေးမယ်၊ ဖေဖေ့အတွက် သိုလ်ပြုပေးပါနော်"

"စိတ်ချပါ၊ ကိုကိုကြီး နေကောင်းအောင် နေနော်"





"အေး. . . အေး၊ ညီမလေးလည်း ကျန်းမာရေး ဂရုစိုက်၊ နေကောင်းအောင် နေ၊ ဘာဖြစ်ဖြစ် ကိုကိုကြီးဆီ အကြောင်းကြားနော်"

"ဟုတ်. . . ဒါပဲနော်"

ဆုမြတ်က အရာရာ သူတစ်ပါးအပေါ် စာနာ နားလည်တတ်ပါသည်။ ယခုလည်း တစ်မြေစီခြား ဝင်ငွေ ရှာဖွေနေသော အစ်ကိုဖြစ်သူအား စိတ်ဒုက္ခ မပေးချင်စိတ်က အလေးသာနေပါတော့သည်။

သို့သော်. . .

မျက်ရည်တို့က ပါးပြင်ပေါ် မှာ စီးကျလို့ နေပါတော့သည်။ မျက်ရည်သုတ်၍ အိမ်ရှေ့ဧည့်ခန်းတွင် ထိုင်နေသူက ဆုမြတ်ချစ်သူဟု ပညတ်ထားသော 'ကိုကို'။

ဆုမြတ် စိတ်တွေ ပူပန် ထွေပြားပြီး ကိုကို့အပေါ် အကြောင်းမကြားဖြစ်ခဲ့။ နာရေးသတင်းစာ ကိုင်ပြီး ကိုကိုမှ စတင်ကာ. . .

"သတင်းစာ ဖတ်မိမှ သိရတော့တယ်၊ ပြောတောင် မပြောဘူးကွာ"

"ဟို. . . ဆုမြတ် သောကတွေနဲ့ ဟုန်သွားလို့ပါ၊ စိတ်မဆိုးပါနဲ့ ကိုကိုရယ်"

ကားရပ်ထားရာမှ နောက်ထပ် ဝင်ရောက်လာသူသည် ဝေမာ ဖြစ်သည်။ ကိုကို့ဘေးမှာ ဝေမာက ဝင်ထိုင်လိုက်ပြီး. . .

"ဘာမှ အားမငယ်ပါနဲ့ကွာ၊ တို့တစ်တွေ ရှိပါတယ်".



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် သူငယ်ချင်းရယ်"

"သည်းလေး အတော်လေး ပင်ပန်းနေမှာပဲနော်၊ ရက်လည် မပြီးခင် လာစောင့်ပေးရမလား"

"ဟာ. . . နေပါစေ ကိုကို၊ ဒီမှာ မော်လမြိုင်အိမ်က လာနေပေးကြတယ်"

ဆုမြတ် ပြောတော့မှ ဒရင်းဘက်ပေါ်မှာ ဆန့်ဆန့်ကြီး စာစောင်တစ်ခု မျက်နှာအုပ်ရင်း အိပ်ပျော်နေသော သားလတ်ကို မြင်တွေ့ကာ သတိပြုမိသွားပုံ ရကြသည်။

ဆက်လက်၍ စကားမပြောဖြစ်ကြသေး။ အခြေအနေ အရပ်ရပ်ကို အကဲခတ်နေကြတာလည်း ဖြစ်ပေမည်။

ထိုအချိန်တွင် အိမ်ရှေ့မှာ ဆိုက်ကားတစ်စင်း ထိုးဆိုက်လာကာ ဖေဖေ့အစ်မကြီး ဟသ်ာတမှ ရောက်လာကာ အော်ငိုပြီး အိမ်ပေါ် တက်လာပါတော့သည်။

"အမလေး. . . မောင်လေးရဲ့၊ အဖြစ်ဆိုးလှချည်လားကွဲ့၊ ဒါ အနားမှာ ဂရုတစိုက် ပြုစုမယ့်သူ မရှိလို့ ခုလို ငါ့မောင်လေး အသက်တိုရရှာတာ၊ အီး ဟီး ရွတ်. . . ညည်းတို့အဖေက ညည်းတို့ကို တုန်နေအောင် ချစ်လိုက်တာများ၊ ညည်းပို့တဲ့လခကို မစားရက် မသုံးရက် ဖြစ်နေခဲ့တာ၊ ညည်းနှယ့်အေ၊ ကိုယ့်အဖေ တစ်ယောက်လုံးကို ပစ်ထားပြီး သူများအိမ်မှာ လခနဲ့ လူမမာ သွားပြုစုရတယ်လို့၊ အခု အသက်မှီရုံလေးဆို၊ ကျုပ်အကုန်ကြားပြီးပါပြီအေ၊ သူများအိမ် သွားလုပ်တဲ့လခက ဘယ်လောက်မို့ ညည်းအဖေနဲ့ လဲရတာလဲဟဲ့"





စိကာပတ်ကုံး အော်ငိုနေသဖြင့် ဘေးမှာ ရှိနေသည့် သားလတ်ကိုလည်း အားနာ၊ ဝေမာနှင့် ဆုမြတ်တို့ ကိုကို့အပေါ် လိမ်ညာ ဖုံးကွယ်ထားသမျှတို့ ပေါ်ကုန်တော့သည်။

ကြီးတော်ကြီး ရောက်လာကာမှ ဆုမြတ် ဝမ်းနည်းစွာ ဖက်ငိုရမည့်အစား ဖေဖေနှင့်အတူ လိုက်၍ သေချင်လောက်အောင် ဖြစ်သွားရတော့သည်။ ကိုကို့မျက်နှာမှာ တွေးဆရိပ်တို့ ပြေးလွှားနေကာ အကဲခတ်နေပုံလည်း ရပါသည်။

ယခု ပြဿနာသည် အသုဘကိစ္စ ပြီးလျှင် ရှင်းရတော့မည်ဆိုတာ ဆုမြတ် အတပ်သိနေပါတော့သည်။ အင်းလေ၊ အဖြူအမည်း စောစော ကွဲပြားသွားတာ ကောင်းပါတယ်ဟုပဲ စိတ်ဖြေရတော့သည်။

ကိုကို ဆက်လက် ထိုင်ချင်ပုံ မရတော့၍ ဝတ်ကျေတန်းကျေ အပြုံးဖြင့် နှုတ်ဆက်ကာ ထပြန်သွားတော့သည်။ ဝေမာလည်း ကိုကို့နောက်မှ ဇက်ကလေး ပု၍ ပါသွားရှာသည်။

နောက်တစ်နေ့ အသုဘ ချချိန်အမှီ မော်လမြိုင်မှ ဒေါ်ခင်သက်တို့ ရောက်လာသဖြင့် မိသားစု အရင်းအခြာနေရာမှာ ဝင်ရတော့သည်။

...[illegible]...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၉)

သားလတ်တစ်ယောက်ကတော့ အသုဘပို့ ကားပေါ်ပါ ပရိသတ်အတွက် ယပ်တောင် ဝေတာ၊ တရားစာအုပ် ဝေတာက အစ ပြေးလွှားကာ ဘက်စုံထောင့်စုံ ကူညီရှာသည်။ အိမ်မှာ ရှိစဉ်တုန်းက ပုံစံနှင့် တခြားစီပင်။

ကိုကို ရောက်လာပြီး ဘာကူညီရမလဲ မေးနေချိန်မှာ သားလတ်ကို ခိုင်းလိုက်ပြီးပြီ၊ သားလတ် လုပ်ခဲ့ပြီးပြီဟုပဲ ဖြေနေရတော့သည်။ နောက်တော့ ကိုကို့အမြင် မကြည်လင်ရှာ ဖြစ်နေရသည်။

ဖေဖေ့အလောင်းကို မီးသဂြိုလ်ကာနီးတွင် ဒေါ်ခင်သက်အား အစ်ကိုကြီးက တွဲခေါ်ထားပြီး မမနီနှင့် သားလတ်က ဆုမြတ်ကို တွဲထားလေသည်။ စိတ်ကို ထိန်းနိုင်သမျှ ထိန်းဖို့





တတွတ်တွတ် မှာရှာသည်။

သည်လိုမြင်ကွင်းမျိုး မြင်ရလေ ကိုကို့စိတ်ကို နှိုးဆွသလို ဆုမြတ်တို့နှင့် အဝေးသို့ ရောက်ရှိသလို ခံစားရပြီး ကိုကိုသည် ဘေးလူဘဝသို့ အလိုလို ရောက်ရှိသကဲ့သို့ သဘောပေါက်လာတော့သည်။

ရက်လည်ဆွမ်းကျွေးနေ့ ဝေမာတစ်ဦးသာ ရောက်လာခဲ့သည်။ သားလတ်တစ်ယောက် လျှင်မြန်သွက်လက်စွာ ဝိုင်းဝန်းစီမံခန့်ခွဲ လုပ်ကိုင်မှုကြောင့် ဆုမြတ် လှည့်မကြည့်ရစတမ်း လုပ်ကိုင်ပေးနေပုံကို မသိမသာ အကဲခတ်နေဟန်ကို ဆုမြတ် သတိပြုမိခဲ့သည်။

ဒေါ်ခင်သက် ကိုယ်တိုင်ပင် သားလတ်တစ်ယောက်သည်မျှ ဦးဆောင်ကာ အခမ်းအနားတစ်ခု ပြီးမြောက်အောင် စွမ်းဆောင်နိုင်လိမ့်မည်ဟု ထင်မထားချေ။

အရာရာ စနစ်တကျ အစီအစဉ်တကျ သူ့လူနှင့်သူ ဆောင်ရွက်နေတော့သည်။ ဘာလုပ်ပေးရမလဲ မေးစမ်းမနေတော့ဘဲ လုပ်စရာရှိတာ ကောက်လုပ်သွားတာ အဟုတ်ကို သားလတ်ပါဟု ပြောယူရပေမည်။ ဆုမြတ်တို့ အိမ်နီးချင်းများနှင့် သားလတ်က အဖွဲ့ကျလို့ နေပြန်သည်။

ရက်လည်ဆွမ်းကျွေးအပြီး ညမှာတော့ ကြီးတော်ကပင် စတင်ကာ. . .

"ညည်းတစ်ယောက်တည်း နေလို့ မဖြစ်ချေဘူး၊ ငါနဲ့ ရွာကို လိုက်နေပေါ့၊ ဒီမှာ ညည်းနဲ့ အတူနေဖို့က ငါ့မှာ စီးပွားရေး



www.burmeseclassic.com

www.burmeseclassic.com



က တစ်ဘက်ဆိုတော့ မနေနိုင်ပြန်ဘူး၊ ညည်းလိုက်ခဲ့တာ အေးပါတယ်အေ"

ဆုမြတ် သည်အချိန်မှာ နှုတ်ဆိတ်နေ၍ မဖြစ်တော့။

"ဆုမြတ်ကို ခေါ်ထား ကျေးဇူးတင်ပါတယ် ကြီးတော်၊ ဒါပေမယ့် ဆုမြတ်အလုပ်က ရန်ကုန်မှာ ရှိမှ ဖြစ်မယ်၊ ဆုမြတ် အရွယ်ရောက်ပြီး ပညာပြည့်စုံသူမို့ ကြီးတော် စိတ်မပူစေရပါဘူး၊ ဒီကကိစ္စ ပြီးရင် ဆုမြင့် ဖေဖေ့ဇနီး ရှိတဲ့နယ်ကို လိုက်ကြည့်ရပါဦးမယ်"

"အေးလေ. . . ညည်းသဘောပဲ၊ နောက်မှ ဟိုကြား ဒီကြား မကောင်းသတင်း မကြားပါရစေနဲ့၊ ညည်းလည်း ခေတ်ပညာတတ်ပဲလေ၊ ကျုပ် ရပ်ကွက်လူကြီးတွေကိုလည်း အပ်နှံခဲ့ပါ့မယ်"

ညဘက်ရောက်တော့ ဒေါ်ခင်သက်နှင့် သားလဲတ်ကို ဘုရားခန်းမှာ အိပ်ယာပြင်ပေးထားလိုက်သည်။

ကြီးတော်က မနက်စောစော ပြန်မည်ဖြစ်၍ ပစ္စည်းပိုင်းကူသိမ်းပေးရင်း. . .

"ငါ့တူမ အလုပ်ရှင် သားအမိလား၊ ငါ့တူမကို အတော်ရိုစိုက်ရှာသား၊ ကြီးတော် သူတို့နဲ့ဆို စိတ်ချလက်ချ ပြန်နိုင်မှာ၊ ဒီလို လူကောင်းသူကောင်း တွေ့ဖို့ ရှားတယ်၊ လိမ်လိမ်မာမာ နေနော်"

"ဟုတ်ကဲ့ပါ ကြီးတော်ရယ်"

"ညည်း ကိစ္စဝိစ္စ ပြီးရင် ဒီမှာ တစ်ယောက်တည်း မနေနဲ့





အိမ်ကို ငှားချင်ငှားခဲ့၊ မော်လမြိုင် ပြန်လိုက်သွားနော်"

"အင်းပါဆို"

တူဝရီးနှစ်ယောက် တွတ်ထိုးပြီးမှ မကြာခင်။ ကြီးတော်မှာ ခေါင်းအုံးနှင့်ခေါင်း ထိလိုက်တာနှင့် တရှူးရှူး အိပ်ပျော်သွားရှာသည်။

အိပ်၍မပျော်သူက ဆုမြတ် ဖြစ်သည်။ အဖေရော အမေပါ မရှိတော့တဲ့ဘဝမှာ သူတို့ဘဝက အိမ်ထောင်ရက်သားမကျသေး၍ အသိုက်အမြုံ ပျက်သလို ခံစားလို့ နေရသည်။

အိပ်မရသည့်အဆုံး အိမ်ရှေ့ ထွက်ထိုင်ရန် ဘုရားခန်းရှေ့မှ အဖြတ် ဒေါ်ခင်သက်က ပုတီးတချောက်ချောက် စိပ်လို့နေသည်။ သားလတ်ခမျာ စိတ်မန်းလုံ့ပန်း အိပ်မောကျနေပုံရသည်။

ဆုမြတ်မှာသာ အိမ်ရှေ့အပြင်ဘက် ထွက်ရပ်ရင်း မိုးကောင်းကင်ကိုသာ မော့ကြည့်နေမိသည်။ စိတ်တို့သည် မိုးကောင်းကင်မှ တိမ်စိုင်တွေလို အနားကွပ် မဲ့စွာ လျှောက်ပြေးသွားနေတော့သည်။ ဝမ်းနည်းမှုတို့ ရောစွက် ငိုကြွေးမိလေသည်။

"ဆုမြတ် ဖေဖေ့အနားမှာ လာနေတော့မယ် ဆုံးဖြတ်ထားတာပါ ဖေဖေရယ်"

နောက်နေ့ဆို အားလုံး ကိုယ့်အိမ် ကိုယ့်နေရာ ပြန်ကြတော့မည်။ ဆုမြတ် တစ်ဦးတည်း အထီးကျန်စွာ နေခဲ့ရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ဆုမြတ် ကုသိုလ်ကံကိုက ဆိုးပါတယ်လေ။ ဩော်. . . မိဘကို ဝအောင် လုပ်ကျွေးခွင့်မရတဲ့ဘဝ။ မျက်ရည်စီးကြောင်းများက သုတ်၍ပင် မနိုင်ချေ။

ထိုစဉ်. . .

"သမီးလေး"

ဒေါ်ခင်သက် နောက်မှနေ၍ ခေါ်လိုက်သဖြင့် ဆုမြတ် လှည့်ကြည့်ပြီးနောက် ပြေးဖက်ကာ အားကိုးတကြီး ဆုပ်ကိုင်ကာ ငိုကြွေးနေမိသည်။

"သမီး စိတ်ထိန်းပါကွယ်၊ အခုလို ခွဲခွာခြင်းမျိုးက မဖြစ်မနေ အားလုံး ကြုံကြရမှာပါ၊ စောတာနဲ့ နောက်ကျတာပဲ ကွာမယ်၊ ဒီသဘောတရားကို သမီး နားလည်ပါတယ်"

"နားလည်ပါတယ် မေမေရယ်၊ ဒါပေမယ့် သမီးဘဝဟာ အမိုးအကာ လွတ်နေသလို ခံစားရလို့ပါ"

"ဒါကြောင့် မေမေ ပြောပြချင်တာ သမီးတစ်ယောက်တည်း မနေခဲ့ပါနဲ့၊ မေမေ မထားရက်ခဲ့ချင်ဘူး၊ ဟိုသူငယ်လေးနဲ့ သမီး ချစ်ကြိုက်နေတယ်ဆိုလည်း မေမေ ခွင့်ပြုပါတယ်၊ ဟုတ်ပြီလား"

"ဒါက အဓိက မကျပါဘူး မေမေ၊ ဆုမြတ် သေသေချာချာ စဉ်းစားမှာပါ"





နောက်တစ်ရက်မှာတော့ ကိုကိုနှင့် ဝေမာ ရောက်လာကြသည်။ မော်လမြိုင်သို့ လုံးဝပြန်မလိုက်ဖို့ တောင်းဆိုလာချေပြီ။

"ဆုမြတ် အဲဒီမှာ နေတာ ကြာပါပြီ၊ အစစ အဆင်ပြေပါတယ်"

"အဆင်ပြေတာ မပြေတာထက် ကိုကို ခွင့်မပြုနိုင်ဘူး"

"ဒီစကားကတော့ ကိုကို တစ်ဘက်သတ် ဆန်နေပါပြီ၊ ဆုမြတ်ရဲ့အနာဂတ် ဆုမြတ် ရွေးချယ်ခွင့် ရှိပါတယ်"

"သူများအိမ်ထက် ကိုယ့်အိမ်က မလုံခြုံဘူးလား"

"ဒီမှာ ဆုမြတ်တစ်ယောက်တည်းနဲ့ ရေရှည် ကြည့်ရဦးမယ်"

"ကိုကို အမြဲလာစောင့်ရှောက်မှာပေါ့"

"ဟိုး. . . ဟိုး၊ မိန်းကလေး တစ်ဦးတည်း နေတဲ့အိမ်ကို ယောက်ျားတစ်ယောက် မကြာခဏ ဝင်ထွက်နေတော့ ဆုမြတ် အကဲ့ရဲ့မခံနိုင်ပါဘူး"

"မင်းနဲ့ကိုကိုက သူစိမ်းတွေလား။ ပြောလေ"

"သမီးရည်းစားဆိုတဲ့ အဆင့်ပဲ ရှိသေးပါတယ် ကိုကို၊ ဆုမြတ် အုပ်ထိန်းသူ ရှိတဲ့နေရာမှာ နေသင့်တယ်လို့ ဆုံးဖြတ်ထားတယ်"

"ဒါဆို ကိုကို သည်းလေးကို လက်ထပ်မယ်"

"ပိုဆိုးသေးတယ် ကိုကို၊ အဖေ သေတာ ရက်လည်နေသေး၊ ဆုမြတ် ပြောစရာ အဖြစ်မခံနိုင်ဘူး"

"ခုကော မင်းလိုက်သွားရင် ဘာထူးလဲ၊ ဟိုကောင်က



www.burmeseclassic.com

www.burmeseclassic.com



ဘာလဲ၊ ပြောလေ"

"ဆုမြတ် ကိုကို့ကို စိတ်ပျက်တာ အဲဒါပဲ၊ ဆုမြတ် အတွက် မစဉ်းစားပေးတတ်ဘူး၊ ကိုကို့အတွက်ကိုပဲ ရွှေတန်းတင် နေတော့ ဆုမြတ်တို့ ဖြစ်မယ် မထင်ဘူး"

"ထွီ. . . ဒါပဲ၊ နောက်ဆုံးတော့ ဒီဘူတာကိုပဲ ဆိုက်လာ မှာပဲ၊ ဟုတ်တာယ် မဟုတ်လား၊ ဝေမာ ငါ မပြောဘူးလား၊ သူ ဒီကောင့်အရိပ်မှာ မိနေပါပြီလို့"

ရွှေလျှောက် ပိုဆိုးလာတော့သည်။ ဒေါ်ခင်သက် အိမ် ထဲမှ မနေသာဘဲ ထွက်လာခဲ့ပြီ။

"ပြေပြေလည်လည် ညှိကြပါကွယ်၊ အန်တီ မေတ္တာ ရပ်ခံပါတယ်၊ သမီးလေးမှာ သောကအရှိန် မပျောက်သေးလို့ စကား အဆင်မချော ဖြစ်တာ နေမှာပါကွယ်"

"ဒီမှာ အန်တီ၊ ကျွန်တော်တို့ကိစ္စမှာ အန်တီတို့ကြောင့် ပျက်စီးရတာ အမှန်ပဲ"

"ရှင် ရိုင်းလှချည်လား၊ မေမေ့ကို ဒီလို ပြောစရာ မလိုပါ ဘူး"

"ကျစ်. . . ဘာလဲ၊ မေမေတောင် ခေါ်နေပြီဆိုတော့ ဇာတ်က ရှင်းနေပြီပဲ၊ လာ. . . ဝေမာ၊ နင်အမြင် နင်အကြား နော်"

ဒေါ်နှင့်မောနှင့် ထွက်ခွာဖို့ ပြင်နေသူအား ဒေါ်ခင်သက် က အေးဆေးစွာပင် ထပ်ပြောရှာသည်။

"မောင်ရင်နဲ့ သမီးကိစ္စကို ညကတည်းက ဆွေးနွေးပြီး





အန်တီတို့က ခွင့်ပြုပြီးသားလို့ သမီးလေးကို ဖွင့်ပြောပြထားတာ ပါကွယ်"

"တော်ပြီဗျာ. . . မကြားချင်ဘူး၊ အန်တီ့သားနဲ့ ဖြစ်ချင် တိုင်း ဖြစ်ပြီးမှ နွားမရှုပိတ်ဘဝ အရောက်မခံနိုင်ဘူးဗျာ"

ဒေါသရွှေတန်းတင် ပြောဆိုသွားသူကို ကြည့်ပြီး ဒေါ် ခင်သက် ငေးကြည့်ရင်း. . .

"ဒီလူစားမျိုးနဲ့ လမ်းခွဲတာ ကောင်းပါတယ်ကွယ်၊ အခု ချိန်မှာ သားလတ် မရှိလို့ တော်တော့တယ်"

ဟု မှတ်ချက် ချလိုက်လေတော့သည်။

...မှတ်မှာ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၀)

အချိန်ဆိုတာ ကာလကြာတော့ မေ့ဆေးတစ်ရပ်ဆိုတာ ဆုမြတ် သဘောပေါက်ပေမယ့် ရင်ဆိုင်ခဲ့ရသော အဖြစ်သနစ်တို့သည် ခါတိုင်းကဲ့သို့ စိတ်မှာ ပေါ့ပါးမနေဘဲ ခဲနှင့် ဆွဲထားသကဲ့သို့ လေးလံ တင်းကျပ်လို့ နေသည်။

ဒီလို ဖြစ်တတ်တာပဲ၊ ဒီလိုဖြစ်ရတာ ကံအကြောင်းတရားပဲဟု အပေါ်ယံ နားလည်မှုဖြင့် စိတ်ကို ဖြေသိမ့်လို့ နေရသည်။

မလေးရှားရောက် အစ်ကိုထံမှ တစ်လတစ်ကြိမ် ဖုန်းဆက်လာခြင်းဖြင့် ညီမဖြစ်သူကို အားပေးတတ်လာသည်။ ယခုပင်လျှင် အစ်ကို လုပ်သက်စာချုပ် ပြည့်လျှင် စင်ကာပူရှိ သူ့သူဌေးကြီးက သူ့ကုမ္ပဏီမှာ ပြောင်းရွှေ့ လုပ်ကိုင်ဖို့ ကမ်းလှမ်းလာခဲ့



သည်။

အစ်ကိုကတော့ နားချရှာသည်။

"ညီမလေး. . သူတို့က တော်ရုံတန်ရုံ စေတနာမေတ္တာနဲ့ မဟုတ်ဘူးနော်၊ ငါ့ညီမလေးရဲ့မျက်နှာနဲ့ အစ်ကို ကံကောင်းနှင့် ရတာမို့ လိမ်လိမ်မာမာ နေပါနော်၊ စိတ်လိုက်မာန်ပါ ဘာကိုမှ လုပ်လိုက်နဲ့နော်"

"စိတ်ချပါ ကိုကိုကြီးရာ"

"အဲ့ဒီအိမ်က ဒေါ်ခင်သက်ကို ကိုယ့်မိဘရင်းလို စောင့်ရှောက် ပြုစုနော်၊ သူတို့ မကြိုက်တာ မလုပ်နဲ့ မပြောနဲ့နော်၊ ငါ့ညီမ လိမ္မာပြီးသားပါ"

"ဟုတ်ကဲ့ပါ ကိုကိုကြီးရယ်၊ ဘာမှမပူနဲ့၊ စိတ်ဖြောင့်ဖြောင့် အလုပ်လုပ်နော်"

မောင်နှမနှစ်ယောက် ဖုန်းပြော၍ပြီးလျှင် ပို၍ စိတ်ဓာတ်တို့ အားတက်လာရပြန်သည်။

ဒေါ်ခင်သက်ကတော့ ယခင်ကထက်ပင် ဆုမြတ်အပေါ် ပိုဂရုစိုက်သည်။ သူ့အတွက်က ပိုအဆင်ပြေရသည် ဟုတ်ပါလား။

ခုဆို ဆုမြတ် ရသည့်လခနှင့် ဖေဖေ မေမေကို ရည်စူးပြီး ကုသိုလ်လုပ်ပေးမြဲပင်။ စာမူပို့စရာရှိလျှင် သားလတ်က ပို့ပေးတတ်သည်။ ယခင်ကလို အငေါ်တူးစကားနှင့် ခပ်ကြမ်းကြမ်းဆက်ဆံတော့။

တစ်နေ့ ဆုမြတ် ခြံထဲ ဆင်း၍ထိုင်စဉ်. . .

www.burmeseclassic.com

www.burmeseclassic.com



"ဆုမြတ်"

သားလတ် ခေါ်သံကြောင့် ဆုမြတ် တုန်လှုပ်သွားပုံ ကြည့်ပြီး. . .

"ဟား. . . ဟား. . . ဟား"

အော်ရယ်ကာ သဘောကျပြီးမှ. . .

"နေပါဦး၊ ခင်ဗျားက အိမ်ထဲက အိမ်ပြင်မထွက် ဘယ်လို ဇာတ်လမ်းတွေများ ရလာနိုင်သလဲ"

"ဟွန်း. . သူကများ စပ်စပ်စုစု"

စိတ်က ပြောလိုက်ခြင်းပါ။ သူ စကားကောင်း ပြော တော့လည်း ကိုယ် စကားကောင်း ပြောရုံပေါ့။

"အတွေ့အကြုံပေါ်မှာ ဦးနှောက်နဲ့ တွေးပြီး နှလုံးသား က စီးဆင်း ဖောက်ထွက်ပြီး ရေးရတာလေ"

"မဖြစ်နိုင်ပါဘူး၊ ခင်ဗျား ရေးသမျှ အချစ်ဖွဲ့တွေ စရိုက် အမျိုးမျိုးလေ၊ ဒါဆို ခင်ဗျား အချစ်ပေါင်းများစွာကို ကြုံ တွေ့ခဲ့ရတာလား"

"ဟင်း. . . ဟင်း. . . အခြေခံ ခံစားချက်ပေါ်မှာ ပွား ရေးရတာပေါ့၊ စိတ်ကူးနဲ့ အချစ်တုတွေ ဖန်ဆင်းပြီး စကားလုံး ဝါကျနဲ့ ဖန်ဆင်းရတာလေ"

"ဟာ. . . ဒါဆို ကျွန်တော့်အကြောင်း ရေးပါလား"

"ဟင်း. . . ဟင်း၊ တော်တော် ရယ်ရတယ်နော်၊ ရှင် ရင်ဖွင့်ချင်တာကိုး၊ ပြော. . . ပြော၊ ခံစား နားထောင်ပေးမယ် ဒါပေမယ့် အချိန်အကန့်အသတ်နဲ့နော်၊ တွေ့တိုင်း ရင်ဖွင့်





မရဘူး"

"ဒါဆို ခု ကျွန်တော် ပြောတာက ရင်ဖွင့်တာထက် ဝန်ခံချက် ဖြစ်ချင်ဖြစ်မှာ. . . အဟဲ"

"ရှင်နော် ရန်စ,မလာနဲ့ ရှင့်ကို ဘယ်သူမှ ရိုက်မစစ်ဆေးဘူး"

"ဟုတ်ပါတယ်၊ ကျွန်တော်က ပြောကို ပြောပြချင်နေတာ"

"ပြောလို့သာ နားထောင်ရတော့မှာ၊ ရှင့်လောက် မိန်းကလေးပေါင်း များစွာနဲ့ တွဲပြီး သွားလာနေတာ၊ ချစ်သူရှိတာ မယုံကြည်နိုင်စရာပဲ"

"တွဲတာ ဘော်ဒါတွဲ တွဲတာလေ၊ နှလုံးသားရေးရာနဲ့ မပတ်သက်တာ လုံးဝကျိန်ပြောရဲတယ်"

"နှလုံးသားနဲ့ မပတ်သက်လည်း အေအိုင်ဒီအက်စ် ပတ်သက်နေမှာ သေချာတယ်"

"ကျွတ်. . . ခင်ဗျား တွေးတာ မှားသွားပြီ၊ ဒီလို အမြင်နဲ့ မရောယှက်နဲ့၊ ကျုပ်က ကျုပ်စိတ်က မခံစားတတ်သူတွေအပေါ် လက်ဖျားနဲ့တောင် မတို့ခဲ့ဘူး၊ အချိန်မရွေး ဆေးစစ်ကြည့်လိုက်၊ အာမခံရဲတယ် သိလား"

"ဟင်း. . . ဟင်း. . . ရယ်ရတယ်၊ ရှင်ဟာလေ သူများ နည်းနည်းပြောရင် များများ စိတ်တိုတတ်တဲ့လူပဲ"

"ဒီကောင်မလေးတော့နော်"

ဆုမြတ် သားလတ် ဒေါသအိုး မပေါက်ကွဲခင် ထပြော



www.burmeseclassic.com

www.burmeseclassic.com



ခည် ဖြူစဉ်. . .

"ဆုမြတ်ရေ ဆုမြတ်၊ အမလေး. . . လာကြပါဦး"

ဒေါ်အေး၏ အသက်ပျောက်မတတ် အသံကြောင့် နှစ်ယောက်သား အပြေးအလွှား ရောက်လာစဉ် လှေကားရင်းမှာ ခွေခွေလေး သတိလစ်နေသူက ဒေါ်ခင်သက်။

"ဒုက္ခပါပဲ၊ မေမေ. . . မေမေ"

"သတိရရဲ့လား"

"သတိလစ်နေတယ်၊ ဆရာဝန်. . . ဆရာဝန်၊ မြန်မြန် ဖုန်းဆက်ခေါ်"

သုံးဦးသား ပြေးလွှား အလုပ်ရှုပ်ကုန်ကြသည်။ သားလတ်က အမေကို ပွေ့ချီကာ နေရာတကျ အောက်ထပ်မှာပင် ထားရင်း ဆရာဝန်အလာကို စောင့်ကြသည်။

ဆရာဝန် ရောက်လာတော့မှ. . .

"ဒါလောက်နဲ့ ဖြစ်တာ ကံကောင်း၊ လန့်ပြီး ရှော့ခ်ဖြစ်သွားတာပါ၊ ဒါပေမယ့် သတိရလာရင် ခြေလက် လှုပ်နိုင်မလှုပ်နိုင် ကြည့်၊ လှုပ်မရ ပြုမရရင် အိပ်စ်ရေး ရိုက်ကြည့်ပြီးမှ ဆုံးဖြတ်လို့ ရမယ်"

"ဟုတ်ကဲ့ပါ ဆရာ၊ အခုကော သတိရမှာပါနော်"

"စိတ်ချရပါပြီ၊ သွေးတိုးတာ ဆီးချိုသွေးချို တက်တာ ရှိတာ သေချာတော့ ရိုးရိုးရှော့ခ် ဖြစ်တာလောက်ပါပဲ"

"ကျေးဇူးတင်ပါတယ် ဆရာ"

"လူနာ သတိရလာရင် လှုပ်ရှားမှု ကြည့်ကာ ဖုန်းဆက်





ပြောပါ၊ လိုအပ်တာ ညွှန်ကြားပါ့မယ်၊ သေသေချာချာ စောင့်ကြည့်ပေးကြပါ"

"စိတ်ချပါ ဆရာ၊ ကျွန်တော် လိုက်ပို့ပေးပါရစေ"

သားလတ်နှင့် ဆရာဝန် ထွက်သွားတော့မှ ဆုမြတ် ချုံးပွဲချ ငိုလိုက်တော့သည်။

"ဖြစ်မှဖြစ်ရလေ၊ ဆုမြတ် အနားမှာ မရှိလို့ ခုလိုဖြစ်ရတာ၊ ဆုမြတ်အပြစ်ပါ၊ ဟင့်. . . ဟင့်"

"ဆုမြတ်ကလည်း၊ မေမေကြီးက ခါတိုင်းလည်း သူ့ဘာသာ ဆင်းလာနေကျပဲဟာ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဆုမြတ်မှာ တာဝန်ရှိတာပေါ့၊ အားလုံးက စိတ်ဆိုးကြမှာလေ"

"သားလတ် တစ်ယောက်လုံး ရှိတာပဲ၊ မပူပါနဲ့၊ ဆုမြတ်ကို အဆူမခံရအောင် သူ ပြောမှာပါ"

ဒေါ်အေး အားပေးမှ ဆုမြတ်စိတ်တို့ နည်းနည်း အပူလျော့သွားရသည်။

ဒါပေမယ့်. . .

ဆုမြတ် သည်အိမ်ကြီးက ရုန်းထွက်နိုင်ဖို့ အချိန် ထပ်ဆွဲဆန့်သလို ဖြစ်နေပြီဆိုတာ သဘောပေါက်လိုက်ပါသည်။

ဆရာဝန် ပို့ပြီး ကမန်းကတန်း ပြန်ရောက်လာသော သားလတ်က. . .

"မေမေ သတိရပြီလား"

"မရသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အနားက မခွာတမ်း စောင့်ကြည့်ကြနော်၊ နောက်ပြီး ဖေဖေ ပြန်လာလို့ မေးစမ်းရင် ငါပဲ ဖြေမယ်နော်၊ နင်တို့ တိတ်တိတ်နေကြ"

ဆုမြတ်နှင့် ဒေါ်ခြေအေးအပေါ် တပည့်ကို ဆရာက ညွှန်ကြားသလို နာခံစေသည်။ မကြာမီ ဒေါ်ခင်သက် သတိရလာတော့သည်။

"အင်း. . အင်း. . ကျွတ်. . . ကျွတ်၊ နာလိုက်တာ သမီး. . . သမီးရေ"

"မေမေ. . . သမီး ရှိတယ်"

"ရေ. . . ရေ"

"ဖြည်းဖြည်း မေမေ၊ မေမေ သတိထား၊ သားလတ်လည်း ရှိတယ်"

ဒေါ်ခင်သက် ဖြည်းဖြည်းချင်း မျက်လုံးဖွင့်လာပြီး သက်ပြင်း ချလိုက်သည်။ အားလုံးကို လိုက်ကြည့်ပြီး သူ့ခြေထောက်ကို လက်ညှိုးထိုးပြ လက်ခါပြရှာသည်။

"လှုပ်လို့ မရတော့ဘူး"

"ဟင်. . . မေမေ တကယ်လား၊ သေသေချာချာ လှုပ်ကြည့်ပါဦး"

"တကယ်ပါကွယ်၊ မေမေ မတုန်လှုပ်ပါဘူး၊ မေမေ့ အရွယ်က သေလူပါ၊ ဒါပေမယ့် ကိုယ့်ကြောင့် သူတစ်ပါးကို ဒုက္ခပိုစေတာကို အားနာစိတ် ဖြစ်နေရတာ တစ်ခုပါပဲ"

"ဆုမြတ်ကြောင့် ခုလို ဖြစ်ရတာ၊ ဆုမြတ်အပြစ်ပါ





ဟင့်. . . ဟင့်"

"မဟုတ်ဘူး မဟုတ်ဘူး၊ မေမေ့ ကုသိုလ်ကံကြောင့် ဖြစ်ရတာပါ။ စိတ်ထဲမှာ ဘာမှမဖြစ်နဲ့နော်"

ထိုစဉ် ဦးလှအောင် လမ်းလျှောက်ရာက ပြန်ရောက်လာသံ ကြား၍ အားလုံး အသံတိတ်သွားကြသည်။

"ဟော. . . အောက်ထပ်မှာ စုရုံးစုရုံးနဲ့ ဘာဖြစ်ကြတာတုန်း"

ဦးလှအောင်မှာ မော့လမြိုင် လေသံဖြင့် စကားကို အားရပါးရ ပြောတတ်သူ။

"ဒီလိုပါ ဖေဖေ၊ မေမေ အောက်ထပ် ဆင်းချင်လို့ ကျွန်တော်က တွဲခေါ်လာတာ လှေကား လေးငါးဆယ်ထစ်မှာ ခြေချော်ပြီး ကျတာ၊ ကျွန်တော် လိုက်ဆွဲတာ မမီလိုက်ဘူး ဖြစ်သွားတယ်၊ အဲဒါ"

"မင်းနှယ်ကွာ၊ နည်းနည်းမှ အသုံးမကျဘူး၊ ဘာလုပ်လုပ် အရာရာနဲ့ အကြောင်းကြောင်းချည်းပဲ၊ ဗိုး. . . ဗိုး"

ပြောလည်းပြော၊ လက်ထဲမှာ ရှိနေသော တုတ်ကောက်ကြီးနှင့် ထ,ရိုက်ပါတော့သည်။

သားလတ် ခေါင်းငုံ့ကာ ခံယူရှာသည်။ ဆုမြတ်အတွက် ဖြစ်ပေါ်လာမည့် ပြဿနာအတွက် သားလတ် ကိုယ်စား ဝင်ပေးလိုက်ခြင်း ဖြစ်သည်။

ဒါကို ဒေါ်ခင်သက်ရော၊ ဆုမြတ်နှင့် ဒေါ်ခြေအေးပါ သဘောပေါက်ကြသည်။ သားဖြစ်သူ အရိုက်ခံရ၍ စိတ်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းသော်လည်း ဆုမြတ်အပေါ် စေတနာထားစိတ် ရှိနေတာကို သိမြင်လိုက်ရ၍ ဒေါ်ခင်သက် ကျေနပ်နေမိပြန်သည်။

သားလတ် အရိုက်ခံပြီး ထထွက်သွားတော့ ဦးလှအောင် အုံ့ညြပြီး ကျန်ခဲ့ရသည်။

"ဒီကောင် အချိုးပြောင်းနေပါလား၊ အခုလိုမျိုး ရိုက်လို့ကတော့ ထသောင်းကျန်းလိုက်မယ့် ဖြစ်ခြင်း၊ မင်းရဲ့သား စိတ်ဓာတ် နည်းနည်းယဉ်ပါးလာပြီ၊ အချိုးပြောင်းလာသလိုပဲ အဘွားကြီး"

ဦးလှအောင် ပြောသမျှ ဒေါ်ခင်သက် ခေါင်းညိတ်ပြရှာသည်။

"မေမေ ဆရာဝန်ဆီ မေမေ့အခြေအနေ ဖုန်းထပ်ဆက်ထားတော့ မေမေ့ခြေထောက် ဖြစ်တာ အဖြေမှန် သိရအောင် သူ့အထူးကုဆေးခန်းကို ခေါ်ခဲ့ပြီး ဓာတ်မှန်ရိုက်ပါတဲ့၊ အဲဒါ ညနေ ဘွတ်ကင် တင်ထားတယ်"

"ဟဲ့. . . ဒါဆို သားလတ် ညနေ ဘယ်မှ မသွားဖို့ မအေး သွားပြောထားစမ်း"

ဦးလှအောင် အမိန့်ပေး၍ မအေး ပြေးထွက်သွားပြီး ခဏအကြာ ပြန်ဝင်လာကာ ဆုမြတ်အနီး ကပ်ထိုင်ပြီး လက်ကုပ်ခေါ် လိုက်သည်မို့. . .

"အန်ကယ်ကြီး ဒီမှာ ရှိနေရင် သမီးတို့ မေမေ့အတွက် ဘားစရာ သွားပြင်ချင်လို့"

"အေး. . . အေး. . . သွား"





နှစ်ဦးသား လှစ်ကနဲ ထွက်လာပြီးနောက် မအေးက သားလတ် အခန်းအနီး ရောက်ကာနီးတွင်. . .

"သားလတ် အရှိုးရာ တော်တော် ပြင်းတယ်၊ သနားပါတယ်၊ သူ့ဘာသာ မမို့တမိ ဆေးလိမ်းနေရှာတယ်"

"စိတ်မကောင်းစရာပဲ ဒေါ်အေးရယ်၊ ဆုမြတ်အတွက် ဝင်ပြီး ခံပေးရှာတာ၊ ဒီလိုလုပ်၊ ဆားကျပ်ထုပ်လေး မြန်မြန်လုပ်ထား၊ ဆုမြတ် အပေါ်မှာ ဆေးယူပြီး လာခဲ့မယ်"

နှစ်ယောက်သား အတိုင်အဖောက်ညီညီ ဆောင်ရွက်ပြီး သားလတ်ကို ထမင်းစားခန်းသို့ ဒေါ်အေးက ခေါ်ထုတ်လာသည်။ ယခင်ကလို ဒေါ်အေး သားလတ်ကို ကြောက်ရွံ့မနေတော့။

ထမင်းစားခန်းမှာ ဆုမြတ်က ဆားကျပ်ထုပ်အိုးနှင့် စောင့်နေသည်။

"ဘာလုပ်ကြမလို့လဲ"

သားလတ်က နားမလည်စွာ မေးလာသည်။ ဆုမြတ်က ခပ်တည်တည် မျက်နှာထားနှင့်. . .

"ကဲ. . . ဟိုဘက်လှည့်၊ ဒီကုလားထိုင်မှာ ထိုင်၊ အပေါ် အင်္ကျီ ချွတ်လိုက်"

"ဒုက္ခပဲ၊ ကျွန်တော် ဘာမှမဖြစ်ဘူး"

"ညာမနေနဲ့၊ အကုန်သိပြီးပြီ၊ ဆုမြတ်အတွက် ကာကွယ်ပေးလို့ ကျေးဇူးဆပ်တဲ့အနေနဲ့ ပြန်ဆေးကုပေးမလို့"

"ဒါဆိုလည်း ကျေးဇူးဆပ်စေဗျား"



www.burmeseclassic.com

www.burmeseclassic.com



အသေသတ် ကျောကုန်းမှာ နီရဲဖောင်းကြွသော ဒဏ်ရာ ကြောင့်. . .

"အတော် နာမှာပဲနော်၊ နည်းနည်း အောင့်ခံထား၊ တစ်နေ့ သုံးခါလောက်ဆို ဒဏ်ကြေသွားမှာပါ။ ပြီးရင် ဟော့ဒီ အကိုက်အခဲ ပျောက်ဆေးလေး သောက်လိုက်ဦး"

"ဟုတ်ကဲ့ပါဗျား"

ဆုမြတ်က ဆေးလည်း ကု၊ စကားလည်း ပြောနှင့် ဒေါ် အေးက ဘေးမှ ဝိုင်းကူနှင့် ဟုတ်နေကြသည်မှာ ဦးလှအောင် တစ်ယောက် လာကြည့်သွားတာ မသိလိုက်ကြ။

ဆုမြတ် သားလတ် ကိစ္စဝိစ္စ ပြီးတာနှင့် ဒေါ် ခင်သက်ထံ ပြုစုရန်အသွား အခန်းထဲမှ ပြောစကားသံကြောင့် ခြေလှမ်းတို့ ရပ်တန့်သွားရသည်။

"မင်းသားရဲ့ဒဏ်ရာကို ဟိုကလေးမက ပြုစုနေလေရဲ့၊ ဒီကောင် အချိုးပြောင်းတာ ဒါကြောင့်ကိုး၊ မင်း သဘောကျတဲ့ မိန်းကလေးလည်း ဖြစ်တော့ စီစဉ်စရာရှိ မြန်မြန်စီစဉ်၊ ငါတို့သား ရဲ့ စိတ်က အစိုးရတာ မဟုတ်ဘူး"

"နေပါဦးတော်၊ ရိုးရိုးသားသား ကူညီစောင့်ရှောက်တာ လဲ ဖြစ်ချင်ဖြစ်မယ်၊ အလွဲမတွေးပါနဲ့ဦး"

"ဘယ်လိုပဲဖြစ်ဖြစ်လေ၊ မင်းရဲ့သား အခုလို ပြောင်းလဲ တာ ဒီအပေါ်မှာ အခြေခံတာ၊ ငါလည်း ငယ်ရာက ကြီးလာတာပါ ကွာ၊ သိပါတယ်"

"ဖအေကြီးရယ် တိုးတိုးပြောစမ်းပါ၊ ဟိုက ကြားသွားရင်



နေရထိုင်ရ ခက်နေပါ့မယ်"

"သူတို့ချင်း ပြေလည်ရင် ငါ ဘာမှ ကန့်ကွက်စရာ မရှိ ဘူးနော်၊ ကိုယ့်လက်ထဲ ရောက်နေတာ ကန်မထွက်သွားစေနဲ့ ဟား. . . ဟား"

"ရှင့်ကြောင့် ခက်ပါတယ်နော်၊ ဟော. . . ဟော၊ အသံ ကြားတယ်၊ တိတ်တော့"

ဆုမြတ် ဘာမှ မသိချင်ယောင် ပြုကာ အခန်းထဲ ဝင် လိုက်ရသည်။

"မေမေ အားရှိအောင် စားပါနော်၊ ညနေ ဆေးခန်း သွားဖို့ အားရှိမှ ဖြစ်မှာ"

"အေးပါ သမီးလေးရယ်၊ မေမေက ထပ်ဖြစ်တော့ သမီး ဒုက္ခပင်ပန်းရတာပေါ့"

"ရပါတယ် မေမေ၊ ခါတိုင်းထက် တာဝန်မပိုပါဘူး၊ နောက်ဆို မေမေ့အနားမှာပဲ စာရေးစာဖတ် လုပ်ပါ့မယ်"

"သမီး ရှိတော့ အမေ အားရှိပြီးသားပါ သမီးရယ်"

"သမီးလည်း အမေရှိရင် အားရှိပါတယ်"

"တို့ သားအမိကတော့ ဟုတ်လို့နေပြီ"

...ပြီးပါပြီ...

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၁)

ဒေါ်ခင်သက်၏ ခြေထောက် အောက်ပိုင်းမှာ ခါးဆစ်နာပ်ကြောကို ထိခိုက်မိ၍ အကြောဆိုင်းကာ သေသလို ဖြစ်သွားရကြောင်း အဖြေသိရချိန်မှာ ဆုမြတ် ခေါင်းငိုက်စိုက် ကျသွားရသည်။

ကာယကံရှင်က မခံစားရဘဲ ဆုမြတ်က စိတ်မကောင်းကြီးစွာ ဖြစ်နေရတော့သည်။ ဆုမြတ် တစ်ခါတစ်ရံ ဒီအိမ်ကလေးပဲ ဝေးချင်စိတ် ပေါ်ပေမယ့် ခုလို အခြေအနေကြောင့် စိတ်ကူးလေးတွေ ပျက်ကုန်ပါပြီ။

ရန်ကုန်အိမ်မှာ ဖေဖေ့နောက်ဇနီးက ပြန်ရောက်လာပြီး စောင့်ရှောက်ပေးနေသည။ သူလည်း တစ်ကောင်ကြွက်မို့



ဆုမြတ်တို့အရိပ်က ဖယ်ခွာ မသွားနိုင်ချေ။ ဆုမြတ်တို့ မောင်နှမကလည်း သူ့စားဝတ်နေရေးအတွက် အထောက်အပံ့ပြု တာဝန်ယူပေးထားသည်။

ဆုမြတ်ဘဝမှာ စိတ်ထားကောင်းသူတွေနဲ့ တွေ့ကြုံရပေမယ့် ခဏခဏ အပူမာတ်က ဝင်ရောက်လာတတ်သည်။ ဒါလည်း လောကဓံတရားပဲ ဖြစ်ပေမည်။

အရွယ်ရောက်လာတဲ့ မိန်းမသားတစ်ယောက်၏ ဘဝလုံခြုံမှုက ဘဝရပ်တည်ရေးမှာ အဓိက ပါဝင်တာမို့ ဆုမြတ်တို့မောင်နှမ ကိုယ်ချင်းစာပြီး မိထွေးကို ပစ်ပယ်မထားရက်နိုင်ပေ။

တစ်နေ့တစ်နေ့ စိတ်တို့ လူမမာနားမှာချည်း မွန်းကြပ်နေတော့ ခရီးထွက်ချင်စိတ်လေးများ တဖွားဖွား ပေါ်ပေါက်လာတော့သည်။

"ဆုမြတ် ညက အိပ်မပျော်ဘူးမို့လား"

ကော်ဖီသောက်ရင်း သားလတ်က မေးလာခြင်း ဖြစ်သည်။

"ဟုတ်တယ်၊ ညက ထိုင်နေတာ မြင်လို့လား"

"မြင်တယ်လေ၊ ကျွန်တော် အိုက်လို့ အပြင်ထွက်လာတာ၊ ဆုမြတ် ပြတင်းဝမှာ အကြာကြီး ရပ်နေတာ မြင်လိုက်တယ်"

"အင်း"

ဆုမြတ် မျက်လွှာချကာ ဖြေလိုက်သည်။

"အခု ခင်ဗျား အသည်းကွဲဖူးခဲ့ပြီမို့လား ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



လည်း လိမ္မာနေအောင် ခံစားရဖူးတယ်၊ အဲ့ဒီရဲ့ ကုစားချက်က ဝင်လာတဲ့အတွေးကို တခြား လုပ်စရာတွေနဲ့ အစားထိုးပစ်ပြီး တဖြည်းဖြည်းနဲ့ အချိန်က ကုစားသွားရော"

"ဟုတ်တယ်"

"မယုံဘူးလား၊ အချစ်နာကျရင် ကုရာနတ္ထိ ဆေးမရှိတဲ့"

"ဟင်း. . . ဟင်း၊ ရယ်ရတယ်"

"ကျွန်တော် ပြောတာ ရယ်စရာလား"

"လှောင်ပြောင်သလို ဖြစ်ရင် တောင်းပန်ပါတယ် ဆုမြတ် အိပ်မပျော်တာက ဆုမြတ် အနာဂတ်ခရီးအတွက်ပါ ယောက်ျားတစ်ယောက်ရဲ့ ချစ်မှု မချစ်မှုအပေါ် မှာ ဆုံးရှုံးကြေတဲ့ မှုကို မထွေးပိုက်ထားနိုင်ပါဘူး၊ ဆုမြတ်က စိတ်မွန်းကြပ်နေ တယ်၊ ခရီးထွက်ချင်တယ်လေ၊ ဒါပါပဲ"

"ဟူး. . . တော်ပါသေးရဲ့ဗျာ၊ ဆုမြတ် အသည်းကွဲပြီး ခံစားနေရသလားလို့"

"ဒီကမ္ဘာလောကမှာ ခုချိန်ထိ ဆုမြတ်ရဲ့စိတ်နှလုံးကို ပိုင်စိုးနိုင်တဲ့လူ ရှိလာမယ် မထင်ဘူး၊ ရှိလာလည်း ဆုမြတ် အနာဂတ် တိုးတက်မှုလမ်းအတွက် ဝိတ်ဆွဲမယ်ဆိုရင် လုံး၀ မစဉ်းစားဘူး"

"ဟောဗျာ"

"ဘာဖြစ်တာလဲ၊ အံ့ဩစရာလား"

"ဟုတ်တယ်. . . ဟုတ်တယ်၊ အံ့စရာပါပဲ၊ ကြားရတာ ပျော်စရာပါပဲ"



မျက်နှာပေး ပြုံးစေ့စေ့နှင့် ပြောကာ သားလတ် ပြေး ထွက်သွားတော့သည်။

"ဟေ. . . အလှပါးပါး အဘွားကြီးရေ၊ မင်းရဲ့သားက ငါတို့လုပ်ငန်းကို ဝင်လုပ်တော့မယ်တဲ့၊ ကြားလား"

"ဟင်း. . . ဟင်း၊ ဖြစ်လာရမယ်လေ ဖအေကြီးရဲ့၊ သူ့ ဘာသာသူ စာတ်ကျလာချိန် ရောက်ပြီ"

"အနှစ်သုံးဆယ်လုံး တေတေပေပေ ကောင်က ရှာချင် ဖွေချင်လာပြီ၊ အတော်ပါပဲ၊ ငါးဖမ်းစက်လှေ ကိစ္စတွေလည်း မင်းအမျိုးတွေနဲ့ လွှဲထားရတာ ကြာလှပေါ့၊ သွားပြီး အုပ်ချုပ်ပစေ ပေါ့"

"သူ့ကို မေးပါဦး၊ ဘာလုပ်ကိုင်ချင်တာလဲလို့"

"ဖေဖေတို့ ခိုင်းချင်တဲ့အလုပ် ခိုင်းပါတဲ့ဗျား"

"ဒါဆိုလည်း ရှင့်သဘောပါပဲ"

တဖြည်းဖြည်းနှင့် သားလတ်၏ ပြောမှုဆိုမှု ပြောင်းလဲ

www.burmeseclassic.com

www.burmeseclassic.com



လာသလို စိတ်ဓာတ်ပါ ပြောင်းလဲလို့ လာသည်ကို မိဘရော ညီအစ်ကိုမောင်နှမများက ဝမ်းသာနေကြသည်။

တိုးတိုးတိတ်တိတ် သားလတ်အတွက် တယ်လီဖုန်းနှင့် တိုင်ပင် ဆွေးနွေးနေတာတော့ ရှိနေကြသည်။ သားလတ် စက်ရှော့ လုပ်ငန်း ဦးစီးတော့မည့်အကြောင်း အာဘောင် အာရင်းသန်သန် မိတ်ဆွေများကို ဦးလှအောင် ဖုန်းဆက်ပြောရ တာလည်း အမောပင်။

သားလတ် ရေ့ရှိရာသို့ သွားပြီး ပင်လယ်ပြင်အထိ လိုက်ပါကာ ကျန်ရေ့များကို စစ်ဆေးရပါဦးမည်။ ဒေါ်အေးရော ဆုမြတ်ပါ သားလတ် သွားဖို့လာဖို့ ပစ္စည်းများ ဝိုင်းဝန်း လုပ်ကိုင် ပေးရတော့သည်။

ဆုမြတ်က ဆေးဝါးပြည့်စုံအောင် ထုပ်ပိုး ပြင်ဆင်ပေး ပြီး. . .

"ဒီမှာ စာသေသေချာချာ ရေးထားတယ်နော်၊ အအေးမိ နှာစေး ချောင်းဆိုး ဖျားရင် သောက်ရအောင် တစ်ခွက်စာချင်း ထုတ်ထားတယ်၊ ဒါက အစာကြေဆေး၊ ဒါက လှိုင်းလေမူးရင် သောက်ရအောင်၊ ဒါက ထိခိုက်ဒဏ်ရာအတွက် ထည့်ရမယ့် ဆေး၊ ပလာစတာ ဒီမှာ၊ ဒါက ကိုက်ခဲရင် လိမ်းဖို့၊ ရေပြောင်း မြေပြောင်း ရာသီဥတု ပြောင်းရင် အစားမှားတတ်တယ်၊ နာဖျား တတ်တယ် သတိထားနော်၊ အစစ သတိထား"

ဆုမြတ် မှာကြားသမျှကို သားလတ်က သဘောကျစွာ နားထောင် ခေါင်းညိတ်နေသလို ဒေါ်ခင်သက်ကပါ ပြုံး၍



းထောင်နေသည်။

"မေမေ့ လူကတော့ မှာတာ မပြီးတော့ဘူး၊ မေမေက ရော ဘာမှာမှာလဲ"

"သမီးက မှာပေးတာ စုံနေပြီလေ၊ မေမေက ဘုရား ရား မမေ့ဖို့ ထပ်ပြောချင်တာပဲ"

"ဖေဖေကရော"

"အေး. . . လိမ်လိမ်မာမာ နေ၊ ဘေးရန်ကင်းအောင် ည့်ပြီး သွားလာ၊ ဒါပဲ"

"ဒါဆို သား ကန်တော့ခဲ့မယ်နော်"

သားလတ် မိဘနှစ်ပါးကို ခရီးသွားခါနီး ကန်တော့စဉ် းအမိ သားအဖသုံးဦး မျက်ရည်စို့နေကြသည်ကို ဘေး သိသတ် ဖြစ်သော ဆုမြတ်နဲ့ ဒေါ်အေးကပါ မျက်ဝန်းတွေမှာ ရာယောင် မျက်ရည်စို့နေကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဩော်. . . သားလတ်တစ်ယောက် လိမ္မာလာပြန်တော့လည်း အိမ်မှာ မနေရ၊ ခွဲခွာရပြန်လေပြီ။ ညသည် တိတ်ဆိတ်လို့နေသည်။

သူ့သဘာဝအရ လူတွေ သတ္တဝါတွေ နားစက်ချိန်မှာ တိတ်ဆိတ်မှုရသ ဖြစ်ပေါ်ခြင်းပင်။ သို့ပေမယ့် ယခုလိုညက ဆုမြတ်အတွက် ခံစားချက်တွေ ပိုထိရှနေသည်။ ကိုယ့်အသက် ရှူသံကိုပင် ကိုယ်ပြန်ကြားရလောက်အောင် ဆိတ်ငြိမ်နေခြင်း ဖြစ်သည်။

တစ်ခါတစ်ရံ အတွေးထဲမှာ မကပ်ငြိအောင် နေရင်းက အချစ်ဆိုတာကို ဆန်းစစ်နေမိတော့သည်။ ချစ်သူဟု ပညတ် ပတ်သက်ခဲ့ဖူးသော ကိုကို၏ အငွေ့အသက်တို့သည် ဆုမြတ် စိတ်အိမ်ထဲမှာ လွင့်ပါး ပျောက်ဆုံးလို့ နေပြီး မကြာခင်က ခွဲခွာသွားသော ချစ်သူဟု ပညတ်ချက် မရှိထားသော သားလတ် အပေါ် လွမ်းမိသလို့လို ရှိနေပြန်သည်။

ဘေးနားမှာ အရိပ်ပမာ လက်ပွန်းတတီး ရှိနေသူက ရုတ်ချည်း ဝေးကွာသွားလို့ ခံစားရတာများလား။ အိပ်မရခြင်း များစွာ ရက်များကို ဆုမြတ် မကြာခဏ ခံစားတတ်လာခဲ့သည်။

...[illegible]...





## အခန်း(၃၂)

စာရေးခြင်းအတတ်ကိုသာ မတတ်မြောက်ပါက ရင်ထဲမှာ ခံစား ပေါ်ပေါက်လာရတာတွေကို ပေါက်ကွဲ လွှတ်မြောက်ဖို့ မမြင်ချေ။

စိတ်ပင်ပန်းဆင်းရဲမှုတွေ ဆုမြတ် ဘဝတစ်လျှောက်လုံး ဖိစီး အနိုင်ယူလာခဲ့တာ သည်တစ်ခါတော့ ကိုယ်ကပဲ အနိုင်ယူနေချင်တော့သည်။

ဘဝကို အရှုံးပေးခြင်းထက် ဘဝကို အနိုင်ယူခြင်း စိတ်ဓာတ်ကြောင့်သာ ဆုမြတ်ဘဝ မယိုင်လဲခဲ့ခြင်း ဖြစ်သည်။ ဆုမြတ်ဘဝက လောကမှာ ပေးဆပ်ခြင်းနဲ့သာ လူဖြစ်လာနိုင်ရုံ ပေါ်သည်။

ဘဝတစ်လျှောက်မှာ ဘဝနဲ့ ကံကြမ္မာ ဖန်တီးမှု လမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ပုံစံမှာ ဆုမြတ် လျှောက်ခွင့် ရခဲ့ရသည်။ ဆုမြတ်လိုချင်တဲ့ဘဝမျိုး ကံကြမ္မာက အခွင့်အရေး ပေးခဲ့ရင် ကောင်းမှာပဲ။

ဆုမြတ်အပေါ် နင့်နင့်နဲနဲ ပြောဆိုခဲ့သော ကိုကို့အပေါ် အတ္တကြီးသူ၊ တစ်ဘက်သတ်ဆန်သူဟု ဆုမြတ် ထင်မြင်ခဲ့၍ အာရုံထဲမှာလည်း မထားခဲ့ပါ။

ဥုံ...ခုဟာက...

မိုးသံ ငြိမ်သံ ကြားရုံမျှနှင့် ဆုမြတ် သားလတ်အပေါ် ပန်နေမိတော့သည်။

တစ်ချိန်က ပင်လယ်ရပ်ခြား သင်္ဘော သွားနေသူအတွက် စိတ်ပူပန်မှုလေးများ ဖုံးစဉ်းမျှ မပေါ်ပေါက်ခဲ့ဘဲ အခုကျမှ...

"ဘုရား...ဘုရား၊ ဒီလောက်တောင် လေတွေမိုးတွေ သည်းနေတာ၊ ပင်လယ်ထဲမှာဆို ဘယ်လောက်များ အရှိန်ပြင်းလမလဲ"

ကြည့်စမ်း...။

စိတ်ပူရုံတင် မဟုတ်၊ ဘုရားရှင်ရှေ့မှာ ထိုင်ပြီး တတွတ်တွတ် ရွတ်ဖတ်ပေးနေမိပြန်သည်။

အမှန်က ဆုမြတ် လူမမာချည်းပဲ ပြုစုနေရတာ ငြီးငွေ့လာပါသည်။ ဒေါ်ခင်သက် ဝေဒနာကလည်း ဆရာကောင်း ဆေးကောင်းဝါးကောင်းအပြင် လိုလေသေးမရှိ ပြုစုမှုကြောင့် ခြေအနေ တိုးတက်လာပါသည်။ သည်တစ်ဆောင်း လာရင်





တော့ ဆုမြတ် မဖြစ်မနေ ဒီအိမ်က ထွက်ခွာဖို့ ဆုံးဖြတ်ထားပါသည်။

နှစ်လ သုံးလမျှသာ သားလတ် ပင်လယ်ပြင် လိုက်ပါသွားပြီး ပြန်ရောက်လာချိန်မှာ အသားများ နေလှောင်၍ နီစပ်စပ် ဖြစ်လာကာ မုတ်ဆိတ်မွေးရှည်ရှည် ဆံပင်ရှည်ရှည်နှင့် အိမ်ထဲ ဝင်လာကာ ခပ်တည်တည် ထိုင်နေ၍ တစိမ်းသည်ထင်၍ ဆုမြတ်နှင့် ဒေါ်အေးမှာ ရှိရှိကျိုးကျိုး ညွှန်ခံရှာသည်။

"အန်ကယ်ကြီး အပြင်သွားတယ်ရှင့်၊ မှာစရာရှိ မှာခဲ့ပါ"

"ရပါတယ်၊ စောင့်နေမယ်"

အသံဖျက်၍ ပြောခြင်းကို မမှတ်မိကြ။

ဒေါ်အေးက အအေးဖျော်လာစဉ် သူ့မုတ်ဆိတ်မွေးတွေ ပေအောင် သောက်နေသဖြင့် နှစ်ဦးသားမှာ နှာခေါင်းလေးတွေ ရှုံ့တုံ့တုံ့ ဖြစ်နေစဉ်...

"ဟား...ဟား"

အားရပါးရ ရယ်လိုက်တော့မှ အသံကျက်မိကာ...

"ဟင်...သားလတ် ကောင်စုတ်"

ဆုမြတ် လက်ထဲ ရှိရာနှင့် ကောက်ပေါက်လိုက်တော့သည်။ သားလတ်က အလိုက်သင့် ရှောင်တိမ်းရင်း...

"ကောင်းကောင်း အငိုက်မိသွားကြတယ် မဟုတ်လား။ ဟား...ဟား...ဟား၊ လှေမှာ ခုလို မရယ်ရတာ ကြာပြီ၊ ငိုး ပင်ပန်းသလား မပြောနဲ့၊ မိုးရော လေရော ကြမ်းပါဘိ"

"အမလေး...ဒီမှာလဲ ဆုမြတ်က မိုးသံလေသံ ကြား



www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ စိုးရိမ်နေတာ၊ ဘေးက လူတောင် သိတယ်"

"အလဲ့. . . ကျုပ်ကို စိုးရိမ်ပေးမယ့်လူ ရှိနေပြီလား"

ဒေါ်အေးက ဖော်ကောင်လုပ် ပြောလိုက်၍ ဆုမြတ် အနေခက်ကာ ထွက်ပြေးရတော့သည်။

သားလတ်တစ်ယောက်ကတော့ သူ့အမေ အခန်းသို့ ဝင်ကာ အကြောင်းရိုက်ပြန်သည်။ ရုတ်တရက်တော့ အဟုတ်ထင် နေကြသည်။ နောက်မှ သားလတ် တဟားဟား ရယ်သံကြောင့် အယောင်ဆောင် ပေါ်သွားပြီး ဝိုင်းရယ်ကြတော့သည်။

သားလတ် ပြန်ရောက်လာပြီး ဘယ်က ဘယ်လို ရှာလာသည် မသိ၊ သတင်းစာထဲမှာ လွန်ခဲ့သည့်တစ်ပတ်က ကိုကိုနှင့် ဝေမာတို့ စေ့စပ်ကြောင်းလမ်းသတင်း ဖတ်လိုက်ရသည်။

"စိတ်မကောင်း ဖြစ်နေလား"

"အာရုံထဲမှာ အစကတည်းက ရှိမနေတာ"

"ဒါဆို အခုကော၊ အာရုံရှိမှ စိတ်ရှိတာလေ"

"ဘာအာရုံမှ မရှိဘူး၊ ဘယ်သူ့ကိုမှ အာရုံမထားဘူး"

"နည်းနည်းတော့ လျှော့ပေါ့ပါဦးဗျာ"

ထိုစဉ်. . .

"တူ တူ"

"ဟော. . . ဖုန်းလာနေပြီ"

ဆုမြတ် အပြေးလေး သွားကာ နားထောင်လိုက်သည်။

"ဪ. . . ဟုတ်ကဲ့၊ ကျွန်မပါ"

". . . . ."



"လာခဲ့ပါ၊ ရှိပါတယ်"

". . . . ."

"အရေးပိုင်ကုန်းမှာပါ"

"ဟုတ်ကဲ့ စောင့်နေပါ့မယ်"

"ဂျလောက်"

ဖုန်းချပြီးတာနှင့် ဆုမြတ် အိမ်ပေါ် ပြေးတက်ကာ အဝတ်အစား သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြင်ဆင်လိုက်သည်။

ပြီးလျှင် စာမူ File တွဲအချို့ ကိုင်ပြီး ဆင်းလာခဲ့သည်။ မီးဖိုထဲသို့ လှမ်းပြီး. . .

"ဒေါ်အေး. . . အအေးနှစ်ခွက် ပြင်ထားပေးနော်"

ဒါဆို ဧည့်သည်နှစ်ယောက် လာမည်ပေါ့။

မကြာမီ. . .

"ကျွန်တော်တို့က စာရေးဆရာမ ဆိုတော့ အတော်ကြီးပြီ ထင်ထားတာ"

"ဟုတ်ကဲ့ ထိုင်ပါရှင်၊ ကိစ္စက"

"ဆရာမ စာမူကို ဇာတ်ဝင်ခန်းအချို့အတွက် ပြင်ချင်လို့ပါ"

"ဒါကတော့ ဇာတ်လမ်းဇာတ်အိမ် မထိခိုက်ရင်တော့ စဉ်းစားပေးရမှာပေါ့"

"ကျွန်တော်က ဇာတ်ညွှန်းရေးဆရာ မိုးလုံးမှိုင်းပါ"

"ကျွန်တော်က ဒါရိုက်တာ ကိုကွန့်ပါ"

"ဟုတ်ပြီလေ၊ ဘယ်လို အချက်အလက်ကို ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



ထည့်သွင်းမလဲ၊ ပြောပြပါဦး"

"....."

"....."

သည်လိုနှင့် အချိန်အတော်ကို ကြာသွားခဲ့တော့သည်။ ဧည့်သည်ကို ဧည့်ခံနေရသဖြင့် ဆုမြတ် အလုပ်ရှုပ်နေခြင်းမို့ ဒေါ်ခင်သက်အနီးမှာ ဒေါ်အေးကို ထားထားရသည်။

"ဆရာမ. . . မနက်ဖန် တောင်ဝိုင်းမှာ ကျွန်တော်တို့ ရိုက်ကွင်းရှိတယ်၊ လာလေ့လာပါလား"

"ဟုတ်လား. . . ကောင်းသားပဲ၊ အိမ်ကို ခွင့်တောင်းကြည့်လို့ ရရင် လာခဲ့မယ်"

"ဒီလိုလုပ်ပါလား၊ ကျွန်တော်တို့ ကားလွှတ်ပေးမယ်၊ လာခဲ့လိုက်ပါ၊ ဆရာမ ဗဟုသုတ ရတာပေါ့"

"ဟင်း. . . ဟင်း၊ ဒီလောက် ဖိတ်နေမှတော့ လာပါ့မယ်ရှင်"

ပြောမယ့်သာ ပြောလိုက်ရသည်။ ဒေါ်ခင်သက် အနီးက ခွာ၍ သွားလို့မဖြစ်။

"သွားပြီနော် ဆရာမ"

"ဆက်ဆက်လာနော် ဆရာမ၊ ရှုတင် ထမင်းဟင်းနဲ့ ဧည့်ခံပါ့မယ်"

"ရပါတယ်ရှင်. . . ဟင်းဟင်း"

ဆုမြတ် ဧည့်သည်ပြန်သွားပြီး ဒေါ်ခင်သက် ရှိရာသို့ ရောက်လာသောအခါ. . .





"သမီး ခုနက ဧည့်သည်တွေ မဟုတ်လား၊ သမီး စိတ်ပြေ လက်ပျောက် အပြင်ထွက်ပါဦး၊ မနက်ဖန် မအေးနဲ့ ထားခဲ့ပါ၊ မေမေ နေလို့ရပါတယ်"

"ကျေးဇူးပါပဲ မေမေရယ်"

အမှန်က ကိုယ့်ဝတ္ထုလေးကို ဘယ်လို အသက်သွင်း ပုံဖော် ရိုက်ကူးသလဲဆိုတာ သိချင်ရုံသက်သက်ပါ။

"ဒါဆို ခေါင်းရင်းအိမ်က အန်တီထား သမီးကို အဖော်ခေါ်သွားမယ်နော်"

"ကောင်းသလို စီစဉ်ပါ၊ သမီး စိတ်ပျော်ရင် ပြီးရော"

"ရှတ်"

ဒေါ်ခင်သက် ပါးနှစ်ဖက်ကို ငုံ့နမ်းကြူရင်း. . .

"ဒါကြောင့် မေမေ့ကို ချစ်ရတာ"

...[illegible]...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၃)

ဆုမြတ် ပြင်ပလောကသို့ ထွက်ခွင့်ရသဖြင့် အားရပါးရ ကြီး လေကို ရှူရှိုက်ပစ်လိုက်သည်။ ဒါရိုက်တာဆိုတာကလည်း ဆုမြတ်တို့နှင့် အရွယ် မတိမ်းမယိမ်းပင်။

ဆုမြတ် ရိုက်ကွင်းလာလည်၍ မင်းသား မင်းသမီးနှင့် မိတ်ဆက်ပေးရုံမက ထမင်းစားချိန်အထိ အတင်းဆွဲထားကာ အားနာနာနှင့် ဆုမြတ်တို့ နေနေရသည်။ အဖော်ပါလာသော ကလေးမက မင်းသားကို အော်တို ရေးခိုင်း၊ မိတ်ဆက်ခွင့် ရသဖြင့် ပျော်နေသည်။

ထမင်းစားချိန်မှာ ဒါရိုက်တာကြီးက ဆုမြတ်တို့ကို ပယ်ရှယ် ဧည့်ခံချင်၍ ဆိုကာ မြို့ထဲ ဆိုင်သို့ ခေါ်လာခဲ့သည်။ ဆုမြတ် စိတ်ထဲမှာ အားနာပြီး လိုက်လာမိတာ မှားပြီဟု သိလိုက် ရသည်။





ထမင်းစားပွဲမှာ သူ့ချစ်သူကို ယုယကြင်နာမှုအသွင်မျိုး နှင့် မခွဲ့ကျွေးရုံတာမယ် ဆုမြတ်ကို ပြုစုကျွေးမွေးနေသည်။ ဆုမြတ် မှာ စားရတာလည်း မျိုမကျ၊ နေရထိုင်ရခက်နှင့်။

"အပြန်ကျ သာမည ဘားအံဘက်မှာ ရိုက်ဦးမှာ၊ လိုက်ခဲ့ ပါလား၊ သာမညတောင်ဘုရား ဖူးရတာပေါ့"

"ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မ မအားလို့ပါ"

ဘယ့်နှယ်၊ သူတို့ သဘောရိုးနှင့် ဖိတ်သည် ထင်၍ ဆုမြတ် ရိုးသားခင်မင်စွာ လာခဲ့ခြင်းကို အခွင့်အရေးသမားနှင့် တိုးရချေပြီ။

ဆုမြတ်တို့ ဆိုင်ထဲမှ အထွက် မမျှော်လင့်ဘဲ မြို့ထဲမှာ ဆံပင်ညှပ်၊ မုတ်ဆိတ်ရိတ် သန့်စင်၍ ပြန်လာသော သားလတ် အားကို မြင်လိုက်ရသည်။

"ဆရာ. . . ဟိုမှာ အိမ်ကကား လာနေပြီ၊ ပြန်လိုက် သွားတော့မယ်"

"နေပါဦးဗျာ၊ ကျွန်တော်က ဆရာမနဲ့ အေးအေး ဆေးဆေး စကားပြောဖို့ တစ်နေရာ သွားမလား စဉ်းစားနေတာ"

"နေပါစေတော့ ဆရာရယ်၊ နောက်မှ. . နောက်မှနော်"

သားလတ်ကလည်း လှမ်းမြင်၍ ဆုမြတ်တို့ ရှိရာ ကား ပြန်ကွေ့လာသည်။

ကားရပ်လိုက်ပြီး ဆုမြတ်ရှေ့ လာရပ်ကာ. . .

"ပြန်မှာ မဟုတ်လား၊ ကားပေါ် တက်လေ"

"အင်း. . . ပြန်မှာ ပြန်မှာ၊ မိတ်ဆက်ပေးရဦးမယ်၊ ဒါ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအမျိုးသား ကိုဘုန်းဆန်းလတ်ပါ"

"ဗျာ"

ဒါရိုက်တာကြီး ခေါင်းစားသွားချေပြီ။

"ကဲ. . . သွားရအောင်၊ ဆရာကြီးကို ဘယ်လိုက်ပို့

မလဲ"

"ရပါတယ်ဗျာ၊ ကိုယ့်ဘာသာ ပြန်ပါ့မယ်၊ ကျွန်တော်က

ဆရာမကို အပျိုလေးလို့ ထင်နေတာ၊ သွားပြီနော်"

ဒါရိုက်တာကြီး ဖြစ်ပျက်သွားပုံကို သားလတ်ရော

ဆုမြတ်တို့ ရယ်ချင်စိတ်ကို ထိန်းထားရသည်။ သားလတ် ဆုမြတ်

လက်ကို ဆွဲ၍. . .

"ကဲ. . . ကားပေါ် တက်လေ"

"ဖယ်ပါ၊ ကိုယ့်ဘာသာ တက်မှာပေါ့"

"သိပ်ကြီးကျယ်မနေနဲ့၊ ကယ်တင်ရှင် တွေ့လို့ ခုထ

မရောက်တာများ၊ ဈေးကိုင်နေလိုက်တာ၊ ဟိုမှာ လှမ်းအော်ပြော

ရင် ရသေးတယ်၊ စာရေးဆရာမ ယောကျ်ား မဟုတ်ပါဘူးလို့"

"ကြည့်. . . ပြောလေ ဆိုးလေ"

"ဒါပေါ့၊ မပြောလေ ကဲလေက ခင်ဗျားပဲ၊ ခုကြည့် ခဏ

တစ်ဖြုတ် မြင်တွေ့ဖူးသူနဲ့ လိုက်တွေ့ရသလား"

"ဒီလိုစိတ်ဓာတ် ရှိမယ် မထင်လို့ပေါ့"

"အခုတော့ ကြုံရပြီ မဟုတ်လား၊ ဒါတောင် ဘေးက

အဖော်ပါလို့"

"တော်ပါတော့၊ အိမ်ရောက်ရင် မေမေ့ကို မပြောပြနဲ့





နော်"

"နှုတ်ပိတ်ခ ပေးမှ"

"ဘာဝယ်ကျွေးရမလဲ ပြော"

"မစားချင်ပါဘူး၊ ကြားချင်တာ"

"ဘာကြားချင်တာလဲ"

"ဟိုလေ. . . အချစ်"

"ဘာပြောတယ်"

"ဒီလိုပါ၊ နောက် ဘယ်ယောကျ်ားလေးနဲ့မှ အပြင်

မထွက်ပါဘူးလို့ ကတိပေး"

"ဒီစာရင်းထဲမှာ ရှင်လည်း ပါတယ်နော်"

"မင်းဟာလေ၊ တော်တော် ခေါင်းမာလွန်းတာပဲ"

"ကျွန်မ ခေါင်းမာတာ မဟုတ်ဘူး၊ အိမ်ကြီးထဲမှာ

လူမမာနဲ့ တစ်ချိန်လုံး နေရတော့ ငြီးငွေ့လာတာ၊ မွန်းကြပ်လာ

လို့ အသက်ရှူခွင့် ရအောင် ထွက်လာမိတာပါ"

"ဒါဆို တစ်ပတ်တစ်ခါ အပြင်ထွက်လည်ခွင့် ရအောင်

ပြောပေးမယ်"

"အိုကေ"

ဆုမြတ် ပျော်မြူးသွားတာ ကြည့်ပြီး သားလတ်ပါ ရော

ပြီး ပျော်ရွှင်သွားရတော့သည်။ အဖော်ပါလာသူလေးကပင်

'မမဆု သွားရင် မီးလည်း လိုက်မှာနော်' တဲ့။

"ဟား. . . ဟား၊ စရန်သတ်နေတဲ့သူပါ ရှိနေပြီကိုး၊

လိုက်ဖက်ပါပေ့၊ ဆရာတပည့်မတွေပဲ"



www.burmeseclassic.com

www.burmeseclassic.com



သားလတ် ခေါ်ဆောင်ရာ ကားလေးနှင့် ဆုမြတ်တို့ ပြန်လိုက်လာကြတော့သည်။

* * * *

အိမ်ပြန်ရောက်ချိန်မှာ ဧည့်ခန်းမှာ ဦးလှအောင်နှင့် အတူ စက်လှေများမှ လူများ ဖြစ်ဟန်တူသည်။

သားလတ်ကို မြင်တာနှင့် ဦးလှအောင်မှ လှမ်းခေါ်ကာ

"သားရေ. . . လာဦး၊ ဒီမှာ အလုပ်ပေါ်လာလို့"

"ဟုတ်ကဲ့ ဖေဖေ"

သားလတ် ဝင်ထိုင်လိုက်တာနှင့်. . .

"ဒီသားက ကျွန်တော် အားကိုးလို့ ရနေပြီ၊ ကိစ္စအဝဝ သူနဲ့ တိုင်ပင်ပြီး လုပ်ကြ၊ လိုအပ်တဲ့ အကြံဉာဏ်တော့ ပေးပါ့မယ်၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ ဆရာ၊ ဆရာတို့ထဲက တစ်ဦးဦး လိုက်ခဲ့မှ ကိစ္စတွေ ရှင်းရှင်းလင်းလင်း ရှိမှာမို့လို့ပါ"

သည်မျှသာ ကြားရုံ ကြားလိုက်ရပြီး ညတွင်းချင်း



သားလတ် ခရီးပြန်ထွက်ရပေတော့မည်။ မည်သည့် အကြောင်း ကိစ္စရယ်တော့ မသိ၊ ဦးလှအောင်နှင့် သားလတ် ခေါင်းချင်းဆိုင် လို့ နေကြသည်။

ဆုမြတ်နှင့် ဒေါ်အေးကတော့ ထုံးစံအတိုင်း သားလတ် အတွက် လိုအပ်မည့်ပစ္စည်းများ ထည့်ပေးရပြန်သည်။ သွားခါနီး မိဘတွေ ကန်တော့စဉ် အားလုံး မျက်ရည်ဝဲကြရပြန်သည်လေ။

ဦးလှအောင်ကိုယ်တိုင် စက်လှေဆိပ်သို့ ကားမောင်းပို့ရ မည် ဖြစ်၏။ သားလတ်ကို အိမ်ဝအထိ လိုက်ပို့စဉ်. . .

"ဆုမြတ်. . . မနက်ဖန် ဆုမြတ်အတွက် စာရေးရင် အသုံးဝင်အောင် ကွန်ပျူတာ ဝယ်ထားတာ လာပို့လိမ့်မယ်၊ ဆုမြတ် သုံးတတ်တယ် မဟုတ်လား"

"အင်း. . . ဒီကို မလာခင် Mac မှာတော့ သင်ခဲ့တာပဲ"

"ဒါဆို ဒီ Key log လေးကို ဖွင့်ကြည့်နော်၊ ကျွန်တော် ရေးထားတာတွေ ရှိတယ်"

စာရွက်လေးတစ်ရွက်မှာ software ဖွင့်ရန် key လေး ကို ရေးသားထားသည်။ သားလတ်ဟာ တစ်ခါတစ်ရံ စိတ်ကူး ယဉ်ဆန်ဆန် အကောင်အထည် ဖော်တတ်သူ ဖြစ်သည်။

* * * *

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဝင်လာကတည်းက ကွန်ပျူတာဆိုင်မှ အကြောင်းကြားခြင်း ဖြစ်ကြောင်း ဆုမြတ် သိလိုက်ပါပြီ။

သားလတ်က ဆုမြတ်အတွက် ဝယ်ပေးလာသောစက်ကို အားလုံးက စိတ်ဝင်စားနေကြသည်။ ဦးလှအောင်ကတော့ ထုံးစံအတိုင်း. . .

"အားပါး၊ ဒီကောင် အတော် ညဏ်သွားတဲ့ကောင်၊ ကလေးမ အလုပ်တွင်ကျယ်ဖို့ ဒီကောင် သိတတ်တယ်နော်"

"ဖအေကြီး. . . ဘာကြောင့် သားက လေ့ထွက်ရက် မဟုတ်ဘဲ ပြန်သွားရတာလဲ"

"နောက်ကျန်အဖွဲ့ စက်ပျက်နေလို့ ဝိုင်းကူရမယ်၊ ရိက္ခာ ပို့မှ ဖြစ်မယ်လေ"

"အင်း. . သနားတော့ သနားစရာပါလား၊ ကျွန်မသား လေး ဝင်ပန်းနေမှာပဲ"

"အသွားကြီးပီပီ ပွပ်ပြန်ပြီ သူ့ဘဝအတွက် ရုန်းကန်ရမှာ၊ အခုမှ အစပဲ ရှိသေးတာ၊ သားစာ မယားစာ ရှာရင် ဒီထက် ဝင်ပန်းဦးမယ်၊ ကြည့်နေ"

အိမ်ရှေ့ ကားရပ်သံကြောင့် စကားစ ရပ်သွားပြီး ဆုမြတ်တို့ ထွက်လာတာနှင့်. . .

"ကွန်ပျူတာ လာပို့တာ ခင်ဗျ၊ ဘယ်နား ထားမလဲဟင်၊ ကျွန်တော်တို့ တစ်ခါတည်း တပ်ဆင်ပေးဖို့ မှာထားပါတယ်"

ကြည့်စမ်း. . .။

သားလတ် တစ်ယောက် ကွန်ပျူတာအတွက် စားပွဲ





ဆိုင်နှံ့ အပြည့်စုံနှင့် ရသည့်အချိန်ကလေးမှာ လုပ်ကိုင်ပေးခဲ့ရှာသည်။

"ကျေးဇူးတင်လိုက်တာ သားလတ်ရယ်"

ဆုမြတ် ရင်ထဲမှာ ပြောနေခြင်း ဖြစ်သည်။ ဦးလှအောင် တွက်ကြည့်ပြီး. . .

"စိတ်ကြိုက်သာ ရွေးပေတော့ တူမကြီးရေ ဒီကောင် သိမှာတာ မင်းကြောင့်ကွဲ့၊ ဟဲ. . . ဟဲ"

တည့်တည့်ကြီး ပြောလာ၍ ဆုမြတ် တော်တော်လေး ရှက်သွားရသည်။ ဒေါ်အေးကတော့ အသာ လက်တို့ကာ 'အဟိ' ဆိုပြီး ရယ်သံထွက်လာသည်။

ဆုမြတ်ခမျာ သားလတ်ရဲ့ နှိပ်စက်မှုဒဏ်ကို အတော် ခံခဲ့ရတာ။ ဟိုးတစ်လောက ဖြစ်စဉ်တွေကို ကြည့်၊ သားလတ် အတော်ဆိုးခဲ့ပုံများ။

ဒါပေမယ့် ဒေါ်အေးက ဆုမြတ်နှင့် သားလတ်ကို သဘောကျိတ်၍တူနေသူ ဖြစ်သည်။ ဒေါ်ခင်သက်ထံ ဆုမြတ်နှင့် သားလတ် ပြောမှုဆိုမှု အရိပ်အကဲ အခြေအနေကို သတင်းရသူလည်း ဖြစ်သည်။

computer တပ်ဆင်သူများ ပြီးသွားလျှင်. . .

"အစ်မ File ဖွင့်တာ ပြခဲ့ရဦးမလား"

"ဟုတ်ကဲ့၊ တစ်ချက်လောက် ပြခဲ့ပါဦး၊ မကိုင်တာ ကြာပြီ"

စိတ်ရှည်လက်ရှည် ခလုတ်နှိပ်ပုံ အဆင့်ဆင့်ကို ပြပေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးလျှင် ဝန်ဆောင်ခ ရှင်းပေးမည် ပြုတော့. . .

"နေပါစေ ခင်ဗျ၊ အကုန်ရှင်းပေးပြီးသားပါ"

သားလတ်တစ်ယောက် ထောင့်စေ့အောင် လုပ်ပေးခဲ့များ။ အားနာစိတ် ဝင်မိတော့သည်။ ခုနေခါများ သားလတ် ရှိနေရင် အကောင်းသားဟုပင် တမ်းတနေမိပြန်သည်။

...[illegible]...



## အခန်း(၃၄)

သားလတ် ပေးခဲ့သော computer file ၏ key ကို ဖွင့်လိုက်စဉ် မြန်မာစကားလုံးဖြင့် သားလတ် ခံစားချက်တို့ ရေးဖွဲ့ထားပုံများ အစီအရီ ပေါ်ထွက်လာသည်။

ခေါင်းစဉ်တပ်ပုံက ကြည့်. . .။

'မချစ်စု' တဲ့။

သူများတွေက ဆုမြတ်လို့ ခေါ်ပေမယ့် ကျွန်တော့်အတွက်က 'မချစ်စု'ပဲ ခေါ်ချင်တယ်။ ကျွန်တော်အစား 'ကိုယ်'လို့ သုံးမယ်နော်။ တွေ့ကတည်းက ချစ်စုကို ကိုယ်ချစ်နေတယ်။ ဒါပေမယ့် ကိုယ် တကယ် ချစ်တဲ့ မိန်းကလေးကို ယဉ်ကျေးသိမ်မွေ့စွာ မချဉ်းကပ်တတ်တာ ကိုယ့်ရဲ့ ချို့ယွင်းချက်ပါပဲ။ ချစ်စု ဆောင်မြင်လေ ကိုယ် သဝန်တိုလေပဲလေ။ ချစ်စု အဝေးကို ပျံထွက်သွားမှာ ကြောက်လို့ပေါ့။

အမှန်က...

www.burmeseclassic.com

www.burmeseclassic.com



ချစ်ရ အနီးကို ရောက်လာတိုင်း ချစ်ခင်စိတ်နဲ့
ချင်နောက်ချင်စိတ်ကြောင့် ပြောကြဆိုကြရင်းက ရန်ဖြစ်ကြရ
ဘဲ့အထိ။ ချစ်ရက ရန်တွေ့ကောင်းတာကိုး...။

ဆုမြတ် စာကို လိုက်ဖတ်ရင်း သားလတ်နှင့် အဆင်
ပြေ ဖြစ်ခဲ့ပုံများက ရုပ်ရှင်ပိတ်ကားသဖွယ် အစီအရီ ပေါ်ထွက်
သို့ လာသည်။

ချစ်ရက ကိုယ့်အပေါ် ရှုပ်ထွေးတယ်လို့ မြင်လေ
ကိုယ် မခံချင်လေပဲ သိလား။ ဟိုးတစ်ခါ ချစ်ရကို အခန်းထဲ
ပေါ်ပြီး ကိုင်ပေါက်ခဲ့တာလေ။ အဲ့ဒီတုန်းက ဒေါသအရှိန်ထက်
ချစ်ရကို ကိုယ်ချွေ့ရမ်း ချစ်ကြင်စိတ်က အားများနေတယ်၊

တကယ်တမ်းကျ ကိုယ်ချစ်တဲ့မိန်းကလေးကို ကိုယ်
တင်းကာရော မဆောင်ကြဉ်းချင်ဘူးလေ၊ နောက်ဆုံး
ကိုယ့်စိတ်တွေ ချုန်းအုပ်ပြီး ပစ်ချလိုက်တာ။ ချစ်ရ ကုတင်
တင်းနဲ့ ထိမိုက်ပြီး ခွေခွေလေး မေ့မြောနေတာ။

သည်တုန်းက ကိုယ့်ရင်ထဲမှာ ချစ်ရ ကိုယ့်ကြောင့်
သသွားခဲ့ရင်ဆိုပြီး ကြောင်ကြည့်နေမိတယ်။ ဒီမှာ မေမေတို့
ရောက်လာချိန်ပေါ့။

ဆုမြတ် စာပိုဒ်ကို ဖတ်ရင်း 'ဟွန်း. . လူဆိုး' ဟု ရေရွတ်
နေမိသည်။

ချစ်ရ ရည်းစား လိုက်လာတုန်းကလည်း ကိုယ့်စိတ်
ထဲ ယောက်ယက်ခတ်ပုံများကွယ်။ တခေါက်ကောက်
ကိုက်ခဲ့ရတာ။ စိတ်ရောလူပါ မောလို့။ ချစ်ရသေးမှာ အခေါ်ပါ





လို့နော်။ နို့မဟုတ်လို့က အတင်းဆွဲခေါ်လာမှာ။ သည်တုန်းက
ကိုယ့်ရင်တွေ ဆောက်တည်ရာမရ၊ ညတိုင်း မှုန်းခဲ့ရတယ်။

"ဟင်း. . . သူပဲ အမျိုးမျိုး၊ တတ်လည်း တတ်နိုင်တဲ့သူ"

ဆုမြတ် နှုတ်ခမ်းလေး စူပြီး ပြန်ပြောနေမိသည်။

ချစ်ရလေး နာရေးကိစ္စ သွားရိုက်ကာလမှာ ကိုယ့်စိတ်
ထဲမှာ ဖြစ်နိုင်ရင် ကိုယ့်ရင်ခွင်ထဲမှာ ချွေးတွေးမှာ ထားပြီး
အားပေးချင်တာလေ။ သည်အချိန်ကတည်းက ကိုယ့်ရဲ့
စိတ်ရောလူပါ အမှုအကျင့်တွေ ပြင်ပါတော့မယ်လို့ ဆုံးဖြတ်
ထားတာ...။

ယုံနော်...။

"သွား. . . မယုံပါဘူး"

ဆုမြတ်အနား သူ ရှိနေသကဲ့သို့ ရန်တွေ့လိုက်မိသည်။

ချစ်ရက သိပ်စိတ်ထားပြည့်ဝတာ။ ကိုယ်တို့ မိသားစု
ရဲ့ အချစ်တော်ကို ချဉ်းကပ်နိုင်ဖို့ ကိုယ့်ရဲ့ဆိုးသွမ်းချက်တွေ
ပြင်ရတော့မယ်။ ချစ်ရရဲ့အမြင်မှာ ကိုယ်ဟာ လူ့စွမ်းကောင်းပဲ
ခံယူချင်တာလေ။ ကိုယ့်ဘဝ ရပ်တည်ဖို့ နိုင်ငံခြားမှာ အတွက်
ကိုယ် အလုပ်ကြိုးစားဖို့ ချစ်ရက သွယ်ဝိုက်ပြီး တွန်းအားပေး
နေတာ။ ကိုယ် ချစ်ရနဲ့ ဝေးပြီး မသွားချင်ဘူး။ ဒါပေမယ့်
အနာဂတ်ရေး နိုင်ခဲ့ဖို့ ကိုယ် ကြိုးစားရမယ် မဟုတ်လား။

"လူပုံက ညစ်ကျယ်ကျယ် ပေကပ်ကပ် နိုင်သလေးက
တော်တော်ကို စာရေးကောင်းတဲ့လူပဲ"

ဟု စိတ်ထဲ၌ ဆုမြတ် ရေရွတ်နေမိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်ရစေ...

ကိုယ့်ဝင်ငွေနဲ့ ချစ်ရအတွက် အသုံးဝင်တာလေးတွေ ဝန်တီးပေးမယ်နော်။ ရလောက်ဆို ကိုယ့်ရဲ့ဗိုင်ကို ဖွင့်ဖတ်ပြီး ရောပေါ့။

သည်တစ်ခေါက် ပြန်လာရင် စိတ်စကောက် ရန်ဖြစ်ကြေး၊ ချစ်ရဘက်က ကိုယ့်ရဲ့ တရားဝင် တောင်းခံတဲ့ မေတ္တာတရားကို လက်ခံတယ်ဆိုရင် 'ကိုရေ' လို့ ခေါ်နော်။ အဲဒီအခါကျရင် ကိုယ် ပျော်လွန်းလို့...

ချစ်ရ.....ကို.....

"ဟွန်း. . . တော်တော်ဆိုးတဲ့လူ"

ဟု ဆုမြတ် သားလတ် စာတွေ ဖတ်ပြီး ရင်ခုန်ကြည်နူးနေပါရောလား။

ဒါဆိုလျှင်. . .

ဆုမြတ် ချစ်စိတ်တို့က သားလတ်အပေါ်မှာ ဝဲလည်နေတာပေါ့။

ဟီဟိ. . . လာပေ့စေဦး။ ဒင်းကို ကောင်းကောင်း ပညာပြရဦးမယ်။

စိတ်အတွေးတို့ဖြင့် ပျော်လို့နေမိသည်။ ဟိုတုန်းက မွန်းကျပ်နေစိတ်တို့သည် သားလတ်၏ ချစ်ခြင်းတရား ရေးကြောင်းမှာ မျောပါ စီးဝင့်ကုန်ပြီ ထင်ပါရဲ့။

...[illegible]...



# အခန်း(၃၅)

"ဆုမြတ်"

"ရှင်. . . ဒေါ်အေး"

"သားလတ်ကို အိမ်ထောင်ချပေးမလို့တဲ့"

"ဟင်"

ဆုမြတ်ဘဝမှာ ပျော်ရှမှ ရက်မခြားသေး၊ မိုးကြိုးပစ်ခံရပြန်သည်။

"မေမေတို့က ပြောတာလား၊ ဘယ်တုန်းကလဲ၊ ဘယ်သူနဲ့လဲ"

"မနေ့က ပြောနေတာလေ၊ ဟိုဘက်အိမ်က ဆရာဝန်မလေးဆိုလား"

"ဟင်. . . ဒီလိုပဲ ပြောလား၊ သေချာရဲ့လား"

"သေချာပါတယ်ဆို"

www.burmeseclassic.com

www.burmeseclassic.com



ဆုမြတ် ဒေါ်အေး ပြန်ဖြေသံ ကြားပြီးကတည်းက မျက်နှာလေး ညှိုးလွားရတော့သည်။

"ကောင်းပါတယ်လေ၊ ရွှေနဲ့မြချင်းပဲ ကောင်းပါတယ်"

ပြောသာ ပြောရသည်။ လေသံက အားမရှိချင်။ ဒေါ်အေးကတော့ ဆုမြတ် မျက်နှာအရိပ်အကဲကို ကြည့်နေခြင်း ဖြစ်သည်။ ဒေါ်ခင်သက်တို့ စကားခင်းခိုင်းတာကို ဆုမြတ် ကိုယ့်အပူနှင့်ကိုယ် မရိပ်မိသေး။

ထိုစဉ်မှာ ဧည့်ခန်းမှ ဦးလှအောင် ဖုန်းပြောသံက ကျယ်လောင်စွာ ထွက်ပေါ်လာတော့သည်။

"ဘာကွ၊ ကျယ်ကျယ် ပြန်ပြောစမ်း"

"....."

"သူတို့ တောင်းတဲ့ငွေကို ပေးခိုင်းတာတောင် ငါ့သားကို ပြန်ပေးဆွဲထားတယ်၊ ဒီကောင်တွေ တော်တော် ယုတ်မာတာပဲ"

"....."

"ဘာ. . . ရဲတိုင်ရင် အသေသတ်မယ်၊ လုပ်ကြဦးပေါ့ကွာ၊ မင်းတို့ ဟိုဘက်ကို အကြောင်းပြန်လိုက်၊ နောက်ထပ် ငွေဘယ်လောက် တောင်းမလဲ မေး၊ ငါ့ကို ပြန်ပြော၊ စက်လှေပဲ ရောင်းပေးရပေးရ၊ ငါ့သားအသက်ကို နည်းနည်းမှ မထိနဲ့လို့"

ဒေါ်ခင်သက်ကလည်း အိပ်ခန်းထဲမှ ကြားနေရသည်။ ဆုမြတ်တို့က မီးဖိုချောင်မှ ပြေးလာကာ နားထောင်ရင်း ကြားကုန်တော့သည်။

"ဘုရား. . . ဘုရား"



"မေမေ သတိထားပါ၊ ဟင့်. . . ဟင့်၊ သားလတ် ဘာမှ မဖြစ်ပါစေနဲ့"

တကယ်တော့ ဒေါ်ခင်သက် သားဇောနှင့် ခင်ပွန်းဖြစ်သူ ဧည့်ခန်းသို့ သူ့ဘာသာ ခြေထောက်၍ လျှောက်လာခြင်းကို ဆုမြတ်တို့က မြင်၍ ဝိုင်းဖေးမ,ထားရသည်။

ဒေါ်ခင်သက် ခြေထောက် ပြန်အသက်ဝင်တာကို သတိမထားမိကြ။ စိုးရိမ်ပူပန်စိတ်တွေနှင့် ယောက်ယက်ခတ်လို့ နေကြသည်။

ဖုန်းခွက်ချ၍ စကားပြောအပြီး လှည့်ထွက်လာသော ဦးလှအောင်က. . .

"အဘွားကြီး အခန်းထဲက ဘယ်လို ထွက်လာသတုန်း"

"ဟင်. . . ဟုတ်ပါရဲ့၊ ကျုပ်. . ကျုပ်. . ကျုပ်ဘာသာ လျှောက်လာတာ"

"ဟယ်တော့. . . မေမေကြီး လမ်းလျှောက်နိုင်ပြီတော့"

မအေးက ဝမ်းသာအားရ ထခုန်ရှာသည်။ ဆုမြတ်တို့လည်း အဆိုးထဲက အကောင်း ဝမ်းသာကြရသည်။

"အဘွားကြီးက ဒီကောင့်ကို အချစ်ဆုံးကွဲ့၊ ခုကြည့် သားဇောနဲ့ သူ့သား အသက်ဘေးကျတော့ စိတ်ဇောက မနေတော့ဘူး၊ ဟဲ့. . . ရန်ကုန် မြန်မြန်ဖုန်းဆက်ကြစမ်း၊ အဘွားကြီး ခြေထောက် ကောင်းသွားပြီလို့"

"ဟုတ်. . . ဟုတ်"

ဆုမြတ် ရန်ကုန်မှ အစ်ကိုကြီးဆီ ဖုန်းဆက်ရတော့

www.burmeseclassic.com



သည်။

"ဟော. . . မေမေ ခြေထောက် ကောင်းသွားပြီ၊ အေး. . . ဝမ်းသာတယ် ဝမ်းသာတယ်"

"ဟင့် ဟင့်"

"ဟဲ့. . . ဘာလို့ ငိုရတာတုန်း၊ ဘယ်သူ ဘာဖြစ်လို့လဲ"

"ဟင့် ဟာစ် အီး"

"ပြောလေ"

"ဖယ်. . ဖယ်. . ကလေးမ၊ ငါပြောပြမယ်"

ဦးလှအောင် ဖုန်းခွက်ကို ယူကာ အစအဆုံး ရှင်းပြလေတော့သည်။

"စီးပွားရေးလောကသားဆိုတော့ ဒီလိုပဲ၊ လိုသူ မလိုသူ ရှိကြတာပဲ၊ ကိုယ့်လိုပဲ ကောင်းမယ် မထင်နဲ့၊ အကောက်ကြံတဲ့သူ ရှိတာ၊ မသိလို့ ခံလိုက်ရတယ် မှတ်၊ ဖေဖေကတော့ ကိုယ့်သားသမီး အသက်ထက် တန်ဖိုးရှိတာ ဘာမှမရှိဘူး၊ စက်လှေကို ယူချင်လည်း ပေးလိုက်မှာပဲ၊ ဆုံးရှုံးသွားလည်း ဝမ်းမနည်းဘူးဟေ့၊ ကံကြွေးရှိလို့ ပေးဆပ်ရတယ် မှတ်တယ်"

"ကျွန်တော်တို့ လာခဲ့ရမလား ဖေဖေ"

"လာနိုင်လဲ လာခဲ့ကြပေါ့၊ ဟိုဘက်က သတင်းလည်း စောင့်ရင်းပေါ့"

"အားလုံး စိတ်မပူကြဖို့ ပြောထားဦး ဖေဖေ"

"မင်းအမေထက် ပိုပူပန်သူ ရှိပါတယ်ကွာ"

"ဟား. . . ဟား၊ ဖေဖေက ရယ်အောင် ပြောတတ်



သေးတယ်၊ မနက်ဖန် လာခဲ့ပါ့မယ်"

"အေး. . . အေး၊ ကောင်းပြီ"

ဦးလှအောင် အပြောကြောင့် ဆုမြတ် ရှက်မနေနိုင်တော့။ သားလတ်အတွက် ငိုပြီးရင်းသာ ငိုနေတော့သည်။

ချစ်ခြင်းကြောင့် ဖြစ်ပေါ်လာသော ပူပန်သောက ဝေဒနာမီးကလည်း တညီးညီးနှင့် သည်းကျွမ်းလုမတတ် တောက်လောင်မြိုက်တတ်ပါလားဟု. . .။

တစ်ညလုံးလည်း ကောင်းကောင်း အိပ်မပျော်မည့် အတူတူ ဘုရားခန်းမှာ ဒေါ်ခင်သက်နှင့်အတူ ဘုရားဝတ်ဖြည့်ရင်း မျက်ရည်များက တသွင်သွင် ကျနေသည်။

ဆုမြတ်ရဲ့ ခပ်အုပ်အုပ် ငိုသံကို ဒေါ်ခင်သက် သတိထားမိကာ. . .

"တိတ်. . . တိတ် သမီးလေး၊ တရားကို နှတ်စောင့်ပါတယ်၊ သူ့ အတိတ်ကံ ရှိလို့ ဝဋ်ခံရတာမှတ်၊ ဒါပေမယ့် မေမေ့သား ပြန်လွတ်လာမှာပါ"

"ဟင့်. . . ဟင့်"

"ငါ့သမီးက တကယ် သားလတ်ကို ချစ်တာကိုး"

"သမီး. . . သမီး ခံစားရလို့ပါ မေမေရယ်"

"ကဲ. . . ကဲ မျက်နှာသွားသစ်လိုက်၊ သားလေး မြန်မြန် ပြန်ရောက်လာအောင် ဘေးရန်ကင်းအောင် မေမေတို့ ပုတီးစိပ် ရွတ်ပေးကြရအောင်နော်"

"ဟုတ်"

www.burmeseclassic.com

www.burmeseclassic.com



သည်လို မိန်းကလေးမျိုးကို သမီးချွေးမ တော်ခွင့်ရလို့ ဒေါ်ခင်သက် ကြီးပမ်းထားရတာ။ ခုမှပဲ ဒေါ်ခင်သက် သက်ပြင်းချ ပြုံးနိုင်တော့သည်။

နေ့လည်ခင်းမှာ မနေ့က ဖုန်းဆက်ထား၍ ရန်ကုန်မှ သားသမီး၊ မြေးတွေ ရောက်လာ၍ ဦးလှအောင်ရော ဒေါ်ခင်သက်ပါ ပြုံးပျော်နေသည်။

ဘာပြောပြော သားလတ်အတွက် ပူပင်သောကအငွေ့ကို ခဏမေ့လျော့ထားခြင်း ဖြစ်ပေသည်။ မြေးတွေနှင့် စားကြ သောက်ကြ အော်ကြ ဟစ်ကြနှင့် ယခင်က ခြောက်သွေ့နေသော အိမ်ကြီးမှာ စိုပြည်စ ပြုလာကာ အသက်ဝင်လာသလိုပင်။

စင်ကာပူရှိ သားသမီးတွေကလည်း ဖုန်းဆက်ကြ အမေရိကားက ဖုန်းလာနှင့် စိတ်ပျော်စရာရော စိတ်ညစ်စရာရော ပွန်း ပြောဆိုလို့ နေကြသည်။

တစစနှင့် အချိန်တို့ ကုန်ကာ ညဦးနက်သည့်တိုင်အောင်





ဆုမြတ် အိပ်မပျော်နိုင်။ ဆုမြတ် စိတ်ခံစားချက်ထဲမှာ သားလတ်များ ခြံထဲ ရောက်လာမလားဟု ထင်နေမိသည်။

အိပ်ယာထဲ လဲလျောင်းတာလည်း ပူလောင်အိုက်စပ်လှသည်ကိုး။ ဘယ်လိုပဲဖြစ်ဖြစ် ခြံထဲ ဆင်းနေတာကမှ အသက်ရှူလည်း ဝနိုင်သည်။

အားလုံး အိပ်ပျော်ချိန်မှာ ဆုမြတ် အပြင်ထွက်ရန် အိမ်ဘေး တံခါးပေါက်ကို ဖွင့်ထွက်စဉ် အပြင်ဘက်မှ တံခါးချပ်ကို အားနှင့် ဆွဲဖွင့်နေသူနှင့် ပက်ပင်း ဆုံလိုက်ရသည်။

"ဟင်. . . သားလတ်"

"ရှူး"

ဆုမြတ်ကို ဆွဲယူ ပွေ့ဖက်ထားလိုက်သည်။ အားရအောင် ချစ်အလွမ်းဖြေပြီးမှ ခြံထဲသို့ ဖြည်းညင်းစွာ ပခုံးဖက်လျှောက်ရင်း. . .

"သားလတ် ဘယ်လို ပြန်ရောက်လာတာလဲ"

"အားလုံး စိတ်ပူနေကြမှာပဲ၊ ဟိုဘက်မှာ လှေပြသနာဘက်လို့ လိုက်သွားတာ၊ ကိုယ့်ကို ဖမ်းချုပ်ထားတယ်၊ ကိုယ့်ကို လှေပိုင်ရှင် သားလားလို့ သူတို့လူမျိုး စကားနဲ့ မေးတယ်၊ ကိုယ်က သူတို့စကား နည်းနည်းပါးပါး ပြောတတ်တော့ ငါက တာဝန်ခံပါ ငါ မင်းတို့လူမျိုးပဲလို့ ပြောလို့ ပြန်လွှတ်လာတာ၊ အေး. . . မင်းတို့သူဌေးကို ပြောလိုက်၊ လှေတော့ ပြန်မရဘူးမှတ်လို့ ပြောလိုက်တယ်၊ ဒီဘက်ကမ်း ရောက်အောင် သူတို့ မော်တော်ဘုတ်နဲ့ ပို့ပေးလို့ အခုချိန်မှ ရောက်လာတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သားလတ် ပြောသမျှ နားထောင်ရင်း ဆုမြတ် သားလတ် ပါးပြင်နှစ်ဘက်အား လက်ဖဝါးနုနုလေးဖြင့် ပွတ်သပ်ကိုင်တွယ်ကြည့်လိုက်ပြီး. . .

"အတော် စိတ်ဒုက္ခ ခံခဲ့ရမှာပဲနော်"

"ဒါတော့ ဒါပေါ့၊ အဲ့ဒီစိတ်ဒုက္ခထက် ဟော့ဒီ စိတ်ဒုက္ခက ပိုဆိုးနေလို့ ခက်နေတယ်"

"အွန်း"

သားလတ်ရဲ့ တရစပ် အချစ်ကြမ်းမှုအောက်မှာ ဆုမြတ် မရုန်းသာ မလွန့်သာ။

ကြာပြီလေ. . .။

ဆုမြတ်ကိုယ်တိုင် စိတ်တို့ကို ချုပ်တည်းမထားချင်တော့ပါ။ စိတ်တို့ကို ပေါ့ပါး ဖြေလျော့ရင်း ချစ်ခြင်းရနံ့တို့ သင်းပျံ့စေတော့သည်။



ထိုစဉ်. . .

ဖျတ်ကနဲ လင်းလက်လာသော မီးရောင်ကြောင့် အိမ်ရှေ့ အကွယ်မှာ ချစ်ရနံ့ သင်းပျံ့မွှေးအိမ်သူတို့ အသိဝင်လာကာ ခန္ဓာကိုယ်ချင်း ခွာလိုက်ကြသည်။ အိမ်ရှေ့တံခါး ပွင့်လာကာ ထွက်လာသူက. . .

"ဘယ်သူလဲ ရပ်နေတာ"

"သားလတ်တို့ပါ"

"ဟော. . . မေမေရေ သားလတ် ပြန်လာပြီ"

"ဟေး. . . ဟေး"

အိမ်ရှိ လူကုန် အိပ်ပျော်နေရာမှ နိုးထလာကြပြီး ပြေးထွက်လာကြတော့သည်။

"သား. . သား"

ဒေါ်ခင်သက် လမ်းလျှောက်လာတာ မြင်၍ သားလတ် အံ့ဩသွားရသည်။

"မေမေ လမ်းလျှောက်နိုင်ပြီ၊ ချစ်စု ဘာလို့ စောစောက မပြောတာလဲ"

"ဟွန်း. . . ပြောရအောင် အခွင့်အရေး ပေးလို့လား"

ဆုမြတ် တိုးတိုးလေး ပြောပေမယ့် အားလုံးက ကြားသွားကာ. . .

"ဟိ ဟိ"

"ခစ်ခစ်"

တိုးတိတ်စွာ အုပ်ရယ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သားလတ်ကတော့ သူ ပြောချင်ရာကို ငွတ်အမွှေ တောင်းဆိုတော့သည်။

"လာ. . . ချစ်စု"

ဟု ဆိုကာ လူကြီးအားလုံးရှေ့မှာ ဆွဲယူထိုင်စေပြီး. . .

"ကန်တော့လိုက် ချစ်စု"

ဆုမြတ်ခမျာ ယောင်ယမ်းကာ ကန်တော့ရသည်။

"ဖေဖေနဲ့မေမေ သားတို့ ကန်တော့ပါတယ်၊ ဒီနေ့ညပဲ အခုချက်ချင်း မင်္ဂလာဆောင်ခွင့် ပေးပါနော်"

"ဟေ"

"ဩော်"

"ဟင်"

"ဘယ်လိုတုန်း"

"နေဦးလေ၊ ဖြစ်ခဲ့သမျှ အကြောင်းစုံ ပြောဦးမှပေါ့"

ဦးလှအောင် ရယ်လည်းရယ်၊ ဒေါလည်းပွ ကျန်ရစ်ခဲ့ရသည်။

"ဒီကောင် မိန်းမချစ်ဖို့ပဲ နားလည်တယ်"

ဒေါ်ခင်သက်ကလည်း. . .

"ဟဲ့. . . သားလတ်၊ ငါ့သမီးက ဟင်းရွက်ကန်စွန်း မဟုတ်ဘူးဟဲ့"

ကျန်ခဲ့သူတွေ ပြောချင်ရာပြော ဆိုချင်ရာဆို၊ သားလတ်ကတော့ မမှုပေ။ ဘယ်သူတွေ ရယ်မော ဟန့်တားတား ဆုမြတ်ခန္ဓာကိုယ်လေးကို ပွေ့ချီကာ ခေါ်ဆောင်သွားပါတော့သည်။





ခုတော့လည်း အချစ်တို့သည် ရင်ထဲသို့ တကယ် စီးပျံ့ နှစ်ဝင်လာသည်ဆိုသည်နှင့် တပြိုင်နက် အချစ်ကြောင့် ခံစားခဲ့ရသော ဝေဒနာ အစုစုတို့မှာလည်း သဲထဲ ရေသွန်သလို ပျောက်ကွယ်သွားစေပြီး ဆုမြတ်နှင့် သားလတ်တို့သည် ချစ်ရနံ့သာလျှင် သင်းထုံ ပျံ့နှံ့လျက်။

မြပုလဲခင်
၆. ၁၀. ၀၆
၉:၄၅ pm

အောင်မြင်စာပေ

www.burmeseclassic.com